www.burmeseclassic.com

# ဒေါက်တာလှမ်းဝေ (ဆောင်ကြီး)

၏

# ပရ ဝတ္ထု ခြောက်ပုဒ်

နှင့်

# လက်ရာစုံ ဆောင်းပါးဆယ့်တစ်ပုဒ်



ဒေါက်တာအောင်ကျော်
( သွား/ဆရာဝန် )
သ.စ.၁၃၆

ရေးသားစီစဉ်လှူဒါန်းသည်။

www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာလှမ်းဝေ(တောင်ကြီး)

၏

# ပရ ဝတ္ထု ခြောက်ပုဒ်

နှင့်

# လက်ရာစုံ ဆောင်းပါးဆယ့်တစ်ပုဒ်

ဒေါက်တာအောင်ကျော် (သွား/ဆရာဝန်)

www.burmeseclassic.com

www.burmeseclassic.com

**ဘာသာရေးစာမူခွင့်ပြုချက်အမှတ်**

၆၀၀၀၆၀၀၂၁၀

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၆၀၀၀၉၉၀၂၁၀

**ထုတ်ဝေသူ**

ဒေါ်မိုးကေခိုင်

(ချိုတေးသံစာပေ)

ရေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)၊ မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ**

ဦးအုန်းဇော်

နဝရတ်ပုံနှိပ်တိုက် (၀၂၆၇၂)

အမှတ် (၁၈)၊ သင်္ဂဟာလမ်း၊ ကျောက်မြောင်း၊

တာမွေမြို့နယ်၊ ရန်ကုန်မြို့။

၁၃၇၂-ခုနှစ်၊ ကဆုန်လဆန်း (၁၀)ရက်

**စာပေဒါန**

ပထမအကြိမ်၊ အုပ်ရေ - ၄၀၀၀

BURMESE CLASSIC

၁၃၇၂-ခုနှစ်၊ ကဆုန်လဆန်း (၁၀)ရက်နေ့တွင်
ကျရောက်သည့်

ရန်ကုန်မြို့၊ ကမ္ဘာအေး
**တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်ကြီး**

၏

**ပဓာန နာယကဆရာတော်**

**ဘဒ္ဒန္တ သုမင်္ဂလာလင်္ကာရ (Ph.D.)**

**တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက**

**အဂ္ဂမဟာပဏ္ဍိတ အဘိဓမ္မပါဠိပါရဂူ**

၏

# သက်တော် ၆၃-နှစ်ပြည့်မွေးနေ့

နှင့်

၁၃၇၂-ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃-ရက်နေ့တွင်
ကျရောက်မည့်

# လွန်တော်မူ စတုတ္ထမြောက် နှစ်လည်ပူဇော်ပွဲ

**အမှတ်တရ စာပေဒါန**

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | သုံးနှစ်ပြည့်လဲ ဆွေးမြည့်ဆဲ | က |
| ၂။ | စာရေးသူ၏ အမှာစာနိဒါန်း | ခ |
| ၃။ | မြေမြှတ်မဟာတရားမြှတ်ဒေသနာ အနှစ်ချုပ် | ၁ |
| ၄။ | လိပ်ပြာမမှန် သက်သေခံ | ၂၀ |
| ၅။ | သေမင်းတမန် ပြန်ပေဦး | ၄၂ |
| ၆။ | အိပ်မက်ထဲက လူမည်းကြီး | ၆၀ |
| ၇။ | သီလကို စမ်းတာလေလား | ၈၁ |
| ၈။ | သရဖီမင်းသမီး လွမ်းပုံပြင် | ၉၇ |
| ၉။ | အိပ်မက်ထဲမှာ နှုတ်ဆက်သွားသူ | ၁၁၉ |
| ၁၀။ | ကောင်းမွန်စွာ သင်ကြားခြင်း | ၁၃၈ |
| ၁၁။ | ချစ်သမီး ဆရာမလေးထံသို့ ပေးစာ | ၁၄၅ |
| ၁၂။ | မွေခံထိုက်စေ | ၁၅၁ |
| ၁၃။ | ကိုယ်တွေ့ ကိုယ့်အတွေး ကိုယ့်အမြင် | ၁၅၈ |
| ၁၄။ | အကြင်နာထုံမွှမ်းသည့် ကမ္ဘာ | ၁၆၂ |
| ၁၅။ | နာလေးနာပြည့်ဝ အာစရိယ | ၁၆၇ |
| ၁၆။ | တန်းပြဆင်း အတွေ့အကြုံများ | ၁၈၁ |
| ၁၇။ | ပိုင်းဝန်းကာသာ ... | ၁၉၄ |
| ၁၈။ | ကောင်းလိုက်တာ စိတ်ကြည်နူးစရာ | ၂၀၁ |
| ၁၉။ | လက်ဆောင်မွန် | ၂၀၆ |
| ၂၀။ | ခွဲခွါခြင်းဟူသည် | ၂၁၅ |
| ၂၁။ | စာရေးသူ၏ နိဂုံးအမှာစာ | ၂၂၂ |


## သုံးနှစ်ပြည့်လဲ ဆွေးမြည့်ဆဲ

**နက္ခတ်သဘင်ကျင်း လွမ်းချင်းလင်္ကာ**

▲ နောင်ဘုန်းမြန်းရာ၊ ဝတီသာပြည်
ဟိုမှာသည်ဆီ၊ ရှိလိမ့်မည်ဟု၊ မျှော်ရည်ကာတမ်း၊ မှန်းဆမော်ကြည့်
ညည့်နက်သန်းခေါင်၊ ကြယ်ပြောင်ရှန်းပ၊ **အသဝဏီ**၊ ခြောက်လုံးညီညွတ်
သီတင်းကျွတ်ပွဲ၊ ပျော်ပျော်နွဲခါ၊ လွမ်းဆဲပါကို၊ တာရာထိုထို
ရှန်းပိုမိုပြီ၊ ထွန်းတင့်စီလတ်၊ **ကြတ္တိကာ** ခေါ်၊ ကြယ်နော်ခုနစ်လုံး
တန်ဆောင်မုန်းညာ၊ လွန်ဆွေးရသည်၊ **မိဂသီ** ဖုံပါ၊ ကြယ်သုံးဖော်တို့
နတ်တော်လတွင်း၊ ပြိုင်တူလင်းကြ၊ **ဖုဿ** ကြယ်ကုံး၊ ဆယ့်တစ်လုံးတည့်
ချမ်းဆုံးပြာသို၊ အအေးပိုလ၊ **မာဃ** မည်ကျော်၊ စတုဖော်တို့
တပို့တွဲတွင်း၊ ထိန်ထိန်ဝင်းပ၊ တပေါင်းလ၌၊ **ဘဂုဏ္ဍ**
လေးပွင့်ညီစွာ၊ ဒွိစီ **မြဒွ**၊ **ဥတ္တရ** တို့၊ ပြိုင်လို့ထွန်းလင်း
ခြောက်လချင်းနဲ့၊ လွမ်းရင်းဆွေးမြ၊ ဖြေမရဘူး၊ တန်ခူး **စိတြ**
ကြယ်ကေလဲ၊ လင်းပကြည်ကာ၊ **ဝိသာခါ** မူ၊ ဆယ့်လေးဟူ၏
ပုံတူနွားသိုး၊ နက္ခတ်မျိုးမို့၊ တိုးလို့စုံစုံ၊ ကဆုန်လတွင်း
အုံ့ဖွယ်ဝင်းကြ၊ **စေဋ္ဌ** တြိပွင့်၊ ထွန်းဝင့်တစ်ဖုံ၊ နယုန်လတည့်
ကြည့်ဖို့တစ်ခါ၊ ဝါဆိုမှာကား၊ **မြူလာသန်** ခေါ်၊ လေးဖော်ကြယ်ရှန်း
ဝါခေါင်ယှန်းလျှင်၊ ထွန်းယှဉ်သာလွန်၊ **သရဝဏ်** မှာ၊ ကြယ်မွန်သုံးပွင့်
ပြိုင်ကာတင့်မော်၊ တော်သလင်းဝင်က၊ **ပြဒ္ဒဘဒြပိုက်**၊ လေးလုံးသိုက်တို့
ထွန်းနိုက်ကြုံပြီ၊ အခါလည်သွား၊ တစ်နှစ်ခြားလဲ၊ မှတ်သားပြင်ပြင်
ထင်မိယောင်မှား၊ တဒင်္ဂလားပဲ၊ ရက်များတောင်ကျော်၊ လသော်သုံးဆယ်
စွန်းကြွယ်ခြောက်လ၊ သုံးနှစ်ပြည့်ခဲ့၊ ဆွေးလျှမပြေ၊ ညီဖြစ်တွေကို
မြင်စေကြားသိ၊ ရည်ညွှန်းဘိသည်၊ မချိနှလုံး၊ မပြုံးရယ်နိုင်
တွယ်ဆိုင်နှောင်ရစ်၊ သစ်သစ်နိုင်မြဲ၊ နေဆဲပါဘုရား ...။

မင်းသန့်ဦး(တောင်ကြီး)
၂၄/၉/၀၉။ ညဉ့် ၁၁း၅၀ နာရီ

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## ဦးမြှုပ်နှံစာ

▲ ဒေါက်တာအောင်ကျော်
စာရေးသော်
မဟော်သဓာပမာထာ။

▲ သူ့လက်ထဲတွင်
တစ္ဆေရှင်
ဝိညာဉ်ပါတတ်လှ။

▲ သူ့လက်ထဲတွင်
ဒါနပင်
လှူစင်များပြားလှ။

▲ သူ့လက်ထဲတွင်
ဓမ္မဝင်
လမ်းစဉ်နိဗ္ဗာန်ပြ။

▲ ရုပ်ကစိတ်သွင်
ဖြူသန့်စင်
ကြည်လင်အေးမြမြ။

သိန်းသန်းထွန်း
၂၅ နိုဝင်ဘာ ၂၀၀၉။
တောင်ကြီးမြို့။

❀ ❀ ❀ ❀ ❀

ဆရာကြီးသိန်းသန်းထွန်းနှင့် ကျွန်တော်တို့ နှစ်ပေါင်းအစိတ်ကျော် ဆက်ဆံခင်မင်မှု၏ အသီးအပွင့်အဖြစ်၊ ကျွန်တော့်ပုံရိပ်သဖွယ် ရေးစပ်သီကုံးပေးသော ဤကဗျာလေးကို ဂုဏ်ယူဖော်ပြအပ်ပါသည်။

ဒေါက်တာအောင်ကျော်(သွား/ဆရာဝန်)

## စာရေးသူ၏ အမှာစာနိဒါန်း

၁၃၇၁–ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့

လေးစားရပါသော စာဖတ်ပရိသတ်များခင်ဗျား ...

လာမည့် ၁၃၇၂–ခုနှစ်၊ ကဆုန်လဆန်း ၁၀–ရက် (၂၂/၄/၁၀) နေ့သည် နောင်တော်ဘုန်းကြီး ရန်ကုန်တိပိဋကရေဆရာတော်၏ သက်တော် ၆၄–နှစ်ပြည့် မွေးနေ့ရက်မြတ်မဟာ ဖြစ်ပါမည်။ ၂၄/၉/၀၉–တုန်းက နောင်တော်လွန်တော်မူ ၃–နှစ်တိတိ ပြည့်မြောက် ခဲ့၍ ၄–နှစ်တွင်းသို့ ၇–လ ချင်းနင်းဝင်ရောက်ပေတော့မည်။ ၆၄–နှစ် ပြည့် မွေးနေ့ပူဇော်ပွဲ ဝိဇ္ဇာတသဘင်ကို လွန်တော်မူ ၄–နှစ်အကြို နှစ်လည်ပွဲပါ ပူးတွဲကျင်းပမည် ဖြစ်ပါသည်။

၂၀၀၀–ပြည့်နှစ်မှစ၍ မွေးနေ့ပူဇော်ပွဲအတွက် ကိုယ်တိုင်ရေး စာအုပ်တစ်အုပ်ဖြင့် ဓမ္မဒါန နှစ်စဉ်နှစ်တိုင်း ရိုက်နှိပ်လှူဒါန်းလာခဲ့ရာ၊ ယခုနှစ်အဖို့ ၁၀–အုပ်မြောက် ဖြစ်သလို၊ ကျွန်တော့် ၂၆–အုပ်မြောက် စာအုပ်လည်း ဖြစ်ပါမည်။ ဘာအကြောင်းအရာကို ဦးစားပေးရမှာပါလိမ့်ဟု စဉ်းစားလိုက်သောအခါ ပရဝတ္ထုတိုလေးများကို အမှတ်ရလိုက်၏။ ကျွန်တော်သည် ဝတ္ထုတိုရေးနေကျ မဟုတ်ပါ။ စိတ်ကူးပေါက်မှ တစ်ခါတလေ တစ်ပုဒ်စ ဆိုသလို ရေးခြစ်မိတတ်၏။ ပေမီဒေါက်မီတော့ ဖြစ်ခဲ့လှပါသည်။

ပရလောကအကြောင်းကို လူတို့ စိတ်ဝင်စားကြ၏။ မယုံကြည်သူတို့က များ၏။ ကိုယ်တွေ့ကြုံရမှများမှ ယုံကြည်လာတတ်ကြ၏။ ကိုယ်တွေ့ကြုံဆုံဖို့ကလည်း ခက်ခဲတိခြင်းပါ။ မယုံသူကို ယုံပါဟု အတင်းမတိုက်တွန်း

www.burmeseclassic.com

www.burmeseclassic.com



လိုပါပေ။ သို့သော် ဗဟုသုတအလို့ငှာ စာတစ်ပုဒ် စာတစ်အုပ်မျှလောက်တော့ ဖတ်ကြည့်သင့်ကြောင်း ညွှန်းဆိုလိုပါသည်။

၆၄–နှစ်ပြည့် မွေးနေ့ကို ရည်၍ ပရဝဏ္ဏ ၆–ပုဒ်နှင့် ဆောင်းပါး ၄–ပုဒ် စုစည်းတင်ပြချင်ပါ၏။ ဖော်ပြခဲ့ပြီးသော စာမူများလည်း အဆင်သင့်ရှိနေ၏။ ကျွန်တော့်စာမူများကို ရွေးချယ်ဖော်ပြပေးကြပါသော မဂ္ဂဇင်းများ၊ စာတည်းချုပ်များနှင့် စာတည်းအဖွဲ့ဝင် အယ်ဒီတာများ အားလုံးတို့ကို ကျေးဇူးတင်ရှိပါကြောင်း ဤနေရာမှ ဖော်ပြပါရစေ။

စာမူများသည် ကုမုဒြာကြာပန်းနှင့် တူ၏။ အယ်ဒီတာဆရာများကား နွေသော်တာလမင်းနှင့် အလားပမာတူ၏။ လရောင်ဆမ်းမှ ပွင့်လန်းနိုင်သော ကုမုဒြာကြာပန်းအဖို့ စန္ဒာလမင်းသည် ကျေးဇူးရှင် မည်ပါပေ၏။ လိုအပ်လျှင် အသုံးပြုနိုင်အောင်၊ ကုမုဒြာကြာပန်းဓာတ်ပုံကို ပင်းတယ ကုံလုံကျောင်း ပြည်တော်အေးချမ်းစေတီပရိဝုဏ်အတွင်း သီတင်းသုံးသော အစ်မ သီလရှင်ဆရာလေး ဒေါ်သီလနန္ဒီက ကြိုတင် ရိုက်ကူးပေးပြီး လှူဒါန်းပေးအပ်ထား၏။ ယင်းဓာတ်ပုံသည် ကျွန်တော့်လက်ထဲတွင် အဆင်သင့်ရှိနေပြန်ရာ မျက်နှာဖုံးအတွက် ပိုမိုအဆင်ပြေသွားရပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ပြီးခဲ့သည့် ၂၀၀၉–ခုနှစ်က "နီဗ္ဗာန်ဖောင်ကူးတို့ အင်ကြင်းပင်သို့" စာအုပ်အတွက် နောက်ကျစွာ အလှူငွေများ လာထည့်ဝင်ကြသည့် စာပေအပေါင်းအသင်း မွေ့မိတ်ဆွေစာရင်း ကျန်ရှိနေရာ အများသာဓုခေါ်ဆိုနိုင်စေရန် အောက်ပါအတိုင်း ဖော်ပြလိုက်ရပါသည်။

၁။ ဘွားခင်၊ ဘွားကြည်၊ ဘွားမြ၊ ဘိုးသိန်း။ ၇၀၀၀၀ိ/–
ဘွားလှ၊ ဘွားသောင်း၊ ဘွားထွေး
မောင်နှမခုနစ်ဖော်၊ ရှမ၀တိုက်၊ တောင်ကြီးမြို့။

၂။ ဦးနေဝင်း + ဒေါ်ခင်လှလှ မိသားစုနှင့် ၅၀၀၀၀ိ/–
အင်္ဂလိပ်စာဌာနမိသားစု၊ ရန်ကုန်တက္ကသိုလ်(ပင်မ)။

၃။ စန္ဒီမြင့်၊ ရေအေးကွင်းရပ်၊ တောင်ကြီးမြို့။ ၃၀၀၀၀ိ/–



၄။ ဆရာမကြီးဒေါ်မြဝင်း (မြို့နယ်ပညာရေးမှူး–ငြိမ်း) ၁၀၀၀၀ိ/–
တောင်ကြီးမြို့။

၅။ ဦးတင်အောင် + ဒေါ်လှမြိုင် ၁၀၀၀၀ိ/–
သမီး–မဆည်းဆာအောင်၊ မသစ်သစ်သင်း
သံဖြူဇရပ်မြို့။

၆။ ဦးမြင့်ဆွေ + ဒေါ်တင်အိ (တရားရုံးချုပ်ရှေ့နေ) ၁၀၀၀၀ိ/–
သံဖြူဇရပ်မြို့။

၇။ ဒေါ်ခင်ခင်ထွေး (အလယ်တန်းပြဆရာမ) ၁၀၀၀၀ိ/–
အ.လ.က (၅) တောင်ကြီးမြို့။

* ဆောင်းပါးစာမူများကို ရေးသားပေးကြသည့် စာပေမိတ်ဆွေကြီးများအားလည်းကောင်း၊
* စာမူအတွက် လိုအပ်ရာရာ ကျမ်းညွှန်းများကို ရှာဖွေပေးသော၊ တောင်ကြီးမြို့ အောင်မြေသာစည်ရွှေကျောင်းကျောင်းတိုက်မှ စာချကိုယ်တော် ဦးနရိန္ဒ (ဓမ္မာစရိယ၊ ဝိသိဋ္ဌဉာဏဘောဝိဘာဝ)အားလည်းကောင်း၊
* စာအုပ်ကို အချိန်မီ ထွက်ပေါ်လာနိုင်ရေး ကြိုးပမ်းပေးကြသော နဝရတ်အော့ဖ်ဆက်ပုံနှိပ်တိုက်ပိုင်ရှင် ညီမောင်ဦးအုန်းဇော်နှင့် ဝန်ထမ်းများအားလည်းကောင်း၊

ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်းကို ဂုဏ်ပြုမှတ်တမ်းတင်လိုက်ရပါသည်။

တရားစစ် တရားထူး မြင်တွေ့ချမ်းမြေ့ကြပါစေ။

ဒေါက်တာအောင်ကျော်(သွား/ဆရာဝန်)
သ.ခ. ၁၃၆။
၁/၁၁/၂၀၀၉။

www.burmeseclassic.com

www.burmeseclassic.com



**စွမ်းရောင်များ၌ ဖော်ပြပြီးသော ပုဂ္ဂိုလ်ကြီးများ**

၁။ လိပ်ပြာမမှန် သက်သေခံ
သူရဇ္ဇမဂ္ဂဇင်း၊ အတွဲ–၁၀၊ အမှတ်–၃
၂၀၁၀–ပြည့်နှစ်၊ မတ်လ။

၂။ သေမင်းတမန် ပြန်ပေဦး
ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း၊ အတွဲ–၂၊ အမှတ်–၁၂
၂၀၀၈–ခုနှစ်၊ ဇွန်လ။

၃။ အိပ်မက်ထဲက လူမည်းကြီး
ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း၊ အတွဲ–၃၊ အမှတ်–၁၂
၂၀၀၉–ခုနှစ်၊ ဇွန်လ။

၄။ သီလကို စမ်းတာလေလား
ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း၊ အတွဲ–၄၊ အမှတ်–၂
၂၀၀၉–ခုနှစ်၊ ဩဂုတ်လ။

၅။ သရဖီမင်းသမီး လွမ်းပုံပြင်
သူရဇ္ဇမဂ္ဂဇင်း၊ အတွဲ–၉၊ အမှတ်–၆
၂၀၀၉–ခုနှစ်၊ ဇွန်လ။

၆။ အိပ်မက်ထဲမှာ နှုတ်ဆက်သွားသူ
သိဒ္ဓိမိုးမဂ္ဂဇင်း၊ အမှတ်–၅၅
၂၀၁၀–ပြည့်နှစ်၊ ဧပြီလ။

**စွမ်းရောင်၌ ဖော်ပြပြီး ဆောင်းပါး**

၁။ ခွဲခွါခြင်းဟူသည်
သိဒ္ဓိမိုးမဂ္ဂဇင်း၊ အမှတ်–၅၁
၂၀၀၉–ခုနှစ်၊ ဒီဇင်ဘာလ။

**ရန်ကုန်တိပိဋကဓရဆရာတော် ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ(Ph.D.)၏**

**"မြေမြတ်မဟာတရားမြတ်ဒေသနာ" အနှစ်ချုပ်**

**၁၃၆၄–ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁–ရက် (၂၂-၁၀-၂၀၀၂)မှ (၄-၁၁-၂၀၀၂)ထိ**

**နီပေါမိစ်စရီးစဉ်**

**၂၂.၁၀.၂၀၀၂ နေ့။**

နံနက် ၁၀း၃၀–နာရီ ။ မင်္ဂလာဒုံလေဆိပ်မှ ဗန်ကောက်မြို့သို့ ထွက်ခွါ။ ဗန်ကောက်၌ တစ်ညတာတည်းခို၊ ညနေပိုင်း၌ ဝပ်မဟာဓာတ်ကျောင်းတော်ကြီးအနီး ကွင်းကြီး၌ ကျင်းပသော၊ မဟာချူဠာလောင်ကွန်း ရာဇဝိဇ္ဇာလယယူနီဗာစီတီ အသစ်တည်ဆောက်ရေး အတွက် အလှူခံဌာနသို့ သွားရောက်လေ့လာခဲ့။

**၂၃.၁၀.၂၀၀၂ နေ့။**

နံနက် ၁၀း၃၀–နာရီ။ ဗန်ကောက်လေဆိပ်မှ နီပေါလ်နိုင်ငံ ကတ္တမန္ဒူမြို့သို့ ထွက်ခွါ။ မိုင်ပေါင်း ၁၃၆၆–ကွာဝေး၍ ၃–နာရီခန့် ကြာ။ ကြီးကျယ်သော အနီရောင်ထီးကြီး မိုးကာ ကြိုဆို၊ နီပေါလ် ရုပ်မြင်သံကြား နှင့် သတင်းစာများတွင် ဖော်ပြခဲ့။ ကား ၁၀–စီးဖြင့် ပင့်ဆောင်ကြ။

ဝိရှရှန်တီကျောင်းတိုက် ရောက်ရန် ကိုက် ၁၀၀–ခန့်အလို ကားပေါ်မှ ဆင်းကာ၊ ကြိုဆိုပွဲအခမ်းအနားတစ်ခု ထပ်မံပြုလုပ်ကြ။ သံဃာ သီလရှင် လူပရိသတ် ၅၀၀–ခန့်ရှိ။ ယင်းကျောင်းတိုက်မှာ မြန်မာနိုင်ငံတွင်

www.burmeseclassic.com

www.burmeseclassic.com



ပညာသင်ကြား၍ ဓမ္မာစရိယဘွဲ့နှင့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သာသနာပြုဘွဲ့ရ နီပေါလ်ဇာတိ ဆရာတော် အရှင်ဉာဏပုဏ္ဏိက(M.A) ၏ ကျောင်းဖြစ်။ ကျောင်းတိုက်၏ အမြင့်ဆုံးနေရာ၌ သယမ္ဘူစေတီတော် တည်ထား၊ ရဟန်းသာမဏေ ၄၀–ခန့်ရှိ။ မြန်မာနိုင်ငံတွင် ၅–နှစ် ပညာသင်ကြားခဲ့သူ၊ သီလရှင်ဆရာကြီး ဒေါ်ဥပ္ပလဝဏ္ဏာလည်း စွမ်းအားရှိသမျှ ကူညီနေ။ ဆရာကြီး ဒေါ်ဂုဏဝတီ၊ ဆရာကြီး ဒေါ်သုဓမ္မဝတီ (သမီးချစ်)၊ ဆရာလေး မအဂ္ဂဉာဏီ၊ မစာရုဉာဏီတို့လည်း ကူညီဆောင်ရွက်နေ။ ကျောင်းတိုက်ကြိုဆိုပွဲ၌ "ချမ်းသာလေးမျိုး" တရားစကား ပြောကြားခဲ့။

**၂၄.၁၀.၂၀၀၂ နေ့။**

▲ နံနက်ပိုင်းတွင် ကဏ္ဍမန္ဒူနှင့် ပါတန်မြို့တို့၌ ထင်ရှားသော မဟာဗုဒ္ဓေါ၊ သယမ္ဘူ၊ စာရုမတီ စသော ဘုရားများ သွားရောက် ဖူးမြော်။

▲ နေ့လယ်ပိုင်းတွင်၊ မြန်မာပြည်သို့ တောလမ်းခရီးမှ သက်စွန့်ကြိုးပမ်းလာရောက် ပညာသင်ကြားကာ ဓမ္မာစရိယဘွဲ့နှင့် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့ရ ဆရာကြီးဒေါ်သုဓမ္မဝတီ၏ ဓမ္မကိတ္တိကျောင်းတိုက်သို့ သွားရောက်ခဲ့။ ကြိုဆိုပွဲ၌ "သာသနာ့ဂုဏ်ရည်" တရားကို ဟောကြားခဲ့။

▲ ညနေပိုင်းတွင်၊ နဂရကုတ်ဟု ခေါ်သော တောင်ပေါ်မြို့သို့ ရောက်။ ဟိုတယ်တစ်ခုမှာ တည်းခိုခဲ့။ ပိုင်ရှင် ဗန်ကောက်မြို့သား မစ္စတာ–အေတီချတ် ကြိုတင်ပင့်ဖိတ်ချက်အရ ဖြစ်။ အဆောက်အဦမှာ သေး၍ သဟာသေယျအာပတ်လွတ်။

**၂၅.၁၀.၂၀၀၂ နေ့။**

▲ အရုဏ်ဆွမ်း၊ နေ့ဆွမ်းများကို ထိုဟိုတယ်မှာပင် စီစဉ် ဆက်ကပ်။ အားလုံးအဆင်ပြေ။

▲ ညနေပိုင်း ဘာတာပူ၌ တရားဟောရန်ရှိ၊ နာဂရကုတ်သို့ အသွား အပြန် လမ်းများ၌ နီပေါလ်ဘာသာဖြင့် ကြိုဆိုပါ၏ စာတန်းများစွာ



တွေ့ရ။ ဘာတာပူမြို့သို့ အသွားတွင် သာသနာ့အလံများ ချိတ်ဆွဲ ဝေ့ရမ်း ကြိုဆိုကြ။ တူရိယာ တီးမှုတ်ကြ။ ကြိုဆိုသူများအနီး ရောက်လျှင် ကားပေါ်မှ ဆင်းကာ ခြေလျင်သွားရ၊ ထီးမိုးသမား တူရိယာသမားများ လိုက်ပါလာကြ။ နှစ်ဖိုင်နီးပါးခန့် လမ်းတစ်လျှောက်လုံး ကြိုဆိုနေကြ။ လှူဖွယ်များလှူကြ။ ပန်းများ ပဝါများကိုသာ လက်ခံ၍ ဝတ္ထုငွေ လုံးဝ လက်မခံခဲ့ပါ။ ဤတရားပွဲ ၌ "ဒုလ္လဘငါးပါး" ကို ဟောကြားခဲ့။

**၂၆.၀၀.၂၀၀၂ နေ့။**

▲ မနက်ပိုင်းတွင် ဆရာတော် အရှင်ဉာဏပုဏ္ဏိက(M.A.)၏ ဝိရုရှန်တိဝိဟာရ ကထိန်အလှူတော်သည် ကြီးကျယ်စည်ကားလှ၊ မြို့လုံးကျွတ် ပင့်ဖိတ်ထား၍ သံဃာတော်များ၊ သီလရှင်များ၊ လှူဒါန်းသူများ အလွန်များပြား၊ ကထိန်အလှူရှင်များမှာ မလေးရှားနိုင်ငံမှ ဒကာ ဒကာမများ ဖြစ်ကြ။ ကထိန်အနုမောဒနာတရား ဟောကြားပေးခဲ့။

▲ ညနေပိုင်းတွင် ပါတန်မြို့၌ တရားပွဲစဉ်ရှိ၊ "သူတော်ကောင်း လက္ခဏာ တရားတော်"ကို ဟောကြားပေးခဲ့။

**၂၇.၁၀.၂၀၀၂ နေ့။**

▲ နံနက်ပိုင်းတွင် ဝိရုရှန်တိဝိဟာရ၌ အရုဏ်ဆွမ်းစားပြီး၊ သုမင်္ဂလဝိဟာရကထိန်အလှူတော်သို့ သွား။ အလှူဒကာမှာ မလေးရှားမှ ဒေါက်တာဘေးကြူးဝါး မိသားစု ဖြစ်။ ကထိန်အနုမောဒနာတရား ဟောပေးခဲ့၊ ဆွမ်းကပ်စဉ်၊ ပန်းကန်ပြားတစ်ချပ်ထဲတွင် မကြာမကြာ လိုအပ်သမျှ စားဖွယ်များ ထည့်ပေးခြင်းဖြင့် ကပ်ကြ။

▲ ညနေပိုင်းတွင်၊ တော်ဝင်နီပေါလ်အကယ်ဒမီ၌ တရားပွဲစဉ်ရှိ၊ ခန်းမကြီးတွင် ဆလိုက်မီး၊ ရောင်စုံမီး၊ ထိုင်ခုံ စသည်များ အလွန်ခမ်းနား ထည်ဝါ။ ပထမဆုံး ကျင်းပဖြစ်သော တရားပွဲဖြစ်၊ ဗုဒ္ဓဘာသာ အသင်းအဖွဲ့ ၆၀–ခန့်တို့က စုပေါင်းလှူဒါန်း စီစဉ်ခြင်းဖြစ်၊ တစ်ပွဲလျှင် နီပေါလ်ငွေ ၅၀၀–မျှစီ ထည့်ဝင်လျှင် ဖြစ်မြောက်နိုင်၊ အမေရိကန်

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လာ ၄၀၀–ခန့် ကျသင့်။ "ဒုလ္လဘတရားလေးပါး" ကို ဦးစွာ ဟောလျက်၊ ဗုဒ္ဓါနုဿတိဘာဝနာဖြင့် တရားသိမ်းခဲ့။ နီပေါလ်ခရီးစဉ်မှာ အထူးဝမ်းသာကြည်နူးမှုဖြစ်ရ၊ နီပေါလ်မြေသည် ဘုရားဖွားမြင်တော်မူရာ နယ်မြေဖြစ်ပြီး၊ ရဟန်းရှင်လူအားလုံးတို့ လေးလေးစားစား တရားနာယူကြ၍ ဖြစ်၏၊ ဗုဒ္ဓဘုရားပေါ် မြတ်နိုးမှု ကြီးမားကြောင်းတွေ့ရ၊

၂၈.၁၀.၂၀၀၂ နေ့။

လုမ္ဗိနီနှင့် ကပိလဝတ္ထု သွားရန် ဝိရုရုန်တီဆရာတော် စီစဉ်ထားပြီး ဖြစ်သော်လည်း ကတ္တမန္ဒူမြို့၌ ဆန္ဒပြမှု ဖြစ်ပွါးနေ၍ တစ်ရက်လုံး အနားယူခဲ့။

၂၉.၁၀.၂၀၀၂ နေ့။

နေ့လယ် ၁၁း၃၀–နာရီတွင် ဗုဒ္ဓအဲယားဖြင့် ခရီးထွက်ခဲ့။ လုမ္ဗိနီ အနီး ဂေါတမလေဆိပ်တွင် ဗုဒ္ဓဘာသာအဖွဲ့များက သရဏဂုံ နမော တဿ စသည်များကို ကျူးရင့်မှုဖော် ကြိုဆိုနေကြ။ ပန်းများ ဆက်ကပ်ကြ၊ လုမ္ဗိနီမြန်မာကျောင်းမှ ဆရာတော်အရှင်မွှာနန္ဒာဘိဝံသတို့ အဖွဲ့လည်း လာရောက်ကြိုဆိုကြ။ ဖွားတော်မူရာဌာနသို့ ဦးတိုက်ဖူးမြော်ပြီးမှ မြန်မာ ကျောင်းတိုက်သို့ သွားကြ။ ခေတ္တအနားယူပြီးနောက် ကားသုံးစီးဖြင့် ကပိလဝတ္ထုမြို့သို့ ခရီးဆက်ရာ တစ်နာရီခွဲခန့်ကြာ။ မြို့တော်နေရာမှာ အုတ်ဖိနပ်များ၊ အုတ်ခုံများကို ကြည့်လျက်၊ တစ်ချိန်က အလွန်ကြီးကျယ် ခဲ့သော မြို့တော်၊ နန်းတော်၊ သိဒ္ဓတ္ထမင်းသား သွားလာလှုပ်ရှားခဲ့ပုံများ ဘုရားဖြစ်ပြီးနောက် ဆွမ်းခံကြွ၊ တရားဟောကြား တော်မူခဲ့သည်များကို မြင်ယောင်မိ၊ ဖြစ်ပျက် ဆင်ခြင်ခဲ့၊ နန်းတော်ရာတွင်းမှာ ထိုင်ကာ ဖျော်ရည် သောက်ခဲ့။ အပြန်တွင် နိဂြောဓာရုံ ကျောင်းတော်ရာ ဝင်ကာ၊ အုတ်ခုံများရှိ လှပသော အနုပညာသန်းကွက်များ ကြည့်ခဲ့၊ ဘုရားရှင် သီတင်းသုံးတော်မူစဉ် အရှင်နန္ဒ၊ အရှင်ရာဟုလာ စသည်တို့ သာသနာ့ဘောင် ဝင်ရောက်ခဲ့ပုံကို အာရုံပြုပြီး၊ သင်္ခါရ ပြောင်းလဲမှု သဘာဝကို ဆင်ခြင်မိခဲ့။ ည ၇–နာရီ ကျော်မှ မြန်မာကျောင်း ပြန်ရောက်။



၃၀.၁၀.၂၀၀၂ နေ့။

နံနက် အရုဏ်ဆွမ်းအတွက် မြန်မာဆန်ဆန် ဆွမ်း၊ ဆွမ်းဟင်း များ စီမံဆက်ကပ်ကြ။ ဝိရုရုန်တီဝိဟာရဆရာတော် စီစဉ်မှုဖြင့် ဟိုတယ် တစ်ခုမှ ခေါက်ဆွဲကြော်၊ ချပါတီ စသည် စားဖွယ်များစုံလင်လာ ဆက်ကပ်။ မြန်မာကျောင်းအနီးရှိ သမီးချစ် ဒေါ်သုဓမ္မာဝတီကျောင်းသို့ သွား။ ရွှေတောင်ကုန်းပဏ္ဍိတာရာမသာသနာ့ရိပ်သာခွဲကျောင်းမှ ဆရာတော်များ၊ သီလရှင် ဆရာလေးများအားလုံး မြန်မာကျောင်းသို့ လာရောက်ကြ။ အချိန်မရ၍ ရွှေတောင်ကုန်းသာသနာ့ရိပ်သာသို့ မရောက်ဖြစ်တော့။

အရုဏ်ဆွမ်းစားပြီး၊ ဝန်ကြီးဟောင်းတစ်ဦး တည်ထောင်သော ကျောင်းသို့ သွားရောက်။ ကျောင်းဒကာနှင့် နီပေါလ်ဒကာ ဒကာမများ အပြင် မြန်မာပြည် မိုးကုတ်ဇာတိ ဘုန်းကြီး ဦးဖဠိလ ဦးဆောင်သော ဒုလ္လဘရဟန်းတော်များနှင့် မြန်မာအနွယ်အတော်များများ တွေ့ခဲ့၊ ကားဖြင့် ထွက်ခဲ့၍ မိနစ် ၃၀–မျှ ကြာလျှင် မဟာယနကျောင်းတစ်ကျောင်းသို့ ရောက်။ မဟာယာနဘုန်းတော်ကြီးနှင့် ဒကာဒကာမ အရွတ်အဆို အတီး အမှုတ်ဖြင့် ကြိုဆိုကြ။ မေတ္တာတရား၊ ယဒွါတရားတို့၏ အဓိပ္ပါယ်၊ ဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်၊ မဟာကရုဏာတော်၊ နိဗ္ဗာန်၏ အဓိပ္ပါယ် များကို ရှင်းပြခဲ့။ လေးလေးနက်နက် မှတ်သားနာယူကြ။

လုမ္ဗိနီသို့ ထွက်ခဲ့ရာ ဖွားတော်မူရာကို ဦးချ ဓာတ်ပုံရိုက်၊ အနီးရှိ ဆိုင်တွင် နေ့ဆွမ်းစားပြီးနောက် သီလပေး၊ တရားဟောပေးရန် လျှောက် ထား၍ ဆဠာယတနသုတ်ကို အကျဉ်းချုပ်ဟောခဲ့၊ လုမ္ဗိနီခရီးစဉ်၌ ဗောဓိပင် စိုက်ပွဲမှာ အချိန်မရ၍ ပါဝင် မဆောင်ရွက်ပေးနိုင်ခဲ့။ စိတ်မကောင်း။

၃၁.၁၀.၂၀၀၂ နေ့။

ညနေပိုင်းမှာ ဂေါတမလေဆိပ်မှ ဗုဒ္ဓအဲယားဖြင့် ကတ္တမန္ဒူမြို့သို့ ပြန်ခဲ့ကြ။ လူ ၂၀–ခန့်သာ တင်ဆောင်နိုင်သော လေယာဉ်အသေးစား လေး ဖြစ်သော်လည်း လှုပ်ခါမှု သိပ်မရှိလှဘဲ စီးရ သက်သာပါသည်။ ပတ်ဝန်းကျင် တောင်ကြီးများရှုခင်းကို ကြည့်ရင်း မိနစ် ၃၀–မျှကြည့်မိ

www.burmeseclassic.com

www.burmeseclassic.com



မှာပင် ကတ္တမန္ဒူသို့ ပြန်ရောက်။ လေယာဉ်ဖြင့် တောင်ပေါ်ရှုခင်းများ ကြည့်ရှုရန် စီစဉ်ထားသော်လည်း ဆန္ဒမရှိ၊ မလိုအပ်ဘဲ အကုန်အကျ မများစေလို၍ အစီအစဉ် ဖျက်စေခဲ့။

၁.၁၁.၂၀၀၂ နေ့။

မြို့တွင်းသို့ သီးသန့်ပုဂ္ဂလိကဌာနများ မပင့်ဖိတ်ကြရန် မှာကြားထား၍ စုပေါင်းတရားနာယူရာ၊ ဩဝါဒခံယူရာများသို့သာ ရောက်ခဲ့၊ နီပေါလ်တွင် ရှိနေသမျှရက်တွင်း၊ ဆွမ်းကိစ္စအဆင်ပြေအောင် အမြဲ ဆောင်ရွက်နေသူ ဒေါ်ဥပ္ပလဝဏ္ဏာ၏ မယ်တော် (အသက် ၉၀–ခန့်) ဒကာမကြီးအိမ်၊ မကျန်းမာသော ရွှေတောင်ကုန်းရိပ်သာ ဒကာကြီးအိမ်၊ ဝိရုရှန်တီကျောင်းတိုက်အနီးရှိ ဒေါ်အဂ္ဂဉာဏီ(မွှာစရိယ)၏ ခမည်းတော် မယ်တော်အိမ်၊ ရဟန်းမယ်တော်ကြီး ဒေါ်ရူပမာလာ (ပဋ္ဌမကျော်၊ မွှာစရိယ)၏ တပည့် သီလရှင်ဒေါ်မာဝဇီ၏ ယသော်ဓရာဝိဟာရ ကျောင်းတိုက်၊ စသည်တို့သို့သာ အထူးစီစဉ်ကာ သွားခဲ့၊ ကျောင်းတိုက်များ အားလုံးလုံအောင် ကြိုးစားသွားခဲ့၊ ဩဝါဒပေးရန် လျှောက်ထားလျှင် အချိန်ကြည့်၍ ဩဝါဒတရား ဟောခဲ့။ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ရ ဆရာတော်ကြီး၏ သကျသီဟကျောင်းတိုက်၌ ဩဝါဒတရား ဟောစဉ် အနီးအနားရှိ သံဃာတော်များ ကျောင်းတိုက်ဆိုင်ရာ ဒကာ ဒကာမများလည်း အတော်များစွာ ရောက်လာကြ။

ညနေပိုင်းမှာ ဝိရုရှန်တီဝိဟာရ၌ နှုတ်ဆက်ပွဲ အခမ်းအနား ကျင်းပ။ ကတ္တမန္ဒူမြို့တော်နှင့် ပတ်ဝန်းကျင်မြို့များရှိ သံဃာတော်များ၊ သီလရှင်များ၊ ဒကာ ဒကာမများ၊ သတင်းစာ၊ စာနယ်ဇင်း၊ ရေဒီယို၊ ရုပ်မြင်သံကြား စသည့် ကိုယ်စားလှယ်များ အတော်များများ တက်ရောက်လာကြ။

ဆရာတော် အရှင်ဉာဏပုဏ္ဏိက (M.A.) အခမ်းအနား အဖွင့်စကား ပြောပြီး၊ ကျောင်းတိုက်ဒကာ ဒကာမများအဖွဲ့ စသည်တို့က အမှတ်တရ လက်ဆောင်ပစ္စည်းများ ဆက်ကပ်ကြ။ တရားဟောပေးရန် ခွင့်ပန်ကြ၍ သပ္ပုရိသဘူမိအဓိပ္ပါယ်ကို ရှင်းလင်းဟောကြားခဲ့။



၂.၁၁.၂၀၀၂ နေ့။

I.B.M.C. ကထိန်အလှူတော်၌ ကထိန်အနုမောဒနာတရား ဟောကြား၍၊ ဆွမ်းစားပြီးနောက် အမိမြန်မာနိုင်ငံသို့ ပြန်ရန်၊ ကတ္တမန္ဒူ လေဆိပ်သို့ သွားခဲ့။ ပဏ္ဍိသမဏ အရှင်ဉာဏိဿရ (တိုက်ကြပ်၊ နာယက၊ စာချ)၊ ကပ္ပိယကာရက မောင်ကျော်သူရထွန်းတို့ မြန်မာသံရုံး ဝန်ထမ်းအချို့နှင့် အတူ လေဆိပ် ကြိုသွားလျက်၊ စီစဉ်ဆောင်ရွက်ထားကြ။ ဝိရုရှန်တီဝိဟာရ ဆရာတော်၊ သံအမတ်ကြီး ဦးနေဝင်းတို့ ကြောင့်ကြစိုက်၍ ချောမွေ့ အဆင်ပြေခဲ့။

ဗန်ကောက်လေဆိပ် ရောက်လျှင်၊ မြန်မာစစ်သံမှူးကြီးနှင့် ဝန်ထမ်းများ ဝပ်မဟာဓာတ်ကျောင်းတော်ကြီး အဆောင် ၂၅–ကျောင်း ဘုန်းကြီး ဝရပညာဂုဏ် စသော ပုဂ္ဂိုလ်များ လာကြိုဆိုကြ၏။ အဆောင် ၂၅–၌ ၂–ညတာ တည်းခို၊ မြဘုရား၊ ဗုဒ္ဓမှန်ထုန်ဘုရားတို့ကို ဖူးမြော်၊ ၄–၁၁–၂၀၀၂ နံနက်ပိုင်း ပြန်ခဲ့ရာ၊ နံနက် ၉–နာရီခန့် အမိ မြန်မာနိုင်ငံသို့ ချောမောစွာ ပြန်ရောက်ခဲ့။

## နီပေါလ်ခရီးစဉ်၌ ဟောကြားခဲ့သော ဟောတရားများနှင့် ဩဝါဒများ အနှစ်ချုပ်

▲ ကျေးဇူးရှင် ဥပဇ္ဈာယ်ဆရာ ဘာသာဋီကာကျမ်းပြုအကျော်၊ တောင်မြို့ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးက "တရားဟောရာမှာ မိမိ စိတ်ဝင်စားသည့် အကြောင်းအရာများကို မိမိနားလည်သလို နားလည်ပါစေဟူသော စေတနာဖြင့် ဟောပါ" ညွှန်ကြားချက်အတိုင်း ဟောကြားပေးခဲ့၍ ပရိသတ်များ စိတ်ဝင်စား နှစ်ခြိုက်ကြသည်။

၂၆–၄။

▲ ဥပဇ္ဈာယ်ဆရာတော်ဘုရားကြီးကပင် "ဘုရားဟောပါဠိတော်ဂါထာ တွေကို ကျက်ထားရတယ်၊ ကြီးလာသည့်အခါ ရထားတဲ့ ဘုရားဟော

www.burmeseclassic.com

www.burmeseclassic.com



ပါဠိတော်ဂါထာတွေကို ရွတ်ဖတ်နေရတာ အလွန် ကြည်နူးစရာကောင်းတယ်''ဟု မိမိငယ်စဉ်က သွန်သင် ညွှန်ကြားခဲ့ဖူးပါသည်။

နာ–၈။

နီပေါလ်ခရီးစဉ်တွင် မိမိ မှန်းမျှော်သည်ထက် များစွာ ပိုမို၍ တရားဟောခွင့်၊ သာသနာပြုခွင့် ရရှိခဲ့ပါသည်။ ဟောအပ်သမျှ တရားတော်များကို အထူးလေးစားစွာ နာယူကြသည်။

နာ– ၂နှင့်၃။

နီပေါလ်နိုင်ငံသည် ဘုရားရှင်၏ ဖွားတော်မူရာ လုမ္ဗိနီမြေ ပါဝင်ရာ နိုင်ငံဖြစ်၍ ''မြေမြတ်မဟာ''ဟု ဂုဏ်ပြုစကားဖြင့် ဆိုအပ်ပါသည်။

နာ–၃။

မြန်မာနိုင်ငံ၏ ကျေးဇူးပြုမှုကြောင့် နီပေါလ်နိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာ ပြန်လည်ပေါ်ပေါက် ထွန်းကားလာသည်ဟု နီပေါလ်ဗုဒ္ဓဘာသာဝင်များက လေးနက်စွာ ခံယူထားကြသဖြင့် မြန်မာနိုင်ငံအပေါ် အထူးလေးစားကြပါသည်။ နာ–၄။

**ချမ်းသာလေးမျိုး**

၁။ သုခေါ ဗုဒ္ဓါနမုပ္ပါဒေါ = လောက၌ သဗ္ဗညုတဉာဏ်တော် သခင် ဘုရားရှင် ပွင့်ပေါ်တော်မူခြင်းသည် လူ နတ် ဗြဟ္မာ သတ္တဝါ အားလုံးတို့၏ ချမ်းသာကြောင်း ကေန်အမှန်ဖြစ်၏။

၂။ သုခါ သဒ္ဓမ္မဒေသနာ = ဘုရားရှင် ပွင့်ထွန်း၍ ၄၅–ဝါပတ်လုံး မနေမနား တရားတော်များ ဟောကြားတော်မူခြင်းကြောင့် ကုသိုလ် ပွါးများ၊ အကုသိုလ်ရှောင်ရှား၊ ပစ္စုပ္ပန်မှာ ချမ်းသာ၊ သံသရာလည်း ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာများကို ခံစားရရှိကြရ၏။



၃။ သုခါ သံဃဿ သာမဂ္ဂီ = အရာရာမှာ ညီညွတ်လျှင် ချမ်းသာ၊ မညီညွတ်လျှင် ဘေးဒုက္ခဖြစ်၊ သံဃာတော်များ ညီညွတ်၍ သာသနာ ပွင့်ထွန်း ချမ်းသာ။

၄။ သမဂ္ဂါနံ တပေါ သုခေါ = ညီညွတ်ပြီး အပြစ်ကင်းသော အလုပ်များကို ကြိုးစားဆောင်ရွက်ကြ။ ညီညွတ်ပြီး မကြိုးစားလျှင် ချမ်းသာ အပြည့်မရ။

ချမ်းသာလေးမျိုးအနက် ရှေ့ချမ်းသာနှစ်ပါးကို ဘုရားရှင် ဆောင်ရွက်ပေးတော်မူခဲ့လို့ အားလုံး ရရှိကြပါပြီ။ နောက်ချမ်းသာ နှစ်ပါးကိုကား မိမိတို့ ကြိုးစားကြရပါမယ်။

နာ–၁၅၊ ၁၆နှင့် ၁၇။

▲ <u>**သာသနာ့ဂုဏ်ရည်**</u>

**ဗုဒ္ဓသုဗုဒ္ဓတာ လောကေ၊ ဓမ္မဿ စ သုဓမ္မတာ။**
**သံဃဿ သုပ္ပဋိပတ္တိ၊ ဧသော သာသနသမ္ပဒါ။**

ဗုဒ္ဓသုဗုဒ္ဓတာ = သာသနာတော်ကို တည်ထောင်တော်မူသော ဘုရားရှင်၏ ဘုရားစစ် ဘုရားမှန် ဖြစ်ခြင်း။

ဓမ္မဿ စ သုဓမ္မတာ = သာသနာတော်၏ ကျင့်စဉ် တရားတော်ကလည်း ကျင့်သလောက် အကျိုးရစေနိုင်မည့် တရားစစ်တရားမှန် ဖြစ်ခြင်း။

သံဃဿ သုပ္ပဋိပတ္တိ = သာသနာတော်ကို ထိန်းသိမ်း စောင့်ရှောက်သော သာသနာ့ရှေ့ဆောင် သံဃာတော်များကလည်း ဘုရားအမိန့်တော် ဥပဒေသများကို တိကျလေးစား လိုက်နာခြင်း။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့သော အင်္ဂါသုံးချက်နှင့် ညီညွတ်သော သာသနာတော်ဖြစ်မှ ကြည်ညိုဆည်းကပ်သူများမှာ ထိုက်တန်သော အကျိုးတရားများကို ရရှိခံစားရပါမည်။ နှာ ၂၁နှင့် ၂၂။

▲ **ဒုလ္လဘ ၅-ပါး တရားတော်။**

**၁။ ဒုလ္လဘော ဗုဒ္ဓုပ္ပါဒေါ လောကသ္မိံ** = လောကတစ်ခွင်မှာ သဗ္ဗညုတဉာဏ်တော်သခင် ဘုရားရှင်၏ ပွင့်ထွန်းပေါ်ပေါက်တော်မူခြင်းကို အလွန်ရခဲ၏။

**၂။ ဒုလ္လဘော မနုဿတ္တပဋိလာဘော** = လူအဖြစ်ကို ရမှုသည် အလွန်ခဲယဉ်းသည်ဟု ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သည်။

**၃။ ဒုလ္လဘာ သဒ္ဓါသမ္ပတ္တိ (ခဏသမ္ပတ္တိ)** = လူအဖြစ်ကို ရလာပြန်သော်လည်း သဒ္ဓါတရားနှင့် ပြည့်စုံမှုကို ရခဲ၏။

**၄။ ဒုလ္လဘာ ပဗ္ဗဇ္ဇာ (ပဗ္ဗဇိတဘာဝေါ ဒုလ္လဘော)** = ရဟန်းအဖြစ်သည် ရခဲသော ဒုလ္လဘတစ်မျိုး ဖြစ်၏။

**၅။ ဒုလ္လဘံ သဒ္ဓမ္မဿဝနံ** = သူတော်ကောင်းတရားကို နာကြားရခြင်းသည်လည်း ရခဲ၏။ နှာ ၄၂၊ ၅၂၊ ၅၃၊ ၆၁နှင့် ၆၃။

▲ **ဘုရားရှင်အားလုံး၏ ဩဝါဒ**

**သဗ္ဗပါပဿ အကရဏံ၊ ကုသလဿူပသမ္ပဒါ။**
**သစိတ္တပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ။**

၁။ အကုသိုလ်အားလုံးကို မပြုလုပ် မပြောဆို မကြံစည်မိအောင် ရှောင်ကြဉ်ရခြင်း။

၂။ ကုသိုလ်အားလုံးကို မိမိသန္တာန်၌ အပြည့်အစုံ ပွါးများ ရရှိစေခြင်း။

၃။ မိမိ၏ စိတ်ကို ဖြူစင်စေခြင်း။

ဤအချက်သုံးချက်သည် ပွင့်တော်မူသမျှ ဘုရားရှင်အားလုံးတို့၏ အဆုံးအမ ဖြစ်ပါသတည်း။ နှာ-၆၄။



▲ **အောင်နိုင်သော တရားလေးပါး**

**အက္ကောဓေန ဇိနေ ကောဓံ၊ အသာဓုံ သာဓုနာ ဇိနေ။**
**ဇိနေ ကဒရိယံ ဒါနေန၊ သစ္စေနာလိကဝါဒိနံ။**

၁။ အမျက်ဒေါသထွက် ဆော်ကားမော်ကား ပြုလုပ်လာသူအား မေတ္တာပွါးများခြင်း။

၂။ ဆဲရေးခြိမ်းခြောက် စော်ကားနှိပ်စက်သူကို သည်းခံခြင်း။

၃။ နှမြောစေးနဲ ဝန်တိုသူအား စွန့်ကြဲပေးကမ်းခြင်း။

၄။ လိမ်ညာ၍ ပြောဆိုတတ်သူအား မှန်ကန်သော စကားပြောဆိုခြင်း။

ဤသို့အားဖြင့် မေတ္တာတရား၊ ခန္တီတရား၊ ဒါနအင်အား၊ သစ္စာစကားတို့သည်သာ ဆိုးသွမ်းယုတ်မာ မသူတော်တို့ကို အနိုင်ယူပေးပါလိမ့်မည်။

နှာ-၆၇နှင့် ၆၀။

▲ **ကထိန်အနုမောဒနာ**

**ကထတိ ပဉ္စာနိသံသေ အညတ္ထ ဂန္တုံ အာဝဇ္ဇာ သင်္ဂဟာ တိတိ ကထိနံ။**

ငါးပါးအကျိုးအာနိသင်တို့ကို အခြားနေရာသို့ သွားခွင့်မပေးဘဲ သိမ်းယူထားတတ်သောကြောင့် ကထိန မည်၏။ နှာ-၇၁။

**ဗုဒ္ဓေတိ ကတ္ထိယတေ သီလာဃိယတေတိ ကထိနံ။**

ဘုရားရှင်တို့သည် ချီးမွမ်းတော်မူအပ်သောကြောင့် ကထိန မည်၏။

နှာ-၇၂။

▲ **ကထိန်အာနိသင်ငါးမျိုး**

၁။ **အနာမန္တစာရော** = ထင်ရှားရှိမှန်း ရဟန်းထံဝယ် မပန်ကြားဘဲ၊ ရွာတွင်းသို့ သွားနိုင်ခြင်း။

၂။ **အသမာဒါနစာရော** = အဓိဋ္ဌာန်တင်အပ်၊ သင်္ကန်းခြတ်ကို အရပ်တစ်ပါး မယူဘဲ သွားနိုင်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၃။ ဂဏာဘောဇနံ = လေးပါးမှစ၊ ဂိုဏ်းဂဏအား အကပ္ပိယ၊ ဝစနဖြင့်၊ လှူကြဖိတ်ငြား၊ ဘောဇဉ်များကို၊ လေးပါးအတူ၊ ခံယူသုံးဆောင်နိုင်ခြင်း။

၄။ ယာဝဒတ္ထစီဝရံ = မိဿနှိဝိကပ်၊ မပြုလတ်ဘဲ၊ လိုအပ်အများ၊ သင်္ကန်းကို ထားနိုင်ခြင်း။

၅။ ယော စ တတ္ထ စီဝရုပ္ပါဒေါ သော နေသံ ဘဝိဿတိ = ထိုကထိန်ခင်းရာ ကျောင်းတိုက်၌ အကြင်သင်္ကန်း၏ ဖြစ်ပေါ်ခြင်းသည် ရှိ၏။ ထိုသင်္ကန်း၏ ဖြစ်ပေါ်ခြင်းသည်လည်း ထို ကထိန်ခင်းပြီးသော ရဟန်းတို့အတွက် ဖြစ်ခြင်း။

နာ ၇၃၊ ၇၄၊ ၇၈နှင့် ၇၉။

▲ <u>ဆွမ်းဒါနသုတ်လာ အင်္ဂါ ၆-ချက်ညီ အလှူ</u>။

၁။ မလှူသေးခင်၊ လှူရေးပြင်၊ ကြိုတင်ဝမ်းသာပါ။
၂။ လှူဒါန်းဆဲမှာ၊ ဝန်တိုခွါ၊ သဒ္ဓါရွှင်ကြည်သာ။
၃။ လှူဒါန်းပြီးလဲ၊ ဒါနထဲ၊ စွဲမြဲဝမ်းမြောက်ပါ။
၄။ ရာဂကင်းကွာ၊ ကင်းဖို့ရာ၊ မှန်စွာကျင့်ကြသည်။
၅။ ဒေါသကင်းကွာ၊ ကင်းဖို့ရာ၊ မှန်စွာကျင့်ကြသည်။
၆။ မောဟကင်းကွာ၊ ကင်းဖို့ရာ၊ မှန်စွာကျင့်ကြသည်။
၇။ အင်္ဂါခြောက်ဝ၊ ပြည့်ညီက၊ ကျိုးရများလှသည်။
၈။ မဟာသမုဒ္ဒရာ၊ ရေပမာ၊ ရေကာတိုင်းလို့၊ မရပြီ။

နာ ၀၅။

▲ <u>အလှူရှင်အင်္ဂါ</u>

အမှတ်စဉ် ၁, ၂နှင့် ၃-တို့နှင့် ပြည့်စုံရပါမည်။

▲ <u>အလှူခံအင်္ဂါ</u>

အမှတ်စဉ် ၄, ၅နှင့် ၆-တို့နှင့် ပြည့်စုံရပါမည်။



ဤသို့ အချက် ၆-ချက်နှင့် ပြည့်စုံသော အလှူသည် အကျိုးပေးကြီးလှသည်။ သမုဒ္ဒရာရေများပမာ ချင့်ချက် ရေတွက်လို့မရ ပေကြိုးနှင့်တိုင်းလို့လည်း မရအောင်၊ အကျိုးပေး ကြီးမားများပြားမည်မှာ သေချာလှပါသည်။

နာ ၈၆၊ ၈၇နှင့် ၈၈။

▲ **နိဗ္ဗာနံ ပရမံ သန္တံ၊ သန္တသမ္ဘောတိ ပဏ္ဍိတာ။**
**ဒုက္ခိနော ဒုက္ခမာသဇ္ဇေ၊ တသ ရသော ပဏာသတော။**

ပရမံသန္တံ = ဓာတ်ကွာကင်း၊ ဇရာရှင်း၍ နာခြင်းသေရေး အရှင်းဝေးလျက်၊ အအေးဓာတ်တုံး မပြတ်ထုံးဖို့၊ အမြတ်ဆုံးမှန်သည့်၊ သန္တိလက္ခဏာ၊ ငြိမ်းသက်လှစွာသော၊ နိဗ္ဗာနံ = တစ်ဆယ့်တစ်သီး မီး အဆူဆူ အပူဓာတ်ကိန်း တစ်ဓာတ်သိမ်း၍ ပြတ်ငြိမ်းရာမှန်၊ အေးနိဗ္ဗာန် ကြီးကို၊ သန္တသမ္ဘောတိ = သူတော်သတ္တု၊ အနှစ်စုသည့်၊ ယခုရှေးခေတ်၊ ပညာရှိ အစစ်တို့သည်၊ ပဏ္ဍိတာ = လောကီဓာတ်ကြော၊ ဓာတ်သဘောကို၊ ခပ်ပေါပေါ ထင်မြင်၍ ခင်မင်တောင့်တအပ်ခဲ့လေပြီ၊ ဒုက္ခိနော= တစ်ရံတစ်ခါ မခံသာအောင်၊ ဖန်လာစုပုံ၊ ဒုက္ခစုံနှင့်၊ ကြုံရှိနေသော၊ ပုထုဇဉ်လူပြိန်းအား ဒုက္ခမာသဇ္ဇေ=ဓာတ်မကင်း၊ အကြောင်းရင်း ကြောင့်၊ ပေါင်းသင်းရှုပ်ပြန်၊ ရုပ်နာမ်ချင်းတွဲ ဆင်းရဲမှုချ၊ ဒုက္ခ၏အနီး ၌၊ တသ ရသော=သူလည်းမပါ၊ ငါလည်းမရှိ၊ ဓာတ်ကွာကင်း၊ ဇရာရှင်း၍၊ နာခြင်းမှာဝေး၊ အေးတကြည်ကြည်၊ အားလုံးကုန်ကိန်းဆိုက်သဖြင့်၊ ငြိမ်းချမ်းလိုက်မည်၊ နိဗ္ဗာန်၏ အရသာသည်၊ ပဏာသတော= တတွေးတတွေး၊ တရေးရေးနှင့်၊ တအေးအေး လမ်းပြနေသကဲ့သို့၊ မှန်းဆတိုင်း ထင်ရှားလေတော့သတည်း။

နာ ၈၉နှင့် ၉၀။

▲ <u>သူတော်ကောင်းလက္ခဏာ</u>

**ယော စ ကတညူ ကတဝေဒီ မိရော၊**
**ကလျာဏမိတ္တော ဒဠှဘတ္တိ စ ဟောတိ။**
**ဒုက္ခိတဿ သက္ကစ္စံ ကရောတိ ကိစ္စံ။**
**တထာဝိဓံ သပ္ပုရိသံ ဝဒန္တိ။**

www.burmeseclassic.com

www.burmeseclassic.com



**ကတညူ**= သူတစ်ပါးတို့ ပြုထားအပ်သည့် ကျေးဇူးကို အထူးရှိသရွေ့ သိလေ့ရှိသည်လည်းကောင်း၊ **ကတဝေဒီ** = သူများပြုအပ်၊ ကျေးဇူးရပ်ကို တတ်သရွေ့ မှတ်သရွေ့ ဆပ်လေ့ရှိသည်လည်းကောင်း၊ **ကလျာဏမိတ္တော**= မိကောင်းဖကောင်း၊ ဆရာကောင်းနှင့်၊ ဖော်ပေါင်းအတိ၊ မိတ်ကောင်း ရှိသည်လည်းကောင်း၊ **ဒဠှဘတ္တိစ** = မိတ်ကောင်းကိုဘဲ၊ အသည်းစွဲမျှ အမြဲမပြတ်၊ မှီဝဲဆည်းကပ်တတ်သည်လည်း၊ **ဟောတိ** = စင်စစ်မသွေ ဖြစ်ပါပေ၏။

**ဒုက္ခိတဿ** = မိမိရှေ့မှောက်၊ ဒုက္ခရောက်သဖြင့်၊ ပုံထောက်မဲ့ဟူ ဆင်းရဲသူ၏။ **ကိစ္စံ** = စားဝတ်နေရေး ဆေးဝါးပေးလျက်၊ လုပ်ကျွေးသမှု ကိစ္စစုကို၊ **ကရောတိ** = ကိုယ်ချင်းစာနာ၊ သနားညှာလျက်၊ ကောင်းစွာ ပုံသွေ၊ ပြုစုတတ်ပေ၏။

၁။ ကျေးဇူးသိတတ်ခြင်း ၂။ ကျေးဇူးကို တုံ့ပြန်ပေးဆပ်ခြင်း ၃။ မိတ်မြတ်မိတ်ကောင်း အပေါင်းအသင်းရှိခြင်း ၄။ ထို မိတ်ကောင်း မိတ်မြတ်ကို အမြဲမပြတ် မှီဝဲဆည်းကပ်ခြင်း ၅။ ဒုက္ခရောက်သူကို တွေ့လာလျှင် ကြည်ဖြူယုယပြုစုခြင်း ဆိုသော အင်္ဂါလက္ခဏာ ၅-ပါးကို သူတော်ကောင်းဖြစ်ဖို့ရန် လိုအပ်သော လက္ခဏာများဟု ဘုရားရှင် ဟောတော်မူခဲ့သည်။

**နာ ၉၃၊ ၉၈၊ ၁၀၀၊ ၁၀၁၊ ၁၀၂နှင့် ၁၀၄။**

▲ <u>ဒုလ္လဘ ၄-ပါး တရားတော်။</u>

**ကိစ္ဆော မနုဿပဋိလာဘော၊ ကိစ္ဆံ မစ္စာန ဇီဝိတံ၊**
**ကိစ္ဆံ သဒ္ဓမ္မဿဝနံ၊ ကိစ္ဆော ဗုဒ္ဓါနမုပ္ပါဒေါ။**

၁။ **ကိစ္ဆော မနုဿပဋိလာဘော** = လူ့ဘဝကို ရရန် ခဲယဉ်းခြင်း။

၂။ **ကိစ္ဆံ မစ္စာန ဇီဝိတံ** = လူ့ဘဝ ရလာပြန်တော့ အသက်ရှည်ရှည် သက်တမ်းစေ့နေရဖို့ မလွယ်ခြင်း။



၃။ **ကိစ္ဆံ သဒ္ဓမ္မဿဝနံ** = ကပ္ပါများစွာမှာ တရားဟော တတ်သော ပုဂ္ဂိုလ်ကို တစ်ခါတစ်ရံမှသာ ရတတ်လို့ သူတော်ကောင်း တရားကို နာကြားရဖို့ ခက်ခဲခြင်း။

၄။ **ကိစ္ဆော ဗုဒ္ဓါနမုပ္ပါဒေါ** = ဘုရားရှင်တို့ ပွင့်တော်မူခြင်းသည်လည်း ခဲယဉ်းလှခြင်း။

**နာ ၁၁၁နှင့် ၁၁၂။**

▲ <u>ကုသိုလ်ပြုပုဂ္ဂိုလ်သုံးမျိုး။</u>

၁။ ပစ္စုပ္ပန်အကျိုး၊ သံသရာအကျိုး၊ စီးပွါးဖို့ရေး၊ ကုသိုလ်ရေး ဘာမျှ မသိမမြင်ရသော အန္ဓပုဂ္ဂိုလ်။

၂။ ပစ္စုပ္ပန်အကျိုးနှင့် စီးပွါးရေးကိုသာ သိမြင်ပြီး၊ သံသရာအကျိုး ကုသိုလ်ရေးကို မသိမမြင်သော ဧကစက္ခု တစ်ဖက်မြင်ပုဂ္ဂိုလ်။

၃။ ပစ္စုပ္ပန်အကျိုး၊ သံသရာအကျိုး၊ စီးပွါးရေး၊ ကုသိုလ်ရေး နှစ်ဖက်လုံး သိမြင်သော ဒွိစက္ခုပုဂ္ဂိုလ်။

**နာ ၁၁၇နှင့် ၁၁၈။**

▲ <u>သပ္ပုရိသဘူမိတရားတော်</u>

၁။ သူတစ်ပါး ပြုအပ်သော ကျေးဇူးကို သိမှု။

၂။ သူတစ်ပါး ပြုအပ်သော ကျေးဇူးကို ထုတ်ဖော်ပြောဆိုပြုလုပ် တုံ့ပြန်ပေးဆပ်မှု။

၃။ ယင်းသို့ ကျေးဇူးကို ထုတ်ဖော်ပြောဆို ပြုလုပ်တုံ့ပြန်ပေးဆပ်ခြင်းကို ချီးမွမ်းဂုဏ်ပြုမှု။

ဤဖော်ပြပါ အချက်အားလုံးတို့မှာ သပ္ပုရိသဘူမိ=သူတော်ကောင်းတို့၏ အဖြစ် တည်ရာဌာန ဖြစ်၏ဟု ဗုဒ္ဓဘုရားရှင် ဟောတော်မူခဲ့ပါသည်။

**နာ ၁၄၂။**

• • • • • • • • • • • • •

www.burmeseclassic.com

www.burmeseclassic.com



## နှုတ်ဆက်ပွဲအခမ်းအနားတွင် စိတ်ဝင်စားဖွယ် မေးခွန်းနှင့် အဖြေများ

▲ **မေးခွန်း ၁** သတင်းဌာနများမှ ပုဂ္ဂိုလ်တစ်ဦးက မေးသည်။ ပစ္စုပ္ပန်လက်ရှိဘဝမှာ ကမ္ဘာ့ငြိမ်းချမ်းရေး အေးချမ်းသာယာပျော်ရွှင်ရေး အတွက် ဗုဒ္ဓဘာသာမှ ကျင့်ကြံလိုက်နာဖွယ် ညွှန်ကြားချက် ပေးနိုင်ပါ သလား။

**ဖြေ** ပေးနိုင်ပါတယ်။ ဗုဒ္ဓဘာသာ တရားတော်သည် ပစ္စုပ္ပန်ငြိမ်းချမ်းရေး၊ သံသရာငြိမ်းချမ်းရေး၊ လုံးဝ ငြိမ်းအေးရေး တို့အတွက် လိုက်နာဖွယ် ညွှန်ကြားချက်များ အပြည့်အစုံ ရှိပါတယ်။ ၁။ မေတ္တာ ၂။ ကရုဏာ ၃။ မုဒိတာ နှင့် ၄။ ဥပေက္ခာဆိုတဲ့ ဗြဟ္မာ့ဝိဟာရတရားများကို လိုက်နာသူတွေ များလျှင် များသလောက် ငြိမ်းအေး သာယာပျော်ရွှင်ချမ်းသာမှုများကို ရရှိကြမည် ဖြစ်ပါတယ်။

▲ **မေးခွန်း ၂** ထပ်ဆင့်မေး။ နိုင်ငံရေးသမားတွေ ဗုဒ္ဓတရားတော်များကို သိဖို့ ကျင့်ဖို့ လို မလို သိပါရစေ။

**ဖြေ** ဗုဒ္ဓတရားတွေကို မသိသင့်သူ၊ မကျင့်သင့်သူ မရှိပါ။ မည်သူမဆို သိသင့်၊ ကျင့်သင့်ပါတယ်။ နိုင်ငံကြီးကို သာယာတိုးတက်အောင် ကြံဆောင်နေတဲ့ ပုဂ္ဂိုလ်များအနေနဲ့ အခြားပုဂ္ဂိုလ်များထက် ပိုမို၍ပင် ဗုဒ္ဓတရားတော်များကို သိသင့်ကြပါတယ်။ ကျင့်ကြံသင့်ကြပါတယ်။ အများကို ဦးဆောင်နေတဲ့ ပုဂ္ဂိုလ်တွေက အမှန်တရားကို ကျင့်ကြံကြလျှင် အားလုံးပင် တဖြည်းဖြည်းနှင့် အမှန်တရားကို ကျင့်ကြံလာကြပြီး လောကကြီးကို ပိုမိုသာယာ ငြိမ်းချမ်းလာမည် ဖြစ်ပါတယ်။ နှာ ၁၅၆။

▲ **မေးခွန်း ၃** ရဟန်းတော်တစ်ပါး အမေး။ အသားစားခြင်းသည် ဗုဒ္ဓဝါဒနှင့် မဆန့်ကျင်ပါလား။ မဟာကရုဏာတော်ရှင် မြတ်စွာဘုရား၏ အလိုတော်နှင့် မဆန့်ကျင်ပါလား။



**ဖြေ** ဘုရားရှင်သည် သတ္တဝါအားလုံးအပေါ်မှာ ကြီးမားသော ကရုဏာ ထားတော်မူသောကြောင့် မိမိကို အကြောင်းပြု၍ သတ္တဝါများ သေရမည်ကို ၁။ မြင်လျှင် ၂။ သေရသည်ဟု ကြားလျှင် ၃။ သေရသည်ဟု ယုံမှားလျှင် ထိုသတ္တဝါများ၏ အသားကို မစားရန်၊ ဘုရားရှင် ပညတ်တော်မူပါတယ်။ မိမိကြောင့် သေသည်ကို မမြင်ရ သေသည်ဟု မကြားရ သေသည်ဟု မယုံမှား အပ်သော အသားကိုကား စားသုံးရန် ဘုရားရှင် ခွင့်ပြုတော်မူပါတယ်။ သို့အတွက် အသားစားတိုင်း ဗုဒ္ဓဝါဒနှင့် မဆန့်ကျင်ပါ။

▲ **မေးခွန်း ၄** အခြားရဟန်းတစ်ပါးအမေး။ ပရိနိဗ္ဗာန်ဝင်စံတော်မူကာနီးမှာ ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်လို့ ခေါ်တဲ့ အသေးစား သိက္ခာပုဒ်များကို နုတ်လိုက နုတ်ပယ်ကြရန် မိန့်တော်မူခဲ့ပါတယ်။ ထို ခုဒ္ဒနုခုဒ္ဒက သိက္ခာပုဒ်များကို နုတ်ပယ်ရန် မသင့်ပါလား။

**ဖြေ** ဘုရားရှင် မိန့်တော်မူစဉ်ကပင် ဘုရားရှင်၏ သန္တာန်၌ နုတ်ပယ်စေလိုသော ဆန္ဒတော် မရှိခဲ့ပါ။ အရှင်မဟာကဿပသည် နုတ်ပယ်မှုမပြုဘဲ ဆက်လက်တည်တံ့အောင် ထိန်းသိမ်းလိုသည့် ဆန္ဒမှာ ဘုရားရှင်၏ ဆန္ဒတော်နှင့်အညီ ဆက်လက်ထိန်းသိမ်းနိုင်မည့် စွမ်းအားကို သိတော်မူ၍ ဤသို့ မိန့်ခြင်း ဖြစ်ပါ။ ယင်းသိက္ခာပုဒ်များကို နုတ်ပယ်ခဲ့လျှင် အများအပြစ်တင်မှုကိုလည်း ခံရမယ်။ ရဟန်းတော်များဘက်မှ ကျင့်စရာ သိက္ခာပုဒ်များ နည်းပါးသွားပါလျှင် ရှိသေဖွယ် ဂုဏ်သိက္ခာလည်း နည်းပါးသွားမှာ ဖြစ်ပါတယ်။ ထေရဝါဒဗုဒ္ဓဘာသာသည် ဘုရားရှင်၏ စကားတော်၊ ဥပဒေတော် အားလုံးကို အစွမ်းကုန် ကြိုးစားလိုက်နာသည့် ဘာသာ ဖြစ်ပါတယ်။ မလိုရာများကို ဖြုတ်ပယ်ခွင့် မရှိပါ။ အဋ္ဌကထာဆရာကြီးများကိုလည်း "ဗုဒ္ဓမတညူ=ဘုရားရှင်၏ အလိုတော်ကို သိတော်မူကြသော ပုဂ္ဂိုလ်ကြီးများ" အဖြစ် အသိအမှတ်ပြုကြလျက်၊ ၎င်းတို့၏ စကားကိုလည်း ဘုရားရှင့်စကားကဲ့သို့ လေးစားလိုက်နာကြရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဋ္ဌကထာ၏ ဖွင့်ဆိုချက်များသည် ဘုရားရှင်၏ ဟောကြားချက်များကို ထောက်ထား၍ ဖွင့်ဆိုထားသော အချက်များ ဖြစ်၍ ဘုရားရှင်၏ အလိုတော်နှင့် ဆန့်ကျင်မှု မရှိပါ။ ဘုရားရှင် အလိုတော်နှင့် ညီညွတ်သည်သာ ဖြစ်ကြပါတယ်။ အဋ္ဌကထာ၊ ဋီကာတို့၌ မနုတ်ပယ်သင့်ကြောင်းကို အကြောင်းအကျိုး စုံလင်စွာ ပြဆိုထားပါတယ်။ သို့အတွက် ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်များကို နုတ်ပယ်ရန် မသင့်တော်ပါ။ နုတ်ပယ်မှုပြုရန် မဖြစ်နိုင်ပါ။

နှာ ၁၅၀နှင့် ၁၅၁။

▲ **မေးခွန်း ၅** အခြားရဟန်းတစ်ပါး အမေး။ မိန်းမများလည်း ပညာရှိသည်ဟူသော စကားနှင့် မာတုဂါမများ ဉာဏ်နည်းပါးသည်ဟူသော စကားနှစ်ခုသည် မညီမညွတ် ဖြစ်နေပါသည်။ အဘယ်သို့ ယူဆရပါမည်လဲ။

**ဖြေ** မိန်းမများလည်း ပညာရှိသည်ဟူသော ကုဏ္ဍလကေသာ ထေရီ ဝတ္ထုနှင့် ကုဏ္ဍလကေသာက မိမိကို သတ်ရန် ကြံစားနေသော ခိုးသူလင်ယောကျ်ားကို တောင်ပေါ်မှ တွန်းချ အနိုင်ယူလိုက်သည့်အတွက် ရုက္ခစိုးနတ်က ကောင်းချီးပေးသော အားဖြင့် ရွတ်ဆိုအပ်သော –

**န ဟိ သဗ္ဗေသု ဌာနေသု၊ ပုရိသော ဟောတိ ပဏ္ဍိတော။**
**ဣတ္ထီပိ ပဏ္ဍိတာ ဟောတိ၊ တတ္ထ တတ္ထ ဝိစက္ခဏာ။**

ဟူသော ဂါထာမှ စကား ဖြစ်ပါတယ်။ ဘုရားဟော ဂါထာ မဟုတ်ပါ။ အရာအားလျော်စွာ အောင်မြင်အောင် ဆောင်ရွက်နိုင်သည်ကို ပညာရှိသည်ဟု ချီးကျူးဂုဏ်ပြုခြင်း ဖြစ်ပါတယ်။

ဒုပ္ပညော အာနန္ဒ မာတုဂါမော အနန္ဒာ = မာတုဂါမသည် ပညာနည်းပါး၏ ဟူသော စကားတော်ကတော့ ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားတော်မူအပ်သော စကားတော် ဖြစ်ပါတယ်။ အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ်၊ အပဏ္ဏကဝဂ်မှာ ရှိပါတယ်။ ဘုရားရှင်၏ စကားတော်မှာ မာတုဂါမသည် ယောကျ်ားများလောက် ဉာဏ်ပညာမကြီးမှုကို ရည်ရွယ်ဟောတော်မူသည်ဟု ယူဆလျှင် ဆန့်ကျင်ဖွယ် မရှိပါ။ မာတုဂါမများသည် သမ္မာသမ္ဗောဓိဉာဏ်ကို မရနိုင်ကြပါ။ ယောကျ်ားများသာ သမ္မာသမ္ဗောဓိဉာဏ်ကို ရနိုင်ကြပါတယ်။ သမ္မာသမ္ဗောဓိဉာဏ်ဆိုတာ ဘုရားရှင်တို့၏ ဉာဏ် ဖြစ်ပါတယ်။



▲ ၁။ ငရဲရှိတယ်။
၂။ တိရစ္ဆာန်ရှိတယ်။
၃။ ပြိတ္တာရှိတယ်။
၄။ သေရဦးမယ်။
၅။ သတိထား .....။

ဘာသာဋီကာကျမ်းပြုအကျော်
တောင်ဖြို့မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး
တစ်ဘဝသာသနာ၊ စာမျက်နှာ–၂၅၁။

နှာ ၁၅၉နှင့် ၁၆၀။

▲ **မေးခွန်း ၆** အခြားရဟန်းအမေး။ သာသနာပြုဆရာတော်ကြီးအချို့ ဝတ္ထုငွေများ အလှူခံခြင်းကို အဘယ်သို့ စဉ်းစားရမည်လဲ။

**ဖြေ** ဝတ္ထုငွေ လှူဒါန်းသည့်အခါ ကပ္ပိယကာရကအထံ အပ်နှံ လှူဒါန်း၍ ကပ္ပိယကာရကဖြစ်သော ဥပါသကာက အပ်စပ်အောင် စီမံပေးလျှင် အပြစ်မရှိပါ။ ကပ္ပိယကာရကပြုလုပ်သူ ဥပသကာက ကျွမ်းကျင်လျှင် ဆရာတော်ကြီးများမှာ လုံးဝအပြစ်မရှိသည့်အပြင် ကျယ်ပြန့်စွာ သာသနာပြုနိုင်သဖြင့် အကျိုးရှိပါတယ်။

နှာ ၁၆၁။

(မြေမြတ်မဟာတရားမြတ်ဒေသနာမှ ကောက်နုတ်ချက်။)

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

# လိပ်ပြာမမှုန် သစ္စာဝေစံ

ဒေါက်တာလွမ်းဝေ(တောင်ကြီး)

**အခန်း ၁။**

တောင်စောင်းရှိ မှန်ညင်းခင်းကြီးမှာ တပြန့်တပြောကြီးမို့ ရွှေဝါရောင်လွှမ်းထားသလို ကြည့်ရှု၍ မငြီးနိုင်ပါပေ။ ဆောင်းနှောင်းရာသီ ရောက်ခဲ့ပြီ၊ မှန်ညင်းဆီထုတ်ရန် စိုက်ခင်းကြီး ဖြစ်၏။ မှန်ညင်းစေ့ကိုသာ အဓိကထား ရိတ်သိမ်းကြမည့် ဂေါ်ရခါးလူမျိုး ဒန်းဗဟာဒူးလ်၏ တောင်ယာခင်းဆီသို့ အလည်ရောက်ခဲ့ဖူးပါသည်။

နှစ်ပရိစ္ဆေဒ ကြာမြင့်လှပါပြီ။ ငယ်စဉ်တောင်ကျေး ကလေးဘ၀ မူလတန်းကျောင်းပင် မတက်ရသေး၍ ၄-နှစ်သားခန့်သာ ရှိပါဦးမည်။ ဘွားအေကြီးသည် မှန်ညင်းဆီစစ်စစ် ရချင်လွန်း၍ မိတ်ဆွေ၏ ယာခင်းသို့ အရောက်သွားခဲ့ခြင်းပါ။ အအေးမိလွယ်ပြီး မကြာခဏ နှာစေးချောင်းဆိုးကဲလှသော ဒေါက်တာလွမ်းဝေလောင်းလျာ မြေးကလေး မောင်ပိုးဖြူအတွက် ဆေးဖြစ်ဝါးဖြစ် သုံးရန် ၀ယ်ယူလို၍ ဖြစ်၏။

ဘွားအေကြီး သွားလေရာနောက် တကောက်ကောက် လိုက်ပါတတ်သူ မြေးကလေးလည်း အတူတူ လိုက်ပါသွားသည်ကို မှတ်မိနေဆဲပါ။ နှစ်ပေါင်းခြောက်ဆယ် ကြာညောင်းခဲ့ပါပြီ။

နှစ်တွေ ဘယ်လိုညောင်းညောင်း၊ အတိတ်ဟောင်းတုန်းက စွဲထင်နေခဲ့ဖူးသည့် မြင်ကွင်းကျယ်ကြီးမှာ မျက်စိအစုံတွင်းမှာ ပြက်ပြက်ထင်ထင် ရှိနေတုန်းပင်။ ဆောင်းနှောင်းဆိုလျှင် ယာတစ်ခင်းလုံးရှိ မှန်ညင်းပင်တိုင်း



ဖူးတံကိုယ်စီ ပန်းပွင့်ဝါဝါတွေ ကိုယ်စီနှင့် ဖြစ်လေပြီ။ ပန်းပွင့်ပြီဆိုလျှင် ပျားပိတုန်းတို့ လိပ်ပြာတို့ တရစ်ဝဲဝဲ လူးလာခေါက်တုံ့ မြူးပျံနေကြပါပြီ။

လိပ်ပြာသေးသေးဝါဝါလေးတွေ အုပ်သင်းဖွဲ့ပြီး ပျံသန်းလာကြ၏။ မှန်ညင်းပန်းခင်းပေါ် နားလိုက်ကြသောအခါ ပန်းပွင့်ဝါဝါ လိပ်ပြာဝါဝါတို့ ခွဲခြားလို့ မရလောက်အောင် ရွှေဝါရောင် ရွှေတုံးခဲ တစ်သားထဲ ဖြစ်သွားပြီ။ ဟော … လိပ်ပြာဖြူဖြူလေးတွေ အုပ်လိုက်ကြီး လာကြပါပြီ၊ သူတို့အားလုံး ပန်းခင်းကြီးပေါ် ခိုနားလိုက်ပြန်တော့ ရွှေကော်ဖောပေါ်မှာ ငွေတုံးငွေခဲလေးတွေ ကြဲဖြန့်ထားလိုက်သလိုပါပဲလား။

လေနုအေးအေး လေပြည်လေးက တသွေးသွေး ဆော့ကစားသွားသောအခါ၊ မှန်ညင်းပန်းခင်း ဝါဝါကြီးသည် ရွှေဝါရောင်ဝတ်စုံ ဝတ်ဆင်ထားသော ယိမ်းသမများ ညီညီညာညာ ဘယ်တိမ်းညာလှည့် နွဲ့နွဲ့နှောင်းနှောင်း ကပြအသုံးတော်ခံနေသည်နှင့် တူပဲတူချေသေးတော့၏။ လေဆော့အမြူးမှာ လိပ်ပြာဝါဝါလေးတွေ ဖြူဖြူလေးတွေ အားလုံး လန့်ပျံကုန်ကြဟန် တူ၏။ ရွှေသွေးယာခင်းကြီး အထက်မှာ အဝါအဖြူ ရောထွေးနှောယှက် ပျံသန်းနေကြပုံမှာ ရွှေခဲငွေခဲလေးတွေ ရောပြီး အတူတူ ကြဲပက်ထားလိုက်သည့် အလားပမာ တူသွားခဲ့၏။

လူကလေးတို့၏ သဘော၀အတိုင်းပင်၊ ထိုထို လိပ်ပြာငယ်ငယ် ချစ်စဖွယ်လေးများကို ရယူပိုင်ဆိုင်လိုသော စိတ်ဆန္ဒနှိုးဆွမှုကြောင့်၊ မောင်ပိုးဖြူလေးသည် ပန်းခင်းကြီးထဲ တိုးဝင်ပြေးလွှား၊ ပြေးတမ်း လိုက်တမ်းတစားမြူးထူးလိုက်မိ၏။ အရွယ်ငယ်လွန်းသေးရာ အဘယ်မှာလျှင် အမြင့်ပေယာင်ပျံ လိပ်ပြာလှလှလေးများကို ဖမ်းမိနိုင်ပါမည်နည်း။ ယခုဘ၀ဟူသည် အိပ်မက်ပမာ ပြန်လည်ဖမ်းဆုပ်၍ မရနိုင်ပါတော့ပေ။ အတိတ်ကို ပြန်လည်တမ်းတရုံမှတစ်ပါး အခြားမရှိနိုင်ပြီလေ။ အလွန် စွဲလမ်း တမ်းတခဲ့ရဖူးသည်များကိုတော့ တစ်သက် မမေ့ရက်နိုင်စရာပင်။

လိပ်ပြာနှင့် ပတ်သက်ပြီး ဒေါက်တာလွမ်းဝေ ဆက်တွေးနေမိပါသည်။ လိပ်ပြာသည် အလွန်နုနယ် သိမ်မွေ့လှ၏။ အဆုပ်အဖမ်း မခံရိုးနိုင်ကြလွယ် သေလွယ် ပျက်စီးလွယ်လွန်းလှ၏။ စိတ်ဝိညာဉ်သည်လည်း

www.burmeseclassic.com

www.burmeseclassic.com



အလွန်နုနယ်ပါသည်။ အလွန်လည်း သိမ်မွေ့နက်နဲလွန်းလှ၏။ စိတ်ကို ဆုပ်ဖမ်း၍ မရရှိနိုင်သကဲ့သို့ပင်၊ စိတ်သည်လည်း အလွန်မတန်မှုပင်လျှင် ကြေလွယ် သေလွယ် ပျက်စီးလွယ်လွန်းလှပါပေသည်။ ဤသို့သော တူညီလွန်းလှသည့် ဂုဏ်အင်္ဂါများ ရှိနေကြ၍လည်း၊ လိပ်ပြာနှင့် စိတ်အသိဝိညာဉ်ကို ထပ်တူပြုလျက် တင်စားပြောဆိုကြခြင်းများပေလော။

လူသည် မွေးဖွား၏။ သေဆုံး၏။ မွေးဖွားလိုက်လျှင်လိုက်ချင်း အသိစိတ်ကြောင့် ငြခနဲ ငို၏။ အမိဝမ်းကြာတိုက်၌ ဆယ်လတာနီးပါး ကိန်းအောင်းခဲ့ရစဉ်မှာ နွေးထွေးလုံခြုံလွန်းလှ၏။ အပြင်လောကထဲသို့ ဝင်ရောက်လိုက်ရသည်နှင့် တစ်ပြိုင်နက်တည်းမှာပင် အေးစက်သော အတွေ့အထိအပြင် စူးရှတောက်ပလွန်းသော အလင်းရောင်တို့ကြောင့်၊ ထိတ်လန့်ကြီးစွာ ဖြစ်သွားရကား လန့်ဖျပ်ပြီး ဝါးခနဲ ဟစ်ငိုမိတော့သည်လေ။ မသေဆုံးမချင်း ယင်းအသိစိတ်တို့ ရှင်သန်လျက် ခန္ဓာကိုယ်ကြီးနှင့် အတူယှဉ်တွဲ မခွဲစတမ်း မြဲမြဲနေတော့၏။ အိပ်စက်အနားယူချိန် လေးမှာတောင် ခန္ဓာကိုယ်ကသာ ပင်ပန်းနွမ်းနယ်လွန်း၍ နား၏။ စိတ်ဝိညာဉ်ကတော့ မနားရရှာ မနားပါပေ။ အိပ်မက်ဆိုသည့် မရေရာလွန်းသော အခြင်းအရာကြီးသည်ကား စိတ်ဝိညာဉ် လှုပ်ရှားနေခြင်းကို သက်သေပြရာ ရောက်ခဲ့လေပြီတည်း။

စိတ်ဝိညာဉ်နှင့် လိပ်ပြာတို့ သဘောသဘာဝ တူလွန်း၍ ဖြစ်မည်။ ခန္ဓာကိုယ်တွင်း၌ ရှိ၏ဟု သိပါလျက်နှင့် ဘယ်နေရာမှာ အတည်တကျ ရှိမှန်း မသိရသော စိတ်ဝိညာဉ်ကြီးကို လိပ်ပြာနှင့် တင်စားပြောဆို၊ ရေးသားဖွဲ့ဆို၊ ပန်းချီနိမိတ်ပုံ ရေးဆွဲဖော်ပြကြခြင်း ဖြစ်ပါလိမ့်မည်။ စိတ်သည် ဟာဒယနှလုံးအိမ်မှာ တည်နေလေရော့သလား။

ဒါမှမဟုတ် ဦးခေါင်းခွံတွင်းက ပျော့စိစိ ဖြူဖြူအတုံးအခဲ နှစ်ခြမ်း တစ်စုံ ဦးနှောက်မှာပဲ မှီတွယ်ခိုနားလေတာများလား။ ပြောချင်သလိုပြော၊ ဆုံးဖြတ်ချင် သလို ဆုံးဖြတ်၊ ယူဆချင်သလို ယူဆပြီး လက်ခံချင်သလို လက်ခံကြပေတော့။ ခန္ဓာကိုယ် အတ္တဘောကြီးထဲမှာ လိပ်ပြာလို့ တင်စားသည့် စိတ်ဝိညာဉ် အမှန်တကယ် ရှိတာကိုတော့ဖြင့် ဘယ်သူကမှ မငြင်းကွယ်နိုင်ပါပေ။

မောင်ပိုးဖြူလေး သုံးနှစ်သားအရွယ်လောက်က ဖြစ်မည်။ သူ့မျက်စိ ရှေ့မှာ အသားတုံးကို ဝင်ဟပ်ကိုက်ချီ ဆွဲပြေးလေသည့်၊ ခွေးလေခွေးလွင့်



တစ်ကောင်၏နောက်သို့၊ ဒေါသကြီးလှသော ဝက်သားသည် 'အလွယ်'၊ ဓားမကြီးဖြင့် လိုက်ကာ ပစ်ပေါက်လိုက်ရာ၊ ဝမ်းဗိုက်ကိုထိ ဟက်တက်ကွဲ အူအသည်းတွေ တစ်ပြုံကြီး ထွက်ကျ၊ သွေးသံတရဲရဲနှင့် ခွေးဝဲစား ယယ်သံပါအောင် အော်မြည်ရင်း လဲကျသေဆုံးသည့် မြင်ကွင်းကြောင့် ညမှာ ဖျားပါလေရော။

သတ္တိနည်းလှချည်လား အပြစ်မတင်ပါနှင့်ဦး။ သုံးနှစ်သား လူမမယ် ကလေးအရွယ် နုနယ်လွန်းသော စိတ်ဝိညာဉ်မှာ ဒဏ်ရာအကြီးအကျယ် ရသွားခဲ့ရှာပါပြီ။ ထိတ်လန့်မှုနှင့်အတူ အနိဋ္ဌာရုံမြင်ကွင်းကြီးသည် စိတ်နား နေဖို့ ခွင့်မပြုတော့ပြီ၊ လန့်ဖျားကြီးကို ဖျားလေပြီ၊ ရုပ်ခန္ဓာကို ဆေးဝါးကုတာ တစ်ပိုင်း။ နာမ်ခန္ဓာကိုပါ စိတ်လုံခြုံမှု ရရှိအောင် လိပ်ပြာချုပ် လုပ်ပေးပြီး လည်ပင်းမှာ ဆွဲထားရတာတစ်ခြား။ အသက် အတော်ကြီးသည်အထိ လိပ်ပြာချုပ်လေး ဆွဲလို့ မောင်ပိုးဖြူရယ်ပါ။

• • • • • • • • • • • • • • •

အခန်း ၂။

"အရှင်ဘုရား ... အေးအေးဆေးဆေး အနားယူတော်မူလိုက်ဦး။ ဒီအိမ်ဦးခန်းက အရှင်ဘုရားအတွက် သီးသန့် ပြင်ဆင်ထားပေးတာပါ။ အိမ်မှာက တခြား ဘယ်သူမှ မရှိကြပါဘူး။ ဒကာမနဲ့ သမီးလေးတို့ကို တခြားဝင်းထဲ ရှိတဲ့ အိမ်ငယ်လေးမှာ ရွှေ့ပြောင်းထားလို့ စိတ်သန့်သန့် ထားတော်မူပါ။ ယာယီစံကျောင်းအမှတ်နဲ့ စိတ်အေးကိုယ်သာ သီတင်း သုံးနိုင်ပါတယ်။ ညနေပိုင်း နေအေးချိန်ကျမှ ဘုရားစုံ ဖူးမြော်ရအောင် တပည့်တော် လိုက်ပို့ပေးပါမယ် ဘုရား"

ညီအစ်ကိုလို ရင်းနှီး ချစ်ကြည်ညိုရပါသော ဆရာတော်တစ်ပါး သာသနာရေးကိစ္စဖြင့် ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့သို့ အစဦး အလေး ကြွရောက်တော်မူပေ၏။ စည်းဝေးပြီးတော့ တောင်ကြီးနေအိမ်သို့ ဒေါက်တာလွမ်းဝေ ပင့်ဆောင်လာခဲ့၏။ အိမ်မှာ စံကျောင်းအနေဖြင့် တစ်ညတာ ကျိန်းစက်နိုင်ဖို့ စီစဉ်ကာ ကုသိုလ်ကြီးကြီး ယူခဲ့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ညနေခင်း ၄–နာရီသာသာမှာ စုဋ္ဌာမုနိဘုရားသို့ ပို့ဆောင်ပေးပြီး အရှေ့ဘက် တောင်တန်းတစ်ကြောဆီသို့ ကားငယ်လေးဖြင့် တက်ခဲ့ကြပါသည်။ အဓိကမှာ ရွှေဘုန်းပွင့်ဘုရား ဖူးမြော်ရန် ဖြစ်၏။ ဘုရားယင်ပြင်ပေါ်မှ တောင်ကြီးမြို့ကို အထက်စီးက မြင်ကွင်းကျယ် ရှုခင်းရှုကွက်ကြီး ကြည့်ရှုရန်မှာ အရန်သဘောမျိုးလည်း ဖြစ်ပါသည်။

ဘုရား၏အထက်မှာ ပူဇော်ထားသော ဆည်းလည်းသံများ တချွင်ချွင်ဖြင့် ဆီးလို့ ကြိုဆိုပါသည်။ လေကောင်းလေသန့်လေးကြောင့်လည်း လန်းဆန်းသွားရ၏။ စေတီတော်၏ အထက်ပစ္စယံ သောကြာနံထောင့်၌ ရှိခိုးပူဇော်ကြစဉ်မှာ ထူးဆန်းသော မြင်ကွင်းနှင့် တိုးရသည်။

လိပ်ပြာဝါဝါလေးတွေ အုပ်လိုက်သင်းလိုက် ပျံဝဲလာကြပြီး သောကြာဂြိုဟ်တိုင်ရှိ ကျောက်ဆင်းတုဖြူဖြူမှာ လာနားခိုကြတော့သည်။ ကျောက်ဆင်းတုဖြူဖြူလေးမှာ ရွှေချလိုက်သည့်အလား ဝင်းဝါသွားပါ၏။ ဩော်တောတောင်တွင်းက လိပ်ပြာလေးတွေလည်း ဆရာတော်လိုပင် ဘုရားဖူးမြော်လာကြတာကိုး–ဟု ဒေါက်တာလွှမ်းဝေ မှတ်ချက်ပြုမိလိုက်သေးသည်။

ရွှေဘုန်းပွင့်ဘုရားမှသည် မြစိမ်းတောင်သို့ ပို့ဆောင်ပေးပါသည်။ ရွှေချနိုင်ရန် ရွှေဆိုင်းများ ဝယ်ယူလျက် ဆရာတော့်လက်တွင်းသို့ ဆက်ကပ်လိုက်၏။ ဆရာတော်လည်း ကိုယ်တိုင်ကိုယ်ကျပင် မဟာမုနိ ရုပ်ပွါးတော်၏ ရင်ဘတ်တော်မှာ ရွှေဆိုင်းများ ကပ်လှူပူဇော်ပါသည်။ ဤနေရာတွင် ရဟန်းသံဃာများ ရွှေငွေ မကိုင်ကောင်းတာကို ဘာကြောင့် ရွှေချရန် ရွှေဆိုင်းစီစဉ်ရပါသနည်းဟု ထောက်ကွက်တစ်ရပ် ဖြစ်လာနိုင်ပါသည်။

ပစ္စည်းသိုမှီးကာ လူထွက်ဖို့အတွက် ကြိုတင်ပြင်ဆင်သောအားဖြင့် ရွှေဒင်္ဂါးဝယ်စုသည် ဆိုပြားအံ့။ အာပတ်သင့် အပြစ်ဖြစ်ပြီ ငရဲကြီးပါပြီ။ မြတ်စွာဘုရားရှင်အား ကြည်ညိုဖွယ်ဖြစ်အောင် စေတနာ ဦးဆောင်၍ ရွှေဆိုင်းကပ်လှူ ကုသိုလ်ယူခြင်းအမှု၌ကား အာပတ်မသင့် အပြစ်မဖြစ် ငရဲမကြီးပါ။ ယင်းသို့ ကျနေသချာ ကွဲပြားခြားနားစွာ သိထားပြီးသော ဒေါက်တာလွှမ်းဝေအဖို့ သံသယရှင်းစွာ ရွှေဆိုင်းလှူရဲသလို၊ ဆရာတော်ကလည်း ရဲဝံ့စွာ ဘုရားကို ရွှေချပူဇော်နိုင်ပါ၏။



မြစိမ်းတောင်ဘုရား၌ ဒေါက်တာလွှမ်းဝေ ငယ်စဉ်ကာလ မောင်ပိုးဖြူဘဝတုန်းကပင် ဥစ္စာစောင့်မြနန်းနွယ် လာရောက်လှူဒါန်းလေ့ရှိကြောင်း နာမည်ကြီးပါသည်။ ဘုရားတည်သူမှာ ဦးချစ်ဖြူဟူသော တိုင်းရင်းဆေးဆရာကြီး ဖြစ်၏။ သူ ထုတ်လုပ်ရောင်းချသော နာဂစီသင်နေ့းဆေးဖြင့်ပင် မောင်ပိုးဖြူ လူဖြစ်ခဲ့ရ၏။ ခေါင်းရိတ်မှား ခေါင်းလျှော်မှား ရေချိုးမှား၍ ဖျားနာလျှင်၊ မိုးမိ အအေးမိ၍ ကျောပူ ခေါင်းပူဖြစ်လျှင် ထန်းလျက်၊ ချင်း၊ ကွမ်းရွက်ပြုတ်ရည်ဖြင့် သောက်၊ ယူပစ်လိုက်သလို ရောဂါပျောက်တော့၏။

ဘုရားတည်သော သာသနာပြုလုပ်ငန်းကို ဆရာဦးချစ်ဖြူ ဖောက်ချလုပ်ကိုင်သောအခါ၌၊ ဆရာကြီး ဦးချစ်ထူးဟု နာမည် ပြောင်းလဲလိုက်သည်။ ယောဂီရောင်ဝတ်စုံကိုလည်း ဖိုးသူတော်ကဲ့သို့ တစ်ကိုယ်လုံးဖြူဝတ်ဖြူစင်ကြယ်သို့ ပြောင်းလဲဝတ်ဆင်တော့ကြောင်း၊ မှတ်မိနေပါသည်။

ဘုရားတည် ကျောင်းဆောက်အလုပ်ဟူသည် ပါရမီလည်း ပါလာခဲ့မှ၊ သဒ္ဓါတရားလည်း ထက်သန်လွန်းပါမှ၊ ဖွဲလည်းကြီး၊ ဝီရိယလည်း သူများထက် ရှေ့ပြေးပါမှ၊ အောင်မြင်နိုင်ပါ၏။ အခက်ခဲဆုံးအရာမှာ စိတ်ရှည်မှုနှင့် သည်းညည်းခံနိုင်မှုဟု အများက အထင်ရှိကြသော်လည်း၊ အမှန်မှာကား ငွေကြေးအပေါ်မှာ အာလယပြတ်ဖို့ ပို၍ ခက်ခဲပါ၏။ ဌာပနာလာထည့်ကြသော လက်ဝတ်လက်စား ရွှေ ငွေ ကျောက်သံပတ္တမြားများနှင့် ငွေအလုံးအခဲ သောင်းချီ သိန်းချီတို့သည် လူ့စိတ်ကို အပြောင်းလဲကြီး ပြောင်းလဲစေနိုင်သောကြောင့်ပါ။

လာဘ်လာဘအပေါ်မှာ သာယာယစ်မူးမိမည်။ သာသနာ့ပစ္စည်းများကို မိမိပစ္စည်းလို အောက်မေ့ ယူငင် သိမ်းဆည်းထားမိမည်ဆိုပါက သိက္ခာပွန်းပဲ့ သီလ ကျိုးပေါက် ပြောက်ကျားကာ သာသနာပြုလုပ်ငန်းကြီး ကျဆုံး ပျက်စီးပါပြီ။ နာမည်တစ်လုံး ရေစုံမျော၍ ကိုယ်ကျိုးနည်းပါပြီ၊ သံသရာမှာလည်း နစ်မွန်းရပါပြီ။ ဥစ္စာပစ္စည်း ရွှေငွေဟူသည် အဆိပ်ပြင်းသော မြွေဟု မြတ်ဘုရား ဟောကြား ဆုံးမတော်မူ၏။ မြွေအဆိပ်တက်လျှင်

www.burmeseclassic.com

www.burmeseclassic.com



သေနိုင်၏။ ဥစ္စာဆိပ်တက်လျှင် တစ်သံသရာလုံးမှာလည်း နာလန်မထူနိုင်အောင် နစ်ပါပြီ။

မြစိမ်းတောင်ဘုရားတွင် ထူးခြားစွာ ဖူးမြော်နိုင်သည်က မျက်ရှင်ရုပ်ပွါးတော်အပြင် ကွင်းဆက်အရိုးတော် ဖြစ်ပါသည်။ ပုထုဇဉ်များ၏ အရိုးအဆစ်မှာ တွေ့ဆက် ဖြစ်ပါသည်။ မဂ်လေးတန် ဖိုလ်လေးတန် ဆိုက်ရောက်ပြီးသူ အရဟတ္တဖိုလ်ပေါက် ရဟန္တာအရှင်သူမြတ်များ၏ အရိုးအဆစ်တို့မှာကား ချိတ်ဆက်ဖြစ်၏။ ဗုဒ္ဓဘုရားရှင်တော်မြတ်၏ အရိုးအဆစ်တော်တို့မှာကား ကွင်းဆက်ဖြစ်ကြောင်း ကျမ်းဂန်များ၌ ဖော်ပြထားသည်ကို ဖတ်ရှုမှတ်သားဖူးပါသည်။ ရှားရှားပါးပါး ဗုဒ္ဓဘုရားရှင်၏ အရိုးတော် ဖြစ်နိုင်ပါ့မလားဟု အတော်များများက ဆန်းစစ် ဝေဖန်တွေးခေါ်ကြ၏။

ဘုရားငယ်ဟု အလွယ်ခေါ်နေကြသော အရှင် ပစ္စေကဗုဒ္ဓါတို့သည်လည်း မိမိဉာဏ်ဖြင့် သစ္စာလေးပါးမြတ်တရားကို သိရှိတော်မူကြ၏။ ပါရမီဖြည့်ကာလ ပညာဓိကဗုဒ္ဓါထက် နည်းခြင်းနှင့် ဝေနေယျတို့အား တရားမဟောနိုင်ခြင်းတို့သည်သာ ကွာခြားမှုရှိ၏။ ပါရမီဖြည့်ကာလမှာ ပစ္စေကဗုဒ္ဓါက ၂-အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ဖြစ်လျက်၊ ပညာဓိကဗုဒ္ဓါက ၄-အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ဖြစ်ပါသည်။

ယင်းကွင်းဆက်အရိုးတော်သည် လည်ဆစ်ရိုး ဖြစ်နိုင်ပြီး၊ ညိုရွှေရောင်အဆင်း ရှိပါသည်။ အခြား ရှုချင့်စဖွယ်တစ်ခုမှာ ကုသိုလ်လည်းရ စိတ်ကြည်နူးမှုနှင့် ဗုဒ္ဓဝင်လည်း သိရှိရသည့်၊ ကလေးဘဝမှာ နှစ်သက်ခဲ့ရသော၊ အကြွေစေ့ ထည့်လိုက်လျှင် နန္ဒမင်းသား သပိတ်ထမ်းလျက် ဘုရားနောက် လိုက်သွားစဉ် ဇနပဒကလျာဏီမင်းသမီးအား လှည့်ကြည့်ခန်း ယန္တရားလေးကို ဆရာတော်လည်း သဘောကျ နှစ်သက်တော်မူပါသည်။

• • • • • • • • • • • • •



**အခန်း ၃။**

မြစိမ်းတောင်မှ ပြန်အဆင်းတွင် နေ နည်းနည်းအေးပါပြီ။ ဆောင်းတွင်းဖြစ်၍ နေ့တာတိုတောင်း၏။ နေဝင်ချိန်စောပါသည်။ ညနေ ၅-နာရီခန့်သာ ရှိသေးသော်လည်း အနောက်တောင်ဖွယ်မှာ နေမင်းကြီးက မေးတင်ချင်နေပါပြီ။ အအေးကလည်း ပိုမိုစိမ့်အေးလာရသည့်အထဲမှာ၊ ဆောင်းလေအေးအေးက တိုးဝှေ့ကျူးယှဉ်သွားသောအခါ ကျောသားမက လူ့တစ်ကိုယ်လုံးအေးစိမ့်သွားရတော့၏။ ခြေဖျားလက်ဖျားများလည်း အေးစက်လာပါသည်။ ဆရာတော်မှာ ကိုယ်လုံးအဆက်အပေါက် ဖွံ့ဖြိုးပြည့်ထယ်သောကြောင့် အအေးဒဏ်ကို သိပ်မှုပုံမှန် မတူပါ။ ဣန္ဒြေမပျက်၊ ဖျော့ရွှင်သွက်လက်စွာပင် စကားဆက်မပြတ်အောင် ရင်းရင်းနှီးနှီး ပြောဆိုမိန့်ကြားနေတော်မူပါသည်။

မြို့မြောက်ဘက်အစွန်ဆုံး ကရင်မရေထွက်၏ ဟိုး ... တစ်ခေါ်လောက်မှာ တည်ရှိသည့် ဥတ္တရာရုံဘုံဦးကျောင်းဘက်ဆီသို့ ကားလေးကို ဦးတည်မောင်းနှင်စေပါသည်။ ကုန်းမော့မော့ပေါ်ရှိ တပ်ဦးစေတီတော်လေးသို့ ဆရာတော်အား ဘုရားဖူးပို့လို၍ ဖြစ်၏။ ဘုရားခြေတော်ရင်းအထိ ကားလမ်းပေါက်အောင် ဖောက်လုပ်ထားပြီးဖြစ်၍ ပိုအဆင်ပြေလှ၏။ သို့မဟုတ်က လှေကားထစ် တစ်ရာကျော်ရှိသော အုတ်လှေကားလေးမှ တစ်ဆင့် စေတီတော်ယင်ပြင်ပေါ်သို့ ကြိုးစားပမ်းစား တက်လှမ်းကြရပါလိမ့်မည်။ တပ်ဦးစေတီလေးက ဉာဏ်တော် ကိုးတောင်ပြည့်မျှလောက်သာ အမြင့်ရှိ၏။ ငယ်ပင်ငယ်ငြားပါသော်လည်း သပ်ရပ်သော လက်ရာဖြင့် ကြည်ညိုဖွယ်ရာအတိ ဖြစ်နေပါ၏။

တောင်ကုန်းမြင့်လေးကို ခရုပတ်သဖွယ် ကားလမ်းကျယ်ကျယ်လေး ဖောက်လုပ်ထားသည့်အပြင်၊ တောင်စောင်းဘက်သို့ ခြေချော်လက်ချော် ကျမသွားစေရန် ကွန်ကရစ်တိုင်ကြီးများဖြင့် ခြား၍ ခြား၍ ကာရံထားပေးပါ၏။ တိမ်တိုက်ဖြူဖြူများ၊ တိမ်တိုက်မီးခိုးရောင်များကြားမှ ထိုးဖောက်ဖြာဆင်းနေသော နေခြည်တန်းဝင်းဝင်းလေးမှာ သူ့အစွမ်းသူ့အင်အားလေးဖြင့် လောကကို အလှဆင်နေသေး၍ ဆည်းဆာမပီ့တစ်သဘာဝပန်းချီကားတစ်ချပ်လို ဖြစ်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားယင်ပြင်ပေါ်ရောက်၊ ထိုင်ခုံတန်းလေးတွေမှာ ခေတ္တအနားယူပါရော၊ ဆောင်းတွင်းမိုးက ဖြိုးဖြိုးရယ်မှ ဖြောက်ဖြောက် ကျဲတောက်တောက်လေး ရွာချလိုက်လေ၏။ မိုးသက်လေလေးကလည်း တောင်စောင်းကမ်းပါးယံမှ ပင့်တိုက်လိုက်ပြန်ရာ ပို၍ အေးစက်သွားရတော့သည်။

ကမ္ဘာအေးစေတီကဲ့သို့ တိုက်ကျောင်းအခံပေါ်မှာ စေတီငယ်လေးတည်ထားခြင်းမို့ မိုးခိုနားစရာ ရှိနေပါသည်။ ဆင်းတုတော်နှစ်ဆူ ပူဇော်ထားရာ၊ တစ်ဆူမှာ ဘူမိဖဿမုဒြာ ရတနာပုံခေတ် ဆင်းတုတော် ဖြစ်လျက်၊ ကျန်တစ်ဆူမှာကား ထိုင်းလင်းကိုယ်တော် ယိုးဒယားဘုရား ဖြစ်ပါသည်။ ယခု စာရေးနေချိန်ကျမှ ပြန်လည် တွေးတောမိသည်မှာ “ဩော်–ဆရာတော် ဖွေဆော်ဦး တောင်ကြီးမြို့ ကြွရောက်စဉ် တပ်ဦးစေတီဘုရား ဖူးမြော်အသွားမှာကတည်းက နိမိတ်ရှေ့ပြေး ပြနေခဲ့ပြီပဲ၊ ယိုးဒယားဆင်းတုတော်ကို ဖူးမြော်ရသည် ဆိုမှတော့ ထိုင်းလင်းနိုင်ငံသို့ ဆေးကုသ ကြွဖို့နောင်တော့ ဖြစ်လာရပြီပေါ့”ဟူ၍ ဖြစ်ပါသည်။

ဆောင်းတွင်းမိုး ဆိုသည်မှာ မကြီးကျယ်လှပါ။ မြန်မာနိုင်ငံရှိ ၁၂–လ ရာသီနှင့် မလွတ်အောင် မိုး ၁၂–ထွေ ရှိသည်နှင့်အညီ၊ “ဒီလဖြင့် မိုးမရွာသေးဘူး”ဟု အပြောလွတ်ရုံ မိုးပြေးလေး ရွာသည်မျှသာ ရွာချခြင်းပါပေ။ နေရောင်မှိန်၍ နေဝင်ဖျိုးဖျဖြစ်ပြီ၊ ဟို–ရာဟုထောင့်ရှိ တောင်ကုန်းမြင့်မြင့်ပေါ်မှ ရပ်တော်မူဘုရားဆီသို့တော့ ဆရာတော်ကို မပို့တော့ပြီ။ အချိန်နည်းပြီး အေးစိမ့်လှသည့် ရာသီဥတုကြောင့် မတော်လို့ နာဖျားနေမှဖြင့် ခက်ရချည့်ရဲ့ဟူ၍ တွေးမိသောကြောင့်ပါ။ အမှန်မှာ ထိုတောင်ထိပ်ပေါ်မှ အောက်တစ်ခွင်တစ်ပြင် အရပ်သုံးမျက်နှာ ဝန်းကျင်ဆီသို့ မျှော်ကြည့်ရသည်မှာ တကယ့်ရှုမျှော်ခင်းကောင်း တစ်ကွက် ဖြစ်ပါသည်။ သို့သော်လည်း – နောင် ကြုံကြိုက်သည့်အခါကျမှ ပို့ပါတော့မည်ဟု တေးမှတ်ထားခဲ့ပေသိ၊ ယခုအခါမှာမူကား ဘယ်တော့မှ ကြုံကြိုက်ခွင့် မရှိတော့ပါပြီတည်း။



အိမ်သို့ပြန်ရန် ကားပေါ်သို့ အသီးသီး တက်ထိုင်လေတော့မှ၊ ကားရှေ့မှန်၏ ညာဘက်ထောင့်လေးမှာ လိပ်ပြာငယ်ငယ်လေး နှစ်ကောင် နားခိုနေသည်ကို သတိပြုမိ၏။ လိပ်ပြာပြန့်ကားမျိုး မဟုတ်မူဘဲ လုံးလုံးရှည်ရှည်လက်တစ်ဆစ်လောက်လေး ဖြစ်၏။ ရွှေဘုန်းပွင့်ဘုရား သောကြာဂြိုဟ်တိုင်ဘုရား၏ ဘယ်ညာ ပန်းတစ်ဖက်တစ်ချက်စီ၌ ဝပ်တွားပူဇော်နေသည့် လိပ်ပြာတွေပဲ ဖြစ်လိမ့်မည်။ အကြောင်းမှာ တစ်ကောင်က နည်းနည်းလေး မသိမသာကြီးကာ အနက်ရောင် ဖြစ်နေ၏။ နောက်တစ်ကောင်ကျတော့ ယောင်ယောင်လေးသေးပြီး အဖြူရောင် ဖြစ်နေသဖြင့် သတိထားမိခဲ့ခြင်းပါ။

မြစိမ်းတောင်ဘုရားတုန်းက အမှတ်မထင် သတိမထားမိခဲ့၍ မတွေ့မြင်တာပဲလား။ သို့တည်းမဟုတ် ယခုလိပ်ပြာများက သီးခြားသပ်သပ်တွေပဲလား။ မသေချာ မရေရာပါဟု ဝန်ခံရပါလိမ့်မည်။ အိမ်ရှေ့သို့ ကားဆိုက်လိုက်ချိန်မှာ ယင်းလိပ်ပြာများ ရှိမနေတော့ပေ၊ ကားအရှိန်ဖြင့် လွင့်သွားခဲ့ပြီလား။

အချမ်းအအေးပြေစေရန် ဆရာတော်အား ပျားရည်ပူပူလေး ဖျော်၍ ကပ်လှူရပါသည်။ ပျားရည်ကို ပန်းပေါင်းတစ်ထောင်ဟု မြန်မာ့တိုင်းရင်းဆေးလောကမှာ တင်စားခေါ်ဝေါ်ကြ၏။ ဗုဒ္ဓဘုရားရှင် ခွင့်ပြုတော်မူခဲ့ပါသော စတုမဓုတွင် ပျားရည်သည် ဆေးတစ်မယ် (တစ်မည်) အနေနှင့် အဓိက ပါဝင်နေ၏။ ဆေးလည်းဖြစ် အာဟာရလည်းဖြစ်၊ ဝိနည်းနှင့်လည်း ညီညွတ်နေသဖြင့် အဆင်ပြေလှပါသည်။

ဂေါက်ရောဂါအခံ ရှိထားသူ ဒေါက်တာလွှမ်းဝေသည်၊ သဘာဝပျားရည်စစ်စစ်ကို အမြဲဆောင်ထား၏။ ဆရာတော်သည်လည်း အဆစ်အမြစ်ရောင်ပြီး ကိုက်ခဲသည့် ဝေဒနာဆိုး၊ မြန်မာတို့အခေါ် ဒူလာသွေးပုပ်နာရောဂါ အခံရှိသဖြင့် ပို၍ သင့်မြတ်လှ၏။ အမှန်မှာ အင်္ဂလိပ်နှင့် မြန်မာအခေါ်သာ ကွဲ၏။ ရောဂါကား အတူတူပင် ဖြစ်ပါသည်။

“ရွှေဘုန်းပွင့်ဘုရားမှာ လိပ်ပြာဝါဝါလေးတွေ အုပ်စုလိုက် ဘုရားဖူးမြော်လာတာ တယ်ထူးတာပဲနော် ဒကာကြီး” ဟူ၍ ဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



ပဋ္ဌာသမဏ ဦးဖင်းလေးက မအောင့်မအည်းနိုင်ဘဲ မိန့်ကြားလာတော်မူသည်။ “တောတောင်ထဲမှာ သဘာဝအလျောက် တောတိရစ္ဆာန် ပိုးမွှားတွေဆိုတာ ရှိစမြဲပါကွ”ဟု ဆရာတော်က မိန့်ဆိုလိုက်၏။

“ဘုရား မှာတုန်းက လိပ်ပြာသေးလေး အနက်နဲ့ အဖြူ သတိထားမိပါသလား ဘုရား”ဟု ဒေါက်တာလွမ်းဝေ မေးလျှောက်လိုက်သောအခါ “သတိမပြုမိပါ”ဟု နှစ်ပါးလုံး ဖြေကြားတော်မူပါသည်။

“ဥတ္တရာရုံတပ်ဦးစေတီ ဖူးပြီးအပြန် ကားပေါ်တက်တော့ ကားရှေ့ခန်းမှန်ပေါ်မှာလည်း လိပ်ပြာအနက်နှင့်အဖြူ နှစ်ကောင် နားနေတာ တပည့်တော် တွေ့တယ်ဘုရား”ဟု လျှောက်ထားလျှင် “တို့တော့ သတိမပြုမိပါဘူးကွာ”ဟု ဆရာတော် မိန့်၏။ “လက်တစ်ဆစ်စာ သေးသေးလေးမို့ သတိမပြုမိတာ နေမှာပါဘုရား”ဟု ပြန်လျှောက်လိုက်ရပါသည်။

• • • • • • • • • • • • • •

**အခန်း ၄။**

ည ၈–နာရီတွင် ဒေါက်တာလွမ်းဝေ ဆေးခန်းသိမ်းမြဲ ဖြစ်ပါသည်။ ယနေ့အဖို့တော့ အိမ်မှာ ဆရာတော် သီတင်းသုံး ကျိန်းစက်မှာမို့ ၇–နာရီခွဲ ကျော်သည်နှင့် အိမ် စောစောပြန်ရန် ဆေးခန်း သိမ်းရ၏။ အိမ်ရောက်တော့ ၈–နာရီမတ်တင်း ရှိသွားခဲ့ပြီ။ နံနက် အရုဏ်ဆွမ်းကပ်ရန်နှင့် လေယာဉ်ကွင်း၌ နေ့ဆွမ်းကပ်နိုင်ရန် ပြင်ဆင်ချက်ပြုတ်နေကြပါပြီ။

၉–နာရီလောက်မှာ ဝေယျာဝစ္စ ဆောင်ရွက်သူ ဒကာမနှင့် အဖွဲ့၊ ၆–ဝင်းခြားမှာ ရှိသော အိမ်ငယ်လေးသို့ ပြောင်းရွှေ့အိပ်စက်ကြမည်။ နံနက် ၄–နာရီခန့် ပြန်လာပြီး ဆွမ်းချက်၊ ကျက်လျှင် ပြင်ဆင်သည်နှင့် အသာလေး ၅–နာရီ ထိုးသွားပါလိမ့်မည်။ ဒေါက်တာလွမ်းဝေကတော့ ဆရာတော်ကို ဝတ်ဖြည့်ရင်း စကားစမြည် လျှောက်ထားရင်း၊ တရားဆွေးနွေးဖြစ်ခဲ့ပါသည်။ အဓိကအကြောင်းအရာမှာ သေခြင်းတရားနှင့် လိပ်ပြာအယူအဆတို့ ဖြစ်၏။



“သေတယ်ဆိုတာ ဆေးသိပ္ပံပညာရပ်အရ နှလုံးသွေးခုန်ရပ်ပြီး ဦးနှောက်ထဲ သွေးစီးဆင်းလှည့်ပတ်မှု မရှိတော့လို့ ဦးနှောက်ပျက်ပြီ၊ ဒီအချက်နှစ်ချက်နဲ့ ပြည့်စုံရင် သေပါပြီတဲ့ဘုရား။ အရေးပေါ် စမ်းသပ်ကြည့်တာကတော့ မျက်စိကို ဓာတ်မီးနဲ့ ထိုးကြည့်တာမှာ မျက်စိသူငယ်အိမ် အကျဉ်းအကျယ် လုံးဝတုံ့ပြန်မှု မရှိ၊ ကျယ်လျက်ပဲ မပြောင်းမလဲ ငြိမ်သက်နေရင် သေပါပြီတဲ့ဘုရား။ တရားသဘောအရကိုတော့ ဆရာတော် ရှင်းပြပါဦးဘုရား”

“ခန္ဓာငါးပါး ရုပ်နာမ်တရား ဆိုတာကို ဒကာ သိပြီးသားပါပဲနော်။ ၃၂–ကောဋ္ဌာသ အစုအဝေးဆိုတဲ့ ရုပ်ခန္ဓာရယ်၊ နာမ်ခန္ဓာလေးပါးဆိုတဲ့ ၁။ ဝေဒနက္ခန္ဓာ ၂။ သညက္ခန္ဓာ ၃။ သင်္ခါရက္ခန္ဓာ ၄။ ဝိညာဏက္ခန္ဓာ တို့ အားလုံး ချုပ်ဆုံးသွားပြီဆိုရင် သေပါပြီတဲ့ ဒကာ။”

“ပြောရိုးပြောစဉ် လူသေရင် ခန္ဓာကိုယ်ထဲက အသက်လိပ်ပြာ ထွက်ခွါသွားတယ်ဆိုတာ မဟုတ်ပါဘူးနော် ဘုရား”

“အဲဒါ လွဲမှားနေတဲ့ အယူအဆ ဖြစ်တယ် ဒကာရေ။ ခန္ဓာကိုယ် အတ္တဘောကြီးထဲမှာ ဘာအသက်လိပ်ပြာမှ အကောင်အထည် မရှိပါဘူး။ ဇီဝပဲဆိုဆို ဝိညာဉ်ပဲပြောပြော မဟုတ်ပါဘူးတဲ့။ ဝိညာဉ်ဆိုတာ လိပ်ပြာ မဟုတ်ပါဘူး။ ဝိညာဏဆိုတာ အသိစိတ်လေးပါပဲ။”

“အဲဒီ အသိစိတ်လေးက ဘယ်မှာ တည်ရှိပါသတဲ့လဲ ဘုရား”

“အမှန်ကတော့ ဘယ်နေရာ ဘယ်ဌာနမှာ တည်ရှိတယ် မဟုတ်ပါဘူး။ သိသိနေတဲ့ အသိစိတ်ဟာ အခရာမို့ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ ပေါင်းစုဆက်စပ်မှုကြောင့် အသက်ရှင်နေခြင်း၊ အသက်ရှူနေခြင်း၊ လှုပ်ရှားသွားလာ တွေးတောဆင်ခြင် ဆုံးဖြတ်နေခြင်းပဲ ဖြစ်ပါတယ်။ ဓာတ်သဘောတွေရဲ့ စွမ်းအားလို့ ဆိုရပါမယ်။ ဒါပေမယ့် ကံတရားကြောင်းကျိုးကို ပစ်ပယ်ထားလို့လဲ မဖြစ်သေးဘူး ဒကာ။”

“ပိုရှင်းအောင် ဆက်ရှင်းလင်းပြတော်မူပါဦး ဘုရား”

www.burmeseclassic.com

www.burmeseclassic.com



"တရားဓမ္မ လိုက်စားထားတဲ့ သူဆိုရင်၊ မဟာဘုတ်လေးပါး ခန္ဓာငါးပါး ရုပ်တရား နာမ်တရား ပဋိစ္စသမုပ္ပါဒ်တရား တစ်ဆယ့်နှစ်ပါး ဝိပ္ပလ္လာသတရား တစ်ဆယ့်နှစ်ပါး ဓာတ်တစ်ဆယ့်ရှစ်ပါးတို့ကို သဘောပေါက်ပြီး ဖြစ်နေပါလိမ့်မယ်၊ သဘောတရားချည်းသာ မဟုတ်၊ စာတွေ့မဟုတ်ဘဲ၊ ဝိပဿနာတရား အားထုတ်လို့ ခန္ဓာဉာဏ်ရောက် လက်တွေ့တရားမြင်တွေ့ခဲ့မယ်ဆိုရင်၊ သညာသိနဲ့ တစ်ခြားစီပဲလို့ ကွဲပြားသွားပါပြီ။ အဲဒီအချိန်ကျရင်၊ အထူးသဖြင့် ဖြစ်ပျက်ကို လက်တွေ့ကျကျ ရှုမှတ်မြင်တွေ့သွားပြီဆိုရင် လိပ်ပြာအယူအစွဲကို ဘယ်ယူတော့မလဲ။ လိပ်ပြာမရှိတာ ကွဲပြားသိရှိသွားခဲ့ပြီကို။"

"တပည့်တော်တို့ ဆေးပညာအရ ခန္ဓာကိုယ်ယန္တရားကြီး ဘာမှ ဆက်မလုပ်တော့ဘူး။ အသိလည်း မရှိတော့ဘူး။ လုံးဝ ငြိမ်သက်သွားပြီဆိုရင် သေတာပါပဲဘုရား။ တရားဓမ္မအရ နားလည်လွယ်အောင် ထပ်ရှင်းပြရင် ကောင်းမယ်ဘုရား။"

"ဘုန်းကြီး အင်မတန် လေးစားကြည်ညိုတဲ့ သပြေကန်ဆရာတော်ကြီး စကားကို ငှားပြီး ရှင်းပြမှပဲ ဒကာ ပိုပြီး ရှင်းလင်းတော့မယ် ထင်ပါတယ်။ ပရိတ်ကြီးနိဿယသစ် ကျမ်းစာအုပ်တစ်ဆူတည်းနဲ့ ရဟန်း ပညာရှိ လူပညာရှိတို့အားလုံးတို့က သပြေကန်ဆရာတော်ကို ကဝိဆရာ တစ်ဆူ သတ်မှတ်ခြင်းခံရတာ ဒကာ သိတယ်နော်။ ကဲ–နားဆိုက်ထောင်ပါ။"

"ဘဝတစ်ခုတွင် အဆုံးစွန် နောက်ဆုံးစိတ်ကို စုတိစိတ် ခေါ်တယ်။ စုတိစိတ် ချုပ်ရင် ဝိညာဉ်ချုပ်တယ်။ သေတယ်ပေါ့။ စုတိချုပ်ချိန်မှာပဲ ကမ္မဇရုပ်တို့ဟာ စုတိစိတ်နဲ့ တစ်ပြိုင်နက်ထဲ ချုပ်တယ်။ စိတ္တဇရုပ်တို့ကတော့ စုတိစိတ်နဲ့ အချို့ အတူတူချုပ်ပြီး၊ အချို့ အနည်းငယ် လွန်ပြီးမှ ချုပ်ပါတယ်။ စုတိထက် စိတ္တက္ခဏာ ၁၇–ချက်စာလောက် စိတ်ကစပြီး အသစ် မဖြစ်တော့ပါ။ အဲဒီနောက် အာဟာရဇရုပ်များလည်း ချုပ်တော့တယ်။ ဒီလို ကမ္မဇ၊ စိတ္တဇ၊ အာဟာရဇရုပ်တွေ ကင်းရုံမက ဝိညာဉ်ပါ ကင်းနေတဲ့ ကိုယ်ကောင်ကြီးမှာ ဥတုဇရုပ်တွေသာ ကျန်တော့တယ်။ ခန္ဓာကိုယ်ကြီး မပုပ်မသိုးရအောင်၊ အငွေ့ပေးပြီး စောင့်ရှောက်ရတဲ့ ဉဿွာတေဇောဓာတ်လည်း စုတိချုပ်စဉ်ကတည်းက တစ်ပြိုင်နက် ချုပ်ခဲ့ပြီးလို့



အလောင်းကောင်ကြီးလည်း တဖြည်းဖြည်း ယိုယွင်းပျက်စီး ပုပ်ပွပစ်လိုက်ရတော့တာပေါ့။"

"ဒီလောက်ဆိုရင် ဒကာလည်း ဒေါက်တာတစ်ဦးပေပဲ။ နားရှင်းလောက်ပြီပေါ့။ ဟုတ်ပြီလား။ ဘယ်မှာလဲကွာ အသက်လိပ်ပြာကောင်။ လိပ်ပြာဆိုတာ မရှိပါ ဒကာ"

"သာဓု ... သာဓု ... သာဓုပါ ဘုရား။ ဒီည ဒီတစ်ထိုင် တရားဆွေးနွေးရတာ တစ်သက်စာ တန်ဖိုးမဖြတ်နိုင်လောက်အောင်ကို အကျိုးကြီးပါပေတယ်။ ဆရာတော် လာရောက်ချီးမြှင့်ပေးတာ သန်းဆုကြီးပေါက်တာထက် အကျိုးများလှပါတယ်ဘုရား။ သန်းဆုကြီးက လောကီအတွက်ပဲ သာယာစရာ ဖြစ်နိုင်ပေမယ်။ သပြေကန်ဆရာတော်ကြီးရဲ့ တရားကို ဆရာတော် တစ်ဆင့်ပြန်ဟောပြတော့ လောကုတ္တရာအကျိုးကြီးပြီး သံသရာအတွက် အမှန်အတိုင်း မြင်သိပါပြီဘုရား"

"ဒကာရေ ...။ ခက်တာက ပုထုဇဉ်စိတ်သဘာဝပါပဲ။ စွဲမိစွဲရာကို ဖွဲလမ်းနှစ်သက်ချင်တတ်ကြပါတယ်။ အမှန်တရားကို ကြားသိရုံနဲ့ မနိုင်မြဲတတ်ဘူး။ အသိတရားဆိုတာ ပြောင်းလဲပျောက်ပျက်တတ်လို့ပါပဲ။ အရိယာတရားက အရေးကြီးတယ်။ ခန္ဓာဉာဏ်ရောက် ရှင်းရှင်းလင်းလင်းကြီး သိနားလည်လိုက်ရတဲ့ အလုပ်တရား လက်တွေ့အကျိုးကျေးဇူးကျတော့ ဘယ်တော့မှ မပြောင်းလဲ မမေ့ပျောက်တော့ဘူး ဒကာရေ့။ အမြဲတေလို တည်သွားတော့တာကို။ ဒါကြောင့် သညာသိထက် ပညာသိက ပိုလို့ အရေးပါအရာရောက်ပါတယ်။ တရားအားထုတ်ဖို့ အရေးအကြီးဆုံးပါ ဒကာ။ ဆရာသမားကောင်း ကမ္မဋ္ဌာနာစရိယကောင်းနဲ့ ကံထူး ဉာဏ်ထူး ဆုံခွင့်ရဖို့လည်း ပိုလို့ အရေးကြီးတာပေါ့။ ဒါမှလည်း တရားစစ် တရားမှန် တရားထူး တွေ့မှာလေ။"

"တပည့်တော်လည်း အချိန်ဖွဲ့ယူပြီး တရားအားထုတ်ဖို့ အရေးကြီးလိုနေတာ သိသွားလို့ ကျေးဇူးကြီးပါပေ့ဘုရား"

. . . . . . . . . . . . . .

www.burmeseclassic.com

www.burmeseclassic.com



**အခန်း ၅။**

နောက်ထပ် ၄–နှစ်ခန့် ကြာမြင့်သွားခဲ့ချိန်၌ ဆရာတော်မှာ ဝေဒနာတစ်ရပ် စွဲကပ်ခဲ့ပါသည်။ ခါးရိုး အလွန်အမင်း ကိုက်ခဲနာကျင်ခြင်း ဖြစ်၏။ အစပိုင်း၌ မသိမသာ ကိုက်နာခြင်းမျှသာ ဖြစ်၍ စာဝါချမပျက်၊ လုပ်ကိုင်မပျက်သေးပေ။ မန္တလေး ပြင်ဦးလွင်(မေမြို့)၊ ရွှေဘို၊ တောင်ကြီး စသည် အားဖြင့် ခရီးထွက်တော်မူနိုင်သေး၏။ တဖြည်းဖြည်းနှင့် ရောဂါသည်းလာ၍ ရှေ့ကထက် ပို၍ ဂရုစိုက် ဆေးဝါးကုသရတော့သည်။ ကံတရား တိုက်ဆိုင်လွန်းစွာပင် ထိုင်းလင်း(ယိုးဒယား)သို့ပင် သွားရောက် ပြသဆေးစစ်ဖို့ ဖြစ်လာပါသည်။

၂၀၀၄–ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂–ရက်၊ ပြည်ထောင်စုနေ့၌ ပဲခူးမြို့ သာမဏေကျော်စာသင်တိုက်တွင် ကျောင်းရေစက်ချတရား သွားဟောတော်မူခဲ့သေး၏။ လကုန်ရက်ပိုင်းတွင် ဗန်ကောက်မြို့သို့ ကြွချီတော်မူရလေပြီ။ ထိုနေ့မှ အစပြု၍ ရန်ကုန်နှင့် ဗန်ကောက် အိမ်ဦးနှင့်ကြမ်းပြင်ပမာ အခါခါအလီလီ သွားလိုက်၊ ဆေးကုသမှု ခံယူလိုက်၊ ပြန်လာလိုက်၊ နားလိုက်၊ ပြန်သွားလိုက်နှင့် ဂျင်ဂျင်လည်နေရှာပါတော့သည်။

ကံတရားများ ထွေချင်လာပြီ ဆိုသောအခါ၊ ရောဂါနစဉ်မှာ စောသိပြီး လက်လှမ်းမီမီ ကုသခံယူမှု ရရှိထားပါလျက်ကယ်နှင့်၊ အစဦးပိုင်း၌ အခြေအနေကောင်း တိုးတက်မှု ရှိနေပါလျက်ကယ်နှင့်၊ နောက်ပိုင်းတွင် ဖောက်ဖောက်လာတော့၏။ ဆရာတော် သက်သောင့်သက်သာ အနားမယူခြင်းကြောင့်လည်း ပါပါလိမ့်မည်။ ရည်မှန်းထားသည့် ကျမ်းစာအုပ်ကို အပြီးသတ် ဖွဲ့ခတ်ပြီး ပြုစုသွားသည်ကို ထောက်၍ သက်တမ်း တိုတောင်းသွားရခြင်း ဖြစ်မည်ဟု ခန့်မှန်းရ၏။ မယ်တော်ကြီးရှာပနရက်လည် ဆွမ်းတရား နောက်ဆုံး ဟောကြားတော်မူပြီးနောက်၊ ယင်းညမှာပင် ရောဂါဖောက်တော့၏။ ဆေးစစ်ရန် ရက်ချိန်းထက် ရက်အတန်ငယ် စောနေသေးသော်လည်း ထိုင်းလင်းသို့ အပြေးအလွှား ကြွသွားတော်မူရ၏။ ပျက်ဖို့ဖန်လာပြီမို့ နောက်ဆုံးဆေးလေးလုံးကြောင့်ပင် အသက်ဇီဝိန် ပျက်ကြွေကာ



တစ်ဘဝ ဇာတ်သိမ်းတော်မူရတော့၏။ ကြားလျှင် ကြားချင်း ဒေါက်တာလွှမ်းဝေ ရန်ကုန်မြို့သို့ ဆင်းရန် အမြန်စီစဉ်ရပါတော့သည်။ ဆရာတော့် နောက်ဆုံးခရီးကိုမှ မပူဇော်လိုက်ရလျှင် တစ်သက်လုံး နောင်တရမဆုံးဖြစ်ရပါတော့မည်။

ရှာပနရက်များအတွင်း ကျောင်းတိုက်တွင် ဒေါက်တာလွှမ်းဝေ ညီခံကူညီ ကုသိုလ်ပါဝင်ယူနေပါသည်။ ဆွေတော်မျိုးတော် စုံစုံလင်လင်ရောက်ရှိလာကြပြီ၊ တပည့်ကြီးငယ် ရဟန်းသံဃာတော်တို့လည်း စုဝေးမိကြပြီ။ ဓမ္မမိတ်ဆွေ စာဖတ်ပရိသတ်ဖြစ်သည့် ဒကာ ဒကာမများတို့လည်း ဒေါက်တာလွှမ်းဝေကို လိုက်လံရှာဖွေ တွေ့ဆုံ နှုတ်ဆက်ကြပါသည်။

တစ်နေ့လယ်ခင်း၌ ဖြစ်၏။ ဆရာတော့်ရုပ်ကလာပ်ဝန်းကျင်ရှိ ပရိသတ်များ ရှုတ်ရှုတ်သဲသဲ ဖြစ်နေကြ၍ စုံစမ်းကြည့်သောအခါ၊ ဇာဗိတာန်မှာ လိပ်ပြာကြီးတစ်ကောင် လာပူဇော်နေခြင်းကြောင့် အထူးအဆန်းကြီး ဖြစ်နေခြင်းပါတဲ့။ ယောက်ျားကြီး လက်ဝါးတစ်အုပ်မက ကြီးမားလှသည့် ရောင်စုံလိပ်ပြာကြီးပါတဲ့။ မယ်တော်ကြီးနှင့် ၄၈–ရက်သာ ခြားပြီး လွန်တော်မူတာကြောင့်၊ မယ်တော်ကြီးက သားဆရာတော်ကို လာမူခြင်း ပေလားဟုလည်း အချို့တို့က ဝေဖန်ပြောဆိုနေကြပါတော့သည်။ ထိုစဉ်မှာပင် ဓမ္မမိတ်ဆွေကြီး အန်တီထွေး ရောက်လာသဖြင့် စကားလက်ဆုံကျဖြစ်လိုက်ပါသည်။

"ဆရာ့ကို မုချ ရန်ကုန် ဆင်းလာလိမ့်မယ်လို့ အန်တီ ထင်ထားတာမှန်နေတာပေါ့။ ဆရာ နေကောင်းရဲ့လား"

"နေကောင်းပါတယ် အန်တီထွေး။ တွေ့ရတာလည်း ဝမ်းသာပါတယ်ဗျာ။ ကောင်းအောင် နေရတာပေါ့နော်"

"ဆရာတော် လွန်တော်မူတယ် ကြားတော့ စိတ်မကောင်း ဖြစ်ရတယ်၊ ဆရာ့ကိုလည်း စိတ်ပူသွားမိပါတယ်"

"တစ်ရက်တည်းအတူ မွေးဖော်မွေးဖက်ဆိုတော့ ကျွန်တော့်မိသားစုတွေကလည်း စိုးရိမ်သွားကြတော့တာပေါ့။ ဒါပေမယ့် သတ္တဝါ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခု ကံတစ်ခုစီပါလေ။ အမြွှာညီနောင် ၅-မိနစ် ကြီးငယ်တောင်မှ ကံတရားချင်းက မတူညီတတ်ကြပါဘူး''

''ပေါ့တော့ မပေါ့နဲ့ပေါ့ ဆရာရယ်။ ဒါနဲ့ လိပ်ပြာကြီး လာနားနေတာ အတော်ဆန်းကြယ်တယ်နော်။ တောင်ကြီးမှာတုန်းကလေ။ ပွဲစားကြီး တစ်ဦးရဲ့ အသုဘတုန်းကလည်း လိပ်ပြာနက်ကြီး ရိုပ်အဖြူမှာ လာကပ်နေတာ ကြုံဖူးသေးတာ မှတ်မိတယ် ဟုတ်လား ဆရာ။ ပွဲစားကြီးက ကပ်စေးနဲ ကော်တစ်ရာမို့ ပစ္စည်းစွဲသေတာနေမှာလို့ သတင်းဖြစ်သေးပါရောလား''

''အန်တီတွေးလည်း တရားစခန်းတွေ ဝင်ဝင်နေတာပဲဗျာ။ လိပ်ပြာ အယူအဆများကို စွဲမနေပါနဲ့လေ။ အသက်ဟာ လိပ်ပြာ မဟုတ်သလို လိပ်ပြာဟာလည်း အသက် မဟုတ်ပါဘူး။ လိပ်ပြာဟာ အဟိတ်တိရစ္ဆာန် မဟုတ်ပါလားဗျာ''

''ဒါပေမယ့် ဆရာရယ်။ လူသေရင် လိပ်ပြာခွဲရတဲ့ ဓလေ့ကတော့ ရှိနေဆဲ၊ လိုက်နာကျင့်သုံးနေဆဲပဲနော်''

''သေသူ့မိသားစုအားလုံးကို အရပ်နဲ့အမျှ အပ်ချည်ကြိုးနဲ့ တိုင်းပြီး အဲဒီကြိုးကို ကိုယ်စားဆိုပြီး ခေါင်းတလားထဲ ထည့်ပေးလိုက်တဲ့ ဓလေ့ကို ပြောတာလား အန်တီတွေး''

''ဟုတ်ပါ့ရှင်။ မထည့်ပေးလိုက်ရင် သေသူက မိသားစုကို ဒုက္ခပေး တတ်ပါသတဲ့၊ အထူးသဖြင့် ကလေးငယ်တွေ လန့်ဖိုလန့်ဖျားတတ် တယ်တဲ့၊ သေသူက မိသားစုကို စွဲပြီး အကြောင်းပြတာတဲ့လေ''

''လူသေရင် လိပ်ပြာမသေ။ အတ္တ မသေမပျက်ဆိုတာ သဿတ ဒိဋ္ဌိပါတဲ့ အန်တီတွေး။ ချမ်းမြေ့ရိပ်သာဆရာတော်က **'ခန္ဓာကြွေကျ၊ သေကြေရလျှင်၊ အတ္တမသေ၊ မပျက်လေဘဲ၊ ထွေထွေဘဝ၊ ကူးဆက်ရ၊ သဿတ,ယူမှားတည်း'** လို့ ဆောင်ပုဒ် ဩဝါဒ ပေးတော်မူတာ မေ့သွား ပြီလားဗျာ''



''မမေ့သေးပါဘူး ဆရာရယ်။ ဘဝကို စွဲတဲ့သူက အလွန်များတယ်။ လူတစ်ရာမှာ ကိုးဆယ့်လေးတောင် ကျော်ပါသတဲ့၊ သေရင်ပြီးရော ပြတ်ရော ဘဝမဆက်တော့ဘူးလို့ ယူတာ ဥစ္ဆေဒဒိဋ္ဌိတဲ့။ သူက လူနည်းစုနော် ဆရာ''

''ဟုတ်တယ်လေ။ **'ခန္ဓာကြွေကျ၊ သေကြေရလျှင်၊ အတ္တပျက်ကြေ၊ မဆက်လေ၊ ဥစ္ဆေဒယူမှားတည်း'** လို့ ဆောင်ပုဒ်လေး ကျက်မှတ်ကြ ရတာ အကျိုးရှိလှတယ်နော်။ လူသေရင် အိမ်မှာ ခုနစ်ရက် နေထိုင်ခွင့် ရှိသေး တယ်၊ ခုနစ်ရက် ကျော်တဲ့အခါမှာ အိမ်စောင့်နတ်က မောင်းထုတ်လိုက်တာ လို့လည်း လူအများ စွဲယူထားကြတာ ရှိသေးပါရောလား''

''အဲဒါ အန္တရာဘဝဒိဋ္ဌိလေ ဆရာ။ ဆောင်ပုဒ်လေးက **'ခန္ဓာကြွေကျ၊ သေကြေရလျှင်၊ အတ္တမသေ၊ မပျက်လေဘဲ၊ အခြေမလှ၊ ကြားဘဝ၌ ခဏနိုကာ၊ အခြေသာမှ၊ ထိုက်ရာဘဝ၊ ကူးပြောင်းရ၊ အန္တရာဘဝ ယူမှားတည်း'** လို့ အန်တီ ကျက်မှတ်ထားတာ မမေ့သေးပါဘူး ဆရာ။

''ကြားဘဝဆိုတဲ့ အယူအဆဟာ အတော်ခက်တယ် အန်တီတွေး။ စုတိစိတ်ကျရင် သူ့ကံတရားအတိုင်း လားရာဘဝသစ် တစ်ခုခုကို ချက်ချင်း ဖြစ်ပေါ်သွားသတဲ့၊ 'စက္ကန့်မခြား အိပ်သောယောက်ျား နိုးသော လားသို့' လို့ စာတွေမှာ ဆိုပါတယ်။ ဘဝဟောင်းနဲ့ ဘဝသစ်၊ စပ်ကူး မပ်ကူး ကြားဘဝဆိုတာ ရှိကို မရှိတာပါ။ အိမ်နီးဝန်းကျင်မှာ မကျွတ် မလွတ် ဖြစ်နေရင် အဲဒါ ပြိတ္တာဘဝပဲ၊ တစ္ဆေသရဲ ခေါ်ကြတာပေါ့။ ဒါကြောင့် သချိုင်းက လိပ်ပြာ ခေါ်ပြန်လာတယ်ဆိုတာ မှန်ကို မမှန်ပါဘူးနော်။ သစ်ကိုင်းလေးမှာ ဘာလိပ်ပြာမှ ပါမလာပါဘူး။ လိပ်ပြာကောင် နားနေရင် အဲဒါ တိရစ္ဆာန် လိပ်ပြာကောင်သာ ဖြစ်ပါတယ်တဲ့''

• • • • • • • • • • • • • •

**အခန်း ၆။**

ဆရာတော်ဈာပန ပြာကျပြီး နောက်တစ်နေ့တွင်၊ ရန်ကုန် ပဲခူး နေ့ချင်းပြန် ခရီးတိုလေးတစ်ခု သွားဖြစ်ခဲ့ကြပါသည်။ သားကြီး ကိုဦး၏ မိတ်ဆွေ ဦးခင်ဇော်က ပဲခူးမြို့ သာမဏေကျော်စာသင်တိုက်၌ ဆွမ်းစား

www.burmeseclassic.com



ကျောင်းဆောင်သစ်ကြီး ဆောက်လုပ်လှူဒါန်းရန် အလှူငွေ သွားပို့ရင်း ဒေါက်တာလွှမ်းဝေတို့အား ခရီးကြုံခေါ်ခြင်း ဖြစ်ပါသည်။

ကြခတ်ပိုင်းဆရာတော်ကြီးအား ဖူးလိုခြင်းနှင့် ပဲခူးသားနှင့် အိမ်ထောင်ကျကာ ပဲခူးတွင် အနေမြဲသွားခဲ့ရသည့် ပဲခူးသူတစ်ဖြစ်လဲ သူငယ်ချင်း တောင်ကြီးသူကိုလည်း ဝင်တွေ့လိုခြင်းတို့ကြောင့် လိုက်ပါသွားခဲ့၏။ ဆရာတော်ကြီးအားလည်း ကျန်းမာစွာ ဖူးတွေ့ခွင့် ရရှိပါ၏။ လိပ်စာကလည်း မမှတ်မိ၊ အချိန်ကလည်း မရတော့၍ သူငယ်ချင်းကို ခက်ခက်ခဲခဲ ရှာပြီး တွေ့မနေတော့ပါ။ ပဲခူးမြို့ သာမဏေကျော်စာသင်တိုက်သို့ တိုက်ရိုက် သွားခဲ့ကြ၏။

ပဲခူးမြို့မှအပြန်၊ လှော်ကား၌ တည်ထားသော ရဟန်းစာရေးဆရာ သာမဏေကျော်၏ စာသင်တိုက်နှင့် ဓမ္မရိပ်သာတို့သို့ ဦးခင်ဇော်က လိုက်ပို့ပေးပါသည်။ ဒေါက်တာလွှမ်းဝေမှာ ယခုလို ကိုယ်တိုင်ကိုယ်ကျ ရောက်ဖူးမှပင် ပဲခူးသာမဏေကျော်စာသင်တိုက်နှင့် ရဟန်းစာရေးဆရာ 'သာမဏေကျော်'တို့မှာ သီးခြားစီဖြစ်ကြောင်း ကွဲကွဲပြားပြား သိရှိလိုက် ရတော့၏။ ယခင်တုန်းက အသိမရှင်းလင်း၍ ရောထွေးနေခဲ့ရသည်ကို မရှက်တမ်း ဝန်ခံရပါတော့မည်။

ဦးခင်ဇော်သည် သားကိုဦးနှင့် သာသနာရေး ဘာသာရေး ဆွေးနွေး နှီးနှောမိရာမှာ အကျိုးပိုများရာ၌ အလှူအတန်းများ ဆက်တိုက်ပြုဖြစ်ခြင်း ဖြစ်ကြောင်း ပြောပြပါသည်။ လှော်ကား၌ မြေငါးဧကခွဲ ဝယ်လှူဖြစ်ရာတွင် သားကိုဦးကလည်း တစ်ဧက ထည့်ဝင်လှူဒါန်းဖြစ်ခဲ့၏။ သူတို့နှစ်ဦးက ကုသိုလ်ဆက်တွေ ရှိကြဟန် တူပါသည်။

လှော်ကားသာမဏေကျော် ရဟန်းစာရေးဆရာ ဆရာတော့်ကျောင်း သို့ ရောက်သည်အထိ၊ ဒေါက်တာလွှမ်းဝေ၏ စပို့ရှပ်အဖြူဆွတ်ဆွတ် ရင်ဘတ်ပေါ်၌ လိပ်ပြာလုံးလုံး အနက်ရောင်တစ်ကောင် နားခိုကပ်ပါ လာ၏။ ပဲခူးသာမဏေကျော်စာသင်တိုက်မှ မထွက်ခွါမီကတည်းက သူ့ရင်ဘတ်ပေါ် နားခိုနေသော ယင်းလိပ်ပြာနက်ကလေးကို ပါးစပ်ဖြင့် အသာအယာ



လေမှုတ်ထုတ်ကြည့်၏။ တုတ်တုတ်မျှပင် မလှုပ်ပါ။ နာကျင်သွားမည် စိုး၍ လက်ဖြင့် မဖယ်ထုတ်တော့ပါ။ ချမ်းသာသလိုပဲ နေပါစေတော့ဟု မေတ္တာထားလိုက်ရ၏။

လှော်ကားမှ ကားထွက်ခွါလာတော့၊ ရင်ဘတ်မှသည်၊ ကော်လာဆီသို့ ရွှေ့ပြောင်းနားခိုနေပါသည်။ ရန်ကုန်မြို့တွင်းသို့ ဝင်ခါနီးကျမှ ပျောက်ခြင်း မလှ ပျောက်သွားခဲ့၏။ ဘယ်အချိန်တုန်းက ထပျံသွားပါလိမ့်၊ ဘာကြောင့် ကိုယ်ပေါ်မှာ ကျကျနန၊ ရှည်ရှည်ကြာကြာကြီး နားခိုနေပါလိမ့်၊

နောက်တစ်နေ့မနက်ပိုင်းမှာ ကမ္ဘာအေး ရေကူးဘူတာအနီးရှိ သံယာ့တက္ကသိုလ်ကျောင်းတိုက် တစ်ဘဝတော့်စာသည်နာကျင်းပြု ဆရာတော် ဦးယောသိတအား သွားရောက်ဖူးမြော်ပါသည်။ အပြန်တွင် ဆရာတော့် ကျောင်းတိုက်သို့ ဝင်ရောက် နှုတ်ဆက်ကန်တော့၏။ လေယာဉ်က နေ့ခင်း ၂–နာရီ မင်္ဂလာဒုံလေဆိပ်အရောက်မို့၊ နေ့ ၁–နာရီခန့်တွင် အထုပ်အပိုး ကားပေါ်တင်ပြီး၊ ရန်ကုန်မြို့မှ ထွက်ခွါပါပြီ။

ဟော ... ပခုံးထက်နားတွင် လိပ်ပြာလုံးလုံးလေးတစ်ကောင် ခိုနား နေပြန်၏။ မနေ့က အရွယ်အစားလောက်ပင်၊ လက်တစ်ဆစ်ခန့်သာ ရှိ၏။ သည်နေ့လိပ်ပြာကတော့ နုံသာဖြူအနှစ်လို နည်းနည်း အသားရောင်ဘက် လုနေ၏။ ဆန်းတော့အဆန်းသားလို့ အသိဝင်လာပါသည်၊ လေယာဉ်ကွင်း မှာ လေယာဉ်စောင့်နေရင်း နားနေစဉ်မှာလည်း ပျံမသွားသေးပါ။ ပခုံးပေါ်မှာ နားနေဆဲပါ။

လေယာဉ်ဆီသို့ အသွားမှာ ပျံထွက်သွားဟန်တူ၏။ သတိတော့ မထားမိလိုက်ပါ။ လေယာဉ်ပေါ်မှာ နေရာတကျဖြစ်ချိန် သတိပြုကြည့် လိုက်တော့ မရှိတော့ပါ။ မနေ့ကရော သည်နေ့ပါ ဘယ်ဘက်မှာချည်း နားခိုနေခြင်း ဖြစ်ပါသည်။

တောင်ကြီးအိမ်သို့ ညနေ ၅–နာရီခွဲခန့်မှာ ဝင်၏။ အိမ်တံခါး ဖွင့် လိုက်သည်နှင့် ဟော ... ညှော်ခန်းက စားပွဲပေါ်မှာ ကိုရွှေလိပ်ပြာက

www.burmeseclassic.com

www.burmeseclassic.com



ကြိုရောက်နှင့်နေပြီကော။ လေယာဉ်ကွင်းအဆင်းတုန်းက ပခုံးပေါ်မှာ နားခိုနေသည့် လိပ်ပြာလုံးအတိုင်း တစ်ထေရာတည်းတဲ့လေ။ ညအိပ်ရာဝင်ချိန်အထိ ညစ်ခန်းစားပွဲပေါ်မှာ ရှိနေသေးပါ။ မနက် အိပ်ရာထမှာ ဂရုစိုက်ကြည့်လိုက်တော့ မရှိတော့ပြန်ပါ။

အရှေ့တောင်တန်းပေါ်ရှိ ရွှေဘုန်းပွင့်ဘုရားကို နံနက် နေခြည်ဖြာအဆင်းမှာ ဝင်းခနဲ ကြည့်ညိုဖွယ်ရာ ဖူးမြော်မိ၏။ သည်တော့မှ "ဩော် ဒီလိပ်ပြာနက်နဲ့ အဖြူကို တစ်နေရာမှာ တွေ့ဖူးပြီး ရင်းရင်းနှီးနှီး သိနေပါတယ်လို့ တွေးနေမိတာ လက်စသတ်တော့ ဆရာတော်ကို ရွှေဘုန်းပွင့်ဘုရား ဖူးမြော်ဖို့ ပို့ပေးစဉ်တုန်းက သောကြာဂြိုဟ်တိုင်ဘုရားမှာ တစ်ခါဆုံပြီးတော့ ကားမှန်ရှေ့ပိုင်း ထောင့်တစ်နေရာမှာ ခိုနားလိုက်ပါလာခဲ့ဖူးတဲ့ လိပ်ပြာနက်နဲ့ အဖြူ တစ်တွဲထဲအတိုင်း တစ်ပုံစံတည်း ဖြစ်နေတော့တာကိုး"ဟု မှတ်ချက်ပြုမိပါတော့သည်။ ဆရာတော့်ဈာပနက စပြီး လိပ်ပြာတွေနှင့်ချည်းပဲ တိုက်ဆိုင်စွာ ကံဆုံတတ်ပလေခြော်။

ရေချိုးခန်းသို့ ဝင်လိုက်၏။ ဟော ရောင်စုံလိပ်ပြာကြီးတစ်ကောင် ပါလာ၏။ ထူးထူးဆန်းဆန်း တစ်ခါမှ ရေချိုးခန်းထဲ လိပ်ပြာ မဝင်ရောက်ခဲ့ဖူးပါချေ။ ရောင်စုံ ပြောရသော်လည်း အညိုရင့်ဘက် လုသည့် အခံမှာ အဝါနု ရွှေအိုရောင် အဖြူရောင် အစက်အပြောက်များဖြင့် အလွန်လှပပါသည်။ နောက်ရက်ကျတော့ ရေချိုးခန်းက တစ်ကောင် မရှိတော့ဘဲ၊ ဝရန်တာနားမှာ ပိုကြီးပြီး ပိုလှသည့် အညိုနုရောင်စုံလိပ်ပြာတစ်ကောင် နားခိုနေပြန်ပါ၏။

နောက်တစ်ရက်တွင် ဝရန်တာမှ လိပ်ပြာ မရှိတော့ပြန်ပါ။ ဘုရားဆောင်မှာ ပိုမိုလှပ ရောင်စုံလွင်နေသည့် လိပ်ပြာကြီး တစ်ကောင် ဘုရား၌ ပူဇော်နေသည်ကို ထူးဆန်းလှစွာ တွေ့ရ၏။ ဒေါက်တာလွှမ်းဝေ၏ အိမ်နှင့် အိမ်ဝင်းအတွင်း၌ ခါတိုင်း လိပ်ပြာကောင်ကြီးတွေ မလာတတ်၊ မရှိတတ်၍ မတွေ့ရဖူးပါ။ ဂရုမပြုမိ၍ မဟုတ်တာတော့ အမှန်ပါ။



▲ **အသက်ဝိညာဉ် (လိပ်ပြာ) မရှိ။**

ရာဇဂြိုဟ်မြို့အနီး ဂိဇ္ဈကုဋ်တောင်လိုဏ်ဂူတွင် သမသီသီ ရဟန္တာဖြစ်သော အရှင်ဂေါဓိက ပရိနိဗ္ဗာန်ပြုတော်မူပြီးနောက် မာရ်နတ်က ယင်းအရှင်၏ အသက်ဝိညာဉ် (လိပ်ပြာ)ကို လိုက်ရှာရာ၊ ဗုဒ္ဓမြတ်စွာဘုရားရှင်က တပည့်သံဃာများအား ဤသို့ မိန့်တော်မူ၏။

"အဲဒီမာရ်နတ်က ဂေါဓိကရဟန်းရဲ့ အသက်ဝိညာဉ် (လိပ်ပြာ) ကို လိုက်ရှာနေတာ ဘယ်မှာ တွေ့လိမ့်မလဲ။ အစကတည်းကကို မရှိခဲ့တာ"

တစ်တဝသာသနာ၏ စာမျက်နှာ-၂၃၂။

သည်ရက်ပိုင်းမှာတော့ ထူးခြားလှန်းနေပါသည်။ ဂရုစိုက်မိ၍ မြင်တွေ့ခြင်းတော့ မဖြစ်နိုင်ပါပေ။ ဤသို့ တိုက်ဆိုင်မှု ရက်ဆက်လိုလို အကြိမ်များများ ဆင့်ကာဆင့်ကာ တွေ့ကြုံရပါလျှင်၊ မဖွမ်းရင်းကလည်း ရှိ ကန့်စွန်းခင်းကလည်း ငြိချင်သည့် ပုထုဇဉ် သာမန်လူသားများအဖို့ ရှေးရိုးရာ အစွဲအလမ်းကလည်း ရှိပြန်သောအခါ၊ အဘယ်မှာလျှင် အယူမမှားဘဲ ခံနိုင်ပါမည်နည်း။

သပြေကန်ဆရာတော်ကြီး၏ စုတိ သဘောတရားကို ရှင်းရှင်းကြီး ဟောပြတော်မူခဲ့သည့် ဆရာတော့် ကျေးဇူးကြောင့် ဒေါက်တာလွှမ်းဝေ စိတ်မတွေဝေ မဒုပဒ်တော့ပေ။ လိပ်ပြာကိုလည်း တောထင်တောင်ထင် ယုန်ထင်ကြောင်ထင် မထင်မြင်တော့ပေ။ ဘုရားဆောင်ရှိ လိပ်ပြာ ပျောက်ကွယ်သွားပြီးနောက် လိပ်ပြာလုံးဝ မမြင်တွေ့ရတော့သည်မှာ ဆန်းလှန်းပါသည်။

ဒေါက်တာလွှမ်းဝေ(တောင်ကြီး)

❀❀❀❀❀

www.burmeseclassic.com

www.burmeseclassic.com

# ဆေးမင်းတခမ်း ပြန်မေးဦး

ဒေါက်တာလှမ်းဆေ(တောင်ကြီး)

**အခန်း ၁။**

"ဒေါက်တာ ... ဒေါ်ဒေါ်ရဲ့ သီလရှင် ဝတ်လိုက်တာနဲ့ သူ့အနာကြီး ကျက်သွား။ ခြောက်သွားတယ်ဆို"

"ဒေါ်ဒေါ်အေးက ဘယ်လိုလုပ် သိလိုက်တာလဲဗျ"

"အခေါ် မော်လမြိုင်မြို့ကို ရောက်နေတာ ၄–နှစ်လောက် ကြာတယ်။ ဟိုမှာကတည်းက သတင်းကောင်း ကြားထားပြီးပါပြီ။ ဝမ်းသာပေးနေပါတယ်။ သူ့ခမျာ ခံရတဲ့ နှစ်တွေကတောင် အစိတ်သုံးဆယ်ကျော် ရှိနေပေရောမယ်နော်..."

"ဆရာကြီးဒေါ်ရဲ့ အနာကျက်တာ ခြောက်တာကတော့ အမှန်ပါပဲ ဒေါ်ဒေါ်အေးရေ ..."

"သာသနာတော်က အကျိုးပေးတယ်နော်။ စွမ်းတယ်လို့ ပြောရမလားပဲ ဒေါက်တာ..."

"အကြောင်းကြောင်းတွေ တိုက်ဆိုင်လာရင်၊ အကျိုးပေး ပိုမြန်လာတတ်တာပေါ့ ဒေါ်ဒေါ်အေး"

"အခြားအကြောင်းတွေက ဘာများလဲ ဒေါက်တာ"

"ဆေးဝါးလည်း ပါတာပေါ့ ဒေါ်ဒေါ်အေး"



"ဘာဆေးမျိုးပါလိမ့် ဒေါက်တာရယ်"

"ပြောပြရရင် ဒေါ်ဒေါ်အေး ယုံနိုင်စရာ မရှိလှဘူး။ ဆေးမြီးတိုပါပဲ"

"ဟုတ်လား ... ဒေါက်တာ။ တော်တော်စွမ်းတယ်လို့ ပြောရမှာ။ ဘာဆေးလဲ ဒေါက်တာ"

"ပအိုဝ့်ဆေးပင်ငယ် တစ်မျိုးပေါ့။ အပင်ခြောက်ကို ကြည့်ရတာ တစ်ထွာတစ်ညိုရယ်ပါ။ မြေပေါ်မှာ ကပ်ပေါက်တဲ့ ပေါင်းပင်ငယ်မျိုးလို့ မှန်းဆသိနိုင်တယ်။ မြင်းခွါရွက်ကို သိတယ်မဟုတ်လား။ ကျွန်တော်တို့ ရှမ်းပြည်နယ်တောင်ပိုင်းက မြင်းခွါမြစ်ကို ပြုတ်ထောင်းသုပ်စားပါရောလား။ ဂျုံးမြစ်လို အမြစ်ထွားထွားမျိုးလေ။ အဲဒီလို ဆင်ဆင်တူတယ်။ အဲဒီမြင်းခွါမြစ်မျိုးလည်း မဟုတ်ပြန်ဘူး။ အမြစ်ကို နည်းနည်းကိုက်ကြည့် ဝါးကြည့်ရင် အရသာ ခါးသက်သက်ရယ်ပါ"

"အရသာခါးရင် တစ်နည်းနည်းတော့ ဆေးဖက်ဝင်တာ သေချာသလောက်ပဲတဲ့ ဒေါက်တာ ...။ ဘယ်က ရပါလိမ့်"

"ပွဲတွေ့ ပျောက်ကင်းဖူးတဲ့ အဒေါ်ကြီးတစ်ယောက်က နတ်လမ်းညွှန်လိုက်တာပါ။ အဲဒီအဒေါ်ကြီးခမျာမှာလည်း သားအိမ်နာကို ခွဲစိတ်ခံပြီးတဲ့နောက်၊ အနာမကျက်နိုင်လို့ လချီကြာပါတယ်တဲ့။ သူ့ကို ခွဲစိတ်ပေးတဲ့ မအိုကို့ သားဖွားမီးယပ်အထူးကုဆရာဝန်မကြီးကတောင် 'အဒေါ်မှာ ငွေကုန်တာ များလှပြီ။ ကျွန်မမှာလည်း မျက်နှာပူလှပြီ။ အားနာလွန်းလှပြီ။ လက်မြှောက်ပါပြီ။ မြန်မာတိုင်းရင်းဆေးနဲ့ တစ်လှည့် စမ်းကုသကြည့်ပါလား'လို့ ပြောရတဲ့ အထိပါပဲတဲ့။ အဲဒါနဲ့၊ ဒီပအိုဝ့်ဆေးမြစ်ကို သုံးကြည့်ရင်းက အဆင်ပြေ အနာကျက်သွားခဲ့တာတဲ့။ စောစောတုန်းက ဆိုရင် ကင်ဆာများလားလို့ စိတ်ညစ်ပြီး အိပ်မပျော် စားမဝင်အောင်ကို စိတ်ဆင်းရဲခဲ့ရတယ်ဆိုပဲ ဒေါ်ဒေါ်အေး"

"ဖြစ်နိုင်တာပေါ့ ဒေါက်တာရယ် ...။ လူဆိုတာ ဘယ်သေချင်ပါ့မလဲ၊ ရောဂါကြီးကြီးကျယ်ကျယ်၊ သေလောက်မယ့် ဝေဒနာဆိုးမျိုးကိုလည်း ဘယ်ခံစားချင်ပါ့မလဲရှင်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်နဲ့ အဲဒီနတ်လမ်းညွှန်အဒေါ်ကြီး စကားစပ်မိကြပြီး သီလရှင်ဆရာကြီး ဒေါ်ရီအတွက် ဆေးကို မှာပေးလိုက်တယ်။ ဆေးပင် နာမည်လည်း မသိရ ဟုတ်–မဟုတ်လည်း မသေချာ၊ သူများအပြောနဲ့ လှမ်းပြီး မှာပေးရတာ၊ ကဲ့ရဲ့ချင်စရာကြီးနော်။ ဆေးအခြောက် ကျပ်နှစ်ဆယ်သားသာသာလေးကို ငွေကျပ်နှစ်သောင်းခွဲကြီးများတောင်မှ ဆိုတော့လည်း တန်ကြေးကြီး စျေးအမြင့်သားကလား ဒေါ်ဒေါ်အေးရယ်"

"တကယ်စွမ်း တကယ်ပျောက်ရင် သောင်းမဆိုထားနဲ့ဦး၊ သိန်းနဲ့လည်း တန်ပါတယ် ဒေါက်တာရယ်"

"စွမ်းတာမှာတော့ အမှန်ပါပဲ။ ဆေးကို မှာပေးရခက်တာ တစ်ခုပါပဲ။ ဆောင်းဦးပေါက်လောက်မှ ရနိုင်တာတဲ့လေ။ နွေရောက်တော့လည်း တူးမဖြစ်ပြန်ဘူးဆိုလားပဲဗျာ ..."

"ဆေးပေါင်းခတဲ့ည ဖြစ်တဲ့ တန်ဆောင်မုန်းလပြည့်ညဆို နက္ခတ်စုံထွန်းလင်းပြီး ဆေးတွေ အစွမ်းထက်တတ်တယ်တဲ့။ မယ်ဇလီဖူးသုပ်တောင် တန်ဆောင်မုန်းလပြည့်နေ့မှာ တကူးတကကို သုပ်စားကြရတယ် မဟုတ်လားနော်"

"စျေးသုံးလည်း မလွယ်နဲ့၊ ရှေးထုံးလည်း မပယ်နဲ့တဲ့ ဆိုရိုးစကားအရှိသားပဲ။ ဓလေ့ထုံးစံတွေဟာ အကြောင်းသင့်ရင် အကျိုးပေး မြန်တတ်ပါတယ်လေ။ ရှေးနှစ်ပေါင်းထောင်သောင်းအထက် ဘိုးဘွားများ အဆက်ဆက်လေ့လာတွေ့ရှိ သုံးစွဲခဲ့တဲ့ ပွဲတွေ့ကိစ္စတွေမို့ အလွယ် မပယ်ရှားသင့်ပါဘူး။ တိုင်းရင်းဆေးတွေဟာလည်း အစဉ်အဆက် ရှေးရိုးရာဓလေ့က ပေါက်ဖွားထင်ရှားလာတာလို့ ကျွန်တော် လက်ခံထားပါတယ်ဗျာ"

"ဒေါက်တာက ခေတ်ပညာတတ်ဆိုပေမယ့် အစွန်းမရောက်တာ ကောင်းတာပေါ့ရှင်။ အဒေါ်ရဲ့ မိတ်ဆွေတွေအတွက် ဆောင်ထားချင်ပါတယ်။ ဒေါက်တာ မှာပေးမလားဟင်"

"ဆောင်ရွက်ပေးဖို့ မခက်ခဲလှပါဘူး။ စောင့်ရတာတော့ စိတ်ရှည်ပါ။ ခက်တာက တိုင်းရင်းဆေးတွေဟာ သုံးခွက်တစ်ခွက်တင် အရည်နှင့်



အမှုန့်တွေချည်းမို့လို့ သောက်ရတာ မျိုရတာ သိပ်အဆင်မပြေချင်လှဘူး။ ပြီးတော့ အတိုင်းအဆကို မှန်းစမ်းရတာလည်း အခက်အခဲတစ်ခု ဖြစ်ရပြန်ရော။ အနာနဲ့ ဆေး တည့်သွားခဲ့ရင်တော့ တစ်ရက် တစ်ကြိမ်သောက်၊ နှစ်ကြိမ် သုံးကြိမ်သောက်လောက်နဲ့ ရောဂါက ယူပစ်လိုက်သလိုကို ပျောက်တယ်၊ ချက်ချင်း မပျောက်ရင်တော့ ဆေးပတ်လည်အောင် ရက်ရှည်လများ စွဲပြီး စားသင့်ရင် စားရပါသတဲ့ ဒေါ်ဒေါ်အေး"

"ရောဂါပျောက်ချင်ရင် စိတ်ရှည် ဖွဲ့ခတ်ရတော့မှာပေါ့ ဒေါက်တာရယ်။ ပြီးတော့ သိပ္ပံဆေးပညာနဲ့ လက်လှမ်းမမီတာကို ပွင့်ပွင့်လင်းလင်း ပြောတဲ့ မအိုကို တော်တယ်ရှင်"

"ဒေါ်ဒေါ်အေး မိတ်ဆွေအတွက် ပို့မယ့်ပို့ ကူးတို့ရောက်အောင်ပို့ မြေအိုးလေးပါ ကြိုတင် ဝယ်ထားပေးလိုက်ပေတော့နော်၊ ဆေးမြစ်ကို မြေအိုးနဲ့ ပြုတ်မှ ပိုပြီး ဆေးစွမ်းထက်ပါသတဲ့လေ"

• • • • • • • • • • • • • •

အခန်း ၂။

ဆေးခန်းမှ ဓမ္မမိတ်ဆွေကြီး ဒေါ်ဒေါ်အေး ပြန်သွားသောအခါ၊ ကျွန်တော့်စိတ်အစဉ်တို့သည်၊ ဟိုး ... လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ခန့်က အတိတ်ဆီသို့ ပျံ့လွင့်သွားပါတော့သည်။ တောင်ကြီးမြို့မှ မိုင်လေးဆယ်ကျော် ကွာဝေးသော တောမြို့ငယ်လေးသို့ ကျွန်တော် တာဝန်ထမ်းဆောင်ရန် ရောက်ရှိသွားခဲ့ဖူးပါသည်။ မြို့နယ်ဆေးရုံလေးသည် တောင်စောင်းလေးပြေပြေပေါ်မှာ တည်ရှိပြီး၊ အလွန်အေးချမ်းလှပါ၏။ တစ်ထပ်အဆောက်အဦလေးများချည်းသာ ဖြစ်၏။ နောင်သောအခါကျမှ သံယာ့ဆေးရုံဆောင် နှစ်ထပ်အဆောက်အဦ ဖြစ်ပေါ်လာ၏။

ဆေးရုံရှေ့ မျက်နှာစာရှိ ပန်းခြံလေးမှာ ရာသီအလိုက် ပန်းဆောင်စုံများ ဝေဝေဆာဆာ ဖူးပွင့် မွှေးကြိုင်နေတတ်မြဲ ဖြစ်ပါသည်။ မေလီတာဝန်ကျေလှသော ဗဟာဒူး၏ စေတနာမေတ္တာများကြောင့် ပေတိုင်း ချီးကျူး

www.burmeseclassic.com

www.burmeseclassic.com



ကြရ၏။ လူနာများနှင့် ဧည့်သည်များတို့၏ စိတ်ကို ကြည်နူးမှု အပြည့်အဝ ပေးဝေနေပါသည်။

ဆောင်းဦးပေါက်ရာသီသည် အလှပဆုံး ဖြစ်၏။ မိုးလေ ကင်းပြတ်ပြီ။ နှင်းရည်စိုလူးပြီ။ ခြံစည်းရိုးတစ်လျှောက်ရှိ ချယ်ရီပင်ပျို ပင်အိုတို့လည်း ရွက်ဟောင်းညှာကြွေကြပေတော့မည်။ ဆောင်းလယ် ရောက်လျှင်တော့ ညောင်းရွက်ညှာကြွေကုန်ပြီမို့ အရိုးပြိုင်းပြိုင်းထပြီ၊ မကြာမီ ဖူးစို့ ပြူထွက်လာကြမည်။ ပြီးတော့ ချယ်ရီပန်းတွေ ပင်လုံးကျွတ် ဝေဝေမြိုင်မြိုင်ကြီး ရင်းဖျားမလွတ် ပွင့်ကြပေတော့မည်။

ဆောင်းဦးဝင်စမှာတော့၊ ပဲပန်းတွေ အတန်းလိုက် စိုက်ထားသည်ကို နှယ်တက်နိုင်စေရန်၊ ဝါးခြမ်းပြားများ ရာဇမတ်ကွက် ရက်ပြီး ထောင်ထားပေးလေ့ ရှိ၏။ အညွန့်စိမ်းစိမ်းသန်သန်လေးတွေ တလူလူ နှယ်တက်နေကြသည်ကိုက အားရှိစရာ ကောင်းလှ၏။ မျက်စိလည်း အေးမြစေသလို၊ လူနာတွေ၏ စိတ်ဓာတ်ကိုလည်း ရှင်သန်လန်းဆန်း စေလှပါသည်။ ပန်းများ ဖူးပွင့်လာချိန်တွင် ရောင်စုံလှပပြီး လေသင့်ရာ မွှေးပျံ့သင်းကြိုင်နေတော့၏။

အဖြူသန့်သန့်နှင့် လိမ္မော်နီသန့်သန့်တို့က တစ်သွေးတစ်ရောင်တည်းသော အရောင်စိုစိုအလှဖြင့် ဖမ်းစားညို့ယူတတ်ကြသလို အဖြူခံဝတ်လွှာကြီး အထက်က ကြက်သွေးရောင်ရင့်ရင့် ဝတ်လွှာငယ်လေး ဆင့်လို့က တစ်မျိုး။ ပန်းသွေးခံ ဝတ်လွှာကြီးအထက်မှာ အဖြူရောင် ဝတ်လွှာငယ် ဆင့်လို့ကတစ်သွယ်၊ အဖြူခံ ဝတ်လွှာကြီးအထက်မှာ အနီရောင် ဝတ်လွှာငယ် ဆင့်လို့က တစ်သွေး။ အဆင်ကွဲလေးတွေ အမျိုးမျိုး အမြင်မရိုးရလေအောင် လှပမြူးကြနေတော့၏။ ထို့ပြင် လေသွေးယူရာ ရနံ့ချိုအေးအေးလေးကလည်း ရှူရှိုက်ရသူ ရင်ကို အေးမြလန်းဆန်းစေပါသေးသည်။

ဤသို့ ပဲပန်းအတန်းများ အလှချင်း ပြိုင်နေသည့် ဆောင်းဦးအလွန် ဆောင်းလယ် မရောက်တရောက် အချိန်မှာ ဒေါ်ရီတစ်ယောက် ခွဲစိတ်ခန်း ဝင်ခဲ့ရပါရောလား။ ဒေါ်ရီသည် တစ်ကိုယ်တည်း အပျိုကြီး ဖြစ်၏။ အစ်ကိုကြီးနှင့် အတူနေ၏။ အောင်ပန်းဈေး၊ တီကျစ်ဈေး၊ ပင်လောင်း



ဈေး၊ ဟဲဟိုးဈေး စသည်အားဖြင့် ရှမ်းပြည်နယ်ဓလေ့ ငါးရက်တစ်ဈေး ဖြစ်သော ဈေးနေ့များသို့ ဈေးပတ်ဘတ်စ်ကားကြီး စီးကာ အထည်ရောင်း ထွက်ပြီး ဝမ်းကျောင်းရပါသည်။ ပင်ပန်းလှသော်လည်း ဝင်ငွေလည်း ဖြူစင်၊ စိတ်လည်းသန့်မို့ ပျော်မွေ့ပါ၏။

ငယ်စဉ်ကတည်းကပင် တရားဓမ္မ လိုက်စားခဲ့ကြပြီး သမ္မာအာဇီဝ ဖြင့်သာ၊ မောင်နှမ နှစ်ဦးသား တက်ညီလက်ညီ ကြိုးစားရှာဖွေခဲ့ကြ၊ လှူဒါန်း ခဲ့ကြ၏။ အစ်ကိုကြီး ဦးတိုးမောင်ကလည်း တရားဓမ္မသမားပေမို့ လောဘမကြီးပါ။ မှုစုပဲစု ရှာဖွေကြရသောကြောင့် ဒေါ်ရီထက် ဦးတိုးမောင် က ပိုမို စနစ်ဖယားကြီးပြီး ကပ်စေးနဲ့တတ်လှ၏။ သဘောသကန်ကောင်းသော သူတော်ကောင်း ဖြစ်သော်လည်း စေ့စပ်သေချာလွန်း၏။ ထို့ကြောင့် မကြာမြင့်မီမှာ ကုန်သည်ပေါက်စလေး ဖြစ်လာပါ၏။ ကြီးပွါး တိုးတက် ချမ်းသာလာ၏။ အသက်ငယ်ငယ် ချောချောလှလှ မနှင်းမြနှင့် အိမ်ထောင်ကျ၏။ သားသမီးတွေ ပွါးစီးလာတော့၏။

အစ်ကိုကြီး ဦးတိုးမောင်သည် နှမဒေါ်ရီကို ဈေးပတ် မလိုက်စေတော့ပါ။ ဈေးရောင်းလည်း မထွက်စေတော့ပါ။ တူတွေ တူမတွေကို ထိန်းသိမ်း စောင့်ရှောက်ပေးရပါသည်။ ချက်ပြုတ်ကျွေးမွေးပြုစုရ၏။ နှမကောင်းစားလျှင် အစ်ကို အိမ်ဦးခန်းဟု အဆိုရှိပါ၏။ ထို့အတူ အစ်ကို ကောင်းစားလျှင် နှမမိုးမိုးချောင် ဆိုရိုးကလည်း မှန်လှချေ၏။ ရှေးဆိုရိုး စကားတို့သည်ကား လွဲမှားရိုးထုံးစံ မရှိပါတကား။ စိတ်ကောင်းရှိသော ဒေါ်ရီမှာတော့ တူ တူမများ တပည့်များ တစ်အုပ်တစ်မကြီးနှင့် မောပန်းရမှန်း မသိရှာပါပေ။ ကလေးတွေ ကလည်း 'ရီရီ... ရီရီ...' နှင့် အချွဲကောင်းကြသည်ကို။ ဒေါ်လေးရီကို ချစ်စနိုး ခေါ်ကြခြင်းရယ်ပါ။

အစ်ကိုကြီးကို ဖခင်သဖွယ် အရိပ်တကြည့်ကြည့် အားကိုးကြီးစွာ နေထိုင်လာခဲ့ရာ၊ နှလုံးရောဂါဖြင့် အစ်ကိုကြီးက ရုတ်တရက် ကွယ်လွန် သွားခဲ့လေ၏။ ယောက်မ မနှင်းမြနှင့်အတူတူ ဥမကွဲသိုက်မပျက် အသက်ဆက် နေထိုင်လာခဲ့ကြသည်။ တူ တူမအားလုံး ၆–ယောက်ရှိရာ သူတို့ ဒေါ်လေးရီကို နှုတ်ဖျားက မချ၊ ချစ်ခင်တွယ်တာလွန်းကြပါသည်။ ယောက်မ

www.burmeseclassic.com

www.burmeseclassic.com



မနှင်းမြကလည်း အသက်ပိုကြီးသော ဒေါ်ရီကို အစ်မကြီး အရာထားကာ လေးစားစွာ နေရာပေးရှာပါ၏။ သို့သော် ...။

ထိုသို့သော်ကား အခြားမဟုတ်ပါ။ ကံဆိုးချင်တော့ ဒေါ်ရီ တစ်ယောက် သွားအိမ်မှာ အနာလုံး ရှိနေပါသတဲ့။ အမြန်ခွဲစိတ် ထုတ်ပစ်လိုက်ပါမှ ရေရှည်စိတ်အေးရပါမည်ဆိုတော့လည်း ကြောက်ကြောက်နှင့်ပင် ခွဲခန်းဝင်ဖို့ လက်ခံလိုက်ရပါတော့၏။ သတ္တဝါတစ်ခု ကံတစ်ခု ရာနာတော်မြတ်သုံးပါး ဂုဏ်ကျေးဇူး၊ အနန္တော အနန္တငါးပါး ဂုဏ်ကျေးဇူးတို့ကို အောက်မေ့ရင်း၊ အားကိုးရင်း၊ တန်ဆောင်တိုင်ပွဲတော်ကြီးပြီးစ အလွန်ချမ်းအေးလှသော ဆောင်းတစ်ရက်မှာ ခွဲစိတ်ခံခဲ့ရပါတော့သည်။

ခွဲစိတ်ဆရာဝန်မှာ ဆေးရုံအုပ်ကြီးဖြစ်လျက်၊ မြို့နယ်ဆရာဝန် တာဝန်ကိုပါ ပူးတွဲထမ်းဆောင်နေရသူ ဖြစ်၏။ ခွဲစိတ်ခဲ့သမျှ အောင်မြင်သည်ချည်းမို့ ရပ်ဝေးရပ်နီးများက လာရောက်ခွဲစိတ်ကြပါသည်။ ယခုလည်း ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့မှ မိုင်ပေါင်း ၆၀-နီးပါး ကွာဝေးသော မြို့တစ်မြို့သို့ ပြောင်းရွှေ့မိန့် ကျလာခဲ့ပြီးမို့၊ ဒေါ်ရီတစ်ယောက် ခွဲစိတ်ဖို့ အမြန်ဆုံး ပြင်ဆင်စီစဉ်လိုက်ရခြင်း ဖြစ်ပါသည်။

ဆရာဝန်ကြီးမှာ၊ ပြောင်းခါနီးမှ ခွဲစိတ်ရမည့် လူနာတွေ တန်းစီစောင့်နေကြသဖြင့် တစ်နေ့တည်း ငါးဦး ခြောက်ဦး ရှစ်ဦးအထိပင် ခွဲစိတ်မှု အကြီးအသေးပေါ် မူတည်၍ မနားတမ်း တရစပ် ခွဲစိတ်ပေးနေ ရပါသည်။ ခွဲစိတ်ပေးသမျှ အောင်မြင်ပျောက်ကင်းကြ၍လည်း ဤမျှ အထိ အားကိုးကြခြင်း ဖြစ်၏။ တောင်ကြီးမြို့နှင့် မိုင် ၄၀-ကျော်ကျော် သာ ကွာဝေးရာ အားမကိုးထိုက်သည့် ဆရာဝန်ကြီး ဆိုပါလျှင်၊ ဤမြို့ငယ်လေးမှာ ဘယ်အခွဲစိတ် ခံယူကြပါမည်နည်း။ အမြန်ဆုံး တောင်ကြီးမြို့သို့ တက်ခွဲစိတ်ကြမည့်သူတွေသာ များပါလိမ့်မည်။ ဖြစ်ချင်တော့ ဒေါ်ရီကျမှ တယ်ပြီး အဆင်မပြေချင်ပါတဲ့။ ကံခေသူဟု ဆိုရပါမည်လား မသိတတ်တော့ပါ။

• • • • • • • • • • • • • •



အခန်း ၃။

"ဒေါ်ရီတစ်ယောက် ခုထိ သတိမလည်လာသေးဘူးတဲ့"

"ဒေါ်ရီ ဗိုက်ကြီး ဖောင်းကားလာပါသတဲ့"

"တရားသမားမို့ မညည်းညူတာ၊ ဒေါ်ရီ အခြေအနေ ဆိုးပါသတဲ့"

"ဒေါ်ရီ ဝမ်းဗိုက်ကြီး ဖောင်းလာတာ ဗိုက်ကြီးသည် ကျနေတာပဲတဲ့"

"ဒေါ်ရီတစ်ယောက်တော့ အပျက်အပျက်နဲ့ နှာခေါင်းသွေးထွက်ကိန်း ဆိုက်တော့မှာလား မသိဘူး။ သနားစရာကြီးပါအေရယ်တဲ့"

"ခွဲစိတ်မှုကတော့ အောင်မြင်ပါတယ်။ ဒါပေမယ့် ပစ်လိုက်ရတော့မှာ လားတဲ့"

ဤသို့သော စကားတင်းဆိုမှု၊ ဝေဖန်မှုအမျိုးမျိုးတို့ကို ကျွန်တော်တို့ နားနှင့် မဆံ့အောင် နေ့စဉ် ကြားသိနေကြရ၏။ မြို့လေးက ငယ်ငယ်၊ သတင်းစကားက ပျံ့နှံ့လွယ်၊ လူတို့သဘာဝကလည်း တစ်ဆိတ်ကို တစ်အိတ် ချဲ့ကားပြောတတ်ကြသည် မဟုတ်ပါလား။ ကျွန်တော် တာဝန်ကျရာ ပြင်ပလူနာဌာနနှင့် အမျိုးသမီးဆောင်ကလည်း နီးကပ်နေ၍ မမြင်ချင်အဆုံး မမြင်ချင်အဆုံး ... တစ်နေ့တစ်ခေါက်တော့ လူနာမေးရောက်တတ်ပါသည်။

အစပိုင်းတုန်းက ကျွန်တော်လည်း ခပ်ပေါ့ပေါ့ပင်။ အချိန်တန်တော့ ကောင်းသွားမှာပေါ့ဟု တွေးထားခဲ့၏။ ငါးရက်ခန့်ဆိုလျှင် အခြေအနေ ကောင်းသော လူနာများ နာလန်ထပြီ။ အလွန်အကျွံ ခုနစ်ရက်ဆိုလျှင် ချုပ်ရိုးဖြည်ကြပြီ။ ချုပ်ရိုးဖြည်ပြီး အနာကျက် ကောင်းပါက ဆေးရုံက 'နေပါဦး။ မဆင်းပါနဲ့ဦး'ဟု ဘယ်လိုတားတား လူနာတွေကတော့ တောင်းပန်တိုးလျှိုးပြီး အိမ်ပြန်ကြပါပြီ။ မသကာ လိုအပ်ခဲ့ပါလျှင်၊ ဆေးရုံ အပြင်လူနာဌာနရှိ ဆေးထည့်ခန်းမှာ အနာကျက် ပိုကောင်းအောင် နေ့စဉ် ဆေးလာထည့်ကြမည်ပေါ့။

အခုတော့ ဒေါ်ရီခမျာမှာ ဤသို့ မဟုတ်ခဲ့ပါပေ။ ဒေါ်ရီ၏ ဝမ်းဗိုက် တင်းတင်း ဖောင်းဖောင်း မို့မို့ကြီးကို ပေကြိုးဆွဲပြီး၊ မနက် နေ့လယ်

www.burmeseclassic.com

www.burmeseclassic.com



ညပိုင်းဟူ၍ အနည်းဆုံး တစ်နေ့ သုံးခါ တိုင်းယူနေကြရ၏။ ပေကြိုး တိုင်းလိုက်တိုင်းလည်း တစ်လက်မခန့် ပို၍ ပို၍ လာနေမြဲပါတဲ့။ ရော်... ခက်ပဲ ခက်ရချည်ရဲ့။

သို့နှင့် ကိုးရက်မြောက်နေ့မှာ ဆရာဝန်များ စည်းဝေးထိုင် တိုင်ပင် ညှိနှိုင်းကြရ၏။ ပြန်ခွဲစိတ်သင့်သည်ဟု ဆုံးဖြတ်ကြ၏။ ၁၀–ရက်မြောက် နေ့မှာ ခွဲစိတ်ဖို့ ပြင်ဆင်ကြပါပြီ။ သွေးသွင်းဖို့ သွေးလှူရှင်များထံမှ သွေးဖောက်ယူ၊ ဆေးဝါးနှင့် အထူးစပါယ်ရှယ်ခန်း ပြင်ဆင်ကြရ၏။ ဆယ်ရက် ကြာပြီဆိုတော့၊ လူနာမှာလည်း ယဲ့ယဲ့မျှသာ ရှိတော့၏။ ၁၁– ရက်မြောက်နေ့၌ ခွဲခန်း ထပ်ဝင်ရ၏။ ခွဲစိတ်အဖွဲ့တို့ နေ့လယ်စာထမင်း ပေါ်သည်အထိ သဲကြီးမဲကြီး ချွေးဒီးဒီးယိုကျသည်ထိ ကြိုးစားပမ်းစား ခွဲစိတ်ကြရပြန်ပါသည်။

ကံကောင်းထောက်မ၍ ခွဲခန်းတွင်း၌ အသက်မကုန်ရုံတစ်မည် ရှိတော့ သည်။ ခွဲခန်းမဝင်မီ ယဲ့ယဲ့လေးသာ ရှိတော့သော ဒေါ်ရီ၊ နှလုံးခုန်နေ သေး၍သာ အသက်ရှိနေသေးကြောင်း သိနိုင်ခြင်းပင် ဖြစ်၏။ အသက် မှူးမှူးရှူနေ၍သာ မသေသေးကြောင်း မှတ်ချက်ပြုနိုင်၏။ တကယ်တော့ မေ့မြောသွားတော့မည့် အခြေအနေသို့ ဆိုက်ရောက်နေ ချေပြီကော။

ကျွန်တော်သည် ညနေစာ ထမင်းစားပြီးတိုင်း တစ်မိုင်ခွဲ နှစ်မိုင်ခန့် လမ်းလျှောက်မြဲပါ။ ခြေလှမ်းပုံမှန်ဖြင့် နာရီဝက်ကျော်ကျော် အချိန်ယူ လမ်းလျှောက်ခြင်းမို့ အစာကြေညက်စေရုံသာ ဖြစ်၏။ ထိုနေ့တုန်းက လူနာဒေါ်ရီကို လူနာမေး သွားလို၍ လမ်းမလျှောက်ဖြစ်တော့ပါ။ ညနေ စောင်း ငါးနာရီကျော်ကျော်မှာ ညနေစာ အမြန်စားပြီး ဆေးရုံဝင်းသို့ ဦးတည်လိုက်၏။ ဆောင်းတွင်း နေ့တာတိုချိန်မို့ ညနေခင်းပိုင်း ငါးနာရီခွဲ မှာပင်လျှင် မိုးချုပ်ချင်နေပြီ။ နေရောင် မှေးမှိန်သွားပြီ။ နွားရိုင်း သွင်းချိန် တောင် ရောက်လုနီးနေပြီ။ မကြာမြင့်မီမှာ မိုးစုံးစုံးချုပ်လေတော့မည်။

အမျိုးသမီးဆောင်ရှေ့ရောက်တော့ များပြားလိုက်သည့် လူနာမေး ဧည့်သည်တွေကို တွေ့ရ၏။ ဩော် – ဒေါ်ရီကို ချစ်ကြ ခင်ကြသည့်



မိတ်ဆွေတွေ၊ ရပ်ဆွေရပ်မျိုးတွေ၊ အနီးအဝေးမှ ရောက်လာကြပြီ၊ ဆွေမျိုး ရင်းချာတွေရော၊ ဆွေမျိုးနီးစပ်တွေရော ဖြစ်ကြပါသည်။ အဆောင်ရှေ့ရှိ ပန်းခြံ၏ စည်းရိုးနံဘေးမှာ ဆောင့်ကြောင့်ထိုင် လက်မှိုင်ချနေကြသူတွေ အများကြီးပါ။

ဆောင်းအအေးဓာတ်ကို မျက်နှာသုတ်ပဝါကြီး ခေါင်းပေါင်း၊ ဘာဘူ စောင် အစင်းကျားကြီး ခြုံ၊ နှုတ်ဆိတ်သူက ဆိတ်၊ တီးတိုးပြောသူက ပြော၊ စိတ်မသက်မသာစရာမြင်ကွင်းရယ်ပါ။ လူနာ အသက်ပြတ်မည့် အချိန်ကို စောင့်စားနေကြဟန် တူပါသည်။ လူပေါင်း အစိတ် သုံးဆယ်ထက် မနည်းဟု ခန့်မှန်းမိလိုက်ပါ၏။

ပိတ်ခန်းဆီးဖြူဖြူကို လှပ်၍ လူနာခန်းတွင်းသို့ ခြေတစ်လှမ်း ဝင်လိုက် သည်နှင့် အသက်ရှူရ ကျပ်သွားခဲ့ရ၏။ ဤအခြေအနေမျိုးနှင့် လူနာ မည်သို့ အသက်ရှူနိုင်ပါမည်နည်း။ ၄၀–ဝပ် ဖန်သီးလေး မီကျင်ကျင် အလင်းရောင်အောက်ဝယ်၊ လူနာစောင့် ဆယ်ဦးထက်မနည်း ရှိနေကြ၏။ ဆောင်းတွင်း ပြင်းထန်သည့် အအေးဒဏ်ကို ကာကွယ်နိုင်ရန် မီးသွေး မီးဖိုပတ်လည်၌ ဧည့်သည်အချို့တို့ မီးပိုင်းလှုံနေကြ၏။ အခန်း၏ အကျယ် အဝန်းမှာ လူနာခုတင်ကို ဝကွက်ချန်ထားလိုက်သော်၊ အစောင့် သုံးဦးခန့် သာ နေသင့်သော အကျယ်အဝန်းသာ ကျန်နိုင်ပါသည်။

ခင်မင်ရင်းစွဲကလည်း ရှိပြီးသားမို့ "မနှင်းမြတို့ အိပ်စောင့်ကြမယ်ဆိုရင် သုံးယောက်ပဲ အခန်းထဲမှာ နေပါ။ ကျန်တဲ့သူအားလုံး အခန်းအပြင်ဘက် ထွက်ပေးကြပါ။ မီးသွေးမီးဖိုကိုလည်း အခန်းအပြင် ထုတ်ပေးပါ။ လေကောင်းလေသန့် ပိုပိုလျှံလျှံ ရဖို့ လိုအပ်ပါတယ်" ဟူ၍ အကြံပြု သယောင် အမိန့်ပေးလိုက်ရပါသည်။ ကျွန်တော့်စကားကို နားထောင်ကြ၍ တော်သေး၏။ မဟုတ်လျှင် အရှက်အိုးကြီး ကွဲရချေရဲ့။ လူနာအနီးသို့ တိုးကပ်သွားပြီး ...

"ဒေါ်ရီ နေသာရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



ဟု အာလုပ်ပြု နှုတ်ဆက်လိုက်၏။ မျက်လုံးမှေးမှေး ဖွင့်ကြည့်ပြီး ကျွန်တော့်လက်ကို ဆွဲဆုပ်ကိုင်လိုက်တော့၏။ ဒေါ်ရီ၏ လက်မှာ ပူကျက်နေပါသည်။ ဒေါ်ရီက ...

"ဆရာလား"

ဟု အသံပြည်းညှင်းတိုးလျှစွာ မေး၏။ ကျွန်တော်သေချာသည်ဟု ဒေါ်ရီ သိသွားလျှင်ပင် ဤသို့ အကူအညီ တောင်းခံလာတော့၏။

"ဆရာ ဒီည ကျွန်မကို လူနာစောင့်ပေးပါနော်"

"စိတ်ချ ဒေါ်ရီ၊ ကျွန်တော် လာအိပ်စောင့်ပေးပါ့မယ်"

ကျွန်တော့် အာမခံကတိပြုချက်ကို ရလျှင်ရချင်း၊ ဒေါ်ရီတစ်ယောက် မှာဖြင့် သတိလစ် မေ့မြောသွားပါတော့သည်။ ရော် ... ခက်ပြီ။

• • • • • • • • • • • • • •

**အခန်း ၄။**

မေ့မိတ်ခွေ ဒေါ်ရီခမျာ၊ ကျွန်တော့်ကို အားကိုးကြီးစွာဖြင့် ညစောင့် အိပ်ပေးဖို့ မေတ္တာရပ်ခံလာစဉ်တုန်းက လူနာ စိတ်ချမ်းသာပါစေတော့ ဟူ၍ စိတ်ချပါရန် ရှန်းရှန်းဝေအောင် အာမခံကတိကဝတ်ပြုလိုက်မိပါသည်။ အမှန်တကယ် စောင့်အိပ်ပေးဖို့ကို အလေးအနက် မထားခဲ့မိပါ။ ယခုလို မေ့မြောသွားသည့် အခြေအနေကို မြင်တွေ့ရသော အခါဝယ်၊ စောင့်မအိပ်၍ မဖြစ်ချေတော့ဟု နားလည်လိုက်ရပါ၏။ မနှင်းမြကိုယ်၌ကလည်း အားကိုး တကြီး အကူအညီ တောင်းခံရှာ၏။ ထိုခေတ် ထိုအခါတုန်းက စပါယ်ရှယ် နပ်စ်ဆိုသော နေ့စောင့်ညစောင့် အထူးသူနာပြုဆရာမ ခေတ်မရှိသေးပါ။ ငွေရှိတိုင်း ငှားရမ်း၍ မရနိုင်ပါ။

ထို့ကြောင့် ဒေါ်ရီကို ညစောင့်အိပ်ပေးဖို့ ကျွန်တော် ယတိပြတ် ဆုံးဖြတ်ရပါတော့၏။ စောင့်အိပ်ပေးမည်ဆိုလျှင် အနေ့းထည် ပြန်ယူ ရပေလိမ့်မည်။ ပန်းခြံဝန်းကျင်၌ အခြေအနေ စောင့်ကြည့်နေကြသူ လူနာမေးများအားလည်း "စိတ်မပူကြရန်၊ အိမ်ပြန်ကြရန်နှင့် လောလော



ဆယ် မဖြစ်ပျက်နိုင်သေးပါ၊ စိတ်ချကြပါ"ဟု မဟုတ်သော်ရှိ ဟုတ်သော် ရှိ အာမခံချက်ကို ရဲရဲပေးလိုက်ရ၏။ ကျွန်တော့်ကို ယုံကြည်၍လား မပြောတတ်ပါ။ အားလုံး ထပြန်ကုန်တော့၏။ လူနာခန်းစောင့်သုံးဦးသာ ကျန်ရှိပါတော့သည်။ ကျွန်တော့်ပါးစပ်နိမိတ်ကလည်း မှန်ကန်သွားခဲ့ကြောင်း နောင်သောအခါမှာမှ သိရှိရပါတော့သည်။ အတိတ်နိမိတ်တို့ကို စာဖတ်သူ တို့ ယုံကြည်ပါသလား။

ကျွန်တော်သည် ငှားနေသော အိမ်သို့ ပြန်၊ ဂျာကင်အင်္ကျီထူ ယူ၊ ပရိတ်ကြီး ၁၁-သုတ် စာအုပ်၊ စိပ်ပုတီးနှင့် ဖတ်စရာ ဆေးကျမ်းစာအုပ် တစ်အုပ်တို့ကို ယူကာ၊ ဆေးရုံသို့ တစ်ကျော့ ထွက်ခွါရန် ပြင်ဆင်နေစဉ်၊ အိမ်ရှင် ဒေါ်ဒေါ်ခင်က ဒေါ်ရီသတင်း လာမေး၏။ အကျိုးအကြောင်း ပြောပြပြီး ကျွန်တော် ညစောင့်အိပ်ပေးမည်မို့ သည်ည အိမ်ပြန်မအိပ် ဖြစ်တော့ကြောင်း၊ ကျွန်တော့်ကို စောင့်မျှော်မနေတော့ဘဲ စိတ်ချလက်ချ တံခါးပိတ် အိပ်နှင့်စေလိုကြောင်းတို့ကို အသိပေးရ၏။ အိမ်ရှင် ဒေါ်ဒေါ်ခင် ကလည်း ဘုရားတရား မမေ့ရန်နှင့် စည်းချအိပ်ရန်တို့ကို မှာကြားလိုက်ပါ သေးသည်။

ထိုစဉ်တုန်းက စည်းချခြင်းကို ကျွန်တော် ကြားဖူးနားဝသာ ရှိသေး၏။ အမှန်အတိုင်း၊ မရှက်တမ်း ဝန်ခံရပါလျှင် စည်းဘယ်လို ချရမည်ကို ကျွန်တော် မသိရှိခဲ့ရိုး အမှန်ပါ။ ထို့ကြောင့် စည်းချပြီး မအိပ်ဘဲ နေပါဟု ပြောပြော၊ စည်းချပြီးမှ အိပ်ဟုပဲ ပြောပြော၊ ကျွန်တော်ကတော့ဖြင့် စည်းချရကောင်းမှန်းကို မသိရိုးအမှန်ပါ။ ဤအခြေအနေမျိုးကြောင့်လည်း ရှေ့တွင် ဆက်လက်ပြီး ဖော်ပြမည့် ထူးအတွေ့အကြုံဆန်းကို ရေးပြနိုင်ခြင်း ဖြစ်ပါတော့သည်။

ဒေါ်ရီအား ဂလူးကိုစ်ပုလင်းကြီးတစ်လုံး ချိတ်ဆွဲကာ အစက်ချ သွင်းပေးထားပါသည်။ ထောက်တိုင်သီးခြားဖြင့် လူနာ၏ ညာဘက်မှာ ချိတ်ဆွဲထား၏။ ကျွန်တော် ရောက်သည်နှင့် ညစောင့်အိပ်ပေးမည့် သုံးဦးတို့လည်း စိတ်ချလွန်းစွာဖြင့် အိပ်ပြီး စောင့်ကြပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကမှ ဟောက်များတောင် နေလို့ပါပဲ။ သနားမိပါသည်။ အထူးသဖြင့် သူနာပြုဆရာမ စပါယ်ရှယ်နပ်စ် ဆိုတာမျိုးလည်း ထိုစဉ် ထိုခေတ်တုန်းက မပေါ်ပေါက်သေးတော့ လူနာကို လူနာရှင်တို့ကပဲ အလှည့်ကျ ပြုစု စောင့်ရှောက်ကြရ၏။ ဆယ်ညတောင် ကျော်လွန်ခဲ့ပြီးပြီမို့ သူတို့ခမျာ ဘယ်လိုပဲ အလှည့်ကျဟုဆိုဆို၊ အိပ်ပျက်စားပျက်ကြတာတော့ ကြာခဲ့ပြီပဲ၊ အိပ်ကြပါစေလေ။

ကျွန်တော် ပရိတ်ရွတ်ဖတ် ပူဇော်၏။ ဂလူးကို့စ်ပုလင်း ကုန်ခါနီးတော့ ဂရုတစိုက် စောင့်ကြည့်ပြီး၊ နောက်ထပ် အသစ်တစ်လုံး ပြောင်းလဲ ချိတ်ပေးလိုက်၏။ နာရီဝက်တစ်ကြိမ် အဖျားတိုင်းပေး၏။ ဤတွင် အဖျား တရိပ်ရိပ် တက်လာနေသည်ကို တွေ့ရ၏။ ၁၀၃-ဖယ်ရင်ဟိုက် ကျော် လာတော့ စိတ်ပူလာ၏။ အထူးသတိထားမိသည်မှာ အရည်အဝင်သာ ရှိ၏။ ဆီးတစ်စက်မှ အထွက်မရှိနေခြင်းပါ။ ဆီးချုပ်နေလျှင် လူနာ ဘယ်ခံနိုင်မည်နည်း။ အသိဆရာမ တစ်ဦးဦးကို အကူအညီ တောင်းခံရန် လိုအပ်လာပေပြီ။

သူငယ်ချင်း ကိုမောင်မြင့်ဖနီး ထဘီပြာဆရာမ မမြိုင်ကို သတိရ လိုက်၏။ ကံအားလျော်စွာ အဆောင်ချင်း ကပ်လျက် ကလေးဆောင်၌ ညတာဝန် ကျနေ၏။ မိသားစုစိတ်ဓာတ်ဖြင့် မမြိုင် ကူညီဆီးချူပေး၏။ အဖန်ရည်ကျကျလို ညိုရင့်ရင့်ဆီးတွေ အများကြီး ထွက်ကျလာပါသည်။ ထို့နောက် အဖျားလည်း တဖြည်းဖြည်း ကျဆင်းလာတော့၏။ ၁၀၁ ဖယ်ရင်ဟိုက်ဆိုတော့ သိပ်စိတ်မပူရတော့ပါ။ စိပ်ပုတီးကိုးပတ် စိပ်လိုက်၏။ စိတ်တည်ငြိမ်လာပါပြီ။ ပရိတ်ကြီး ၁၁-သုတ် ပူဇော်လိုက်၏။ အမျှအတန်း ဝေ မေတ္တာပို့၏။ ပြီးတော့ ဆေးကျမ်းစာအုပ်ကို ဖွင့်ဖတ်နေလိုက်ပါသည်။

အချိန်အားဖြင့် ည ၁၁-နာရီခွဲခန့် ရှိလာပြီ။ သာမန်အားဖြင့် ကျွန်တော်သည် အအိပ်အစက် နည်းပါး၏။ မမေးမမိုတ်ဘဲ နေနိုင်စွမ်း၏။ ညလုံးပေါက်အလင်း လူနာ ထိုင်စောင့်နိုင်၏။ ထိုညက ၁၂-နာရီနား လည်း နီးကပ်လာရော၊ မျက်လုံးအစုံကို ဖွင့်လို့ မရချင်လောက်အောင်



အိပ်ငိုက်လာ၏။ တသမ်းသမ်းတဝေဝေ ရှိလွန်းလှ၍ မိမိကိုယ်မိမိ အလွန် အံ့သြမိနေ၏။ မျက်ခွံကို ဘယ်လိုပင် ပင့်တင်,ပင့်တင်၊ ပြန်ကျကျ လာတော့၏။ ၁၂-နာရီထိုးတာကို မသိလိုက်တော့ပါ။ ငိုက်ခနဲ မှေးသွား လိုက်သည်နှင့် ကျွန်တော် ထိုင်နေသော ပက်လက်ကုလားထိုင်ဘေးမှ ရေခဲတုံးလို အေးအေးကြီး ဖြတ်သန်းသွားတာ သိလိုက်ရ၏။

နိုးသည်လည်းမဟုတ်၊ အိပ်မက်လည်း မဟုတ်ဘဲနှင့်၊ အသိအာရုံ ထဲဝယ် မည်းမည်းကြီးကို ရိပ်ခနဲ မြင်လည်းမြင်၊ လူလည်း လုံးဝနိုးကြား သတိဝင်လာ၏။ လူနာအား ချက်ချင်း လှည့်ကြည့်လိုက်သောအခါ၊ ငြိမ်သက်အိပ်မောကျနေသော လူနာက မလှုပ်မယှက်ဘဲ ပကတိ အငြိမ်သား လျက်နှင့်၊ ဂလူးကို့စ်ပုလင်း ချိတ်ဆွဲထားသည့် ထောက်တိုင်ကြီးက လှုပ်ရမ်းနေ၏။ တစ်စုံတစ်ဦးက သေကြောင်းကြံစည်သည့် အနေအားဖြင့် မတရား တစ်အား ဆွဲရမ်းလိုက်သည်နှင့် တူလွန်းလှ၏။ ဘုရား ... ဘုရား။ ကံကြီးပေလို့ပေါ့။ မကောင်းဆိုးဝါး၏ လုပ်ကြံမှု မအောင်မြင်လိုက်ရပါ။ ဤသို့သော ကိစ္စရပ်များ ဖြစ်နိုင်ခြေကို ဒေါ်ရီ ကြိုသိနေ၍များ ကျွန်တော့်အား အကူအညီတောင်းခံခြင်းများပေလား။ သူကိုယ်တိုင်က သာသနာတော်ကို ကြည်ညိုလွန်းသူ ဖြစ်၍လည်း ပြီးခဲ့သည့် ဆယ်ညအတွင်း ထူးခြားဖြစ်စဉ် များ တွေ့ရှိခဲ့လေသလား။

• • • • • • • • • • • • • •

အခန်း ၅။

နောက်တစ်နေ့ မနက် ၅-နာရီကျော်တော့ ကျွန်တော် လူနာခန်း အပြင်သို့ ထွက်ကာ၊ ပန်းခြံနံဘေးမှာ ရပ်ပြီး၊ နံနက်ဦးလေပြည် ရှင်းသန့်သန့်ကို တစ်ဝကြီး ရှူလိုက်ပါသည်။ ပဲပန်းရနံ့သင်းသင်းအေးအေး မွှေးမွှေးကြောင့် လူလန်းဆန်း ကြည်လင်သွားခဲ့၏။ အရုဏ်ပင် တက်လှ တော့မည်။ ကောင်းကင်ပြင်ထက်၌ လင်းကြယ်အချို့တို့သည် ဖြိုးဖြိုး ဖြောက်ဖြောက် လင်းလက်နေကြသေး၏။ ညတုန်းက ဘာကြောင့်များ ပဲပန်းရနံ့ သင်းသင်းမွှေးမြကို မရလိုက်ပါလိမ့်။ ကောင်းကင်ထက်တာ

www.burmeseclassic.com

www.burmeseclassic.com



မိုတ်တုတ်မိုတ်တုတ် ကြယ်လေးတွေကို ဘာကြောင့်များ သတိမပြုမိပါလိမ့်နော်။ စိတ်သောကဟူသည်များက ပတ်ဝန်းကျင် လှပသာယာအေးချမ်းမှုတို့ကို ဂရုမပြုမိလိုက်ခြင်း ဖြစ်ပေလိမ့်မည် ထင်ပါသည်။

ယခုတော့ ကောင်းသော နံနက်ခင်းပါခင်ဗျား။ မိုးလုံးတောင်ဖျားထက်ဆီက ရောင်နီမှိုင်းမှိုင်းလေး တန်းလာခဲ့ပြီလေ၊ အရုဏ်ပျို့အနိုစ ပြုပြီ။ ပြီးတော့ကာ တစ်လောကလုံး လင်းရှင်းကြည်လင် လန်းဆတ်လာပေတော့မည်။ လူနာဒေါ်ရီအတွက် ကောင်းသော နိမိတ်ထူးနှင့် လာခြင်းကောင်းသော နံနက်ခင်း၊ လာခြင်းကောင်းသော ကံတရားပါတကားဟု၍ ရင်တွင်းက ကြွေးကြော်ရင်း၊ တဖြည်းဖြည်းချင်း ပိုရှိုးပို၍ လင်းသစ်လာသည့် နေ့သစ်တစ်နေ့ကို ကြိုဆိုမိလိုက်ပါသည်။ မင်္ဂလာရှိလွန်းသော နံနက်ခင်းပါပေတည်း။

လူနာ၏ အဖျားသွေးမှာ ရှိသေးသည်ဆိုရုံ ၉၉°-ဖယ်ရင်ဟိုက် စွန်းစွန်းလေးပါ။ လူနာနှင့်အတူ ညစောင့်အိပ်ကြသော အိမ်သားသုံးဦးတို့မှာလည်း တစ်ရေးမျှ မနိုးတမ်း ခေါင်းပြားအောင် အိပ်စက်နိုင်ခဲ့ကြပါသည်။ ထိုနေ့မှစ၍ လူနာဒေါ်ရီသည်လည်း တဖြည်းဖြည်း နာလန်ထလာခဲ့တော့၏။ အနာကျက်တော့ အတော်ကြီး ကြာမြင့်နေပါသေးသည်။ သက်သတ်လွတ် အစားများသူမို့ အနာကျက် ကြန့်ကြာခြင်း ဖြစ်မည်ဟု ထင်မြင်ခဲ့ပါသော်လည်း၊ ဒေါ်ရီ ကံဆိုးမှုတွေက မကုန်နိုင်သေးဟန် ရှိပါသည်။ အကြောင်းကား ခွဲစိတ်ခဲ့သည့် ဒဏ်ရာ ချုပ်ရိုးဖြည်ပြီးနောက် ပြည်တစိုစို သွေးတစိုစိုနှင့် အနာမကျက်နိုင်ခဲ့သည်မှာ ခြောက်လမက ကြာမြင့်ခဲ့၍ ဖြစ်ပါသည်။

ဆေးရုံတွင် ရက် ၂၀-ခန့် ကြာမြင့်ခဲ့၏။ ဒေါ်ရီအိမ်နှင့် ကျွန်တော်ငှားနေသော ဒေါ်ဒေါ်ခင်အိမ်တို့မှာ လမ်းမကြီးတစ်လမ်းနှင့် အိမ်ဝင်းနှစ်ဝင်းမျှသာ ကွာခြားသဖြင့် အနီးကလေး ခရီးမဝေးဟု ဆိုနိုင်၏။ အနာကိုဆေးထည့်ပေးရန် ကျွန်တော့်အား အကူအညီ တောင်းခံခဲ့ရာ မေ့မိတ်ဆွေအချင်းချင်းမို့ မေတ္တာရှိ ဆောင်ရွက်ပေးခဲ့ရ၏။



ထိုစဉ်တုန်းက ညနေ ၄-နာရီ ရုံးဆင်းချိန် ဖြစ်၏။ ကျွန်တော် ဆေးရုံမှ ပြန်လာပြီး တစ်အောင့်နားနေစဉ် ၄-နာရီခွဲခန့် ဆိုလျှင်၊ ဒေါ်ရီတစ်ယောက်အနာ ဆေးထည့်ရန် ပုံမှန် ရောက်လာတတ်မြဲပါ။ ဂရုတစိုက် ဆောင်ရွက်ပေးခဲ့ရာ ပြည်သွေးမလိုက်တော့ဘဲ သားနုံရည်ကြည်ကြည်လေးများသာ စို၏။ ထွက်၏။ အနာမှာ တော်တော်နှင့် မခြောက်နိုင်၍ အစဉ်းစားရကျပ်လှ၏။ အခြားချုပ်ရိုးများအားလုံး ကျက်နေပါပြီ၊ ခွဲကြောင်း အလယ်လောက်တွင် သားနုံရည်ထွက်ပေါက်တစ်ခုသာ ကျန်ရစ်နေခြင်း ဖြစ်၏။ အနာပေါက်ဝန်းကျင်ကို ဖိနှိပ်ပေးလျှင် သားနုံရည်တစိုစို စိမ့်ထွက် လာခြင်းမျှသာပါ။

တစ်နေ့ညနေခင်းတွင်၊ အနာဝနားမှာ အကြောစဖြူဖြူလို သေးသေးမျှင်မျှင် အရာတစ်ခု တွေ့ရှိလိုက်၏။ ဇာဂနာဖြင့် အသာလေး ချော့ပြီးမျှဉ်းဆွဲကြည့်လိုက်ရာ ချုပ်ရိုးစ နှစ်လက်မခန့် ဖြူဖြူတစ်ချောင်း ထွက်ရှိလာပါ၏။ နောက်ပိုင်းရက်များတွင် သားနုံရည် အထွက်လျော့ပါးပြီးအနာလုံးလုံးကျက်ကာ ခြောက်သွေ့သွားတော့၏။

၅-နှစ်ကျော်တော့ ဟန်အကျသားပါ။ အနာသည် တစ်ဖန် ပြန်လည်ပြီးသွေးစိုပြည်စို ဖြစ်လာ၍ တောင်ကြီးမြို့ စပ်စံထွန်းဆေးရုံကြီးသို့ တက်ခဲ့ရပါ၏။ ဆေးကောင်းဝါးကောင်း သမားကောင်းများနှင့် ငွေကုန်ကြေးကျခံကုသပါသော်လည်း ရှင်းရှင်းမပျောက်ခဲ့ဖူးပါ။ ရန်ကုန်ဆေးရုံကြီးမှာရောပြင်ပဆေးရုံဆေးခန်းတွေမှာပါ အခါခါ ခွဲစိတ်ခဲ့ရပါ၏။ ခေတ္တခဏ ကောင်းလိုက် ပြန်ဖြစ်လိုက်နှင့် နှစ်ပေါင်းအစိတ်ကျော် ကြာမြင့်လာခဲ့ခြင်းဖြစ်ပါသည်။

"ဒေါ်ရီမှာ ဆရာပေးတဲ့ အသက်ပဲ ရှိပါတယ်။ ဆရာ ကယ်ပေလို့ပေါ့"

"ကျွန်တော်က တစ်ညတည်း စောင့်အိပ်တာပါ။ ကျန်တဲ့ ခွဲစိတ်ဆရာဝန်အဖွဲ့နဲ့ ဆေးရုံအမှုထမ်းအားလုံးတို့ရဲ့ စေတနာမေတ္တာကြောင့်ကျေးဇူးတွေကြောင့်ပါ ဒေါ်ရီရယ်"

www.burmeseclassic.com

www.burmeseclassic.com



"အားလုံးရဲ့ ကျေးဇူးတွေထဲမှာ ဆရာစောင့်ပေးတဲ့ တစ်ညက အဓိကကျတယ်လေ"

"ဒီလိုလည်း မဟုတ်သေးပါဘူး။ အားလုံး အတူတူပါ ဒေါ်ရီ"

"မနှင်းမြတို့ ဒေါ်ရီရဲ့ ဇာတာ သွားတွက်ကြည့်တိုင်း ဒီဇာတာရှင်ဟာ ရှိနေသေးလို့လား၊ သေရမှာ ကြာလှပေါ့။ သေသွဇာတာ လာပြတာတော့ မဟုတ်ပါဘူးနော်လို့ချည်း အပြောခံခဲ့ရပါသတဲ့"

မှန်တော့လည်း မှန်ပါသည်။ ထိုတစ်ည ညဥ့်နက်သန်းခေါင်မှာ သေမင်းတမန် လာခဲ့ဟန် တူပါသည်။ သို့သော် ဒေါ်ရီမှာ သာသနာပြုရန် ရှေးပါရမီဘုန်းကံ ပါလာခဲ့သည် ဖြစ်လိမ့်မည်။ ဆံထုံးတစ်လုံး အရှုံးခံ၊ ဝတ်ကြောင်ကိုမုန်း လွတ်အောင်ရုန်း၍ ဒေါ်ရီ သီလရှင်ဘဝ ပြောင်းခဲ့၏။ ရိပ်သာပေါင်းများစွာ၌ တရားရက်ရှည် ဝင်ခဲ့၏။ ကျွန်တော့် မေတ္တာရပ်စည်းရုံးမှုကြောင့်၊ ကျွန်တော် ဆေးခန်းထိုင်ပေးသော၊ စတင် ထူထောင်စဉ်ကတည်းက ပါဝင်ကူညီပံ့ပိုး သာသနာပြု လှူဒါန်းခဲ့သော၊ တောင်ကြီးမြို့ အေးငြိမ်းချမ်းသာမွေ့ရိပ်သာတွင် ဒေါ်ရီ လပေါက်အောင် တရားအားထုတ်ခဲ့ဖူးသေးသည်။

ဤအကြောင်းဆက်ကြောင့်ပင် ဒေါ်ရီ၏ ဇာတိမြို့လေး၌ တစ်ထပ်တိုက်အိမ်ငယ်လေး အပါအဝင် ခြံဝင်းကြီးတစ်ကွက် လှူဒါန်းသော အလှူရှင် ပေါ်ပေါက်လာသောအခါ၊ မဟာစည်ရိပ်သာခွဲကို ကမကထပြု ဖွင့်လှစ် ထူထောင်ဖြစ်ခဲ့ပါသည်။ နိုင်ငံခြားမှ ယောဂီများ လာရောက်အားထုတ်ခဲ့ကြပြီး ကျေနပ်နှစ်သက်ခဲ့ကြကြောင်း သတင်းကောင်းများ ကြားသိနေရ၏။

မြတ်ဓမ္မအရသာကို မြည်းစမ်းကြည့်လိုက်နိုင်သောအခါ သဒ္ဓါတရားများ ထူးကဲစွာ တက်လာကြပါပြီ။ မိမိတို့ ဇာတိရပ်ရွာ တိုင်းပြည်များသို့ ပြန်လည်ရောက်ရှိသောအခါ၊ ဓမ္မာရုံကြီးဆောက်ရန်၊ သိမ်ဆောက်ရန်၊ ဘောဇနဆောင်ဆောက်ရန်၊ ကမ္မဋ္ဌာန်းကျောင်းတိုက်ငယ်လေးများ



**<u>လုပ်နိုင်သမျှ လုပ်။</u>**

▲ ကောင်းတဲ့အလုပ်အားလုံးကို သင်လုပ်နိုင်သမျှ လုပ်ပါ။
ဘယ်နည်းနဲ့ပဲဖြစ်ဖြစ် သင်လုပ်နိုင်သမျှ လုပ်ပါ။
နည်းလမ်းအားလုံးနဲ့ သင်လုပ်နိုင်သမျှ လုပ်ပါ။
နေရာအားလုံးမှာ သင်လုပ်နိုင်သမျှ လုပ်ပါ။
အချိန်ကာလအားလုံးမှာ သင်လုပ်နိုင်သမျှ လုပ်ပါ။
လူတွေအားလုံးအတွက် သင်လုပ်နိုင်သမျှ လုပ်ပါ။
အမြဲတမ်း မပြတ်တမ်း သင်လုပ်နိုင်သမျှ လုပ်ပါ။

John Wesley အဆိုအမိန့်ကို
စာရေးဆရာမ ခင်စောတင့် ပြန်ဆိုသည်။

**<u>အမတ် မှော</u>**

▲ မှန်းခြေမပေါက်လျှင်၊ သံသရာလမ်းရှည် ပျောက်မှာမို့ ထိုသူ အကန်း တစ္ဆေမကြောက် ဖြစ်ပေမည်။

ဆောက်ရန် စသည်အားဖြင့် ပို့လှူကြပါတော့သည်။ နှစ်များ မကြာမတင်မှာပင် စည်ပင်ပွံ့ဖြိုး တိုးတက်အောင်မြင်လာ၏။

နွေကျောင်းပိတ်ရက်အတွင်း ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ နှစ်စဉ် ဖွင့်လှစ်လာနိုင်၏။ သာမဏေဝတ် သီလရှင်ဝတ် သင်တန်းသားသင်တန်းသူများ ရာကျော်လျက်၊ အရုဏ်ဆွမ်း နေ့ဆွမ်း ညနေဖျော်ရည် အလှူရှင်များ ပြည့်စုံစွာ သာသနာပြုကြ၏။ ၁၀–ရက် တရားစခန်းများ ၇–ရက်တရားစခန်းများလည်း မပြတ်မလပ် ဖွင့်လှစ်ဖြစ်၏။

ဤသို့ ထူးထူးချွန်ချွန် သာသနာပြုရန် အကြောင်းကံရှိသေး၍ သေလောက်မည့် အခြေအနေမှ လွန်မြောက် ကျော်လွှားနိုင်ခဲ့လေသလား။ အချိန်မတန်သေးတော့လည်း သေမင်းတမန် ပြန်ပေဦးတော့ပေါ့။

ဒေါက်တာလွမ်းဆေ(ဆောင်ကြီး)

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

# အိပ်မက်ထဲက ရွှေမည်းကြီး

ဒေါက်တာလွှမ်းဝေ(တောင်ကြီး)

**အခန်း ၁။**

အင်းပြင်ကို ကျော်လွန်လာသည်နှင့် ပိုမို၍ အေးစိမ့်လာတော့၏။ ကားလမ်း၏ လက်ဝဲဘက်လမ်းအောက်တွင် ကြည်လင်သော ချောင်းရေက တသွင်သွင်လေး စီးဆင်းနေ၏။ တောရိပ်တောင်ရိပ်တွေ စိမ်းစိမ်းစိုစို မှိုင်းမှိုင်းညို့ညို့နှင့် အေးချမ်းသာယာလှ၏။ ကျေးငှက်သာရကာတို့၏ ဘာသာဘာဝ မြည်ကြွေးသံတို့မှ လွဲ၍ ဘာမြို့ပြ၏ အသံဗလံမျှ မရှိ၊ ပကတိ တိတ်ဆိတ်ငြိမ်းအေးသော စိမ့်တောအရပ်ပါပေ၊ ကားလမ်း၏ လက်ယာဘက်တွင်ကား တောင်ကုန်းတောင်တန်းမှိုမှိုတို့က အုပ်မိုးကြီးစိုး နေပါသည်။

တောင်ကုန်းတောင်တန်းပေါ်၌ ပေါက်ရောက်သော သစ်ကြီးဝါးကြီး တို့၏ ကိုင်းဖျားကိုင်းနားတို့သည် ကွေးညွတ်ဖြာကျနေပေရာ၊ မွန်းတည့်ချိန် ကျမှသာလျှင် နေခြည်နွေးနွေးတို့ ပွေ့ဖက်နိုင်ခွင့် ရတော့၏။ တော နေကြာပွင့် ဝါဝါထိန်ထိန်တို့ တောင်စောင်းတွေမှာ ရွှေရည်ဆမ်းကြပြီ။ လေပြည်တိုးအဝေ့မှာ ညီညီညာညာ ယိမ်းကနေကြသည်ကိုက ကြည့်လို့ မဝနိုင်အောင် ဆွဲဆောင်မှု ရှိလှပေ၏။ ဟို ချောင်းကမ်းပါးတစ်လျှောက် ရေစပ်စပ်မှာ တန်းစီပေါက်နေကြသည်ကတော့ ခေါင်းလောင်းပန်းပင် တွေပါ။ အင်မတန် ကြီးထွားလှသော ခေါင်းလောင်းပန်းပွင့်ဖြူဖြူဖွေးတို့ ခေါင်းငိုက်စိုက် တွဲလွဲခိုနေကြ၏။



တောပန်းတောင်ပွင့် တောင်ငုံဖူးတို့ ဆိုပေပြောလည်း သဘာဝကို အလှဆင်နေကြပုံမှာ စံမီပန်းချီကားကောင်း တစ်ချပ်နှယ် တင့်တယ်၍ နေပေသည်။ မြတစ်ရစ် စိန်တစ်ရစ်က တစ်ဆစ်၊ မြတစ်ရစ် သဲကြီတစ်ရစ် က တစ်ဆစ်၊ အပိုင်းအဆစ်တိုင်းကို မြတစ်ရစ်ဖြင့် အနားသတ်ထား ပေးပုံမှာ၊ သူ့အကန့်နှင့်သူ လှပစွာ ရှိနေ၏။ တောင်တန်းတောရှည်ကြီး ကို သဘာဝအရောင်အသွေးစုံစုံ ခြယ်သမှုန်းစီထားသဖြင့် ဘယ်ပန်းချီ တုရေးလို့ မမီနိုင်ပါတကား။

ဒေါက်တာလွှမ်းဝေသည် လမ်းဝဲယာ တစ်ဖက်တစ်ချက်တို့၏ တော သဘာဝ တောင်အလှတို့ကို ငေးမောရီဝေစွာ ခံစားကြည့်ရှုရင်း ကား သယ်ဆောင်ရာသို့ လိုက်ပါလာခဲ့၏။ ကျောက်ဂူငယ်လေး၏ အကွေ့ကို ကျော်သည်နှင့် မြို့စွန်ရွာဖျား အိမ်ငယ်လေးများတို့ကို ဝေးဝေးမှာ တစ်အိမ် နှစ်အိမ် စသည်ဖြင့် စတင် တွေ့ရှိလာပါပြီ။ ကားလမ်းနှင့်တည့်တည့် ရင်ဆိုင် တွေ့မြင်နေရသည့် ဟိုး...တောင်မြင့်ပေါ်က နှစ်ထပ်အိမ်အိုလေး တစ်လုံးမှာ အထီးတည်း ရပ်တည်နေချေ၏။ သခါရသဘောတရားအရ အိမ်အိုဝန်းကျင်တွင် ဘာသစ်ပင်ကြီးငယ်တို့မှ ရှိမနေနိုင်တော့ပါ။ လူတို့၏ လက်ချက်ဖြင့် တောင်ခေါင်းတုံးပမာ ပြောင်သလင်းခါနေပေပြီ။

ကျန်ခဲ့သော နှစ်ပေါင်း ၃၀–တုန်းကဆိုလျှင် ထင်းရှူးပင်မြင့်ကြီး တွေ အုပ်ဆိုင်း ပြည့်နှက်နေခဲ့သဖြင့်၊ ထိုအိမ်အိုကြီးသည် ထင်းရှူး တောအုပ်ထဲမှာ နစ်မြုပ်နေခဲ့၏။ အိမ်ရှိ၍ ရှိမှန်းတောင်မှ မည်သူမျှ မရိပ်စားမိ မသိရှိခဲ့ကြပေ၊ ဒေါက်တာလွှမ်းဝေ ပြည်သူ့ဆေးရုံမှာ တာဝန် ကျခဲ့ဖူး၏။ တောင်ကြီးနှင့် ကလော အလီလီအခါခါ တက်ချီဆင်းချီမို့ ၄၄–မိုင်ခရီးကို အိမ်ဦးနှင့် ကြမ်းပြင်လောက် သဘောပိုက်ခဲ့ရဖူး၏။ မြို့ဝင်ကာနီး ထိုထင်းရှူးတောင်ကြီးကို မျက်စိအေးစေသော အစိမ်းရောင် ပြည့်ပြည့်မို့ အမြဲငေးမောခဲ့ရဖူးပါ၏။ အိမ်အိုကို ရေးရေးပင် မမြင်မိခဲ့ပါ။

ကလောပြည်သူ့ဆေးရုံမှာ လေးနှစ်တာမျှ တာဝန်ထမ်းဆောင်ခဲ့၏။ ပြောင်းရွှေ့ကာနီး ခြောက်လခန့်အလိုကျမှ စတင်၍ ဝေါခနဲ ဝေါခနဲ မြည်ဟည်းသံနှင့်အတူ သက်တမ်း နှစ်ပေါင်းရာချီရှိ ထင်းရှူးပင်ကြီးတွေ

www.burmeseclassic.com

www.burmeseclassic.com



ဟောတစ်ပင် ဟောတစ်ပင် ပြိုလဲကျ မြေခကုန်တော့၏။ သို့နှင့်ပင်... တောင်ကြီးသို့ ပြောင်းရွှေ့မိန့်ကျချိန် ၁၉၇၉–ခုနှစ် နွေဦးရာသီ၌ အိမ်အို ကြီးသည် ဘွားဘွားပေါ်လာခဲ့ရပေပြီ။ မီးရထားညည်ရိပ်သာဖြစ်ကြောင်း မှတ်မိနေဆဲပါ။

မြို့လေးသို့ ဝင်ပြီဆိုသည်နှင့် ကားလမ်းမှာ နှစ်လမ်းသွားအသွင် ပြောင်းလဲသွားပါပြီ။ အဆင်းတစ်လမ်း အတက်တစ်လမ်း သပ်သပ်စီပါ။ အလယ်ကျွန်းမျောမှာ ပန်းတွေ လှပအောင် စိုက်ပျိုးထား၏။ သဘာဝ အလှကိုတော့ မမီနိုင်ပါပေ။ မကြာမီမှာ ဆေးရုံဝင်းကို ဖြတ်ကျော်လာ၍ ငေးမျှော်လို့ ကြည့်မိခဲ့၏။ ဆေးရုံရှေ့ မျက်နှာစာကျယ်ကျယ်ကြီးကား မရှိတော့ပြီ။ လမ်းချဲ့၍ နောက်ဆုတ်ပေးလိုက်ရဟန် ရှိ၏။ ယခင် ခြံစည်းရိုး တစ်လျှောက်ရှိ စိန်ပန်းပြာ ပင်အိုတန်းကြီးလည်း ပျောက်ဆုံးကုန်ပါပြီ။ နှမြောဖို့ ကောင်းလှပါသည်။

ခေါင်မိုးနီနီ အဆောက်အဦ၏ ကိုယ်ထည်များကို ဆေးဖြူသုတ်ထား ၏။ ဆေးရုံဂုဏ်အင်္ဂါနှင့် ညီညွတ်စွာ တင့်တယ်နေချေ၏။ သန့်ရှင်းလှပ နေသော်လည်း ရှေးက သစ်ပင်သစ်ရိပ် အုပ်အုပ်ဆိုင်းဆိုင်းအောက်က အဆောက်အဦ ပုံရိပ်ဟောင်းတို့သည်ကား ပိုမို၍ ချစ်စရာကောင်းခဲ့၏။ ရှေးဟောင်းမြို့လေး၏ ပုံစံသည် ပိုစ်ကဒ်လွှာထဲက ပန်းချီဆန်ဆန် လှပ နေတတ်၍ လွမ်းမိနမြောမိပါ၏။ ဆိတ်ငြိမ်အိုမင်းသော ရှေးမြို့ဟောင်း လေးက နှစ်လိုဖွယ် ရှိလှ၏။

ခေတ်မီအထပ်မြင့်ရောင်စုံ အဆောက်အဦသစ်တွေ ဈေးဝန်းကျင်၌ ထိုးထိုးထောင်ထောင် ဖြစ်လာ၏။ မြို့လေးသည် ပို၍ ခေတ်မီသစ်လွင် လာခြင်းကား အမှန်ပင် ဖြစ်ပါသည်။ သို့သော် အမယ်အိုကြီးကို မိတ်ကပ် လိမ်းခြယ်ကာ ပန်းပန်ပေးထားသည်နှင့် မခြားလှပါဟု ရင်ထဲက ခံစား နေမိသည်ကို ရိုးရိုးသားသား ဝန်ခံရပါလိမ့်မည်။ "လွမ်းလိုက်တာ... ကလောမြို့ဟောင်းလေးရယ်..."ဟု ရင်ထဲမှ တမ်းတနေမိ၏။ နာမည် နှင့် လိုက်လျောညီထွေ အလွမ်းမိုးတွေ ဝေသွားမိခဲ့ပါ၏။ ဘာကြောင့်များ "လွမ်းဝေ"လို့ ပေးထားမိပါလိမ့်။



ကားလေးသည် မြို့လယ်ကိုဖြတ်၊ ဘူတာရုံကိုဖြတ်၊ အရှေ့ဘိုကုန်း ကို ပတ်ပြီး တက်နေပါပြီ။ ဦးတည်နေသည်က မွေ့ရောင်ခြည်မဟာစည် ဝိပဿနာ မွေ့ရိပ်သာဆီသို့ ဖြစ်ပါသည်။ သမီးလေး၏ ကျေးဇူးရှင် သီလရှင်ဆရာကြီး ဒေါ်သုမနစာရီကို ကန်တော့ဖို့ပါ။ မြွေလိမ်မြွေကောက် ပမာ လမ်းကလေးမှာ လွမ်းမောစရာရယ်ပါ။ ထင်းရှူးပင်အကိုင်းအခက် တွေ ကားလမ်းမပေါ်ကို အုပ်မိုးထားကြ၏။ ထင်းရှူးနံ့သင်းသင်းလေး ကလည်း ပြေပြေ ဖြည်းဖြည်းလေး လာနှုတ်ဆက်နေ၏။ လေပြည် အေးအေးလေးက ကျီစယ်လိုက်လျှင် တောပန်းတောင်ပွင့်တို့၏ ပန်းရနံ့များ ဝေလှိုင် ပျံ့သင်းလာတော့၏။

ထင်းရှူးတောတန်းလေးမှ ဖြတ်သန်းလာခဲ့သည့် လေချို တသွေးသွေး က ဘယ့်နှယ် ပဲပန်းရနံ့တွေ ရောထွေးသင်းချိုလာပါလိမ့်။ ဪ–ဟုတ်ပြီ ရိပ်သာနှင့် နီးကပ်လာခဲ့ပြီမို့ လူတို့ စိုက်ပျိုးထားသော ပန်းယဉ်မွှေးရနံ့ သင်းပျံ့လာခြင်းပေကိုး။ သစ်လွင်ခေတ်မီ အဆောက်အဦတွေ၏ အစိတ် အပိုင်းအချို့တို့ကို သစ်ပင်ကြီးငယ်ကြားမှ ရိပ်ခနဲ ရိပ်ခနဲ မြင်နေရ၍ ကြိုတင်မှန်းဆလိုက်နိုင်ခြင်းရယ်ပါ။ ဟော ... အုတ်တံတိုင်းတွေ ကာရံထား သည့် ရိပ်သာဝင်းကြီးနှင့်အပြိုင်၊ ကားကလေးက ပြေးလွှားနေပြီလေ။ မကြာမီ မုခ်ဦးကြီး ဘွားခနဲ ပေါ်လာတော့၏။

မုခ်ဦးအဝင်ဝကို တံတောင်ဆစ်ချိုး၊ ကွေ့ချိုးတက်လိုက်သည်နှင့် လမ်းဝဲယာရှိ ပန်းစိုက်ခင်းတန်းကြီး ဆီးကြိုလို့နေပါပြီ။ ပဲပန်းရောင်စုံတို့ ရာဇမတ်ဝါးကပ်ဖျားမှာ အကြွင်းအကျန်မျှလောက် ရှိသေး၏။ ပင်ခြေမှ အထက်ဆီတွေမှာ ပဲသီးတောင့်တွေ ထိုးထိုးထောင်ထောင်နှင့် ခေါင်းငြိမ့် နေကြ၏။ အစေ့စား ရွှေပဲတောင့်နှင့် ပုံစံတူသော်လည်း ပဲပန်းမို့ စားမဖြစ်ပါ။ နောင်နှစ်ဆောင်းရာသီအတွက် မျိုးယူရန်သာ ဖြစ်ပါသည်။

လမ်းမော့မော့ကို ကား ပြေးတက်လိုက်သောအခါ ကမ္ဘာ့နိုးတိုက် ကျောင်းပုငယ်ငယ်လေးတွေ အစီအရီ မြင်တွေ့ကြရပါပြီ။ ကလောသည်

www.burmeseclassic.com

www.burmeseclassic.com



အေးမြရာသီ ပိုင်ဆိုင်ထားခြင်းမို့ နွေဦးအထိ ပဲပန်းများ ကြွင်းကျန်နေဆဲဖြစ်၏။ ကမ္ဘာ့ဌာနီးတိုက်ကျောင်းတိုင်း၏ ရှေ့မျက်နှာစာမှာ ရာဇမတ်ကွက်ထောင် ဝါးခြမ်းပြားတန်းတွေပေါ်မှာ နွယ်တက်ပြီး ဖြူ နီ ပြာ ရောင်စုံလိပ်ပြာလေးတွေ အုပ်လိုက်သင်းလိုက် နားနေကြသလို၊ ပဲပန်းရုံတန်းကြီးက လှပမွှေးကြိုင်နေပါသည်။

"ဟော ... ဒေါက်တာတို့ ရောက်လာကြပြီ။ တစ်မနက်လုံး ဘွားဆရာကြီး မျှော်နေတာ" ဟု နှုတ်ဆက်လိုက်သော တပည့်သီလရှင်တစ်ပါး၏ အသံစာစာလေးက ကျောင်းငယ်လေးရှေ့တွင် ကားထိုးရပ်လိုက်သည်နှင့် နှုတ်ခွန်းဆက်စကား ပြောကြားကြိုဆိုလာတော့၏။

"ဟုတ်ကဲ့ပါ။ စာမေးပွဲကြီး ဖြေပြီးတာနဲ့ အထုပ်အပိုးတင်၊ ချက်ချင်းထွက်လာခဲ့တာပါ။ ထမင်းတောင် စားမနေတော့ဘူး ဆရာလေးရေ"ဟု ကျွန်တော် ကားပေါ်က ဆင်းရင်း အကျိုးအကြောင်း ပြောပြဖြေကြားရ၏။

"ဒေါက်တာ့အကြိုက် ချပါတီကို ဘွားချောက အဆင်သင့် လုပ်ထားပြီးသားပါရှင်။ ခဏလေး စောင့်နော်၊ ဘွားဆရာကြီးကို အကြောင်းကြားလိုက်ပါဦးမယ်"ဟု ပြောပြောဆိုဆို သွက်လက်စွာ ထွက်ခွါသွားတော့၏။

"ကားသံ ကြားလိုက်ကတည်းက ဘွားဆရာကြီးက သိနှင့်ပြီးသားပါ ဖေဖေရ၊ ဆရာလေးနဲ့ ဘွားဆရာကြီး လမ်းမှာတင် ဆုံမှာ သေချာပါတယ်"ဟု သမီး မစံပယ်က ကျွန်တော့်အား အသိပေးလာပါ၏။

သမီးတို့ မေမေကလည်း ဘွားဆရာကြီးအတွက်ရော ဘွားချောအတွက်ပါမကာ ရိပ်သာအတွက်ပါ လှူဖွယ်ရာပစ္စည်းများကို ကားပေါ်က ချလျက်၊ မူလမြေကွက်ကြီး လှူစဉ်ကတည်းက တစ်ပါတည်း ပါလာသည့် စစ်ကြိုခေတ်က ဆောက်ခဲ့သော ဘိုဆန်ဆန် တစ်ထပ်တိုက် ကျောင်းအိုငယ်လေးပေါ်သို့ ပြောင်းရွှေ့နေပါသည်။ နွေရာသီ ဗုဒ္ဓယဉ်ကျေးမှုသင်တန်းများ မစဖြစ်သေးချိန်မို့ လူသူရှင်းလင်းနေ၏။ အလွန်အေးချမ်း တိတ်ဆိတ်လှပါသော သူတော်ကောင်းတို့၏ သာသနာ့နယ်မြေပါပေတည်း။

• • • • • • • • • • • • • • •



**အခန်း ၂။**

"ဆရာတို့ကို မျှော်နေတာ။ စာမေးပွဲကြီး ဖြေပြီးမှ၊ အောင်ပန်းကာကူးလာကြမှာ ဆိုတော့ နေ့ခင်း ၁–နာရီကျော်မှ ရောက်ကြလိမ့်မယ်လို့ ခန့်မှန်းထားပြီးသားပါ။ စောပြီး ရောက်လာကြတာကိုး"

"မှန်ပါ ဘွားဆရာကြီးဘုရား။ စာမေးပွဲကြီး ဖြေပြီးတာနဲ့ ချက်ချင်းပစ္စည်းတွေ တင်ပါတယ်။ ထမင်းမစားဘဲ ချက်ချင်း ထွက်လာကြလို့ ၁၅–မိနစ်လောက် စောရောက်တာပါ။ ဘွားချောရဲ့ ချပါတီက မြန်မြန်လာကြလို့ ... လက်ယပ်ခေါ်နေတယ်လေ ဘုရား"

"ဟုတ်တာပေါ့ဆရာ၊ ဘွားချောလေ သူ့သမီး ဒီနေ့ လာလိမ့်မယ်ဆိုပြီး တက်တက်ကြွကြွနဲ့ ချပါတီတွေ အများကြီးကို လုပ်ထားတယ်။ ဂျုံမှုန့်ငါးဆယ်သား အကုန်လုပ်တာတဲ့ဆရာ။ အားမနာနဲ့။ အဝသာစားပေတော့ ဆရာ၊

"စားမှာပါ။ ဘာမှ စိတ်မပူပါနဲ့ ဘွားဆရာကြီးဘုရား။ မကုန်ရင် အိမ်ပြန်သယ်ဦးမှာ။ သားကြီးကိုဦးက ချပါတီ သိပ်ကြိုက်တာတဲ့"

"ထည့်ပေးလိုက်မှာပါ ဆရာရယ်။ ဆရာ့ကျေးဇူးတွေက အများကြီးမဟုတ်လား။ ဘွားဆရာကြီး အခုလို သာသနာပြုနိုင်အောင် အသက်ကယ်ထားပေးတာ ဆရာပဲလေ။ လူတွေ့တိုင်း ပြောပြရတယ်။ ဒီရိပ်သာကြီး ပေါ်လာအောင် ဦးဆောင်ခဲ့တာလည်း ဆရာပဲ မဟုတ်ပါလား။ ဘွားဆရာ မမေ့ပါဘူး။ အမြဲမေတ္တာပို့သပေးလျက်ပါ ဆရာ"

"ဘွားဆရာကြီး ပို့သတဲ့ မေတ္တာကိုလည်း ကျွန်တော်က အမြဲခံယူလျက်ပါ ခင်ဗျာ။ ဒါနဲ့ ဘွားဆရာကြီးရဲ့ ဗိုက်သားပြင်ပေါ်က အနာဟောင်းဒဏ်ရာကျက်ပြီးသား ပြန်စိုလာတယ်ဆို"

"ဆရာ ဘယ်က ကြားလာပြန်ပြီလဲ၊ မဟုတ်မှလွဲရော ဆရာ့ဗိုက်သံမှာ ပုဏ္ဏားလေး ရှိတယ် ထင်ပဲ"

"ဘွားဆရာကြီး လေကားထစ်တွေကို တစ်ထစ်ချင်း ဆင်းလာချိန်မှာ ဗိုက်ကို လက်နဲ့ ပင့်ကိုင်ထားတာ သတိပြုမိ မြင်မိတယ်လေဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"အင်း–စာရေးဆရာလား မပြောရဘူး၊ အမြင်စူးရုပြီ၊ အတွေးကလည်း ဒက်ထိကို၊ စုံထောက်ဉာဏ်အတွေး မွေးရာပါ ထင်ပါရဲ့နော်။ ဒီလို ဆရာရေ့…။ ရန်ကုန်က ဆွေမျိုးတစ်စုတို့ အလှူလာပြုကြတယ်။ ရှင်ပြု ရဟန်းခံ အလှူကြီးပါ။ ပြီးတော့ကာ တရားစခန်း ဆက်ဝင်တာလည်း ပါတာပေါ့။ အလှူမှာ ဘာမှလစ်ဟာမှု မရှိအောင် ကြပ်မတ်ပေးရတော့ အတက်အဆင်း များသွားလို့ ဖြစ်ပါလိမ့်မယ်။ ခြောက်ပြီးသား အနာ စွတက်လာပြီ၊ သားနံ့ရည် ပြန်စိုလာတာပါ။ သိပ်မကြီးကျယ်လှပါဘူး ဆရာရယ်"

"ဘွားဆရာကြီးက တယ်ခက်တာကို၊ အနားယူရမှာလေဗျာ၊ ပါးစပ်နဲ့ ညွှန်ကြားမှပေါ့။ ကျွန်တော်ပို့လှူတဲ့ ပအိုဝ်ဆေးမြစ်ခြောက် ပြုတ်မသောက်ဘူးလားဗျာ"

"သောက်လို့ ဒီလို မြင်ရတာပေါ့။ ဆရာ့ကို မျှော်တာမှာ ဆေးကုန်တော့မှာမို့လည်း တစ်ချက် ပါတယ်နော်"

"ဆေးအတွက်တော့ဖြင့် စိတ်မပူပါနဲ့ ဘွားဆရာကြီးရယ် …။ ကျန်းမာရေး ဂရုစိုက်ဖို့ကိုသာ သတိပေးပါရစေဗျား"

အချီအချ စကားပြောကောင်းနေတုန်းမှာပင်၊ ဘွားချောတစ်ယောက် ချပါတီအုပ်ကြီးရွက်လို့၊ ပြုံးပြုံး ပြုံးပြုံးနှင့် ရောက်ချလာပါတော့သည်။

"ဆရာ ဆာနေပြီလား၊ များများစားနော်၊ အများကြီးလုပ်ထားပါတယ်။ သမီးလေး မစံပယ်လည်း စာမေးပွဲ ဖြေနိုင်တယ် မဟုတ်လား၊ ဘွားချောက မနက်တိုင်း ညတိုင်း တရားထိုင်တိုင်း သမီး နေကောင်းပြီး စာမေးပွဲ ကောင်းကောင်း ဖြေနိုင်ပါစေ၊ အောင်မြင်ပါစေလို့ ဆုတောင်း မေတ္တာ ပို့သပေးနေပါတယ်နော် သမီး"ဟူ၍ ကြွေပန်းကန်ပြားများပေါ် ချပါတီချပ်များ ထည့်ပေးရင်း နှုတ်ဆက်ပြောဆိုပါ၏။

"ဒီနှစ်တော့ သမီး အောင်ပါလိမ့်မယ်။ ဖြေနိုင်ပါတယ်၊ ဘွားချော မေတ္တာကြောင့် ဖြေနိုင်တာ ကျန်းမာတာ ဖြစ်မှာပါရှင်"



"အေး အေး သိပ်ဝမ်းသာပါတယ်။ နွေရာသီယဉ်ကျေးမှုသင်တန်း တက်မယ် မဟုတ်လား၊ ပြီးတော့ တရားစခန်းပါ ဆက်ပြီး ဝင်လိုက်ပေါ့။ ဓမ္မနဲ့ ပူဇော်ပါ။ တရားအစီအစဉ်ဆိုရင် အောင်မြင်ပြည့်စုံတာ များတယ် သမီးလေး"

"ဟုတ်ကဲ့ပါ ဘွားချော၊ ဖေဖေမှာ အတူတူနေလို့ရရင် သင်တန်းလည်း တက်ပါမယ်။ ပြီးတော့ တရားစခန်းကိုလည်း ဝင်ပါ့မယ်နော်"

"လာသာလာခဲ့ သမီးရေ၊ ကျောင်းသူဟောင်းပဲ၊ အားလုံး အဆင်သင့်ပါ။ အိပ်ရာလိပ်ကိုတောင် ယူခဲ့စရာ မလိုပါဘူးနော်။ သမီးလေးကို ဘွားချော မျှော်နေမယ်"

"ကဲ–ကဲ မြေးအဘွားတွေ စကား နောက်မှ ဆက်ပြောကြ၊ အဆာ လွှန်ကုန်ရော့မယ်။ ချပါတီ စားလိုက်ပါဦး၊ ပြီးမှ ဘွားဆရာကို ကန်တော့ ကြပါ။ အရင်စားကြနော်။ ဝအောင်လည်း စားကြဦး၊ ဘာမှ အားနာစရာ မလိုဘူးနော်။ ကိုယ့်ရိပ်သာ ကိုယ့်ကျောင်း ကိုယ့်အိမ်လိုပဲ သဘောထား၊ ဟုတ်ပြီလား ဆရာ"

"ဟုတ်ကဲ့ပါ ဘွားဆရာကြီး ဘုရား"

တည်ခင်းကျွေးမွေးသော ချပါတီ၊ ပဲနှပ်ဟင်း၊ ခရမ်းချဉ်သီးထောင်း သရက်သီးသနပ်တို့ကို ခေါင်းမဖော်တမ်း စားကြပါသည်။ ဆာဆာနှင့်မို့ အရသာ ရှိလှ၏။ ဘွားချောလက်ရာသည် အထူးပြောစရာ မလိုတော့ပါ။ ချပါတီ ပျော့ပျော့ပျောင်းပျောင်း အိအိမွှေးမွှေးလေးမှာ၊ ဟင်းတောင် မလိုလှပါ။ ကလောနွားနို့စစ်စစ် ပူပူနွေးနွေးလေးကလည်း သဘာဝ အရသာ ချိုဆိမ့်နေပါသည်။

ဂျုံမှုန့်များအနက် ကလောဂျုံကြမ်းမှုန့်မှာ နာမည်ရပြီးသား အကောင်း စားပါ။ ဂျုံနယ်ရာ၌ ရေအစပ်သည် အရေး ကြီး၏။ ထောပတ်များသိုင်း ကောင်းလှချည့်မဟုတ်။ ဘွားချော၏ ချပါတီ မှာ ထောပတ်နှံ့အောင်ရှိုက် နှည့်ပြီး စားလို့ မအီပါ။ မိဘအိမ်မှာလို အားမနာတမ်း စားကြသောက်ကြ၏

www.burmeseclassic.com



ချပါတီအချပ်ကြီးကြီး နှစ်ချပ်စီလောက် ကုန်သည်ကိုပဲ စဉ်းစားကြည့်ကြပေတော့ပေါ့။

ရိုပ်သာခြံထွက် သဘာဝငှက်ပျောသီးမှည့်ကလည်း ချိုမွှေးလှပါ၏။ ဟင်းချိုမှုန့် မပါသော သဘာဝလက်ဖက်နုပ်မှာလည်း အကြော်စုံများဖြင့် လိုက်ဖက်လွန်းနေသည်။ ပြီးတော့ ယိုစုံနှင့် ထန်းလျက်ခဲတို့ကို အချိုတည်းကြ၏။ ပင်လောင်းလက်ဖက်ခြောက်မွှေးမွှေး ခပ်ထားသော အခါးရည် (ရေနွေးကြမ်း)ဖြင့် အပြီးသတ်လိုက်ကြပါသည်။ စားသောက်ပြီးသည်နှင့် ဘွားဆရာကြီးကို ကန်တော့ကြ၏။ ပေးလိုက်သည့် ဆုတွေ အရှည်ကြီး အများကြီးရယ်ပါ။

"ဆရာ့ကို မေးရဦးမယ်။ ရန်ကုန်က ဖုန်းဆက်လာတယ်၊ ဦးဇော်ထူးက ဘာသာရေးမဂ္ဂဇင်းစာအုပ်ထဲမှာ ဘွားဆရာကြီးအကြောင်းနဲ့ တူတယ်တဲ့။ စာတစ်ပုဒ် ဖတ်လိုက်ရတယ်တဲ့။ အဲဒါ ဆရာ ရေးတာလားတဲ့။ သူ့စိတ်ထဲက ဆရာပဲ ဖြစ်မယ်လို့ သိပ်ထင်လို့တဲ့လေ"

"ဟုတ်တယ် ဘွားဆရာကြီးဘုရား။ ဘွားဆရာ လူ့ဘဝ ဒေါ်ရှိနဲ့တုန်းက ဆေးရုံတက်ပြီး ဗိုက်ခွဲစိတ်ခံယူရပါရောလား။ ကံကောင်းလို့ မသေတဲ့ ကိစ္စလေ။ ၁၀–ရက် ကြာခဲ့ပြီးမှ ဒုတိယအကြိမ် ပြန်ခွဲစိတ်ရတဲ့ညမှာ ကျွန်တော် အိပ်စောင့်ပေးခဲ့ရတယ်လေ။ မှတ်မိသေးတယ် မဟုတ်လား ဘုရား"

"ဘယ်မေ့နိုင်ပါ့မလဲ ဆရာရယ် ...။ အဲဒီညတုန်းက ဆရာသာလာအိပ်မစောင့်ပေးခဲ့ရင် ကိစ္စချောပြီးလောက်ပြီပေါ့။ ဒီဗိုက်က ခွဲစိတ်ဒဏ်ရာ အနာမကျက်နိုင်တာဟာ အဲဒီ ၁၉၅၈–ခုနှစ်တုန်းက ခွဲစိတ်ချုပ်ရိုးပေါ့။ နှစ်ပေါင်း ၃၀–ရှိလာပြီဆရာ"

"ဟုတ်ပဲ့နော်။ နှစ်တွေ အချိန်တွေကလည်း ကုန်လွယ်လွန်းလိုက်တာဗျာ။ နှစ်ပေါင်း ၃၀–ဆိုတာကို ခဏလေးလို့ ထင်မှတ်ရတယ်၊ အိပ်မက်လိုပါပဲလား ဘွားဆရာကြီးဘုရား"



"အိပ်မက်ဆိုလို့ ဆရာရဲ့။ အိပ်မက်စင်းလိုက်ပုံများ အံ့သြယူရတယ်။ ဦးဇော်ထူးနဲ့ သူ့ဇနီး ဒေါ်တင်တင်စိမ့်ဆိုရင် မယုံချင်စရာနော် မယုံချင်စရာနော် ... နဲ့ တဖွဖွပေါ့။ မမြင်နိုင်တဲ့ စွမ်းအားဆိုတာမျိုးဟာ တကယ်ရှိတာကိုးနော် ... နဲ့ တအံ့တသြကြီးကို ဖြစ်လို့လေ။ ဒါနဲ့ဆရာ အဲဒီဗိုက်ခွဲတဲ့ည ဆရာစောင့်အိပ်ပေးတဲ့အကြောင်း ရေးထားတာ ဖတ်ကြည့်ချင်ပါတယ်။ ဆရာ့လက်ရာပါတဲ့ မဂ္ဂဇင်းစာအုပ်ကို ပို့ပေးပါလား"

"ဘွားဆရာကြီးကို အမှတ်တရလှူဖို့ အပိုတစ်အုပ် သိမ်းထားတာ ရှိပါတယ်ဘုရား။ ဒီမနက် သမီးလေး မစံပယ်ကို ကြိုဖို့ စိတ်စောနေတာနဲ့ မေ့ကျန်ရစ်ခဲ့တာပါဗျာ။ နောက်တစ်ခေါက်လာတော့ အသေအချာ ယူလာခဲ့ပါမယ် ဘုရား"

"သာဓု ... သာဓု ... သာဓုပါ။ သမီးမစံပယ်၊ နောက်ဆယ်ရက်အကြာမှာ ဖွင့်မယ့် ဗုဒ္ဓယဉ်ကျေးမှုသင်တန်း၊ တက်မယ်မဟုတ်လား။ အဲဒီတော့ စာအုပ် မမေ့ခဲ့နဲ့နော်"

"သမီးတာဝန် ထားလိုက်ပါ ဘွားဆရာကြီးဘုရား"

• • • • • • • • • • • • • •

**အခန်း ၃။**

ကလောမဟာစည်ရိပ်သာမှ ဒေါက်တာလွမ်းဝေတို့ ထွက်ခွါလာချိန်သည် နေ့လယ်ခင်း ၂–နာရီကျော်နေပေပြီ။ သမီးလေးကို အကြောင်းပြု၍ ကလောမြို့လေးသို့ သည်နှစ်ပိုင်းမှာ မကြာခဏ ရောက်ဖြစ်ကြ၏။ သမီးမစံပယ်က သီလရှင်ဝတ်ဖြင့် နှစ်ဝါဆို၊ နှစ်နှစ်ပြည့်အောင် သီတင်းသုံးခဲ့လေသည်။ ဘွားဆရာကြီး၏ကျေးဇူးကြောင့်လည်း အားလုံး အဆင်ပြေပြေ ချောမွေ့ခဲ့ရ၏။ တစ်ဦးကျေးဇူး တစ်ဦးမှာ ဆိုဘိသကဲ့သို့ သမီးလေး သီလရှင်ဝတ်ဖို့ ကိစ္စတွင် သူ့အစ်ကို ကိုဦးက အတော်ကြီး စိတ်မောလှူရအောင် ဖြစ်ခဲ့ရပုံ ပေါ်၏။

ကျွန်တော် ကလောမြို့သို့ တာဝန်ကျသွားစဉ်တုန်းက၊ သူနှင့်သားအမိတို့က တောင်ကြီးမြို့ ဘိုးဘွားအိမ်မှာ ကျန်ရစ်နေရစ်ခဲ့ကြ၏၊ ဘွား ဆရာကြီး

www.burmeseclassic.com

www.burmeseclassic.com



လူ့ဘဝ ဒေါ်ရီအဖြစ်နှင့် ကျွန်တော်တို့ ကြုံဆုံခဲ့ရဖူးသည့် အဖြစ်ကို သားကြီးမျာ သိမနေရှာပါ။ သူ့ကို မွေးဖွားပြီးစ နှစ်လသားကျော်ကျော် မှာပင် ကျွန်တော် အလုပ်ခန့်စာ ရရှိခဲ့ခြင်း ဖြစ်ပါသည်။ ၄-နှစ်တာမျှ တာဝန်ထမ်းဆောင်ခဲ့ရသဖြင့်၊ တောင်ကြီးမြို့သို့ ပြောင်းရွှေ့မိန့် ရသော အခါတွင်၊ သားကြီးသည် ၄-နှစ်သား ပြည့်ပြီးစ ဖြစ်နေပြီကို။

ဘွားဆရာကြီးတစ်ဖြစ်လဲ၊ လူ့ဘဝတုန်းက ဒေါ်ရီ သားအိမ်အနာလုံး ပြဿနာဖြင့် မိုက်ခွဲစိတ်ခံရ၏။ ယင်းအကြောင်းလေးကို မဂ္ဂဇင်းတစ်အုပ်၌ ပါရှိခဲ့သည် ဆိုရာတွင် အခြားမဂ္ဂဇင်း မဟုတ်ပါ။ ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း ၂-နှစ်ပြည့် အထူးထုတ် ဖြစ်၏။ အတွဲ ၂-အမှတ် ၁၂၊ ၂၀၀၈-ခုနှစ် ဖွန်လထုတ်တွင် ကလောင်အမည် ဒေါက်တာလွှမ်းဝေ(တောင်ကြီး) ဖြင့် "သေမင်းတမန် ပြန်ပေဦး" ဝတ္ထုတိုလေး ဖြစ်ပါသည်။ ကျွန်တော့်လက်မှာ ဆောင်းပါးလက် ဖြစ်၏။ ကဗျာလက် မဟုတ်သလို ဝတ္ထုလက်လည်း မဟုတ်ခဲ့ပါချေ။ ထို့ကြောင့် ကဗျာနှင့် ဝတ္ထု အကျိုးမပေးပါ။ များများလည်း မရေးဖြစ်ခဲ့ပါ။ တစ်ခါတစ်ရံ စိတ်ကဲပေါက်မှ စိတ်အာသာပြေမျှ ရေးသား ဖန်တီးဖြစ်ခြင်းရယ်ပါ။

အထူးထုတ်အတွက် ဆရာဇော်တို့ ဆရာကျော်ဆန်းမြင့်တို့ နှုတ်သော့ တောင်းဆိုခဲ့၍ ဖျစ်ညှစ်ရေးသားဖြစ်တော့၏။ ပေမိဒေါက်မိကြီးတော့ မဟုတ်ပါ။ ယခုတစ်ဖန် နောက်ထပ် တစ်နှစ်လည်ကာနီး၊ ၃-နှစ်ပြည့် အထူးထုတ်အတွက် စိတ်လိုလက်ရ တောင်းခံလာပြန်ရာ၊ ဖော်ပြပြီး ယင်းဝတ္ထုတိုအဆက်ကို ဆက်လက်ရေးသားခြင်း ဖြစ်၏။ တစ်နှစ်ကြာမှ တစ်ပုဒ်၊ ထိုတစ်ပုဒ်ကလည်း အဆက်ဆိုတော့၊ အမြဲဖတ်သော ပရိသတ် (ဂမ္ဘီရဆန်းကြယ်အမာခံပရိသတ်)အတွက် သိပ်မထောင်းသာလှသော် လည်း၊ ယခုမှ ကောက်ဖတ်သူ တစ်ဦးနှစ်ဦးတို့အဖို့ နည်းနည်းတော့ စိမ်းနေပေလိမ့်မည်။ သီးခြားဖတ်လည်း အရသာမပျက်အောင်၊ ဆက်ဖတ် လို့လည်း ဖြစ်နိုင်အောင်တော့ ကြိုးစားလိုက်ရပါသည်။

မနှစ်အထူးထုတ်တုန်းက ပန်းချီဆရာမိုးကျော်၏ လက်ရာလေး ဝတ္ထုသရုပ်ဖော်ပုံကို တွေ့လိုက်ရစဉ်၊ ကျွန်တော့်အဖို့ တစ်နေရာရာမှာ



တွေ့ဖူးပြီးသားပုံလိုလို ရင်းရင်းနှီးနှီးကြီး ဖြစ်နေခဲ့၏။ ပြန်စဉ်းစားလို့လည်း မရပါ။ ခွဲစိတ်ခန်းပုံက တစ်ခြမ်း၊ သီလရှင်ဘွားဆရာကြီးပုံက တစ်ခြမ်း၊ နှစ်မျက်နှာခွ ပန်းချီပုံကြီးပါ။ သီလရှင်ပုံကို သေသေချာချာ စိုက်ကြည့် လိုက်တော့မှ ပိတိ တကယ့်ကို ဘွားဆရာကြီး ဒေါ်သုမနစာရီ မျက်နှာပုံနှင့် ချွတ်စွပ်တူနေပါတော့၏။ ပါးချိုင့်ပြီး မျက်နှာရှုံ့မဲ့နေပုံသည် ဝေဒနာ ခံစား နေရသော တကယ့်သက်ရှိပုံတူကို ရေးဆွဲထားလေသလား ထင်မှတ် မှားချင်စရာပါ။

တိုက်ဆိုင်မှုလေးပါ ဆိုရအောင်လည်း ဂမ္ဘီရကိစ္စများသည် တိုက်ပဲ တိုက်ဆိုင်နိုင်လွန်းလှ၏ဟု မှတ်ချက်ပြုရမလို ဖြစ်နေတော့၏။ အကြောင်း မှာ ခွဲစိတ်ခန်းပုံ၌ အမျိုးသားမျက်နှာတစ်ခြမ်း ပါရှိနေရာ၊ မဆီမဆိုင် ကျွန်တော့်မျက်နှာနှင့် ချွတ်စွပ်လာတူနေပြန်၏။ အဘယ်ကဲ့သို့ နားလည် ရပါတော့မည်နည်း။ ပို၍ အံ့သြစရာ ကောင်းလှသည်ကတော့ ဘွားဆရာ ကြီး၏ ပုံကို ကျွန်တော် အိပ်မက်မြင်မက်ဖူးခြင်း ဖြစ်နေပြန်၏။ ဘယ်တုန်းက ပါတဲ့လဲ။ ကလောမြို့ ပြည်သူ့ဆေးရုံသို့ အလုပ်စတင် ဝင်ရောက်တော့ မည့်ဆဲဆဲ၊ ၁၉၇၅ – ခုနှစ် မေလမကုန်မီ တောင်ကြီးအိမ်မှာ ရှိစဉ် ကတည်းက မြင်မက်ခဲ့ဖူးခြင်း ဖြစ်၏။

ဆန်းတာကတော့ အမှန်ပင် ဆန်းလွန်းနေ၏။ အကြောင်းမှာ ဒေါ်ရီနှင့် တွေ့ဆုံခဲ့ဖူးခြင်း မရှိသေး၍ ဖြစ်ပါသည်။ ဒေါ်ရီကိုမှ မဟုတ်ပါ။ သူ့ယောက်မ ဒေါ်နှင်းမြရော၊ မွေးမိတ်ဆွေ ဒေါ်ဒေါ်အေးရော၊ ကျွန်တော် အိမ်အောက်ထပ် ငှားနေဖြစ်ခဲ့သော အိမ်ရှင်ဒေါ်ဒေါ်ခင်ပါ အားလုံးတို့နှင့် မတွေ့ဆုံဖူး သေကျွမ်းဖူးသေး၍ မခင်မင်ရသေးပါ။ စကားကုန် ပြောရကြေး ဆိုပါလျှင် သူတို့အားလုံး ကလောမြို့၌ ရှိနေကြကြောင်း၊ ဤကမ္ဘာလောကကြီးထဲ၌ ရှိနေကြကြောင်းကို ကျွန်တော် လုံးဝ မသိသဖြင့်၊ ဘာဆိုဘာမှ မတွေးမိ ခဲ့ဖူးပါချေ။ ပဋ္ဌာန်းဆက်ဆိုသည်ကို လွယ်လွယ်နှင့် မယုံကြည်တတ်သော သိပ္ပံသမား ကျွန်တော့်အဖို့ ဂမ္ဘီရဆိုတာကြီးကို ယုံကြည်လိုက်တော့မယော့– တု ယုံကြည်နိုင်းလိုက်သည်နှင့်မခြား နှပ်ဖူးတွေ့ဒူးတွေ့ကို သိမ္မမှု တွေ့ကြုံရသည့် အဖြစ်မှန်ပေကိုး။

www.burmeseclassic.com

www.burmeseclassic.com



ယခင်ဖတ်လမ်းမှ အကျဉ်းချုပ်ကို ပြန်ကောက်ရလျှင်၊ ဒေါ်ရီလည်း ဆေးရုံက ဆင်းခဲ့ရော၊ ခွဲစိတ်ဆရာဝန်ကြီးဖြစ်သည့် မြို့နယ်ဆရာဝန် ဆေးရုံအုပ်ကြီးလည်း လှိုင်လင်မြို့သို့ ပြောင်းရွှေ့သွားခဲ့ရ၏။ ဒေါ်ရီ၏ ခွဲစိတ်ဒဏ်ရာမှာ ချုပ်ရိုးဖြည့်ပြီးသည့်တိုင်အောင်၊ တစ်နေရာ၌ သွေးစိုစို သားနုရည်စိုစိုနှင့် အနာမကျက်နိုင်သေးပါ။ ဒေါ်ရီ၏အိမ်နှင့် ကျွန်တော် ငှားနေသည့် အိမ်တို့မှာ လှမ်းအော်ခေါ်၍ ကြားနိုင်သည့် ခဲတစ်ပစ်စာ ခရီးမဝေး အနီးလေး ဖြစ်၏။ ညနေတိုင်း ကျွန်တော် ဆေးရုံမှ ပြန်လာပြီး တစ်အောင့်နားချိန်ဆို ဒေါ်ရီ အနာဆေးထည့်ရန် လာနေကျ ဖြစ်ပါသည်။ အကူအညီ တောင်းခံလာ၍ ကူညီပေးရခြင်းပါ။

ဒေါ်ရီ၏ ယုံကြည်ချက်ကိုက ''ဆရာနဲ့မှ ဖြစ်မှာပါ''တဲ့လေ။ စိတ်အစွဲ ကလည်း ပါနေပါလိမ့်မည်။ ရှမ်းပြည်နယ်ခံ ရပ်ရွာသူ ရပ်ရွာသားတွေ ကိုက အစွဲအလမ်း ကြီးမားတတ်ကြပါ၏။ ကျွန်တော်လည်း မွေမိတ်ဆွေ ချင်းမို့ စေတနာအပြည့်ဖြင့် မေတ္တာရှိ ဆောင်ရွက်ပေးခြင်းမို့ ယင်းသို့ ဆောင်ရွက်ပေးရခြင်းကြောင့် ကုသိုလ်များများ ရယူခြင်း အနေအထား မျိုးသာ ဖြစ်ပါသည်။ ငွေကြေးနှင့် အကျိုးတစ်စုံတစ်ရာမျှော် မပါရှိခဲ့ပေ။ ဖြူစင်ခဲ့၍လည်း အကျိုးထူးခဲ့ဟန် တူပါသည်။ ဆေးလာထည့်၍ ၁၀-ရက်ခန့် ကြာသော်၊ တစ်ညတွင် အိပ်မက်ဆန်းတစ်ခုကို မြင်မက်ပါတော့၏။ မနက် ၄-နာရီခန့် ရှိပါလိမ့်မည်။ အိပ်မက်ကား ဤသို့ ဖြစ်၏။

ကလော်မြို့ မဟုတ်ဘဲ၊ တောင်ကြီးမြို့မှာ လိုလိုပါ။ နေမပွင့် မိုးအုံ့ တုံ့တုံ့ အနေအထားပါ။ နေ့လည်းမဟုတ်၊ ညလည်းမဟုတ်ပါ။ အလင်း ရောင်တော့ အားနည်းနေသဖြင့် မှိန်ပျပျဟု မှတ်သားမိ၏။ မြို့မသုသာန် အနီးမှာဟုလည်း ထင်မိလိုက်၏။ ဒေါ်ရီက အရှေ့အရပ်သို့ မျက်နှာမူ နေ၏။ ဒေါ်ရီ၏ လက်ယာလက်မောင်းကို ကျွန်တော် ကိုင်ဆွဲထား၏။ တောင်အရပ်ဘက်ကပါ။ လက်ဝဲလက်ကိုမူ လူဝံကြီးလို အမွေးအမှင် မည်းမည်း ကြောက်စရာလူကြီးက ဆွဲထားပါ၏။ မြောက်အရပ်ဘက်ကပါ။ အန္တရာယ်ရှိသည်ကိုလည်း ရိပ်စားမိစား သိရှိနေ၍ ''ကျွန်တော် ဆွဲခေါ်ရာ နောက်ကို အမြန်လိုက်ပါပြီး ပြေးလှည့်ပါ ဒေါ်ရီ''ဟု ကျွန်တော် ပြောရင်း



တောင်အရပ်ဘက်ဆီသို့ အတင်းဆွဲလုပြေးဖို့ ကြိုးစားနေ၏။ လွန်ဆွဲပွဲနှင့် တူလှချေသည်။

လူမည်းမည်းကြီးကလည်း မြောက်အရပ်ဘက်ဆီသို့ ဒေါ်ရီကို အတင်း ဆွဲလုနေပါ၏။ ကျွန်တော်ဆွဲသည့်ဘက် တောင်အရပ်ဆီသို့ ဒေါ်ရီ တစ်ယောက် လိုက်ပါလာခဲ့၏။ သို့သော်လည်း ကျွန်တော် ဆွဲပြေးသလောက် လိုက်ပါနိုင်အား ဒေါ်ရီမှာ ရှိမနေပါ။ အဓိပ္ပါယ်မှာ တန်းလန်း တန်းလန်းနှင့် ကျွန်တော် အားမရနိုင်လောက်အောင်ကိုပင် ဒေါ်ရီမှာ နှေးကွေးလွန်းစွာ နောက်ကျန်ရစ်ချင်နေပါသည်။ ဒေါ်ရီ၏ လက်မောင်း ကိုလည်း မလွှတ်ရဲ၍ ဆွဲခေါ်သရွေ့လည်း အားရှိပါးရှိ ပါမလာခဲ့ပါ။ ဟိုတစ်ဖက်လူမည်းကြီး ကလည်း မလွှတ်တမ်း အပြိုင် ဆွဲယူနေသဖြင့် ကျွန်တော်မှာ အတော်ကြီး ကြိုးစားဆွဲငင်လျက် စောင့်စားခေါ်ယူနေရပါသည်။ မှန်ရာဝန်ခံရလျှင် ကြောက်စိတ်ကလည်း တစ်ကိုယ်လုံးကို လွှမ်းမိုးနေချေ၏။

သို့နှင့် တဖြည်းဖြည်း မြို့ဝင်နား အရောက်တွင် လူမည်းမည်းကြီး မှာ ကျွန်တော်တို့နှင့် ဆက်မဆွဲနိုင်၊ ဆက်မလိုက်နိုင်တော့ဘဲ ပြတ်ကျန် ရစ်ခဲ့တော့၏။ ပြီးတော့ လုံးဝကြီးကို ပျောက်ကွယ်သွားပါတော့သည်။ မြို့တွင်းသို့ ဒေါ်ရီ ပါလာခဲ့ပါပြီ။ ကျွတ်ပြီလွတ်ပြီ၊ အောင်မြင်ခဲ့ပါပြီဟု စိတ်ကို တုံးတုံးချလိုက်နိုင်ချိန်မှာ အိပ်မက်မှ နိုးထလာတော့၏။ လူမှာ တကယ်ပဲ ကြောက်စိတ်ဖြင့် ကတုန်ကယင်ဖြစ်နေဆဲ၊ စိတ်မောလှုပ်နှင်းလျှ နေဆဲ ဖြစ်ပါသည်။ အိပ်မက်အဓိပ္ပါယ်ကို မကောက်တတ် ကောက်တတ် ဖြင့် ဤသို့ ဖွင့်ဆိုကြည့်မိ၏။

ဒေါ်ရီ၏ ခွဲစိတ်ခံချုပ်ရိုးတစ်နေရာရှိ အနာမှာ အနာကျက် ကြာရှည် လိမ့်မည်။ မကောင်းဆိုးဝါး၏ လက်မှ အန္တရာယ်လွတ်မြောက်မည်မှာ ကေန် ချေပါ။ သုသာန်၏ တောင်ဘက်အရပ်ရှိ မြို့ရွာတွင်းသို့ ပြန်ပါလာနိုင်ခြ သောကမှ လွတ်ပြီ။ မသေနိုင်တော့ပြီ။ လူကောင်း ပြန်ဖြစ်နိုင်မည်။ သို့သော် ကျွန်တော် ဆွဲခေါ်ပြေးသလောက် မလိုက်ပါနိုင်၊ နှေးကွေးလွန်းနေ၍ အနာကျက်မမြန်နိုင်ပါ။ ''မမှုဒီပါ လက်ယာတောင်ကျွန်း နိမိတ်ထွန်း''

www.burmeseclassic.com

www.burmeseclassic.com



ဆိုရိုးစကားအတိုင်း၊ တောင်ဘက်အရပ်မှ ဒေါ်ရီ၏ လက်ယာ လက်မောင်းကို ကျွန်တော် ဆွဲပြေး၍ အောင်မြင်ခဲ့သည် မဟုတ်ပါလား။ ဤသို့ စဉ်းစားဝေဖန်မိကာ "ဒေါ်ရီ စိတ်ရှည်ရှည်ထားပြီး ကုပါတော့၊ ဆေးထည့်ပါတော့နော်။ ပျောက်တော့ ပျောက်မယ်။ ကြာလိမ့်မယ်"ဟု ဒေါ်ရီကို အားပေးစကား ပြောကြားရပါတော့သည်။

စိတ်ရှည်ရှည်ထားပြီး ဒေါ်ရီ ဆေးကုပါ၏။ ထိုစဉ်က နောက်ဆုံးပေါ်ဖြစ်သော 'ကေနီမိုင်စင်'ဆိုသည့် ထိုးဆေးတစ်ပုလင်း တစ်ကြိမ်ထိုးကို ကျပ်ရှစ်ဆယ် တစ်ရာကျော်ထိပင် ပေးဝယ်ကာ ထိုးခဲ့၏။ ဆေးပတ်လည်ရန် အနည်းဆုံး ငါးလုံးထိုးရ၍ ရွှေတစ်ကျပ်သားတန်ကြေး ရှိနေပြီ။ အနာကိုလည်း ဆေးမှန်မှန်ထည့်ပါ၏။ သို့သော် တကယ်လည်း ကြာမြင့်ခဲ့ပါ၏။ အနာမှ သားနုံရည် ထွက်ကျရာလမ်းကြောင်းသည် အလျားလိုက်ဓွေဓွေပြွန်ပေါက်လေးလို ဖြစ်နေ၏။ တစ်နေ့ အဖြူစလေး တွေ့သည်ဟု ယူဆကာ ကျွန်တော် ရဲ့စွာ ဇာဂနာဖြင့် နှိုက်ယူဆွဲထုတ်လိုက်ရာ ချုပ်ရိုးချည်ဖြစ်နေ၏။ အနာကျက်လာပြီ။ ၆–လကား ကြာမြင့်ခဲ့၏။

• • • • • • • • • • • • •

**အခန်း ၄။**

သမီးလေး မစံပယ်သည် အိမ်မှာ ၁၀–ရက်ခန့် နားနေပြီးသည့်နောက်၊ ဗုဒ္ဓယဉ်ကျေးမှုသင်တန်း တက်ရောက်နိုင်ရန်၊ ကျွန်တော်တို့ ကလောမြို့ မဟာစည်ရိပ်သာသို့ လိုက်ပို့ပေးရ၏။ သီလရှင်ဝတ်ဖြင့် ပထမအဆင့်နှင့် ဒုတိယအဆင့် နှစ်ဝါအတွင်း အဆင့်နှစ်ဆင့် အောင်မြင်ခဲ့ပြီးပါပြီ။ အားလုံး သုံးဆင့် သတ်မှတ်ထားလျက်၊ ယခု တက်ရောက်ရမည့် အဆင့်မှာကား တတိယအဆင့် (နောက်ဆုံးအဆင့်) ဖြစ်ပါသည်။ ကံခေစဉ်မှာ မည်မျှကြိုးစားသည်ဖြစ်စေဦး၊ အမျိုးမျိုး လွဲချော်နိုင်၏။ ပထမအဆင့်အတွက် ပွဲဆောင်ဦးနှစ် ဝင်ရောက်ဖြေဆိုခဲ့စဉ်က ကျောင်းသူကျောင်းသား တစ်ရာကျော် ရှိသည့်အနက်၊ ထိပ်ဆုံး ၁၀–ဦး ရွေးချယ်ဆုပေးခဲ့၏။ သမီးက နံပါတ် ၆–သာ ချိတ်ခဲ့ပါသည်။ နှစ်သိမ့်ဆုကို တက်ယူနိုင်၍ တော်ပါသေး၏။



နောက်တစ်နှစ်မှာ ဒုတိယအဆင့်ကို ကြိုးစားကျက်မှတ် ဖြေကြားရပါသည်။ နံပါတ် ၂–သာ ချိတ်၏။ အမှတ်တစ်မှတ် လျော့နည်းရုံမျှဖြင့် ပထမဆုကို လက်လွှတ်လိုက်ရ၏။ ပိုဆိုးသည်က ဆုမှားရရှိခြင်းပါ။ ဆုတက်ယူရန် အစမ်းလေ့ကျင့်စဉ်တုန်းက ထိုင်းနိုင်ငံဖြစ် ဗုဒ္ဓရုပ်ပွါးတော်တစ်ဆူ အပါအဝင် အခြားဆုများ နမူနာ လက်ခံရယူပြီးပါပြီ။ တကယ့်ပွဲကြီးကျတော့ ဆုချီးမြှင့်ပေးသော ရိပ်သာလူကြီးတစ်ဦးက မှားယွင်းစွာ နံပါတ် ၂–ဆုကို အခြားသူအား ပေးလိုက်မိ၍၊ သမီးခမျာ မရရှိလိုက်တော့ပါ။ သီလရှင်ဝတ်အချင်းချင်းမို့ သစ္စာရှိစွာ ပြန်လဲလှယ်ပေးလိမ့်မည်ဟု သမီး မျှော်လင့်နေခဲ့သေး၏။ လူတိုင်း မိမိစိတ်ထားလို မဟုတ်ကြရကား ပိုမိုကောင်းမွန်သော ဆုကို ဘယ်သူက ပြန်လဲပေးတော့မည်နည်း။

ယခု တတိယအဆင့်ကို ကက်ရောက်သင်ယူ ဖြေဆိုရပါလိမ့်မည်။ သုံးဆင့်လုံး ပြီးမြောက်အောင်မြင်ထားတော့ ပိုကောင်းတာပေါ့ဟု ဘွားဆရာကြီးက တိုက်တွန်း၍ လာတက်ရောက်ခြင်း ဖြစ်ပါ၏။ ရိပ်သာရောက်၍ ငွေသွင်းချိန်ကျမှ၊ သကြြန်တရားစခန်းဝင်ရေး မဝင်ရေး သမီး ဆုံးဖြတ်ဖြစ်၏။ တရားစခန်းကိုလည်း ဝင်ပါမည်ဟု ယတိပြတ် ဆုံးဖြတ်လိုက်နိုင်၍ ဝမ်းမြောက်စွာ သာဓုခေါ်ရပါသည်။ ဆွမ်းတစ်နပ် ကပ်ချင်သည်ဆို၍ တစ်ပါတည်း လှူဒါန်းပေးသွင်းခဲ့ပါသည်။ ကုသိုလ်တရား ဆိုသည်ကား တိုးပြီးရင်း တိုးပွါးလာတတ်စမြဲ မဟုတ်လား။

သီလရှင်ဝတ် သမီး မဉာဏသိဂီကို အကြောင်းပြု၍ ကျွန်တော်တို့ မိသားစုမှာ ကုသိုလ်တွေ အများကြီး ရလိုက်၏။ ပထမတစ်ဝါတွင် သီလရှင်အပါးလေးဆယ်ဝန်းကျင်အတွက် သီလရှင်ဝတ်စုံများ လှူဒါန်းဖြစ်ခဲ့၏။ ဒုတိယဝါတွင် ရိပ်သာမီးဖိုမကောင်း၊ မီးခိုးတအူအူ တဝေဝေ၊ မျက်ရည်စဲ့စဲ့ဖြင့် ဒုက္ခကြီးစွာ ချက်ပြုတ်ကြရသည်ကို ပြုပြင်ပေးချင်သည် ဆိုလာ၏။ အကျအနပြုပြင်ပေးမည့် အစီအစဉ်မှသည် တကယ်တမ်း ပြင်ဆင်သည့် အချိန်တွင် အသစ်တည်ဆောက် လှူဒါန်းပါမှ ပိုမို၍ ကောင်းမြတ် အဆင်ပြေသည့် အနေအထားပေမို့ အသစ် တည်ဆောက်ပေးဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ကထိန်ကိုလည်း ခင်းဖြစ်၏။ ဒုကုဋ်သက်န်းကြီး (ဥ တ်မကြီး)နှင့် အရံ ဒွိစုံသင်္ကန်းအစုံ ၃၀-ကျော်၊ သီလရှင်အားလုံးအတွက် သီလရှင်ရောင် သိုးမွေးခြုံထည်များ၊ ပဲထောပတ်ဆွမ်း၊ သက်သတ်လွတ်ဟင်းများ ဖွယ်ဖွယ် ရာရာဖြင့် လာသမျှဧည့်သည်အားလုံး ပြည့်စုံပိုလျှံအောင် ကျွေးမွေး လှူဒါန်းနိုင်ခဲ့၏။

ထို့ပြင် မွေကထာ လက်ကမ်းစာရွက်များကိုလည်း မွေဒါန အနေ အားဖြင့် လှူဒါန်းဖြစ်ပါသေး၏။ လစဉ်နီးပါး ရိပ်သာသို့ အရောက်သွား၍ လိုအပ်ရာရာ ဖြည့်စွက်ကာ လှူဒါန်းခဲ့သည်မှာလည်း နှစ်ဝါအတွင်း အကြိမ်နှစ်ဆယ် မကာပါပေ။ သီလရှင်ဝတ်ပေးရန် ဘွားဆရာကြီးထံ ရှေးဦးဖုန်းဆက် စုံစမ်းစဉ်ကပင်လျှင် "ဒီနေ့ စနေနေ့နော်၊ မနက်ဖြန် တနင်္ဂနွေပါဘုရား။ သီလရှင်ဝတ်စုံကို ဘယ်လိုချုပ်ရမှာလဲ ဘွားဆရာကြီး ဘုရား"ဟု မေးမြန်းလိုက်လျှင်၊ "ဆရာတို့ လာသာလာခဲ့ပါ။ သမီးလေး အရပ်အမောင်း မှန်းနိုင်ပါတယ်။ သီလရှင်ဝတ်စုံ ချုပ်ထားပေးမယ်။ ရိပ်သာမှာတင် ချုပ်ပေးလို့ ဖြစ်ပါတယ် ဆရာ"ဟု အားတက်သရော စီစဉ်ပေးပါသည်။

တနင်္ဂနွေနေ့ မနက် ၆-နာရီတွင် တောင်ကြီးအိမ်မှ ကားစထွက်၏။ သား ကိုဦး ကားမောင်းကျွမ်းကျင်၍ မောင်းချိန် နှစ်နာရီခန့်သာ ယူသည်။ နံနက် ၈-နာရီ မထိုးမီတွင် ကလောမဟာစည်ရိပ်သာသို့ ဝင်ပါပြီ။ အဆင်သင့် စောင့်ကြိုနေသော ဘွားဆရာကြီး၏ အစီအမံတို့ကြောင့် နံနက် ၉-နာရီခန့်မှာ သီလရှင် ဖြစ်ခဲ့ပါပြီ။ သီလရှင်ဒါနလောင်းလှူဖို့ကို ကျွန်တော်တို့ သတိမရခဲ့ကြ၍ ဘာမှ မစီစဉ်လာခဲ့ကြပါ။

အောင်ပန်းမြို့နေ ဘွားဆရာကြီး၏ တူအကြီးဆုံး သားကြီး ကိုမျိုးထွန်းနှင့် ဇနီး ဒေါက်တာညိန်းညိန်းတို့ ဇနီးမောင်နှံ အချိန်မီ ရောက်လာကြကာ လောင်းလှူကြ၍ ပြည့်စုံမြိုင်ဆိုင်သွားခဲ့၏။ ရဟန်းသစ် သံဃာ သိမ်ဆင်းလောင်းနှင့် အလားတူပါသည်။ ကျွန်တော်တို့က အတွေ့အကြုံမှ မရှိတဲကိုး။ ဘယ်သိလိမ့်မည်နည်း။ သမီးလေး သီလရှင်



ဖြစ်စမှာကိုပဲ ကံကောင်းလှကာ ပြည့်ပြည့်စုံစုံ ချမ်းချမ်းသာသာနှင့် ဖြစ်သွားရ၏။ သူ့ကံတရားကိုက အတိတ်ပါရမီ ပါလာခဲ့ပြီးသား နေမှာပါ။

တောင်ကြီးမြို့အပြန်ခရီးမှာ သားကြီးကိုဦးက အံ့ဩလွန်းလှစွာ "ဖေဖေနဲ့ ဘွားဆရာကြီးတို့ အရင်ကတည်းက ဘယ်လို အဆက်အစပ် ရှိခဲ့ကြတာလဲ"ဟူ၍ မေးမြန်းစုံစမ်းလာတော့၏။ "ဒေါ်ရီဘဝမှာ ဗိုက်ခွဲစိတ်ဒဏ်ရာ ချုပ်ရိုးတစ်နေရာမှာ အနာမကျက်နိုင် ဖြစ်နေရှာတယ်။ အဲဒါ အကူအညီတောင်းလို့ ဖေဖေက လနဲ့ချီပြီး စိတ်ရှည်ရှည် အနာ ဆေးထည့်ပေးခဲ့ရဖူးတယ်၊ သည့်အရင်၊ ပထမခွဲစိတ်ပြီး ၁၀-ရက် အကြာ နောက်တစ်ကြိမ် ပြန်ခွဲစိတ်ရတဲ့ည၊ ဒေါ်ရီ မေတ္တာရိပ်လို့ တစ်ည စောင့်အိပ် ပေးခဲ့ဖူးသေးတယ်။ အတွေ့အကြုံဆန်းကို စာတစ်ပုဒ် ရေးဖွဲ့ဖြစ်ဖူးတာပေါ့ သားရယ်"ဟု အတိုချုပ် ပြောပြရပါသည်။

တောင်ကြီး အေးငြိမ်းချမ်းသာမွေရိပ်သာ ဖွင့်စဉ် စဦးနှစ်မှာပင်၊ တရား အားထုတ်နိုင်ရေးအတွက် အသိအကျွမ်း မွေမိတ်ဆွေများကို လှုံ့ဆော် ကူညီပေးခဲ့ဖူး၏။ ယင်းတို့အနက်၊ ဒေါ်ရီသည် ကျွန်တော့် မိတ်ဆွေရင်းပီပီ အားရဝမ်းသာစွာ ရက်ရှည် တရားသာအားထုတ်ခဲ့ပါသည်၊ ကလောမြို့တွင် ရှေးဘစ်ထပ်အိမ် အပါအဝင် ခြံဝင်းကျယ်ကြီး လှူဒါန်းမည့်သူ ပေါ်ပေါက် လာသောအခါ ဒေါ်ရီသည် ကျွန်တော့်အား တိုင်ပင်ခဲ့ပါ၏။ "မဟာစည် ရိပ်သာခွဲလား၊ မိုးကုတ်ရိပ်သာခွဲလား၊ ဒေါ်ရီ ကြိုက်တာ ဆုံးဖြတ်ပါ။ ကျွန်တော် ကူညီပေးပါမယ်"ဟု အားပေးခဲ့ရာ၊ မဟာစည်ရိပ်သာခွဲဟု ဒေါ်ရီ ရွေးချယ်ခဲ့ခြင်း ဖြစ်၏။

ဒေါ်ရီ၏ ဆုံးဖြတ်ချက် သေချာသွားသည်နှင့် တောင်ကြီး မဟာစည် ရိပ်သာခွဲ ဥက္ကဋ္ဌနှင့် ဂေါပကအဖွဲ့ထံ ကျွန်တော် တင်ပြအကူအညီ တောင်းခံလိုက်တော့၏။ ရှေးဦး ကလောမြို့ သိမ်တောင်ကျောင်းတိုက်မှာ ၁၀-ရက် တရားစခန်း စတင်ဖွင့်လှစ်ခဲ့၏။ ပြီးမှ နောင်သောအခါတွင် ရိပ်သာ ဖြစ်ပေါ်လာအောင် ဦးဆောင်အကြံပြု လှူဒါန်းခဲ့ကြပါသည်။ ဤသို့ ဤသို့သော အကြောင်းအဆက်အစပ် ရှိခဲ့ကြပုံများကို သားကြီး ကိုဦးအား ရှင်းလင်းပြောပြတော့မှ နားလည်သဘောပေါက်သွားကာ "ဪ ...

www.burmeseclassic.com

www.burmeseclassic.com



မြို့လယ်ဗမ္မာရုံမှာ နှစ်ကိုပ်ရှစ်ဆူဘုရား ပူဇော်ရာ၌ တစ်ဆူ (ကျောင်းဆောင်အပါအဝင်) ပူဇော်ဖြစ်၏။ တပို့တွဲ နှမ်းမနဲထိုးပွဲနှင့် ဘုရားလှည့်လည် ပူဇော်ပွဲကိုလည်း ကျွန်တော်သည် ဆေးရုံဝန်ထမ်းများအတွက် ဦးဆောင်ကသိုလ်ယူပေးခဲ့၏။ လူမျိုးစုံ ဘာသာစုံတို့ ဝင်နွှဲကြရာ ကလောဆေးရုံသမိုင်းတွင် ရာဇဝင်တွင်သွားတော့၏။ လုပ်ဖော်ကိုင်ဖက် ဆရာဝန်များဖြစ်ကြသည့် ဒေါက်တာမြင့်မြင့်၊ ဒေါက်တာ ခင်နုနုသင်၊ ဒေါက်တာရီရီဝင်း၊ ဒေါက်တာအေးကြည်စိန်၊ ဒေါက်တာမြမြစန်း၊ ဒေါက်တာအေးမာကြည်၊ ဒေါက်တာခင်မောင်ဝင်းတို့ မောင်နှမရင်းလို ခင်မင်စွာ စိတ်တူကိုယ်တူ ကုသိုလ်ယူကြသည်ကို တစ်သက် မမေ့နိုင်ပါ။

အပျိုကြီးဒေါက်တာရီရီဝင်းက "ဦးလွှမ်းဝေကြီး–ကလောမြို့မှာ အလှူသိပ်မလုပ်နဲ့။ နောင်ဘဝတွေမှာ ကလော လူလာဖြစ်လို့ကတော့ မလွယ်ဘူးနော်။ အအေးက လွန်ကဲပြီး၊ မြို့က စီးပွါးမဖြစ်၊ ကြာလေ ခြောက်ကပ်လာလေနဲ့"ဟု ရယ်သလို မောသလိုနှင့် နောင်ပြောင်ပြောလေသလား အတည်ပြောလေသလား မသိပါ။ သူ့ခမျာ အပျိုကြီးရောဂါ သားအိမ်ကင်ဆာဖြင့် ကွယ်လွန်ခဲ့ရှာလေပြီ၊ အိုကြိုကိုလည်း သေမင်းက မညှာခဲ့ပါပေ၊ အိုကြိုဖြစ်အောင် အတော် ကြိုးစားရရှာသူ ဖြစ်၏။

ခုနေများ ဒေါက်တာရီရီဝင်း ရှိနေသေးလို့၊ နှစ် ၃၀–ကျော် အကြာမှာ ဒေါက်တာလွှမ်းဝေကြီး အလှူတွေ ဆက်ပုံများ၊ သမီးတောင် သီလရှင် ၂–ဝါ ရသတဲ့ဟု သိရှိလျှင် မည်သို့ ပြောမှာပါလိမ့်၊ သူတောင် သီလရှင်ဝတ်ဖို့ စိတ်ကူးခဲ့သေးသည်ပဲ၊ သာဓုခေါ်နေမည်ဟု မျှော်လင့်ရပါသည်။ သူ့ခမျာ အသေစော၍ နမြောရ၏။

အမှန်တော့ ဘွားဆရာကြီး သာသနာဆက်ပြုနိုင်ဖို့ ကျွန်တော် ဟိုတုန်းက ပံ့ပိုးကူညီခဲ့ရတာလေလား။ ကျွန်တော် အလှူဆက်နိုင်ဖို့ ဒေါ်ရီခမျာ မသေဘဲ သီလရှင်ဘဝ ကူးခဲ့ရခြင်းလေလား။ စာဖတ်သူတို့ မည်သို့ သဘောရပါသနည်း။

ဒေါက်တာလွှမ်းဝေ(တောင်ကြီး)

❀ ❀ ❀ ❀ ❀

## သိလေကဒ္ဒို စမ်းတာလေလား

ဒေါက်တာလွှမ်းဝေ(တောင်ကြီး)

**အခန်း ၁။**

ကရင်မရေထွက် ဂငယ်ကွေ့ကြီးကို ကားငယ်လေး ကွေ့တက်လိုက်သည်နှင့် တောင်ချွန်းကြီး ဘွားခနဲ မျက်စိအစုံ မြင်ကွင်းထဲသို့ ဝင်ရောက်လာသလို၊ ကျောစိမ့်သွားအောင် အေးခနဲ ပက်ဖျန်းဖေ့တိုက်သွားသည့် လေပြည်မြူးမြူး၏ ကြိုဆယ်သော့ကာစား နှုတ်ဆက်ခြင်းကို ခံလိုက်ရပါသည်။ တောင်ကြီးမြို့သို့တက်လာတိုင်းပင်၊ ဤအကွေ့ကို ကျော်လိုက်သည်နှင့် တစ်ပြိုင်နက်၊ ရေခဲရည်ဖြင့် ပက်ထည့်လိုက်သလိုကို မျက်နှာ ခြေလက် အေးစက်သွားရသည့် အတွေ့အထိ ခံစားလိုက်ရစမြဲ ဖြစ်၏။ တောင်ကျောကို ပင့်တိုက်နေသည့် လေကြော ရှိနေ၍ ဖြစ်မည်။

"တောင်ကြီးမြို့မှ ကြိုဆိုပါ၏" ဆိုင်းဘုတ်ကြီးက မင်းလမ်းမကြီး၏ လက်ယာဘက်မှ နွေးထွေးလှိုက်လှဲစွာ ဆီးလို့ ကြိုဆိုနေပါသည်။ မိုင်လေးဆယ်ကျော်မျှသာ ရှိသော တောင်ပေါ်ခရီးသည် အကွေ့အကောက် အဝေ့အဝိုက် အဆင်းအတက်တွေ ရောပွမ်းနေသဖြင့် ကားကို ဖြည်းဖြည်းသာသာ မောင်းနှင်ခဲ့သူ တူတော်မောင် သားကြီးကို ကျေးဇူးတင်မိရပါ၏။ ဆရာလေး ဒေါ်သုမနစာရီခမျာမှာ၊ ကားအမြန် မောင်းနှင်လျှင် မူးမော်တတ်သောကြောင့် ဖြစ်ပါသည်။

အချိန်ပေး ဖြည်းဖြည်းမောင်းရသောကြောင့် ဖြစ်ပါမည်။ အချိန် အတော်စားသွားခဲ့၏။ အခုပဲ ညနေ ၃–နာရီ တော်တော်လေး ကျော်နေပြီ

www.burmeseclassic.com



အိမ်မှ ထွက်လာကြစဉ်တုန်းက နေ့ခင်း ၁–ချက် မထိုးသေးပါ။ ထို့ကြောင့် ကားမောင်းချိန် ၂–နာရီ တစ်မတ်ကျော် ရှိသွားခဲ့ရ၏။ တော်ပါသေးသည်။ အေးငြိမ်းချမ်းသာ ဓမ္မရိပ်သာသို့ ညနေခင်း ၃–နာရီခွဲလောက်မှာ ဝင်ရောက်ရမည်မို့ အချိန်မီရုံမျှလေး ဖြစ်လိမ့်မည်။ စောင့်မျှော်နေမည့် ဆရာဒေါက်တာလွှမ်းဝေတို့ မျှော်တော်ဖောနှင့် စိတ်မမောစေချင်ပါ။

ကားလေးသည် တောင်စူးစူးသို့ ဆက်လက်မောင်းနှင်လာပါသည်။ တောင်ကြီးမြို့သည် တောင်မြောက် အလျားလိုက် ရှည်မျောကြီး တည်ရှိသဖြင့်၊ လမ်းများသည်လည်း တောင်နှင့်မြောက် အဖြောင့်ဖောက်လုပ်ထား၏။ မြို့၏ အလယ်ဗဟိုကို ဖြတ်သန်းသည့် မင်းလမ်းကို ပေတစ်ရာလမ်းဟု ခေါ်၏။ အကြီးဆုံး အကျယ်ဆုံး အရှည်လျားဆုံးပါ။ မင်းလမ်းမကြီး၏ တစ်ဘက်တစ်ချက်စီမှာတော့ စော်ဘွားလမ်းနှင့် ဖောတိကလမ်းတို့ အပြိုင်ရှိကြ၏။ မင်းလမ်းကို ယခုအခါ၌ ဗိုလ်ချုပ်အောင်ဆန်းလမ်းဟု ပြောင်းလဲမှည့်ခေါ်လိုက်သလို၊ စော်ဘွားလမ်းကိုလည်း စဝ်စံထွန်းလမ်းဟု ပြောင်းမှည့် ခေါ်ဝေါ်နေပါပြီ။ စော်ဘွားလမ်းသည် တောင်ကျောင်းကြီးမှသည် မြို့မဈေးအထိသာလျှင် ရှိ၍ တိုတောင်းလှပါသည်။

မြို့တွင်းသို့ ရှေးရှုမောင်းနှင်နေသော ကားငယ်လေးပေါ်မှ ဆရာလေးသည် လမ်း၏ဝဲယာကို့ကို ကြည့်ရှုလာခဲ့သည်။ သပြေပင်ကြီးကို ကျော်သည်နှင့် စဝ်စံထွန်းဆေးရုံကြီးကို တွေ့ရပြီ၊ မကြာမီ မင်းကွန်းကျောင်းတိုက်နှင့် မင်းကျောင်းတို့ကို ဖြတ်လာခဲ့ပြီ။ ပြီးတော့ လျှပ်စစ်ဓာတ်အားပေးစက်ရုံကြီး၊ မြို့မဈေးကြီး၊ မြို့လယ်ရဲဌာနတို့ကို ဖြတ်သန်းပါပြီ၊ ရဲဌာနနှင့် မျက်နှာချင်းဆိုင်မှာတော့ မြို့လယ်ဓမ္မာရုံကြီးက တည်ငြိမ်စွာ မြို့ကျက်သရေကို ဆောင်နေပါ၏။ ဓမ္မာရုံကြီးနှင့်ကပ်လျက် မြန်မာ့စီးပွါးရေးဘဏ် ရှိ၏။ ဘဏ်တိုက်ကြီးနှင့် မျက်စောင်းထိုး၊ ဓားလွှယ်ခုတ်နေရာမှာတော့ မြသုခရုပ်ရှင်ရုံကြီး ဖြစ်၏။ မြသုခဘေးရှိ မစ်ရှင်လမ်းလေး(ယခု ဘုရင့်နောင်လမ်း) ကို ညာချိုးဝင်ကာ အနောက်တည့်တည့်မှသည် အနောက်တောင်ယွန်းယွန်းသို့ ဆက်လက် မောင်းနှင်လာပါသည်။



ကံသာဓမ္မာရုံကို ဖြတ်ကျော်ပြီးသည်နှင့် ရေမြောင်းကြီးကို ပတ်ဆင်းလိုက်ရသည်၊ ဘုရားကြီးအတက်လမ်း ဖြစ်၏။ စည်ပင်ဝန်ထမ်းအိမ်ရာဝင်းကို ဖြတ်ကျော်လိုက်ကာ တောင်စူးစူးအရပ်သို့ ကုန်းမော့မော့ကို မောင်းတက်ရပြန်ပါရော။ မော့နေသည့် လမ်းခုလတ်၏ ညာဘက်ကုန်းထိပ်တွင် ခြသေ့်နှစ်စီး, မုခ်ဦးပြာသာဒ်ကြီး, စောင်းတန်းရှည်ကြီးတို့ဖြင့် ခံ့ညားယည်ဝါသော အောင်မြေသာစည်ရွှေကျင်ကျောင်းတိုက်ကြီး တည်ရှိနေ၏။

မကြာမီ ဘုရားကြီး မြောက်ကျောင်းမုခ်ဦးက လမ်းဝဲဘက်မှာ ပေါ်လာပြီ။ လမ်းဦးတိုက်ကတော့ ဘုရားကြီးအတက် စောင်းတန်း ဖြစ်၏။ စောင်းတန်းဘေးက ဝိုက်တက်သော ကားလမ်းမှာ သိမ်တောင်ပရိယတ္တိစာသင်တိုက်သို့ ဦးတည်၏။ ဘုရားကြီးမြောက်ကျောင်း မုခ်ဦးအနီး ဘုရားကြီးအတက် သိမ်တောင်သွားလမ်းနှင့် စွန်းလွန်းသွားလမ်းကြားရှိ လမ်းသွယ်လေးမှာ အေးငြိမ်းချမ်းသာ ဓမ္မရိပ်သာသို့ ဦးတည်သော လမ်းလေး ဖြစ်ပါသည်။

ဝိပဿနာရိပ်သာတွင်းသို့ ကားလေး ဝင်ရောက်လိုက်သည်နှင့် ဆရာဒေါက်တာလွှမ်းဝေနှင့် ဆရာမကြီး ဒေါ်ဝင်းလှိုင်တို့ စောင့်ကြိုနေကြ ပါသည်။ အချမ်းအေးဆုံး ဆောင်းလယ် ဒီဇင်ဘာလဖြစ်ပြီး ကျောင်းဝန်းကျင်တွင်ရှိ သစ်ပင်ကြီးငယ်တို့၏ အရိပ်များ အုပ်မိုးအုံ့ဆိုင်းနေ၍ အတော့်ကို အေးစိမ့်နေပါသည်။ ဆောင်းတွင်းကျနေ ဖြစ်၍လည်း များစွာ မပူပြင်းနိုင်ရှာပါ။ အသားကျောင်းလေးရှေ့မှာ ကားရပ်လိုက်သည်နှင့် လေပြင်းတစ်ချက်က ပင့်တိုက်လိုက်ပြန်၏။ ပိုမို၍ အေးစိမ့်သွားရ၏။ ကရင်မရေထွက်ကွေ့၏ အတက်မှာလိုပင် လေကြောသင့်ဟန် ရှိ၏ဟု ဆရာလေး ခန့်မှန်းမိလိုက်ပါတော့သည်။

"ဝမ်းသာလိုက်တာ ဆရာလေး။ ကျွန်တော်တို့ ၃–နာရီ မထိုးခင်ကတည်းက စောင့်နေကြတာပါ။ ဟောဒါက ဆရာမကြီး ဒေါ်ဝင်းလှိုင်။ ဆရာလေးနဲ့အတူတူ တရားအားထုတ်ဖော်ရအောင် တရားဝင်မှာပါတဲ့"

ဆရာဒေါက်တာလွှမ်းဝေက ဆရာလေးဒေါ်သုမနကို ဆရာမကြီးနှင့် မိတ်ဆက်ပေးပါသည်။ အအေးလွန်ကဲလွန်းသော ဒဏ်ကို မခံနိုင်သော

www.burmeseclassic.com

www.burmeseclassic.com



ကမ္မဋ္ဌာနာစရိယဘုန်းကြီးလေး ဦးစန္ဒာဝရသည် ဆောင်းဆိုရန်အတွက် ရန်ကုန်မြို့ ဝိပဿနာရိပ်သာကြီးသို့ ကြွသွားချိန် ဖြစ်၏။ တရားစခန်းလည်း ဖွင့်မထားပါ။ ကထိန်ရာသီ ပြီးကတည်းကပင် တရားစခန်းကို ပိတ်ထားပြီးပါပြီ၊ မိမိဘာသာ တရားရှုမှတ်အားထုတ်ကြရပါလိမ့်မည်။ ကိစ္စမရှိပါ။ ငယ်စဉ်ကတည်းကပင်လျှင် တရားလိုက်စားခဲ့သည့် အခံ ရှိပြီးသားပါ။ အေးဆေးစွာ အားထုတ်ရမည်မို့ ပိုပြီးဝမ်းသာနေပါသည်။ တရားအားထုတ်ဖော် ဆရာမကြီးဒေါ်ဝင်းလှိုင်လည်း အရှိသားပဲလေ။ ပြီးတော့ ဆရာနှင့်တကွ ဝေယျာဝစ္စအဖွဲ့သားတွေလည်းရှိ မဟုတ်ပါလား။

"ဘာမှ အားနာစရာ မရှိဘူးနော် ဆရာလေး။ တပည့်တော်မကပါရမီ ဖြည့်ကူမှာပါ"

"ကျွန်တော်ကလည်း နေ့ယောဂီအဖြစ်နဲ့ မနက်တစ်ပိုင်းလုံး လာမှာပါ။ လုပ်သက်ခွင့်တစ်လ ယူထားတယ် ဆရာလေး"

"ဝမ်းသာလိုက်တာ ဆရာမကြီးတို့ ဆရာတို့ရယ်၊ ရိပ်သာ တည်နေရာလေးကို နှစ်သက်သွားပါပြီ"

"လာ ... လာ ...။ ဟောဒီနှစ်ခန်းတွဲ ဇရပ်လေးမှာ နေရာချထားပေးဖို့ စီစဉ်ထားပါတယ် ဆရာလေး"

. . . . . . . . . . . . . .

**အခန်း ၂။**

ထင်ထားသည့်အတိုင်းပင် အေးငြိမ်းချမ်းသာ မေ့ရိပ်သာသည် တောင်စောင်းပြေပြေလျှောလျှောပေါ်၌ တူထောင်ထားခြင်း ဖြစ်၏။ တောင်ကျောလေးသည် မြောက်အရပ်နှင့် အနောက်မြောက်အရပ်သို့ မျက်နှာမူနေ၏။ "အနောက်တောင်က မိုးသက်ကျ" ဆိုရိုးစကားအတိုင်း မိုးလေးလရာသီ၌ အနောက်တောင်စနေလေ တဟူးဟူး တိုက်ခတ်ခြင်းကို ခံရပေလိမ့်မည်။ ယခုမှာမူ ဆောင်းလရာသီချိန်တွင်းဖြစ်၍ "မြောက်လေသွေးတော့ အေးလှသည်"ကိန်း ဆိုက်နေချေပြီ။ ရာသီအေးအေးမှာ မြောက်လေသွေးသဖြင့် ကျောစိမ့်အောင် အေးလွန်းလှ၏။ လေကြောကအလွန်သင့်သည့် တောင်ကျောပေကိုး။



တောင်စောင်းကို လှေခါးထစ်လေးများ ညှိထားပြီး အဆင့်ဆင့်ကျောင်းဇရပ်လေးတွေ စီစီညီညီ တန်းစီဆောက်ထားပါသည်။ အပေါ်ဆုံးအဆင့်နှင့်တစ်ညီတည်း မြေပြင်ကို မေးတင်ဆောက်ထားသည်က မွှာရုံအသားကျောင်းလေး ဖြစ်၏။ အောက်အဆင့်မှကြည့်လျှင် နှစ်ထပ်ကျောင်းပါ။ အောက်ထပ်သည် ဆွမ်းချက်ရုံနှင့် တွဲလျက် ဆွမ်းစားကျောင်းအဖြစ်အသုံးပြုပါ၏။ ယင်းမြေအဆင့်သည် ကျောင်းအောက်ထပ် ထက်ဝက်၌ရှိပြီး အနောက်သို့ ဆက်သွားလျှင် သုံးခန်းတွဲဇရပ်ငါးဆောင်တို့ တန်းစီနေပါသည်။

နောက်ထပ် အောက်တစ်ဆင့်မြေသည်သာ ကျောင်းအောက်ထပ်ကြမ်းပြင်နှင့်အညီ ဖြစ်၏။ ထိုမြေအဆင့်နှင့် တန်းတန်း အနောက်သို့ဆက်သွားပါက နှစ်ခန်းတွဲ ဇရပ်ငါးဆောင်တို့ တန်းစီနေကြ၏။ အထက်မြေအဆင့်ရှိ သုံးခန်းတွဲဇရပ်တို့၌ ရဟန်းသံဃာနှင့် အမျိုးသားယောဂီတို့ကို နေရာချထားမြဲဖြစ်လျက်၊ အောက်မြေအဆင့်ရှိ နှစ်ခန်းတွဲဇရပ်တို့၌ကား သီလရှင်နှင့် အမျိုးသမီးယောဂီတို့အတွက် သတ်သတ်မှတ်မှတ် ထားရှိကာ နေရာချပေးလေ့ရှိမြဲ ဖြစ်ပါသည်။

ဆရာဒေါက်တာလွှမ်းဝေနှင့် ဆရာမကြီးဒေါ်ဝင်းလှိုင်တို့သည် ဆရာလေး၏ အိပ်ရာလိပ်၊ အသုံးအဆောင်ပစ္စည်းထည့် လက်ဆွဲအိတ်နှင့် ခြင်းတောင်းတို့ကို သယ်ယူပေးရှာကြ၏။ ညအိပ်ယောဂီဆို၍ ဆရာလေးနှင့် ဆရာမကြီးတို့ နှစ်ဦးသားသာရှိ၍ တစ်ဦးလျှင် ဇရပ်တစ်ဆောင်ကျစီ ယူကြပါသည်။ အစွန်ဆုံးဇရပ်၌ ဆရာမကြီး နေပေး၏။ အသက် ပိုမိုကြီးသောကြောင့်ပါ။ ဆရာလေးကိုလည်း စောင့်ရှောက်နိုင်မည် မဟုတ်လား။ ကပ်လျက် ဒုတိယဇရပ်တွင် ဆရာလေးကို နေရာချပေးပါသည်၊ သော့တွဲကို ပေးခဲ့ပြီး ဆရာနှင့် ဆရာမကြီးတို့ မွှာရုံဘက်သို့ ထွက်ခွါသွားကြ၏။ လိုအပ်သည်များကို အားမနာတမ်း ပြောပါဟူ၍လည်း ဆရာဒေါက်တာလွှမ်းဝေက မှာကြားပြောဆိုပါသည်။ သပ်ရပ်သော ဇရပ်သစ်လေးမှာ နေချင့်စဖွယ်ပါ။

ဆရာလေးသည် ဇရပ်အဆောင်သော့ကို ဖွင့်လိုက်၏။ [illegible]သည် သုံးပေစကြံလမ်းနှင့် တည့်တည့် ဖြစ်ပါ၏။ အခန်းဖွဲ့စည်းပုံမှာ

www.burmeseclassic.com

www.burmeseclassic.com



အခန်းနှစ်ခန်းကို အလယ်မှ အသားထရံဖြင့် ခြားထားသည်။ ဝင်ပေါက် တံခါးတစ်ပေါက်စီ၊ ပြတင်းပေါက်နှစ်ပေါက်စီနှင့်မို့ အလင်းရောင် ကောင်းကောင်း ရပါ၏။ တစ်ခန်းလျှင် ဖန်မီးသီးတစ်ပွင့်စီ တပ်ဆင်ထား ပေး၏။ ဇရပ်ဆောင်အတွင်းမှာပင် စကြံလမ်းလေး ထည့်ပေးထားသည်မှာ ဟန်ကျလှ၏။ လေအေးအတ်ကို မစိုးရိမ်ရတော့ပေ။

ပြတင်းနှစ်ပေါက်နှင့် အသားထရံ လုံလုံခြုံခြုံမို့၊ အချိန်မတော် အချိန်တော် စိတ်ချလက်ချ စင်္ကြံလျှောက်နိုင် တရားမှတ်နိုင်ပါ၏။ မိုးလုံ လေလုံမို့ မိုးရွာနေပါကလည်း အဆင်ပြေပါသည်။ ပြတင်းပေါက်များ ပိတ်ထားလိုက်လျှင် လေတိုက်သည်ကို မှုစရာ မလိုတော့ပေ။ စိတ်အေး ကိုယ်သာ နေနိုင်သော နှစ်လိုဖွယ် ဇရပ်လေးပါပေ။ သို့သော် ခက်လှသည်က အထုပ်အပိုးလေးများ အခန်းတွင်းသို့ ထည့်သွင်းလိုက်စဉ်မှာပင် ပုပ်နံ့ အထောင်းသားကို ထင်ထင်ရှားရှား ရလိုက်ပါသည်၊ ဘယ်လိုကြီးပါလိမ့်နော်။

"ဆရာ တံမြက်စည်းလေးများ မရနိုင်ဘူးလား"

"ရှိပါတယ် ဆရာလေး။ အကြမ်းလား၊ အချောလား ပြောပါဗျ"

"အချောရော အကြမ်းရော နှစ်မျိုးစလုံးရရင် ပိုကောင်းတာပေါ့။ ဇရပ်ပေါ်မှာက အချောသုံးပြီး၊ ဇရပ်အောက်မှာတော့ အကြမ်းသုံးပါမယ်။ သန့်ရှင်းရေးအတွက်ပါ ဆရာရယ်"

"ဟုတ်ကဲ့ပါ။ ပြည့်စုံစေရပါမယ်။ မနက်တုန်းကပဲ ကျွန်တော် လှဲကျင်းထားပြီးသားပါ။ လေကြောသင့်တော့ လေနဲ့အတူ အမှိုက်သရိုက် တွေ ပါလာတာ ရှိလိမ့်မယ် ဆရာလေး"

ဆရာ ဒေါက်တာလွမ်းဝေ အိမ်ပြန်ခါနီး လာနှုတ်ဆက်စဉ်၊ ဘာများ အလိုရှိပါသလဲ မေးမြန်းဖော်ရ၍၊ ဆရာလေးသည် တံမြက်စည်းကို တောင်းလိုက်ခြင်းပါ။ စောစောကရသော အပုပ်နံ့သည် ကြွက်သေနံ့များ ဖြစ်နေလေမလား မသိပါ။ ဇရပ်လေးမှာ လှေကားသုံးထစ်ရှိ ခြေတံမြင့် လေးမို့ ဇရပ်အောက်မှာများ အကောင်ပလောင် တစ်ခုခု သေပြီး ပုပ်နေပြီ ထင်မိ၏။ အပုပ်နံ့ရသည့် အကြောင်းကို ဆရာ့အား မပြောပြဖြစ်သလို ဆရာလေး စိတ်ထဲ၌လည်း စနိုးစနောင့် လုံးဝမရှိနေခဲ့ပါ။



ဆရာ ပေးလာသော တံမြက်စည်းများ လက်ခံယူထားလိုက်ပြီး တံမြက်စည်းချောကို စင်္ကြံထောင့်၌ ထောင်ထားလိုက်ကာ တံမြက်စည်း ကြမ်းဖြင့် ဇရပ်ဝန်းကျင်နှင့် ဇရပ်အောက်ကို လှဲကျင်းလိုက်ပါသည်။ ခြောက်သွေ့သော အမှိုက်စအချို့သာ စုစည်းမိ၏။ ပုပ်နံ့ထွက်နိုင်သည့် အမှိုက်စိုစို ဘာတစ်ခုမှ ပါမလာပါ။ အကောင်သေပုပ်ကတော့ ဝေလာဝေး ပါပဲ။ ရော် ... ခက်တော့ ခက်နေပါပြီ။ ဤမျှ သန့်ပြန့်သော ဇရပ်အသစ် ဝန်းကျင်မှာ ဘာကြောင့် ပုပ်နံ့ ရပါသနည်း။ လေနှင့်အတူ အဝေးမှ ပုပ်နံ့ ပျံ့လွင့်လာခြင်းတော့ မဟုတ်ရေးချ မဟုတ်ပါပေ။ အခန်းတွင်း၌ ပုပ်နံ့ ခဏလေး ရရှိလိုက်ပုံမှာ ဆန်းလှပါသည်။

အမှိုက်သရိုက်တွေ စုသိမ်းရင်း အမျိုးမျိုး ဝေဖန်စဉ်းစားနေမိစဉ် ဆရာမကြီးဒေါ်ဝင်းလှိုင် ရောက်လာ၏။ သူက "ဆရာလေး ဘာလိုအပ် သေးသလဲ။ တပည့်တော်မကို ပြောပါနော်"ဟု ပြောပြောဆိုဆို လှိုင်းတက် ဗမာမြေရေအိုးငယ်လေး လာပို့၏။ ရေအိုးစင်၌ တင်ပေးခဲ့သည်။ ပြီးတော့ ရေအပြည့် ဖြည့်ပေးသည်။ "ဘာမှ မလိုသေးပါဘူး ဆရာမကြီးရေ၊ လိုတော့ ပြောမှာပေါ့။ ကူညီစောင့်ရှောက်တာ ကျေးဇူးတင်ပါတယ်နော်"ဟု၍ ခွန်းတုံ့ပြန်စကား ပြောရပါတော့သည်။

"တစ်ပါးတည်း မနေရဲရင် တပည့်တော်မ အဖော်လာလုပ်ပေးမယ် လေ ဆရာလေး"

"နေရဲပါတယ် ဒကာမကြီး။ တရားနဲ့ နေတာမို့ ဘာမှ ကြောက်စရာ မရှိပါဘူးလေ"

"ဟုတ်တာပေါ့ဘုရား။ တစ်ဦးကို တစ်ဆောင်စီဆိုတော့ အနှောင့် အယှက်မရှိ အေးအေးဆေးဆေး မေတ္တာပို့နေရုံပါပဲ"

"ဆရာလေးလည်း ငယ်ငယ်ကတည်းကပဲ မွေ့လိုက်စားလာတာ ရိုးသာအတော်နှံ့ခဲ့ပြီးပါပြီ။ အတွေ့အကြုံတွေလည်း မနည်းတော့ပါဘူး ဒကာမကြီးရေ၊ မေတ္တာဖြန့်ကျက်နေရင် ဘာအန္တရာယ်မှ မရှိနိုင်ပါဘူးလို့ ယုံကြည်ပြီးသား"

www.burmeseclassic.com

www.burmeseclassic.com



"မှန်လိုက်လေဘုရား။ ဒါပေသိ ကိစ္စအကြောင်းရှိရင် လှမ်းခေါ်လိုက်ပါ ဆရာလေး"

"စိတ်ချပါ ဒကာမကြီး"

• • • • • • • • • • • • •

**အခန်း ၃။**

တံမြက်စည်း လှည်းကျင်းပြီးသောအခါ ဆရာလေးသည် အိပ်ရာခင်းဖြစ်၏။ ပစ္စည်းများ နေရာတကျ ထားလိုက်၏။ ညနေ ၄-နာရီခွဲကျော်ပြီမို့ မွှာရုံဘက်သို့ တက်လာခဲ့၏။ ၅-နာရီမှာ တရားတစ်ထိုင်တော့ ဖြစ်အောင် ထိုင်လိုက်မည်ဟု အားခဲထားသောကြောင့်ပါ။ အကြံချင်းတူနေကြောင်း မွှာရုံဘက်ရောက်မှ သိရတော့၏။ ဆရာမကြီး ဒေါ်ဝင်းလှိုင်သည် ယောဂီရောင်ထဘီဖြင့် တရားထိုင်နေပေပြီ။ ကုတ်အင်္ကျီ အညိုရင့်ရောင်ပေါ်မှာ ယောဂီတဘက်လေးနှင့် ဣန္ဒြေသိက္ခာ ရင့်ကျက်လှ၏။ မလှမ်းမကမ်းတွင် ဆရာလေး နေရာယူ၊ ဘုရားဝတ်တက်၊ မေတ္တာပို့ပြီးနောက် ပရိကံပြုကာ တရားထိုင်ပါတော့သည်။

အေးချမ်းတိတ်ဆိတ်လှသည့် ရိပ်သာလေးမို့ မကြာမတင်မှာပင်၊ သမာဓိနိုင်မြဲလာပါပြီ။ ရှုမှတ်လို့လည်း အလွန်ကောင်းလှသည်။ နေ့ရွေ့ညည တရားဓမ္မနှင့် အမြဲအကျွမ်းတဝင် ရှိခဲ့၍လည်း ဤမျှ တရားအားထုတ်၍ ကောင်းလှခြင်း ဖြစ်၏။ ယခင် တရားအားထုတ်စတုန်းကများ ၁၅-မိနစ်မရသေးမီ ညောင်းပြီ ညာပြီ ထပြေးချင်နေပြီ။ အမှတ်တွေကလည်း ကျဲသလား မပြောနှင့်။ စိတ်ထွက်နေသည်က များ၏။ စိတ်များ အတော်အဖမ်းရခက်၏။ ဖမ်းလေပြေးလေပါပဲ။ ပြေးလိုက်တာမှ ကမ္ဘာကြီးကိုပတ်ရုံမျှမဟုတ်။ စကြဝဠာအပြင်ဘက်ကိုတောင် ထွက်သွားချင်သေးသည်။

မကြာလှသေး ထင်ရပေမည့် တိုင်ကပ်နာရီမှ ခြောက်ချက် ထိုးလေပြီ။ ထိုင်ချိန် တစ်နာရီ ကျော်သွားခဲ့ပြီကို။ ထိုင်ကောင်းတိုင်း ထိုင်နေ၍ မဖြစ်သေးပါ။ ဣရိယာပုထ် မျှတဖို့ လိုသေး၏။ အညောင်းအညာဖြေ၍



စင်္ကြံလျှောက်ရပါဦးမည်။ ဆောင်းလရာသီမို့ နေဝင်စောလှ၏။ ၆-နာရီဆိုပေသိ မှောင်ရိပျိုး၍ မှိုချုပ်လုနီးနေပြီ၊ အေးကလည်း အေးစိမ့် နေ၍ ကျောင်းပြင်၌ စင်္ကြံလျှောက်ရန် မသင့်ပါ။ ဇရပ်တွင်း၌သာ စင်္ကြံလျှောက်ပါတော့မည်ဟု ဆုံးဖြတ်လျက်၊ ဇရပ်ဘက်သို့ ဆင်းခဲ့၏။

ခြေတစ်လှမ်းချင်း "ကြွတယ် ဆွဲတယ် လှမ်းတယ် ချတယ် ထိတယ် သိတယ်"ဟူ၍ အမှတ်စိတ်ဖြင့် ဖြည်းဖြည်းချင်း လှမ်းလာခဲ့သည်။ ဇရပ်အနီးသို့ ရောက်လျှင်၊ ဆရာမကြီးဒေါ်ဝင်းလှိုင် ရပ်စောင့်နေ၏။ တစ်စုံတစ်ခုကို လက်လှမ်းကမ်းပေးရင်း "လျှပ်စစ်မီးက မသေချာဘူး။ ပြတ်ချင်တဲ့အချိန် ပြတ်သွားတတ်တယ်။ ဟောဒီ မီးခြစ်နဲ့ ဖယောင်းတိုင် ဆောင်ထားပါ ဆရာလေး"ဟု ပြောဆိုလာပါသည်။

နာရီဝက်ကျော်ကျော် စင်္ကြံလျှောက်ပြီးနောက် အနားယူရန် အခန်းတွင်းသို့ ဝင်လိုက်၏။ အိပ်ရာပေါ်မှာ တင်ပျဉ်ခွေ ထိုင်လိုက်၏။ ၇-နာရီခန့်သာ ရှိသေး၍ တရားတစ်ထိုင်လောက် ထိုင်လိုက်ဦးမည်။ ထိုင်လို့ကောင်းလျှင် ခေါင်းချအိပ်ခါနီး ည ၉-နာရီကျော်အထိ ရှုမှတ်လိုက်မည်ဟု သတ်မှတ်လိုက်၏။

တိတ်ဆိတ်ငြိမ်သက်လွန်း၍ ရှုမှတ်ရ ကောင်းလွန်းနေပါသည်။ အိမ်မြှောင်စုတ်ထိုးသံ တစ်ချက်တစ်ချက် ပေါ်လာသည်မှတစ်ပါး အခြားအသံဗလံတို့ မရှိပါ။ နာရီဝက်ခန့် ကြာသွားခဲ့ပြီ ထင်၏။ မြောက်လေတစ်ချက်ဝှေ့တိုက်လိုက်၏။ သစ်ပင်များမှ ရှဲရှဲချွတ်ချွတ် အသံတွေ မြည်သွားကုန်၏။ ပဲပန်းနံ့တွေ ချိုမွှေးသွား၏။ ရိပ်သာအဝင်ဝအနီး၊ ဝင်းတံခါး မြောက်ဘက်ခြံစည်းရိုးနှင့် ကပ်လျက် သီလရှင်ကျောင်းအိုလေး ရှေ့မှာ၊ ပဲပန်းခင်းအတန်းလိုက် ရှိသည်ကို မြင်ယောင်လာ၏။ ညနေတုန်းက မြင်မိထားခဲ့၏။

စိတ်အာရုံဆိုသည်များ အခက်သားလား။ အနံ့ရလိုက်သည်နှင့် မြင်ဖူးမှတ်ဖူးသည်များ ပြန်ပေါ်လာကာ ဆက်စပ်တွေးယူမိခဲ့ပါပြီ။ "ကျောင်းစုံပန်းများ လှလိုက်တာ၊ ရနံ့သင်းသင်းလေးက ရင်အေးလိုက်တာ"တု ဆက်လက်ပြီး စိတ်ပြန့်ကားသွားပြန်ခဲ့ပြီ၊ သတိရလိုက်သည်နှင့် "ရှူတွတ်

www.burmeseclassic.com

www.burmeseclassic.com



မပျောက်စေနဲ့၊ အမှတ်မလွှတ်စေနဲ့၊ ပိန်ဖောင်း – ပိန်ဖောင်း ပြန်မှတ်'' ဟု မိမိကိုယ်မိမိ ပြန်သတိပံ့ရ၏။ လွင့်မျောသွားသော စိတ်အာရုံကို ဇက်အမြန် ပြန်သတ်ရတော့၏။ မိုးကလည်း ဖျတ်ခနဲ ပြတ်သွားတော့သည်။

သမာဓိပြန်တည်မည် မကြံရသေးပါ။ ပုပ်နံ့ကြီးက ဟောင်လို့ လာပြန်သည်။ ညနေခင်းတုန်းက ရခဲ့ဖူးသည့် ပုပ်နံ့အတိုင်းပင် ဖြစ်ပါသည်။ ညတိတ်ဆိတ်ချိန်မို့ မကြောက်တတ်ပါ ဆိုသော်လည်းပဲ ကျောချမ်းချင်သလိုလို ရွံ့တွန့်တွန့်စိတ် ဖြစ်ပေါ်လာခဲ့၏။ တရားဓမ္မဖြင့် ကျားကန်ပြီး မေတ္တာပို့ အမျှဝေလိုက်ရ၏။ မကြာမီ ပုပ်နံ့လည်း ပျောက်ကွယ်သွားပါပြီ။

တရားရှုမှတ်ရ ခက်သွားပြီ၊ စိတ်သည် အလွန်ထိန်းရခက်၏။ မတွေးနှင့်ဟု တစ်ဖက်က တားမြစ်နေခဲ့ပါသော်လည်း အခြားတစ်ဖက်မှ သို့လော သို့လော ဒွိဟသဘော ဆက်လက် အတွေးအမျှင် တန်းနေမိ၏။ လက်ဦးညမို့ ဤမျှနှင့် တော်လောက်ပါပြီ။ ကျောခင်းခေါင်းချ အိပ်လိုက်တော့မည်၊ မနက် အရုဏ်မတက်မီ ထဦးမည်။ အရုဏ်ဆွမ်း မစားမီ တရားတစ်ထိုင်တော့ ကြိုးစားထိုင်ပါမှ ရိပ်သာသို့ လာရကျိုး နပ်ပါမည် မဟုတ်ပါလား။

အိပ်သည်ဖြစ်စေ၊ အပေါ့အလေး သွားသည်ဖြစ်စေ အမှတ်စိတ် မလွှတ်ရန် ဆရာသမားများ ဆုံးမညွှန်ကြားထားသဖြင့် စိတ်လွှတ် ကိုယ်လွှတ်တော့ ဆရာလေး ဘယ်တော့မှ မအိပ်စက်ခဲ့ဖူးပါ။ မေတ္တာနာနာပို့၊ အမျှအတန်း များများဝေ၊ ပြီးတော့ အမှတ်သတိလေးနှင့် မှေးစက်ဖို့ ဟန်ပြင်ရ၏။ ဘာပုပ်နံ့ပါလိမ့်နော်။ ရိုးရိုးသားသား ပုပ်နံ့တော့ မဖြစ်နိုင်တော့ပြီ။ မကျွတ်မလွတ်သူ တစ်ဦးဦးက အချက်ပြ ဆက်သွယ်ခြင်းပေလား။

ရိပ်သာဝင်း၏ တောင်ဘက်၌ မဟာသတိပဋ္ဌာန်ကျောင်း ရှိ၏။ ဘုန်းကြီး အုတ်ဂူများ အရိုးအိုးစေတီပြာသာဒ်များလည်း ရှိ၏။ ထိုထိုအရာများ ထဲကတော့ ပုပ်နံ့ မလာနိုင် မရှိနိုင်ပါ။ ဝါးပြားသချိုင်းကလည်း တစ်ဆက်တည်းမှာ ရှိကြောင်း ကြားသိရဖူးပါသည်။ တရားရိပ်သာဆိုသည်မှာ သုသာန်နှင့် နီးတော့၊ သံဝေဂ ပိုရတာပေါ့ဟု အများက ပြောကြပါသည်။ ဂူတွေ မြေပုံတွေ ဆိုသည့် အမြင်နိမိတ်များက သံဝေဂ ရရှိစေသည်မှာ



မှန်၏။ ပုပ်နံ့ရခြင်းကတော့ စိတ်မသိုးမသန့် မသတိစရာတော့ ဖြစ်စေပါသည်။ မကျွတ်မလွတ်သူတို့ကြောင့်လား၊ သချိုင်းမြေကြောင့်လား။ သေချာတော့ မသိနိုင်ပါ။

တရားအားထုတ်သောသူကို သီလရှိမရှိ စမ်းသောအားဖြင့် ပရလောကသားတို့သည် အနှောင့်အယှက် ပေးတတ်သည်ဟု ကြားဖူး၏။ သီလမရှိလျှင် စိတ်မတည်ငြိမ်ပါ။ စိတ်မတည်ငြိမ်လျှင် သမာဓိ မရပ်တည်နိုင်ပါ။ သမာဓိမတည်နိုင်မှတော့ သမာဓိ ခိုင်မြဲမြင့်တက်ဖို့ ခက်ပါပြီ။ သီလမရှိ သမာဓိမမြဲသော ယောဂီတို့သည် ပြင်ပအနှောင့်အယှက်တို့ကို မခံနိုင်ပါ။ စိတ်ချောက်ချားပြီး ဖောက်ပြားရူးသွပ်သွားနိုင်၏။

ထို့ကြောင့်လည်း ကမ္မဋ္ဌာန်းရူးသူ၊ ကမ္မဋ္ဌာန်းကြောင်သူ၊ ကမ္မဋ္ဌာန်းပေါက်သူတို့ ရှိတတ်ကြခြင်း ဖြစ်ပါသည်။ အစမ်းသပ်ခံနိုင်ရည်ရှိဖို့၊ အနှောင့်အယှက်ဒဏ် ကြံ့ကြံ့ခံနိုင်ရည်ရှိဖို့၊ သီလအခြေခံ ရှိထားဖို့ အများကြီး လိုအပ်ကြောင်း သိမှတ်ခဲ့ရဖူး၏။ ကဲ–ဖွဲ့ဆော်ဦး နေ့နှင့်ညမှာတော့ သီလရှင်ဆရာလေးအား သီလရှိမရှိ သမာဓိခိုင်မခိုင် စမ်းတာလေလားပဲ၊ စောင့်ကြည့်ရပေဦးတော့မည်။

• • • • • • • • • • • • • •

အခန်း ၄။

ထိုညက ဆရာလေးကို ထပ်မံ မနှောင့်ယှက်တော့ပါ။ ချမ်းသာစွာ အိပ်စက်ရ၏။ အိပ်မက်ဆိုးလည်း မမြင်မက်ခဲ့ပါ။ တစ်နေ့ကို ရှစ်ချီ တရားထိုင်၊ အညောင်းအညာဖြေ စင်္ကြံလျှောက်၊ အထိုင်နှင့် အလျှောက် တစ်လှည့်စီ ဆောင်ရွက်သွားရာ သုံးလေးရက်ဖြင့် တရားအတော်ကြီး တက်လာသည်။ အခြားမှာ အားထုတ်ဖူးသည်ထက် ပို၍ ခရီးရောက်ကြောင်း ဆရာလေး ထင်ရှားသိ၏။ ငါးရက် ကုန်လွန်သွားပြီးသောအခါ ရိပ်သာတွင် နေသားလည်း ကျသွားခဲ့ပြီမို့ ဒကာမကြီးဒေါ်ဝင်းမြိုင်နှင့် ဆိုင်ပင်ကာ၊ စကားမပြောကြေး ဝစီပိတ်အဓိဋ္ဌာန်ဖြင့် တရားဆက်လက် အားထုတ်ဖြစ်ခဲ့ပါတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဆရာဒေါက်တာလွှမ်းဝေလည်း နေ့စဉ် မနက်တစ်ပိုင်းလုံး နေ့ယောဂီအနေအားဖြင့် တရားကို ရက်မှန်မှန် ဖွဲ့ရှိရှိ လာအားထုတ်ပါသည်။ လိုအပ်တာ ရှိမရှိ အမြဲမေး၏။ ကူညီ၏။ ဝစီပိတ်ကာလ စာရေးပြီး ပြ၏။ ဝေယျာဝစ္စအဖွဲ့၏ စေတနာအပြည့်ဖြင့် တည်ခင်းကျွေးမွေးသော ဘောဇနအာဟာရ မျှတကောင်းမွန်၍လည်း ပိုမို အဆင်ပြေခဲ့ရကြောင်းကို ဝန်ခံရပါလိမ့်မည်။ ကျေးဇူးကြီးမားလှပါပေသည်။

တစ်လခွဲဟူသော ရက်ပေါင်း ၄၀-ကျော်ကျော်မျှဖြင့် ကျေနပ်ဖွယ်ရာ တရားအဆင့်သို့ တက်လှမ်းနိုင်ခဲ့၏။ ပြီးခဲ့သည့် နှစ်ပေါင်း ၄၀-ကျော်အတွင်း အားထုတ်ခဲ့လေသမျှနှင့်မတူ၊ တစ်မူထူးခြားခဲ့သဖြင့် အားလုံးကို ကျေးဇူးတင်ရပါသည်။ ပါရမီပြည့်တက်တွေလည်း ဘဝမခြား တရားထူး မျက်မှောက်ပြုနိုင်ကြပါစေဟု ဆုတောင်း မေတ္တာပို့သရပါသည်။

တရားထွက်သည့်နေ့က ဆရာဒေါက်တာလွှမ်းဝေနှင့် စကား အများကြီးပြောဖြစ်ခဲ့၏။ ထုပ်ပိုးပြင်ဆင်ရာ၌ လာကူညီရင်း ဝမ်းသာစကားရော၊ ထူးဆန်းစကားတို့ကိုပါ နှီးနှောဖလှယ်ဖြစ်ခြင်းရယ်ပါ။ ဒကာမကြီးဒေါ်ဝင်းလှိုင်ကတော့ လူကြီးပီပီ အပိုစကား သိပ်မပြောပါ။ မေးလိုက်လျှင်လည်း ပြုံးပြုံးလေးနှင့် အာပတ်လွတ် ရှောင်ကွင်း ပြောဆိုတတ်လှ၏။ ဆရာကမူ သောကြာသားပီပီ လေကြောရှည်တတ်သလို ထိထိမိမိလည်း ပြောတတ်ပြန်ပါသည်။ သူ့စကားတို့မှာ မှတ်သားစရာများ အမြဲပါလေ့ရှိ၏။

ဤသို့ တောင်ကြီးမြို့ အေးငြိမ်းချမ်းသော ဓမ္မရိပ်သာ ဖွင့်စနှစ် ၁၉၈၀-ခုနှစ် နှစ်ကုန်ခါနီးမှာ ဆရာလေး ကျကျနန အားထုတ် ဖြစ်ခဲ့၍လည်း ကလောမြို့အရှေ့ ဘိုကုန်းတစ်နေရာမှာ ခြံဝင်းကျယ်ကြီး လှူမည့်သူ ပေါ်ပေါက်လာချိန်၊ ဝိပဿနာရိပ်သာခွဲ ဖွင့်မည်ဟု ဆုံးဖြတ်ခဲ့ခြင်း ဖြစ်၏။ ပဋ္ဌာန်းဆက်ရှိသော ဆရာဒေါက်တာလွှမ်းဝေ ဦးဆောင် ကူညီ သာသနာပြုခဲ့၍လည်း ယနေ့ ဓမ္မရောင်ခြည် မဟာစည်သာသနာ့ရိပ်သာကြီး အထင်ကရ ပေါ်ပေါက်လာနိုင်ခြင်း ဖြစ်ပါသည်။

ဆရာလေး တရားထွက်သည့် လွန်ခဲ့သော နှစ်ပေါင်း ၃၀-နီးပါးက ထိုတစ်နေ့အကြောင်း၊ ပြန်ပြောင်းဖော်ပြရလျှင် ပရလောကသား ရှိပါသည်



အခိုင်ပြုချက်ကို ထောက်ခံသလို ဖြစ်သွားပေတော့မည်။ မကျွတ်မလွတ်သူတို့ဆိုသည်ကလည်း အမှန်အကန် ရှိနေ၏။ အကြောင်းတိုက်ဆိုင်ပါမှ ကြုံဆုံနိုင်အကူအညီတောင်းခံနိုင် အမျှအတန်းပေးဝေနိုင်၊ ကျွတ်လွတ် ချမ်းသာနိုင်ပါသည်။ ဤသို့ ဆရာလေး ယုံကြည်ကြောင်း ဝန်ခံရပါ၏။

မယုံကြည်ကြသော ခေတ်လူငယ်တို့ အများအပြား ရှိကြသော်လည်း ဘုရားဟော ဒေသနာတော်များအရ အမှန်အကန် ဖြစ်ပါကြောင်း မည်သို့မျှ မငြင်းဆန်နိုင်ပါပေ။ ပရလောကသား ဆိုသည်များကို မယုံလျှင်၊ သံသရာကိုလည်း မယုံရာ ရောက်ပြီ၊ အတင်း အယုံမခိုင်းပါ။ လက်တွေ့ အားထုတ်ကြည့်ရန်သာ တိုက်တွန်းလိုပါသည်။

"ဆရာလေး ဒီရိပ်သာမှာ အားထုတ်ရတာ အဆင်ပြေတယ် မဟုတ်လား ဘုရား"

"သိပ်အဆင်ပြေပါတယ်။ ကျေးဇူးလည်း အထူးတင်နေပါတယ်။ ဆရာလေး တကယ်ပြောတာပါ"

"ကျေးဇူးတင်စရာ မလိုပါဘူးဘုရား။ တပည့်တော် တာဝန်ယူပါတယ်လို့ နှုတ်ဆော်ဖိတ်ခေါ်ခဲ့တာ အများကြီးပါပဲ၊ ဒါပေမယ့် ဆရာလေး တစ်ပါးသဲ လာအားထုတ်ဖြစ်တာမို့ အလွန်ဝမ်းသာပါတယ်ဘုရား"

"တရားဓမ္မကို လူတွေက မကြိုက်ကြဘူး ဆရာ၊ ဇာတ်ပွဲဆိုရင် တော့ ရှေ့တန်းထိပ်ဆုံးကပေါ့"

"ရိပ်သာဖွင့်စလည်းဖြစ်၊ မြို့အစွန်လည်းကျတော့ ကြောက်ကြတယ်နဲ့ တူပါတယ် ဘုရား"

"ဘာမှ ကြောက်စရာ မရှိပါဘူး။ လုံခြုံပြည့်စုံပါတယ်။ ရေမီးလည်း အဆင်ပြေနေသားနဲ့ ဆရာရယ်"

"တာဝန်ယူ ကျွေးမွေးစောင့်ရှောက်ထားပေမယ့် သူ့သာန်မြေနဲ့ စပ်လို့ ကြောက်တာတဲ့ ဆရာလေး"

www.burmeseclassic.com

www.burmeseclassic.com



“အို – တရားတွေ ပိုတက်ပြီး၊ သံဝေဂတွေ ပိုလို့ရတာပေါ့။ တလွဲ ကြောက်နေကြတာကိုးနော်”

“လူသေကောင်ထက် မမြင်ရတဲ့ အနှောင့်အယှက်တွေကို သူများ မပြောတာ အကြားနဲ့ ပိုကြောက်တာ နေမှာပါ ဘုရား”

“မကျွတ်မလွတ်သူတွေဟာ အကူအညီလိုချင်လို့ ဆက်သွယ်ကြတာပါ။ ကြောက်စရာ မဟုတ်ပါဘူး ဆရာ”

“ဒီလိုသိနားလည်သူတွေက အရှားသားလား ဆရာလေးဘုရား။ ဒါနဲ့ ဆရာလေး ဒီရိပ်သာမှာ ရက် ၄၀–ကျော် အားထုတ်ခဲ့တာ ဘာများ ထူးခြားချက်တွေ ကြုံတွေ့ရသေးသလဲ ဘုရား။ အချင်းချင်းမို့ မေးရဲတာပါ။ ထူးတာရှိရင် ပြောပြပါလား ဆရာလေး”

“ထူးထူးခြားခြားကြီးတော့ မရှိလှပါဘူး။ ရောက်စနေ့နဲ့ညမှာ အပုပ်နံ့ ပေးတာ တစ်ခုပါပဲ”

“ဟာ – ဒါဆို ဝါတွင်းတုန်းက ဆယ်တန်းအောင် ကျောင်းသူတစ်ဦး ဆရာလေးဖရုပ် ဆရာလေးအခန်းမှာပဲ နေရာချထားပေးတာ၊ တစ်ည တည်းနဲ့ ပြန်ပြေးပါရောလား။ ကြောက်လို့တဲ့၊ မနေရဲပါလို့ပဲ ပြောရှာတယ်။ အခြား ဘာမှ မေးလို့မရခဲ့ပါဘူး။ ကေန္တ ပုပ်နံ့ရတာ များလားပဲနော်”

“ဟုတ်ချင်လည်း ဟုတ်မှာပေါ့ ဆရာ၊ အပုပ်နံ့လောက်နဲ့တော့ ပြန်ပြေး စရာ မရှိပါဘူး။ အခြားဆိုးဆိုးဝါးဝါးတွေများ တွေ့သွားလို့များလား ဆရာရယ်”

“ဟို–ဂေါ်ရခါးညီအစ်မနှစ်ယောက်ကတော့ လူဝံလိုလို ဝက်ဝံလိုလို မည်းမည်းကြီး လာနှောင့်ယှက်လို့တဲ့။ ဟုတ်မဟုတ်တော့ မသိရပါဘူး။ သူတို့ပြောသရွေ့ပေါ့ဗျာ။ ရိပ်သာနာမည်ပျက်မှာစိုးလို့ မပြောကြပါနဲ့၊ သတင်း ပျံ့နှံ့သွားရင် ခက်မယ်လို့ မေတ္တာရပ်ခံလိုက်ရသေးသတဲ့။ ယောဂီထိန်း ဆရာမတစ်ဦးက ပြန်ပြောပြတာပါ”



“အဖြစ်အပျက်ဆန်း ဆိုတာတော့ ရှိတတ်ပါတယ်။ တစ်ဆိတ်ကို တစ်အိတ်လုပ်တာတွေလည်း ရှိမှာပါ။ ဒါပေမယ့် တရားကို တရားက ပြန်စောင့်ရှောက်ပါတယ်။ ဆရာလေးသီလရှင်ကို သီလရှိမရှိ လာစမ်း တာလား မသိပါ။ ပုပ်နံ့ပေးတာလောက်တော့ မေတ္တာပို့ အမျှဝေတာနဲ့ ပြေလည်ပါတယ် ဆရာရယ်။”

ဒေါက်တာလွှမ်းဆေ(တောင်ကြီး)

**မှတ်ချက်**

၁။ ၁၉၈၁–ခုနှစ်၊ ဒီဇင်ဘာလအတွင်း/ အဖြစ်အပျက်လေးကို ပြန်လည်ရေးဖွဲ့ခြင်း ဖြစ်ပါသည်။ ထိုခေတ် ထိုအခါ ထိုစဉ်တုန်းက တောင်ကြီးမြို့သို့တက်လျှင် (သို့မဟုတ်) တောင်ကြီးမြို့မှ ဆင်းလျှင် ကရင်မရေတွက်ရှိရာ တစ်ကြောင်းတည်းသော လမ်းကြောင်းကို အသုံးပြု ခဲ့ကြရ၏။ အတက်လမ်း အဆင်းလမ်းဟူ၍ သီးခြားစီ မရှိသေးပါ။ ယခုအခါ အသုံးပြုနေသော အတက်လမ်းသည် ၁၉၉၀–ပြည့်နှစ် ဝန်းကျင်ကမှ စတင်ဖောက်လုပ် အသုံးပြုလာသဖြင့်၊ မူလရှိပြီး လမ်းဟောင်းကို အဆင်းလမ်းသက်သက်သာ သီးသန့် အသုံးပြုတော့၏။

၂။ ကရင်မရေတွက် နတ်စင်နတ်ကွန်းနှင့် မျက်စောင်းထိုးနေရာသည် ယခုအခါ ကြိုးတံတားနှင့် ရှုခင်းသာပန်းခြံ ဖြစ်နေပါပြီ။ ယင်းပန်းခြံတွင်း၌ ပင်လျှင် လွန်ခဲ့သည့် သုံးလေးနှစ်က တိရစ္ဆာန်ဥယျာဉ်ကိုပါ ထည့်သွင်း ထားပြီးဖြစ်ရာ ရုံးပိတ်ရက် ကျောင်းပိတ်ရက်များတွင် အပန်းဖြေ သွားရောက် လည်ပတ်နိုင်ကြပါပြီ။

၃။ ၁၉၈၈–ခုနှစ်နောက်ပိုင်းတွင် တည်ဆောက်ပြုပြင်ခြင်းနှင့် မွမ်းမံ ပြင်ဆင်ခြင်းတို့ကြောင့် မူလရှိပြီး မင်းလမ်းမကြီးကို နှစ်သက်ကျယ်အောင် ချဲ့ခဲ့သည်။ အလယ်ကျွန်းမျောတွင် ပန်းအလှစိုက်ခြင်း၊ ဓာတ်မီးတိုင်များ စိုက်ထူခြင်းများကြောင့်၊ တောင်ကြီးမြို့၏ အသည်းနှလုံး မြို့လယ်သည် ဝိုမိုလှပ စည်ကားလာတော့၏။

www.burmeseclassic.com

www.burmeseclassic.com



၇။ အနောက်မြို့ပတ်လမ်းနှင့် အရှေ့မြို့ပတ်လမ်းတို့ကိုလည်း မြို့အဝီရုပ်နှင့် ညီညွတ်စေရန် မူလလမ်းဟောင်း *တစ်ဖက်တစ်ချက် ကိုးပေ ဆယ်ပေ* မျှစီ ချဲ့ထားပြီး ဖြစ်ပါသည်။

၈။ မြို့ကို အရှေ့မြို့ပတ်လမ်း လက်ယာရစ် မောင်းနှင်သော ဘတ်စ်ကားလိုင်း၊ မြို့ကို အနောက်မြို့ပတ်လမ်း လက်ဝဲရစ် မောင်းနှင်သော ဘတ်စ်ကားလိုင်း၊ ယင်းကားလိုင်းတို့မှာ မောချယ်ရီဟိုးနိုး ဘတ်စ်ကားကြီးလိုင်း ဖြစ်ပါသည်။ ထို့အပြင်၊ သစ်တောဂိတ်အထိ ရောက်သော ယာဉ်ငယ်လိုင်း၊ မြို့မဈေးအထိရောက်သော ယာဉ်ငယ်လိုင်း၊ စင်စစ်ထွန်းဈေးအထိ ရောက်သော ယာဉ်ငယ်လိုင်း၊ ပါးပြားလမ်းဆုံအထိ ရောက်သော ယာဉ်ငယ်လိုင်းများလည်း ပြေးဆွဲနေပါပြီ။ မြို့တွင်းခရီးသွားလာရေး ချောမွေ့လွယ်ကူ အဆင်ပြေပါသည်။

၆။ မြို့၏တောင်ဘက်စွန်း၊ ဟိုပုန်းမြို့မှလာလျှင် တောင်ကြီးမြို့အဝင်လမ်းမကြီးတည့်တည့် ကုန်းမြင့်ပေါ်၌ စူဠာမုနိစေတီတော်ကြီး တည်ထားပြီးစီးပါပြီ။ ပုဂံအာနန္ဒာဘုရားပုံစံအတိုင်း ယူထားသော်လည်း အချိုးအစားအားဖြင့် သုံးချိုးတစ်ချိုးသာ ရှိသည်ဟု မှတ်သားရပါသည်။

အထက်ဖော်ပြပါ အချက် ၆-ချက်လုံးသည် ၁၉၈၈-ခုနှစ်နောက်ပိုင်းကျမှ ပေါ်ထွန်းလာခြင်းကြောင့် ဤဝတ္ထုတိုအနေအထားမှ ကင်းလွတ်နေကြောင်း တင်ပြရပါသည်။

ဒေါက်တာလွှမ်းဆေ(တောင်ကြီး)
၇/၇/၀၉။

❀ ❀ ❀ ❀ ❀

<u>မှတ်ချက်</u>

▲ ပါရမီမှာ တဖြည်းဖြည်းချင်း လေ့ကျင့်ယူရာမှ စုဆောင်းမိပြီး အကျိုးပေးသော သဘော ဖြစ်ပါသည်။

# သရဖီမင်းသမီး နွေမိုးမှုံပြင်

ဒေါက်တာလွှမ်းဆေ(တောင်ကြီး)

**အခန်း ၁။**

ကျောင်းဝင်းအနီးသို့ ရောက်သည်နှင့် သရဖီပန်းရနံ့က သင်းပျံ့လာ၏။ ‘ပန်းသတင်း လေညှင်းဆောင်’ ဆိုသည့်အတိုင်းပင် သရဖီပန်းတွေပွင့်နေပြီဟု ရှေ့တော်ပြေး သတင်းစကားအဖြစ် ကြိုဆိုနှုတ်ခွန်းဆက်လာခြင်းပေလော။

ပင်မကျောင်းတိုက်ကြီး၏ အရှေ့မြောက်အရပ်မှာ ပုပုဝိုင်းဝိုင်း သရဖီပင်အိုကြီးတစ်ပင် ရှိ၏။ အပင်က အိုသော်ငြားလည်း အပွင့်တွေးတွေးများ ဖူးပွင့်မြဲပါ။ ကျောင်းဝင်း၏ တောင်ဘက် ခြံစည်းရိုးနှင့် အနောက်ဘက် ခြံစည်းရိုးတစ်လျှောက်တို့၌လည်း သရဖီပင်ပျိုများ တန်းစီ၍ ပေါက်နေကြသေး၏။ ထိုပင်ပျိုတို့သည်ကား ခေါင်ညွန့်ကို ချိုးနှိမ်ပြုပြင်ထားခြင်း မရှိခဲ့သည့်အတွက် မိုးထိုးအောင် မြင့်ချင်တိုင်း မြင့်တက်သွားကြ၏။ ပင်ပျိုပေမင့် အပွင့်တို့သည်ကား ပင်အိုမှ အပွင့်များလောက် မထွား၊ အနည်းငယ်မျှပင် သေးသယောင်ယောင် ရှိပါသည်။ မွှေးရနံ့တို့မှာမူကား တစ်ကျောင်းဝင်းလုံးသာမက အနီးပတ်ဝန်းကျင် တစ်ခိုဆီသို့ပင် လေယူသွေးဆော မွှေးကြိုင်လျက် ရှိစမြဲပင်၊ သရဖီပန်းရနံ့သည် နှလုံးကို ငြိမ်းအေးစေပါသည်။

နွေကျောင်းပိတ်၍ အညာတက္ကသိုလ်မှ အိမ်ပြန်ရောက်လာသော တောင်ပေါ်သားကြီး စိုင်းဝဏ္ဏမျိုးသည် ခရီးရောက်မဆိုက်မှာပင် ယဉ်ကျော

www.burmeseclassic.com



ကိုရင်ဝတ်ခဲ့သည့် ဘုန်းတော်ကြီးကျောင်းသို့ အကန်တော့ ရောက်လာခဲ့ခြင်း ဖြစ်၏။ ဥပဇ္ဈာယ်ဆရာတော်ကြီးမှာ သက်တော် ၈၀–ကျော်ခဲ့ပြီ။ မန္တလေး ထိုးမုန့် ကြိုက်တတ်သော ဆရာတော်အတွက် မမေ့သလို ကပ္ပိယကြီး ဘိုးကွန်းအတွက်လည်း ဆီးထန်းလျက်ခဲများ ပါလာ၏။

ကျောင်းဝင်းဝအထိ မွှေးနေသည့် သရဖီပန်းရနံ့တို့မှာ စိုင်းဝဏ္ဏမျိုး ကျောင်းဂိတ်ပေါက်မှ ဖြတ်ဝင်လိုက်ပြီးသည်နှင့် လုံးဝပျောက်ကွယ်သွား တော့၏။ လူမှာလည်း အေးခနဲ ကြက်သီးမွေးညှင်းထသွားခဲ့၏။ ဆန်းတော့ ဆန်းပါသည်။ ဖြစ်နေကျ အတွေ့အကြုံ မဟုတ်၍ 'ဘယ်လို ကြီးတုံးဟ'ဟု မှတ်ချက်ပင် ပြုလိုက်မိပါသေးသည်။

ကျောင်းကြီးပေါ်မှာ ဆရာတော်ကြီးအား အခန့်သင့် ဖူးတွေ့ရ၏။ ဆရာတော်ကြီးမှာ သက်တော်သာ ကြီးရင့်အိုမင်းလာ၏။ မျက်စိအမြင် စွမ်းအားတို့ကား မအိုမမွဲသေးပါ။ မျက်မှန်မလို။ ကျမ်းစာအုပ်တစ်အုပ်ကို ဖွင့်ဖတ်လျက် ရှိပါသည်။ ခါးလည်း မကိုင်းသေး၊ နားလည်း မထိုင်းသေး။ သွားတွေလည်း ပြည့်စုံဆဲ ကောင်းနေဆဲ ဝါးနေဆဲ ဖြစ်၏။ ရှေးရှေးဘဝ ကုသိုလ်ရော ခုဘဝသီလပါ ကောင်းခဲ့၊ စင်ကြယ်ခဲ့၍ ဖြစ်ပေလိမ့်မည်။

ခေတ်လူငယ်တွေမှာတော့ အသက် ၂၀–ပင် မပြည့်ချင်သေး မျက်မှန်တဝင်းဝင်းနှင့် ဖြစ်နေပြီ။ စိုင်းဝဏ္ဏမျိုးဆိုလျှင် အထက်တန်း ကျောင်းသားဘဝမှာပင် သင်ပုန်းမှ စာကို ဖတ်မရအောင် ဝါးတားတား ဖြစ်နေခဲ့ပြီ။ မျက်စိကို စစ်ဆေးကြည့်လိုက်တော့ အဝေးမှုန်ပါတဲ့။ ပါဝါ ၁၅၀ ရှိနေပြီ။ တဖြည်းဖြည်း ပါဝါတွေ တိုးတိုးလာခဲ့ရာမှ ခုဆိုလျှင် ညာဘက် ၃၀၀၊ ဘယ်ဘက် ၃၅၀–တဲ့လေ။ စာကြည့်တာက နည်းနည်း တီဗွီကြည့်တာက များများကြောင့် ဖြစ်ပါလိမ့်မည်။ မျက်စိအမြင်အားတွေ ကျဆင်းကုန်တော့၏။

"ဆရာတော်ဘုရားကြီး နေကောင်းပါရဲ့လား ဘုရား"

"အေး–လူကြီးကောင်းတော့ ကောင်းပါသေးရဲ့။ ဘယ်သူများတုံးဟ"

"တပည့်တော်က တပည့်ဟောင်း စိုင်းဝဏ္ဏမျိုး ပါဘုရား"



"မင်းက ပြည့်ဖြိုးလာတာကိုး။ မျက်မှန်နဲ့ဆိုတော့ ရုတ်တရက် ပုံမဖမ်းမိလိုက်ဘူး"

"ဆရာတော်ကြီးအတွက် မန္တလေးထိုးမုန့် ဝယ်လာလို့ နေ့ဆွမ်းအမီ လာကပ်တာပါဘုရား"

"အေးအေး – ကျောင်းပိတ် ပြန်လာတာလား။ သာဓု ... သာဓု ... သာဓု...။ ဘုန်းကြီး သက်ရှည် ကျန်းမာပါစေ၊ ပညာတတ်ကြီး ဖြစ်လာ ပါစေ၊ တိုင်းကျိုးပြည်ကျိုး အများအကျိုး ဆောင်ရွက်နိုင်တဲ့ သူတော်ကောင်း ကြီး ဖြစ်လာပါစေ၊

ကျောင်းအောက်မယ် ကပ္ပိယကြီးဘိုးကွန်း /ရှိလေရဲ့၊ သွားလိုက်ဦး။ ရောက်တုန်းရောက်ခိုက် ကျောင်းသန့်ရှင်းရေးလုပ်ကွယ့်။ ကုသိုလ်ရတယ်။ ဉာဏ်ပညာ ကြီးမားမယ်။ ထမင်းစားပြီးမှ ပြန်"

စသည်ဖြင့် မိမိ၏တပည့်ဟောင်း မောင်ကျောင်းသားဟောင်းကို ရှည်ရှည်ဝေးဝေးကြီး မိန့်ကြားတော်မူ၏။ ပြီးတော့ ဖတ်လက်စ ကျမ်းစာအုပ် ကို ဆက်ဖတ်နေတော့၏။

စိုင်းဝဏ္ဏမျိုးသည် ကျောင်းအောက်သို့ ဆင်းခဲ့ကာ ကပ္ပိယကြီး ဦးဘိုးကွန်း၏ အခန်းသို့ ဝင်သွား၏။ ကပ္ပိယကြီးကို စိပ်ပုတီးကြီး စိပ်လျက် သားဖြင့် အခန့်သင့်ပင် တွေ့ရ၏။ စိုင်းဝဏ္ဏမျိုး၏ ခြေသံကို ကြားသည်နှင့် မျက်စိဖွင့်ကြည့်ကာ စိပ်ပုတီးကုံးကို လည်ပင်း၌ စွပ်လိုက်ပါသည်။

"ဟာ ... မောင်မျိုးပါလား၊ ကျောင်းပိတ်လို့ ပြန်လာတာလားဟေ့"

"ဟုတ်ပါတယ် ကပ္ပိယကြီးရေ၊ ဘုန်းတော်ကြီး နေ့ဆွမ်းစားချိန်မှာ ဟောဒီထိုးမုန့်ကို ခဲဖွယ်အဖြစ် ကပ်ပေးပါ။ ဒါကတော့ အဘိုးကွန်း ကြိုက်တတ်တဲ့ ဆီးထန်းလျက်ခဲပါ"

"ဟေ–တယ်ဟုတ်ပါလား။ မောင်မျိုးက အဘိုးကွန်းအကြိုက်ကို မမေ့ ဘူးကိုး။ သာဓု ... သာဓု ... သာဓု။ ထမင်းစားပြီးမှ ပြန်ကွာ။ အဖြစ် ဖြစ်အောင်တော့ ဝေယျာဝစ္စ အရင်လုပ်လိုက်ဦး"

www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းတော်ကြီးကလည်း အမိန့်ရှိလိုက်ပါတယ်။ ကျောင်းဝင်း သန့်ရှင်းရေးလုပ်တဲ့၊ ထမင်းစားပြီးမှ ပြန်တဲ့၊ ကျွန်တော်က ကျောင်းသား ဟောင်းပဲဟာ။ လုပ်လည်းလုပ်၊ စားလည်း စားမှာပါဗျာ"

"အေး ... အေး ... ကောင်းပါတယ်။ မောင်မျိုးလည်း ကုသိုလ်ရ ဘုန်းကြီးလည်း အာပတ်လွတ်တာပေါ့ကွာ"

"သိပါတယ် အဘိုးကွန်းရယ်။ ဝေယျာဝစ္စမလုပ်သူကို ဘာမှ မကျွေး ကောင်းဘူး ဆိုတာလေ"

"ကဲ ... ငါလည်း နေ့ဆွမ်းအတွက် ပြင်ဆင်လိုက်ဦးမယ်။ မင်းလည်း ကြည့်ပြီး ကုသိုလ်ယူကွဲ့။ ဒီ တတ်နိုင်သမျှ ရှင်းထားလို့ သစ်ရွက်ခြောက် တွေလောက်ပဲ ရှိမှာပါ။ ဟောဟိုထောင့်မယ် တံမြက်စည်းကြမ်းနဲ့ အမှိုက် တောင်း၊ အမှိုက်ကော်လည်း ရှိတယ်။ တစ်တွဲတည်း ထားတာ။ မောင်မျိုး လည်း သိပြီးသားပါ"

ကပ္ပိယကြီး ဦးအိုးကွန်း ညွှန်ပြသည့် ကျောင်းတစ်နေရာရှိ တံမြက်စည်း ကြမ်း ရိုးတံရှည်၊ အမှိုက်တောင်းနှင့် အမှိုက်ကော်တို့ကို ယူကာ ကျောင်းတိုက် အရှေ့မြောက်သို့ ဦးတည်သွားလိုက်၏။ သရဖီပန်းများ ပွင့် မပွင့် သိချင်ဇော က သူ့အား ကြီးစိုးလွှမ်းမိုးနေတော့၏။

ကျောင်းဝင်းအတွင်းသို့ ရောက်ပြီးကတည်းကကို သရဖီပန်းရနံ့မှာ လုံးဝ မရရှိတော့ပေ၊ အမှန်တကယ်သာ ပန်းတွေ ပွင့်နေပြီဆိုပါက ပန်းရနံ့ ရကို ရ ရမည် ဖြစ်၏။ ပင်ခြေအောက် အရိပ်ဝန်းကြီးထဲ ဝင်လိုက်သည်နှင့် အေးစိမ့်ကာ ကြက်သီးမွေးညင်း ထပြန်တော့၏။

"ရော ... ဆန်းပါတယ်ဆိုမှ ပိုပြီး ထူးခြားနေပြန်ပါလား။ နေမင်း လင်းလင်း၊ နေ့ခင်းကြီးကြောင်တောင် ကြက်သီးထရတယ်လို့၊ တစ္ဆေ သရဲကို ငါက သိပ်ကြောက်တတ်သူ မဟုတ်၊ ညကြီးမင်းကြီးတောင်မှ တစ်ယောက် တည်း သွားလာနေတတ်သူဟာကို" ... ဟု စဉ်းစားလျက် အပင်ထက်သို့ မော့ကြည့်လိုက်၏။



ဖူးငုံသေးသေးလေးတွေသာ ပုလဲလုံးစိမ်းစိမ်းလေးတွေလို အစီအရီ တန်းစီနေကြ၏။ သရဖီပန်းသဘာဝက အခိုင်အတွဲ ပွင့်သည်မဟုတ်။ ပင်စည်နှင့် သစ်ကိုင်းတွေမှာ အဖူးတွေ တစ်ဖူးချင်းစီ ပြူထွက်လာကြခြင်း ရယ်ပါ။ ဖူးစမှာ သေးသေးညှဉ စိမ်းစိမ်းနုနု။ အဖူးကြီးလာ ရင့်လာလျှင် အစိမ်းရောင် ဖျော့၍ ဖျော့၍ အဖြူဘက် ရောက်လာတော့၏။ အဖူးရင့် ကြီးများတို့သည် နေပွင့်သည်နှင့် ငုံပွင့်လာကြပါတော့၏။ နေရင့်လျှင် ပွင့်ချပ်လွှာတွေ အစွမ်းကုန် ပွင့်အာလာကြပြီ၊ တစ်ရက်တာမျှသာ ခံ၏ လေပြင်းပြင်းတိုက်လျှင် တဖြုတ်ဖြုတ် ကြွေကျမြေခတော့သည်။

"ဟုတ်ပေသားပဲ၊ ပင်အောက်ဝင်စဉ်က မြေပြင်ကိုမှ ဂရုမပြုမိခဲ့ဘူး ကို။ ပွင့်ကြွေခြောက်ရော လတ်လတ်ဆတ်ဆတ်ပါ တစ်ပွင့်တလေမှ ရှိမနေခဲ့တာ၊ ဘယ်မှာ သရဖီပန်း ပွင့်ပါဦးမလဲ။ ပင်ထက်ကိုင်းကြားမှာ နည်းနည်းပါးပါးများ ပွင့်နေမလားဘဲ။ မပွင့်ဘဲနဲ့တော့ ပန်းရနံ့က ဖြာ မမွှေးနိုင်ပါဘူးလေ ..."

ဟု စိုင်းဝဏ္ဏမျိုး တွေးမိကာ မျက်စိလျင်လျင်ထားပြီး ပန်းပွင့်များကို ရှာဖွေကြည့်နေ၏။

မရှိဆိုမှ လုံးဝမရှိပါပေ။

"ကျောင်းဝင်းအစပ်မှာ ရှိတဲ့ အပင်တွေဆီကများလား ..."

ဟု ထပ်ဆင့် တွေးမိလိုက်ပြန်၏။

ထို့ကြောင့် သရဖီပင်အိုအောက်မှ ဟောင်းရွက်ညှာကြွေ သစ်ရွက် ခြောက်များကို လှည်းကျင်းကောက်ယူလိုက်ပြီး ကျောင်းတောင်ဘက် သို့ ကူးခဲ့၏။ သရဖီပင်ပျို ၅-ပင် တန်းစီပေါက်နေရာ၊ ထိုအပင်များ မှာလည်း သရဖီဖူးငယ်တို့သာ အစီအရီရှိလျက် ပန်းပွင့်တစ်ပွင့်မျှပင် အလျှင်း မပွင့်ကြသေးပါ။

သူ့မျက်စိကိုလည်း သူက သိပ်မယုံကြည်ချင်လှပေ၊ ဒါဝါတွေများ ထပ်တိုးနေရောသလား။ သူ့နှာခေါင်းကိုလည်း သူ သံသယဖြစ်ချင်လာ၏

www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ်တုန်းက အနံ့ခံကောင်းလှချည့်ဆိုသော သူ့နှာခေါင်းက အရည်အသွေးတွေ ကျဆင်းကုန်ပြီလား။

တောင်ဘက်တန်းပြီးတော့ အနောက်ဘက်ခြံဆီသို့ ကူးခဲ့၏။ သရဖီပင်ပျို ၆–ပင်တန်း ရှိ၏။ အားလုံးတို့၌ အဖူးနုနုစိမ်းစိမ်းတွေသာ ပွတ်သိပ်နေကြ၏။ ပန်းတစ်ပွင့်မှ မပွင့်သေးချေ။

မျက်စိလည်း ညောင်းပေါ့။

လူလည်း ချွေးစိုပေါ့။

အမှိုက်ကျင်းကြီးထဲမှာ စိုင်းဝဏ္ဏမျိုး အခေါက်ခေါက်အခါခါ သွန်ချထားသည့် သစ်ရွက်စို၊ သစ်ရွက်ခြောက်တွေလည်း စုပုံမိုမောက်နေပြီ။ နောက်မနက်စောစောကျမှ လာပြီးမီးရှို့ပေးဦးမည်ဟု တေးမှတ်ထားလိုက်ပါတော့၏။

စိုင်းဝဏ္ဏမျိုး ကျောင်းအပေါ်ထပ် ပြန်တက်ခဲ့၏။ ဘုန်းတော်ကြီးကို ဝတ်ချလိုက်၏။ ဘုန်းတော်ကြီးက နေ့ဆွမ်း ဘုဉ်းပေးနေတော်မူ၏။ ကပ္ပိယကြီး ဦးဘိုးကွန်းက ယပ်တစ်ချောင်းဖြင့် ခြင်၊ ယင် မောင်းနှင်ပေးနေ၏။ ဆွမ်းပွဲသိမ်းတော့ အချိုပွဲကပ်၏။ ဘုန်းတော်ကြီးသည် စိုင်းဝဏ္ဏမျိုး လာလှူထားသည့် မန္တလေးထိုးမုန့်ကို အတော်များများကြီး ဘုဉ်းပေးတော်မူ၏။ အညာသားမို့ အညာစာ ထိုးမုန့် ကြိုက်လှ၏။

“မောင်မျိုး-ကြည်ကြည်နူးနူး ဖြစ်ပေတော့။ တော်ကြာမှ တို့ ထမင်းစားကြတာပေါ့။ ခုတော့ အမောပြေ အခါးရည် (ရေနွေးကြမ်း) သောက်လိုက်ပါဦး”

ဟု ကပ္ပိယကြီး ဦးဘိုးကွန်းက ယပ်ခတ်ရင်း ပြောပါ၏။ ကျောင်းအောက်သို့ ပြန်ဆင်းလာတော့ နေ့လယ် ၁၁–နာရီခွဲပါပြီ။ စိုင်းဝဏ္ဏမျိုးနှင့် ဦးဘိုးကွန်းတို့ ထမင်းလက်ဆုံ စားကြ၏။ ပိန္နဲသီးနုနှင့် ဆူးပုပ်ညွန့်ဟင်းရည်တို့က အတော်ကြီး ခံတွင်းလိုက်၏။ အဘိုးကွန်း၏ ပဲနှပ်ဟင်းကတော့ ပြောစရာမရှိပြီ။ နူးအိပြီး အရသာရှိလှ၏။ အချက်အပြုတ်သည်



အနုပညာတစ်ရပ် ဖြစ်၏။ အစပ်အဟပ်မှန်ပြီး အချိန်ယူကာ စိတ်ရှည်ရှည် ချက်လျှင် သက်သတ်လွတ်ပေမင့် စားမြိန်လှသည့် ဟင်းကောင်းတစ်ခွက်တော့ ဖြစ်မည်ပင်။

ထမင်းစားပြီးနောက် ရေနွေးကြမ်း တစ်ကရားနှင့် နှစ်ယောက်သား အချိုတည်းကြ၏။ အဘိုးကွန်းတစ်ယောက်ကမူ စိုင်းဝဏ္ဏမျိုး ယူလာသည့် ဆီးထန်းလျက်ခဲများကို တမြုံ့မြုံ့စား၏။ စိုင်းဝဏ္ဏမျိုးကတော့ ကပ္ပိယကြီး အဘိုးကွန်း ကျကျနန နှပ်ထားသည့် လက်ဖက်ဆီစိမ်ကို တစ်ဖွန့်ပြီး တစ်ဖွန့် မြုံ့နေလိုက်၏။ ကြက်သွန်ဖြူထောင်း၊ ဆား၊ နှမ်းဆီတို့နှင့် ရိုးရိုးလေး နှပ်ထားသော အဘိုးကွန်း၏ လက်ဖက်အုပ်ကို ဘုန်းကြီးကျောင်းသားဘဝ၊ ကိုရင်ဘဝကတည်းက စိုင်းဝဏ္ဏမျိုး ပါးစပ်ရွဲပြီးသားလေ။

“အဘိုးကွန်း … သရဖီပန်းတွေ မပွင့်သေးဘူးလား”

“မပွင့်ကြသေးပါဘူးကွာ။ အခုမှ တပေါင်းလဆန်းမယ် ကြာရဲ့ ရှိသေးတာကွ”

“ကျွန်တော် ကျောင်းကိုအလာ ကျောင်းနားရောက်တော့ သရဖီပန်းရနံ့တွေ မွှေးလိုက်တာဗျာ”

“တောက်တီးတောက်တဲ့ မောင်မျိုးရယ်၊ ပန်းပွင့်ရင် ငါမသိ ရှိပါ့မလားဟ”

“သရဖီပင် အားလုံး ၁၂–ပင်တိတိ ကျွန်တော် လိုက်ကြည့်တာ …တောင်းလေးတွေသာ တွေ့တယ်။ မျက်စိများ ပါဝါနည်းသွားလားလို့။ တကယ် မပွင့်သေးတာလား အဘိုးကွန်း”

“ရော … ခက်ပါပြီ၊ မင်းထက် ငါ မျက်စိကောင်း၊ နှာခေါင်းကောင်း ပါတယ်ကွာ။ ပွင့်ရင် အဦးဆုံးသိ၊ အဦးဆုံးခူးပြီး ဘုရားကို အဦးဆုံး ကပ်လှူလေ့ရှိတာ မင်းသိသားနဲ့ မောင်မျိုးရာ”

“ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမယ့် …”

“ဘာ ဒါပေမယ့်နေရပြန်တာလဲ မောင်မျိုး”

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ပန်းရန့် တကယ်ကို ရလိုက်တာ ထင်ထင်ရှားရှားကြီး ပါဗျာ။ ကျောင်းဝင်းထဲလည်း ရောက်ရော ဟော ... ဘာနံ့မှကို မရှိတော့ တာဗျ အဘိုးကွန်းရ"

"မရဆို မပွင့်လို့ပေါ့ မောင်မျိုးရာ။ ခက်ပဲ ခက်ရချည်သေးရဲ့ကွာ"

"တစ်ပွင့်လေးမှာ မပွင့်ဘူးလား အဘိုးကွန်းရာ"

"မပွင့်ပါဘူးဆို။ မင်းနှယ် ... ကတ်ကတ်ရပ်ရပ် စွပ်စွပ်စွဲစွဲ။ ပွင့်ခဲ့ရင် ရွှေတော်ပြေး ပျားတွေက အထင်အရှား ဝိုင်းအုံနေပြီလေကွာ"

စိုင်းဝဏ္ဏမျိုးလည်း မကျေမနပ် ဖြစ်နေမိ၏။ မနက်စောစော အမှိုက် ကျင်း မီးလာရှို့ပေးမည် ပြောပြီး ထပြန်လာ၏။ ဦးဘိုးကွန်းကြီး မျက်နှာပေး ကား တစ်မျိုးပါ။ မချိုမချဉ်။ တစ်ခုခု ဖုံးကွယ်ထားလေရှာသလားပဲ။

• • • • • • • • • • • • • •

**အခန်း ၂။**

ညက အတော် ညဉ့်နက်သွား၏။ သရဖီပန်းရနံ့က စိုင်းဝဏ္ဏမျိုးကို အတော်ကြီး ပြဿနာလုပ် စိတ်ရှုပ်စေပါသည်။ ဘယ်လိုတွေးတွေး ကျေနပ် စရာအဖြေကို မရရှိနိုင်ခဲ့ပါ။ သန်းခေါင်ကျော်မှ အိပ်ပျော်သွားဟန် တူ၏။ အရုဏ်တက်ပြီးစလောက်မှာ အိပ်ရာမှ လန့်နိုးခဲ့၏။ အိပ်မက်ဆန်း မြင်မက် သောကြောင့်ပါ။

ကျောင်းဝင်းကြီးထဲက သရဖီပင်အိုအောက် ရောက်ရှိသွားခဲ့၏။ ပင်ခွကြားမှာ အလွန်တရာ လှပချောမွေ့သော မိန်းကလေးတစ်ဦး ခြေတွဲလောင်း ချထိုင်နေပါသည်။ ခေါင်းမှာ သရဖီပန်းကုံးတွေ ဝေနေအောင် ပန်ဆင်ထား၏။ ထူးခြားသည်မှာ နန်းဝတ်နန်းစား ရွှေဝါရောင်ဝတ်စုံနှင့် ဖြစ်နေခြင်းပါ။ သရဖီဝတ်ဆံရောင်ဟု တိတိကျကျ ပြောနိုင်ပါသည်။ စိုင်းဝဏ္ဏမျိုးအလာကို စောင့်မျှော်နေဟန် ရှိ၏။ ပင်စည်ကြီးတစ်ဖက်ကို ကျောမှီ၊ ကိုင်းလတ်တစ်ကိုင်းကို ညာလက်ဖြင့် လက်လှမ်းကိုင်ကာ အမျှော်စိုက်နေသောကြောင့် ဖြစ်သည်။



သရဖီပင်အောက်သို့ အဝင်မှာ ဘွားခနဲ တွေ့ရခြင်းမို့ ရုတ်တရက် ကြောင်အမ်းအမ်း ဖြစ်နေစဉ်မှာ မိန်းမပျိုလေးက နှစ်နှစ်ခြိုက်ခြိုက်ကြီး ပြုံးပြ၏။ သစ်ပင်ပေါ်သို့ တက်လာရန်ကိုလည်း လက်ယပ်ခေါ်နေပြန် သေး၏။ စိုင်းဝဏ္ဏမျိုးကတော့ မလှုပ်မယှက် ကြောင်ရပ်နေမိ၏။ ထိုစဉ်မှာ ထိုမိန်းကလေးသည် အားမလိုအားမရ ဖြစ်နေဟန်ဖြင့် သစ်ပင်ခွကြား ထိုင်နေရာမှ ရုတ်တရက် ခုန်ဆင်းလာတော့၏။ စိုင်းဝဏ္ဏမျိုး ရှေ့သို့ ကြောင်ကျ, ကျလာ၏။ မခို့တရို့ ပြုံးရယ်ပြနေရာမှ ရုတ်တရက် အစွယ် ပြူးပြူးနှင့် ဘီလူးမကြီးအသွင် ကူးပြောင်းသွားတော့၏။

'အား'ဟု သတိလက်လွှတ် အကျယ်ကြီး အသံထွက် အော်ဟစ်လိုက်မိ သည်နှင့် တစ်ပြိုင်နက် အိပ်မက်မှ လန့်နိုးခြင်း ဖြစ်ပါသည်။

အမှိုက်ကျင်း မီးရှို့ရန် ကျောင်းသို့ သွားသင့်၊ မသွားသင့် ချင့်ချိန်နေ မိ၏။ သွားလည်း သွားချင်၏။ သွားလည်း မသွားချင်ပါ။ သွားချင်သည့် အကြောင်းက အမှိုက်ကျင်း မီးရှို့ရန်ဟု ယိုးမယ်ဖွဲ့နေသော်လည်း အမှန် စင်စစ်ကား စူးစမ်းလေ့လာချင်စိတ်က ဦးဆောင်နေချေသည်။ မသွားချင် သည့် စိတ်၏ အကြောင်းရင်းမှာမူ ပရလောကကို သိပ်ပြီး အယုံအကြည် မရှိသော်ငြားလည်း ဒုက္ခလှလှ တိုးမည်ကို စိုးရိမ်နေသည့် ကြောင့်ကြစိတ်က ရှေ့ဆောင်နေ၍ ဖြစ်၏။

သူငယ်ချင်းတစ်စုတို့နှင့်အတူ ဘုရားကြီး မျက်နှာသစ်တော်ရေကျအမီ သွားဖူးကြသည့် တနင်္ဂနွေနေ့ တစ်မနက်ကို ပြန်လည် သတိရလိုက်မိ သေးသည်။ ဘုရားကြည်ညိုပြီးနောက် မုန့်ဟင်းခါး စားကြ၏။ အဆောင်သို့ အပြန် စောင်းတန်းမှအဆင်းတွင် သူငယ်ချင်း မောင်ဝင်းရှိန်က ဗေဒင် မေးကြမည် လုပ်၏။ အပျော်အပြက် သဘောမျိုးပါ။

စိုင်းဝဏ္ဏမျိုးအား အဟောထွက်သည်က ဒီနှစ်ပိုင်း ညံ့နေကြောင်း၊ အထုံပါနေကြောင်း၊ ဘဝဟောင်းအဆက်နှင့် ပြန်ဆက်သွယ်မိပြီး ဇာတ်လမ်း ဖြစ်နိုင်ပါကြောင်း၊ သတိထားဖို့နှင့် ဘုရားတရားမမေ့ဖို့တို့ကို ဟောသ ဆိုစဉ်တုန်းကတော့ 'ပြေးတောင် တွေ့လိုက်ချင်သေး'ဟူ၍ ရယ်သွမ်းသွေးကာ နောက်ပြောင်နေခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



အခုမှ စိတ်ထင့်နေလေပြီ၊ အမှန်အားဖြင့် စိုင်းဝဏ္ဏမျိုးသည် ခေတ်လူငယ်တစ်ဦးပီပီ တဖွေ့သရဲ မယုံ၊ မကြောက်ဆိုသည့် အစားထဲကပါ။ 'တွေ့လိုက်ချင်စမ်းပါဘိ'ဟု ကြွေးကြော်ပြောခဲ့သော ကြွားလုံးစကား မပျက်ချင်၍ အိပ်ရာမှ ကြိုးစားထလိုက်ရတော့၏။

အဆာပြေ ထမင်းကြမ်းခဲနှင့် ပဲပုပ်ထောင်းတို့ကို နယ်ဖတ်စား၊ ရေနွေးကြမ်း အဝသောက်ပြီး ကျောင်းဘက်ဆီသို့ ဦးတည်လျှောက်လာချိန် လင်းကြယ်လေးများ မှိတ်တုတ် မှိတ်တုတ် လင်းလက်နေသေး၏။ သိပ်အမှောင်ကြီးလည်း မဟုတ်သလို အလင်းရောင်လည်း မသမ်းသေးချေ။ မပီဝိုးတဝါး ဝေလီဝေလင်း နံနက်ခင်းစောစောအချိန် လေပြည်ဆော်အသွေးမှာ ဟော ... ရပြန်ပါပြီ၊ သရဖီပန်းနံ့ ကြိုင်မွှေးမွှေးလေး။

ရာသီက အေးစိမ့်မနေသော်ငြားလည်း စိုင်းဝဏ္ဏမျိုး ကျောစိမ့်ကာ ကြက်သီးထဖြစ်အောင် ထလိုက်ရသေး၏။ 'ငါ မကြောက်ပါဘူး'ဟု စိတ်တင်းမာန်တင်းနေခြင်းသည်ပင်လျှင် တကယ်တမ်းမှာ ကြောက်စိတ်ဝင်နေခြင်း ဖြစ်လိမ့်မည်။

ကျောင်းဝင်းထဲသို့လည်းရောက်၊ သရဖီပန်းရနံ့လည်း လုံးဝ ပျောက်သွားပါလေရော။

မကျေနပ်ပါ။ ကျောင်း၏အရှေ့မြောက်ရှိ သရဖီပင်အိုအောက်သို့ အရောက်သွားခဲ့မိ၏။ ပင်အောက်သို့အဝင် ခွကြားမှာ ထိုင်နေသော မိန်းကလေးတစ်ဦး ရုတ်ခြည်း ပျောက်ကွယ်သွားတော့၏။ ကြက်သီးတွေ ထလိုက်သည်မှာ အပြိုင်းအရိုင်း တဖျဉ်းဖျဉ်းနှင့် နေပါတော့၏။ အိပ်မက်ကို စိတ်စွဲတာလေလား၊ မျက်စိမှားတာလေလား။

အမှိုက်ကျင်းကို မီးရှို့အပြီးမှာ ရေ လေးငါးပုံးဖြင့် မီးငြိမ်းသတ်လိုက်ရ၏။ ကပ္ပိယကြီး ဦးဘိုးကွန်း၏ လက်ရာကောင်း ယာဂု(ဆန်ပြုတ်) ပူပူနွေးနွေးကို အဝလွေးလိုက်ပါ၏။ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ဆားနှင့် ဆီအနည်းငယ်တို့ဖြင့် မီးအေးအေးငွေ့ငွေ့ တစ်ညလုံး ပြုတ်ထား၊ နှပ်ထားသော ဆန်ပြုတ်ကျဲကို ကြက်သွန်မြိတ် သေးသေးနုပ်နုပ် လှီးကာ



ငရုတ်ကောင်းမှုန့်နှင့် ရောမွှေစားရသည့် အရသာကား ဘဲသား၊ ကြက်သား ဆန်ပြုတ်တို့ပင် အရှုံးပေးရလောက်၏။

"အဘိုးကွန်းရဲ့ နာမည်ကြီး ယာဂုဆွမ်းကို အဝသောက်လိုက်ရတော့ အလွမ်းပြေသွားခဲ့ပြီ"

"မောင်မျိုးက ဘာလွမ်းဆွေးစရာများ ကျန်ရစ်ခဲ့လို့လဲဟ"

"အလွမ်းအဆွေးတွေ မကျန်ရစ်ခဲ့ပါဘူးဗျာ၊ ခုမှ စတွေ့ခါစ ရှိပါသေး အဘိုးကွန်းရာ"

"ဟေ ... ဘယ်လိုကြီးလဲဟ။ ဘယ်သူနဲ့ ဘယ်လိုတွေ့ပြီး အခုမှ လွမ်းဆွေးရတာတုံးကွ"

"အိပ်မက်ထဲမှာ တွေ့ရတဲ့ သရဖီမင်းသမီးလေးပါဗျာ"

"ဟေ ... မင်းကလည်း အိပ်မက်မက်တယ်တဲ့လား၊ ကောင်းကွာ"

"ဘယ်သူကကော မက်ဖူးသေးလို့လဲ အဘိုးကွန်းရဲ့"

"ခေတ်အဆက်ဆက် ကာလာသားချောချောဆို မက်တတ်ပါ့။ ရှုတတ်ပါ့။ မနေ့တုန်းက မောင်မျိုး သရဖီပန်းနံ့ရတယ် ပြောတော့ စိတ်ထဲက ထင့်ခနဲတော့ ရှိလိုက်သားပဲ"

"မနေ့ကပဲ မဟုတ်ဘူး၊ ဒီမနက်တောင် ကျောင်းဝင်းနား နီးကပ်လာတော့ သရဖီပန်းရနံ့ မွှေးကြိုင်လိုက်တာဗျာ၊ ပြီးတော့ အိပ်မက်ထဲက အတိုင်း သရဖီပင်အိုအောက် အရောက်မှာ သရဖီမင်းသမီးလေး သစ်ပင်ခွကြားကနေ ရုတ်တရက်ကြီး ပျောက်သွားရော၊ အိပ်မက်လား၊ တကယ်လား ဇဝေဇဝါနဲ့ အဘိုးကွန်းရာ။"

"အိပ်မက်ကလည်း အကြောင်းရှိတာယ်၊ အရိပ်အယောင် မြင်တာလည်း တကယ်ဟုတ်နိုင်တယ် မောင်။ အစဉ်အဆက် တိုးတိုးတိတ်တိတ် လက်ဆင့်ကမ်း ပြောလာကြတဲ့ ရှေးဇာတ်လမ်းတစ်ပုဒ်ကလည်း ရှိတာယ်လေ"

"ပြောပြပါ အဘိုးကွန်းရာ"

"အေး ... ကြားချင်ရင် နားဆင်ပေတော့၊ ဒီလိုတဲ့ကွာ"

• • • • • • • • • • • • • •

www.burmeseclassic.com

www.burmeseclassic.com



"ဒီ သရဖီမင်းသမီးရဲ့ လွှမ်းပုံပြင်ဆိုတဲ့ ပုံပြင်လိုလို၊ ဒဏ္ဍာရီလိုလို၊ ထိုးဇာတ်လိုလို ဇာတ်လမ်းလေးကို အဘိုးကွန်း ငယ်ငယ်က ကြားသိမှတ်သားခဲ့ရဖူးတာပါ။ ခေတ်တွေ နှစ်တွေ မရေမရာ မသေချာပေမယ့် မြန်မာ့ဦးစွန်းပြုတ်၊ ထီးကျိုးစည်ပေါက်၊ ကုန်းဘောင်မင်းဆက် ၁၁–ဆက်အနက်၊ နောက်ဆုံးမင်းဆက် သီပေါမင်း ပါတော်မူပြီး နောက်ပိုင်းကာလဆိုတာတော့ အသေအချာ ပြောကြတယ်။

ရာဇသွေးအနွယ် မင်းညီမင်းသား မင်းသမီးတွေရဲ့ အခြံအရံဖြစ်တဲ့ လူပျိုတော်တွေ ရံရွှေတော်တွေလည်း၊ သစ္စာရှိသူတွေ ဆင်းရဲအတူ ချမ်းသာအမျှ မခွဲတမ်း ခစားနေထိုင်ကြပေမယ့်၊ သစ္စာမရှိသူတို့ တိမ်းရှောင်ထွက်ပြေးကြတယ်။ တချို့လည်း သူတို့သခင်တွေက မကြည့်ရှု မစောင့်ရှောက်နိုင်တော့လို့ မိမိတို့ သဘောအတိုင်း သွားလိုရာ သွားနိုင်တယ်ဆိုပြီး ခွင့်လွှတ်လိုက်တာလည်း ပါတာပေါ့လေ။

အဲဒီလို ကစဉ့်ကလျား ရှောင်တိမ်းကြသူတွေအနက် အဆက်အသွယ်ရှိရာ အရပ်တွေဆီ တိမ်းရှောင်သူအချို့ ရှမ်း ပြည်နယ်ဘက် ရောက်လာကြသတဲ့။ ရံရွှေတော်တွေဆိုတာ နန်းတွင်းလုပ်ယုံတော်တွေရဲ့ သားသမီးတွေ၊ မှူးကြီးမတ်ကြီး ဝန်ကြီးတွေရဲ့ သားသမီးတွေထဲက များများပါတဲ့။ ရာထူးကြီးအဆင့်မြင့် ဆိုသူတိုင်းဟာလည်း မင်းသွေးနဲ့ ကင်းဆဲလှပါသတဲ့။

ဟောဒီနယ်ဘက် ရောက်လာပြီး ခိုလှုံကြတဲ့အထဲမှာ ကိုယ်လေးလက်ဝန် အရင့်အမာနဲ့တစ်ဦး ပါလာခဲ့ပါသတဲ့။ ရှမ်းပြည်နယ်ဘက် ဆိုတာကလည်း မောင်မျိုး သိတဲ့အတိုင်းပဲလေ။ အအေးဓာတ်ကပို၊ ငှက်ဖျားကကြမ်းဆိုတော့ နန်းတွင်းသူဟာ သမီးလေးတစ်ယောက် ဖွားမြင်မြောက်ပြီး မကြာမီမှာ ကံကုန်ရှာသတဲ့။ ဒီတော့ ရပ်ရွာထဲက သနားကြင်နာတတ်တဲ့ သားသည်မိခင်တစ်ဦးက ခေါ်ယူပြီး နို့ချိုတိုက် ပြုစုပေးရှာတယ်။ သူမွေးထားတာက သား။ နှစ်လကျော်ကျော်လေးပဲ ကြီးတယ်တဲ့။

အတူတူကြီး၊ အတူတူကစားရင်း မောင်နှမအရင်းအချာလို သံယောဇဉ်ဖြစ်နေကြတာ။ သားနာမည်က စိုင်းစိုင်း၊ သမီးနာမည်က နန်းနန်းလို့ပဲ



လှွယ်လွှယ်ကူကူ ခေါ်လိုက်ကြတော့တာတဲ့။ သူတို့က နေ့လယ်နေ့ခင်းဆိုရင် ကျောင်းဝင်းထဲက သရဖီပင်ပျိုအောက်မှာ လာလာကစားကြသတဲ့။ သရဖီပန်းတွေ ပွင့်လို့ လေအသင့်မှာ ကြွေလွင့်လာရင်လည်း အတူတူကောက်ကြတယ်။ စိုင်းစိုင်းက ဘုရားမှာ ပန်းမွှေ့ရာခင်း၊ နန်းနန်းကတော့ သီကုံးပြီး ခေါင်းမှာ ဝေနေအောင် ပန်ပါသတဲ့။

အချိန်တန်အရွယ်ရောက် လူလားမြောက်ချိန်မှာတော့ စိုင်းစိုင်း ကလည်း လှချောလှခန့် ဖြစ်လာသလို၊ နန်းနန်းကလည်း မိန်းမချော မိန်းမလှလေး ဖြစ်လာတော့တာပေါ့။ မောင်နှမအရင်း မဟုတ်မှန်းကလည်း သိထားကြ၊ အတူတူ ကြီးပြင်းလာတဲ့ သံယောဇဉ်ကလည်း ရှိနှင့်ပြီးသားဆိုတော့ကာ အချစ်နတ်က ဖမ်းစားပါလေရော။ 'အသည်းပေါက်အောင်ချစ်၊ ချစ်လိုက်ရတာတုန်' ဆိုတာတွေဟာ သူတို့ ချစ်သူနှစ်ဦးအတွက် ညည်းညူနှစ်ကားများလားလို့ ထင်ရလောက်အောင် အချစ်ကြီးကြ၊ သံယောဇဉ်ကြီးကြတာတဲ့လေ။

ဒီနယ်မှာကလည်း နယ်ရှင်စော်ဘွားတွေ နယ်လုကြ၊ တိုက်ကြခိုက်ကြတာတွေ ရှိခဲ့တာပေါ့။ စိုင်းစိုင်းက တပ်သား ရွေးခံရတဲ့အထဲ ပါသွားတယ်။ ခုလို အခါကောင်းတဲ့ တပေါင်းလမှာပေါ့။ လပြည့်ခါနီး ပြီမို့ ဖိုးလမင်းကြီးက ဝိုင်းဝိုင်းစက်စက်နဲ့ အသားကုန် လင်းထိန်နေတဲ့ ညဉ့်ဦးမှာပေါ့။ မနက်ဖြန်ဆိုရင်ပဲ စစ်ထွက်ရတော့မှာလေ။ ချစ်သူနှစ်ဦးတို့ သရဖီပင်အောက်မှာ မခွဲနိုင်မခွါရက် နှုတ်ဆက်ချိန်းတွေ့ကြတယ်။ သရဖီပန်းတွေလည်း များများစားစားကြီး ပွင့်နေကြပါပြီ။ တဖြုတ်ဖြုတ်ကြွေကျ မြေခနေလေရဲ့။ နန်းနန်းခေါင်းမှာလည်း သရဖီပန်းကုံးအပြည့် ဝေဝေဆာဆာနဲ့ပေါ့။"

"စိုင်းစိုင်း ... စစ်နိုင်အောင် တိုက်ပြီးရင် ရွာအရောက် ပြန်လာခဲ့ယ်နော်"

"စိတ်ချပါ အချစ်လေးရယ်။ စစ်ပြီးတာနဲ့ နန်းနန်းဆီမှာက် အရောက်ပြေးလာခဲ့မှာပါ"

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ထင့်တယ် စိုင်းစိုင်းရယ်၊ တစ်မျိုးကြီးပဲ"

"ဘာမှမပူနဲ့ နန်းနန်း။ စိုင်း ပြန်ရောက်လာမှာပါ။ အောင်ပွဲအလီလီ ခံရမှာပါ။ မယုံဘူးလား"

"စိုင်းစိုင်းကိုတော့ ယုံပါတယ်။ ကံကြမ္မာကို မယုံဘူးကွယ်"

"မငိုပါနဲ့ နန်းရယ်။ စိုင်းသွားရမှာ စိတ်မဖြောင့် ရှိလိုက်တာနော်"

• • • • • • • • • • • • • •

**အခန်း ၃။**

"ချစ်သူတို့ရဲ့ ခွဲခွါခန်းဆိုတာ ဒီလိုချည်းပါပဲ။ မောင်မျိုးတို့တော့ ဘယ်လိုခွဲခဲ့၊ ခွါခဲ့တယ် မသိ"

"အဘိုးကွန်းကတော့ လုပ်ပြီ။ ပုံပြင်လေး ကောင်းခန်းရောက်ကျမှ ဖောက်လာတယ်။ စိုင်းစိုင်း ပြန်ရောက်လာသတဲ့လားဟင်။ သူတို့ နှစ်ယောက်သား ပေါင်းဆုံကြရသတဲ့လား"

"နန်းနန်းတစ်ယောက် သရဖီပင်အောက်က မျှော်တော်ဇောနဲ့ မောရတာ ရက်၊ လ အတော် ကြာရှည်တာပဲ၊ တစ်လလည်း မဟုတ်၊ နှစ်လလည်း မဟုတ်။ တစ်နှစ် အခါလည်လို့ သရဖီပန်းတွေတောင် ပြန်ပွင့်တဲ့ရာသီ နွေဦးကို ရောက်ပြန်ပါရော၊ စိုင်းစိုင်းက ပျောက်ချက်သား ကောင်းလိုက်တာ။ လူမလာ သတင်းမကြား။ အဆက်အသွယ် ပြတ်သွားလိုက်ကြရတာတဲ့။

၂–နှစ်လည်း မဟုတ်၊ ၃–နှစ်လည်း မဟုတ်။ သရဖီပန်း ၄–ခါပြန် ပွင့်တဲ့ရာသီကို တစ်ကျော့လည်လာပြန် သတဲ့။ တိုက်ပွဲမှာပဲ ကျလေရော့ သလား။ တစ်ရပ်တစ်ကျေးမှာပဲ အိမ်ထောင်ရက်သား ကျသွားပြီလား စဉ်းစားစရာတော့ ဖြစ်ပြီပေါ့။ ရှင်တာနဲ့ သေတာမှာ စစ်ထဲ ပါသွားတာမို့ သေဘက်က များနေတယ်။ ဒီလိုပဲ တွေးယူကြတာပေါ့။ မဟုတ်ဘူး … မောင်မျိုးရေ …"

"ဒါဆို ဘယ်လို အဖြစ်မျိုးနဲ့ တိုးတာတဲ့လဲ အဘိုးကွန်း"

"စိုင်းစိုင်းဟာ ညာခြေထောက် ဒဏ်ရာရတာကနေ ခြေမသန်မစွမ်း ဖြစ်သွားခဲ့ရတယ်။ ဆေးဝါးကောင်းနဲ့လည်း မကုလိုက်ရဘူးကိုး။ ဒီလို



ရုပ်ပျက်ဆင်းပျက်နဲ့ ချစ်သူထံ မပြန်လာချင်တော့ဘူး။ ချစ်သူကိုလည်း ဒုက္ခမပေးချင်ဘူး ဆိုတဲ့ မေတ္တာအရင်းခံလည်း ပါတာပေါ့လေ။ ဒီတော့ ဝေးရပ်မြေမှာ ဖတ်မြှုပ်ပြီးတော့ နေလိုက်ရတာတဲ့။

အမျှော်လင့်ကြီး မျှော်လင့်စောင့်စားနေရရှာတဲ့ နန်းနန်းကတော့ သရဖီပင်အောက်ကို မရောက်တဲ့ရက် မရှိဘူးတဲ့။ နွေနွေ မိုးမိုး ဆောင်း ဆောင်းပေါ့လေ။ စိတ်ဆိုတာကလည်း ရုပ်ကို အများကြီး ပြုပြင်တယ်တဲ့။ ဆရာတော်ကြီး ဟောတာ မှန်တယ် မောင်မျိုး။ စိတ်ဝေဒနာသည်လို ဖြစ်နေရှာတဲ့ နန်းနန်းဟာ အအိပ်အစားမမှန်နဲ့ ၅–နှစ်ကြီးများတောင် ခံတယ်ဆိုတာ တော်ရုံစိတ်ဇောနဲ့ မဟုတ်ပေဘူး။

အဲ … တပေါင်းလပြည့်ည သရဖီပန်းတွေ ဝေနေအောင် ပန်ဆင်ထားတဲ့ နန်းနန်းဟာ သရဖီပင်အောက်မှာ ညလုံးပေါက် တွေးငိုင်ခွေရင်း မနက်အလင်းရောက်တော့ အသက်ပျောက်နေခဲ့ပါပြီ၊ သရဖီပွင့်ကြွေတွေကလည်း သူမခန္ဓာကိုယ်ကို ဖုံးလွှမ်းမွှေးမြနေပါသတဲ့၊ တကယ့်ကို သရဖီမင်းသမီးလေးရဲ့ဘဝ အဆုံးသတ် မလှတလှပါပဲတဲ့"

"အဘိုးကွန်းက ပုံပြောကောင်းသားပဲ။ မထင်ခဲ့ဘူး။ လူပျိုကြီး အဘိုးကွန်း ဒီလို ခံစားပြောတတ်မယ်လို့ဗျာ"

"မောင်မျိုးရေ အဘိုးကွန်းမှာလည်း အသည်းနှလုံးနဲ့ပါကွာ။ ဟဲဟဲ"

"ဒါနဲ့ ကျွန်တော့်အိပ်မက်နဲ့ ဘယ်လိုများ အဆက်အစပ်ရှိလို့လဲ အဘိုးကွန်းရ"

"သိပ်ရှိတာပေါ့ကွာ။ မင်း အိပ်မက်နဲ့ရော ငါ့ကိုယ်တွေ့နဲ့ပါ ဆက်စပ်နေတာလို့ ရင်ဖွင့်ပြောရရင် မင်းအံ့သြသွားမလား။ ယုံကော ယုံကြည်နိုင်ပါ့မလား"

"ယုတ္တိယုတ္တာရှိရင် ကျွန်တော် ယုံရမှာပေါ့။ ပြောပြကြည့်ပါဦး အဘိုးကွန်း"

"ဒီလိုကွ။ အဲဒီ သရဖီမင်းသမီးလေးဟာ အစွဲအလမ်းနဲ့ သေလို့ ကျွတ်ဘူးတဲ့ကွ။ သရဖီပင်မှာ စွဲနေတာတဲ့၊ အခြောက်အလှန့်တော့ မရှိဘူး။

www.burmeseclassic.com

www.burmeseclassic.com



လူပျိုလူရွယ်ချောချောနဲ့ ကြုံရမယ်ဆိုရင် ကျိုးစယ်တဲ့ သဘောမျိုးနဲ့ စတာ နောက်တာလေးတွေတော့ ရှိပါသတဲ့၊ အမြဲလည်းမဟုတ်၊ နှစ်အစိတ်လောက် နေမှ တစ်ခါ ပေါ်လာတတ်တာကြောင့် လူသိမများကြဘူး၊ အတွေ့ အကြုံဆန်းကို ကြုံတွေ့ရတဲ့သူတွေကလည်း ကြုံတွေ့ရသူအချင်းချင်းတို့ တိုက်ဆိုင်မှသာ ပြောပြ၊ အပြန်အလှန် ဆွေးနွေး နှီးနှောတတ်ကြတာတဲ့''

''အဘိုးကွန်းက ဘယ်လို အဆန်းကြုံတာလဲ။ ပြောပြပါဦးနော်''

''မောင်မျိုးလိုပါပဲကွာ၊ လွန်ခဲ့တဲ့ နှစ်အစိတ်၊ သုံးဆယ်ဝန်းကျင်မှာပေါ့။ အဘိုးကွန်းက အခု အသက် ၆ဝ-ပြည့်တော့မယ်။ အသက် ၃၂-နှစ်လောက်မှာ ဒီရပ်ရွာကို ရောက်လာခဲ့တာကိုး။ ရောက်ပြီး မကြာခင်မှာပဲ မောင်မျိုးမက်တဲ့ အိပ်မက်မျိုးပဲ မက်တာ။ အချိန်အခါမဟုတ်၊ ပန်းမပွင့် သေးတဲ့ ရာသီမှာ သရဖီပန်းရနံ့ရတာ အတူတူပါပဲ၊ အရိပ်အယောင် တွေ့တာတော့ တစ်ခါတည်းပါပဲ။ ပန်းနံ့နဲ့ အိပ်မက်ကတော့ မကြာခဏ ရတတ် ပြန်မြင်မက်တတ်တာပေါ့။ စွဲလမ်းတဲ့စိတ်က ဆိုးတယ်။ တစ်မက် မိပြီ၊ လိုချင်ပြီဆိုရင် ပိုလို့သာ ဆိုးတော့တာပေါ့ကွာ။

မောင်မျိုးက အများကြီး တော်ပါပေတယ်။ အဘိုးကွန်းတုန်းက အရူးတစ်ပိုင်းကို ဖြစ်လို့၊ အဲဒါ ဆရာတော်ကြီးက ကယ်ဆယ်ထားခဲ့တာ။ တရားရေအေး တိုက်ကျွေးပြီးနောက် ဘက်စုံကုသပေးခဲ့တာ။ ဒါကြောင့် လည်း အဘိုးကွန်းက ကျေးဇူးဆပ်တဲ့အနေနဲ့ ဆရာတော်ကြီးကို ကပ္ပိယ လုပ်ပေးနေခဲ့တာပေါ့ကွာ''

''အဘိုးကွန်းအဖြစ်ကို ဆရာတော်ကြီးက ဘယ်လိုသိသတဲ့လဲ''

''အဲဒီ သရဖီပင်အောက်မှာ မအိပ်မစား တတွေတွေ တမှိုင်မှိုင် စိတ်ဖောက်ပြန်တဲ့ ယဉ်ယဉ်ကလေး အရူးသမား ဘိုးကွန်းကို ဆရာတော် ချော့မော့မေးမြန်းပြီး ကရုဏာကြီးကြီး မေတ္တာကြီးကြီးနဲ့ စောင့်ရှောက် ပေးခဲ့လို့ ဒီလို ကျန်းမာအသက်ရှင်နေ၊ အသက်ရှည်နေရတာပါ။ ဆရာတော် ငယ်ဘဝတုန်းက ဆရာတော့်သူငယ်ချင်း ချစ်ဖေဆိုတဲ့ လူချောလူလှ ဟာလည်း အခု မောင်မျိုးတို့၊ အဘိုးကွန်းတို့ ကြုံရသလို ကြုံရပြီး



သက်ဆိုးမရှည်ခဲ့ရှာပါဘူးတဲ့၊ အဲဒါကို ဆရာတော် အလောင်းအလျာ မောင်သိန်းဖေက သံဝေဂရပြီး ရဟန်းဘောင် ကူးခဲ့တာတဲ့ကွ''

''ဆရာတော်ကြီးက ဒီအကြောင်းတွေကို သိနေသားနဲ့များ ဒီ မကျွတ်မလွတ်တဲ့ သရဖီမင်းသမီးလေးကို ကျောင်းဝိုင်းထဲက နှင်လည်း မထုတ်ဘူး၊ ကျွတ်အောင်လည်း မဆောင်ရွက်ပေးဘူးလားဗျာ''

''အစွဲအလမ်းဆိုတာဟာ အခက်သားကြီး မောင်မျိုးရယ်၊ ဘယ်လိုပဲ အမျှအတန်းဝေဝေ၊ သာဓုခေါ်ဆိုပါမှ ကျွတ်ချင်ပါမှ ကျွတ်လွတ်နိုင်မှာကိုး ကျောင်းဝိုင်းထဲက နှင်ထုတ်လိုက်ဖို့ကျတော့လည်း သနားလို့ နေမှာ ပေါ့ သူက သိပ်ကြီးလည်း ဒုက္ခမပေးဘဲကိုး၊ တော်ရုံလူတွေတောင် မသိကြတဲ့ ကိစ္စလေ။ မောင်မျိုးလည်း ဒီကျောင်းမှာ ကိုရင်ဝတ်၊ အဝင်အထွက် များတာတောင် မသိခဲ့ဖူးဘူး မဟုတ်လား''

''ကျွန်တော်ကတော့ သရဖီမင်းသမီးလေးကို ကျွတ်လွတ်စေချင် ပါတယ် အဘိုးကွန်းရယ်''

''ကြိုးစားကြည့်ပေါ့ကွာ၊ ပဋ္ဌာန်းဆက်ပါရင် သူ ချမ်းသာရာ ရပါ လိမ့်မယ်။ မင်းလည်း ကုသိုလ်ရတာပေါ့''

• • • • • • • • • • • • • •

**အခန်း ၄။**

စိုင်းဝဏ္ဏမျိုးသည် အဘိုးကွန်း ပြောပြသော သရဖီမင်းသမီးလေး၏ လွမ်းပုံပြင်ကို မယုံရအခက်၊ ယုံရအခက် ဖြစ်နေ၏။ မကျွတ်မလွတ်သူ တို့သည် နှစ်ပေါင်း ဆယ်ချီ ရာချီ ကြာမြင့်နိုင်ပါသလော၊ ရတနာပုံ နေပြည်တော်ဟု အမည်တွင်ခဲ့သော မန္တလေးမြို့ကို တည်ခဲ့သည်က ရာစုနှစ် တစ်ခုနှင့် ထက်ဝက်မျှ၊ နှစ် ၁၅ဝ-နီးပါး ဝန်းကျင် ရှိနေပေပြီ။ စာအဖတ် နာခဲ့သော စိုင်းဝဏ္ဏမျိုး၏ ဦးနှောက်တွင်းသို့ အင်္ဂလိပ်ရှင်းတို့၏ ပိုနှမ်း ကြီးများ စဖင့်ရုပ်ထုကြီးများ မိမိရုပ်အလောင်းများ ပေါ်လာ၏။ ထိုနှစ်စာနှင့် ပတ်သက်သော ဇာတ်လမ်းများ ဒုက္ခပေးပုံများကိုလည်း ဖတ်မှတ်ခဲ့ဖူးသော တိုက်ဆိုင်မှုများ ဖြစ်နေလေမလား ထင်မြင်ယူဆခဲ့ဖူး၏။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမှာ အိဂျစ်ခေတ် နှစ်ပေါင်းထောင်ချီ ကြာမြင့်ခဲ့သော်လည်း ပရလောက၊ ဝိညာဉ်လောကတို့အတွက်သည်ကား အချိန်တည်းဟူသော ကာလယန္တရားမှ လွတ်မြောက်နေဟန် ရှိ၏။ သို့မဟုတ် လူ့သက်တမ်း နှစ်ပေါင်းတစ်ရာ၊ နှစ်တစ်ထောင်သည် နတ်သက်တစ်ရက်၊ ငရဲသက် တစ်ရက်ဟူသော ညီမျှခြင်းကိန်းမျိုးကဲ့သို့ ဝိညာဉ်လောကအတွက်လည်း ကာလအချိန် သတ်မှတ်ချက်သည် သီးခြားရှိနေပုံ ပေါ်သည်ကို တွေးခေါ် မိလိုက်ပါတော့သည်။

အဘိုးကွန်း ပြောပြသည့် လွမ်းပုံပြင်ကို စိတ်စွဲလမ်း၍ မဟုတ်သော်လည်း ရက်ခြားဆိုသလိုပင် သရဖီမင်းသမီးနှင့် အိပ်မက်တွင်းမှာ ဆုံမိတတ်၏။ တစ်ကြိမ် နှစ်ကြိမ် မဟုတ်ပါ။ သုံး လေးကြိမ်မှသည် ငါးကြိမ် ကျော်လာသောအခါ ထူးခြားဆန်းပြားမှု ရှိနေပြီကို လက်ခံလာရတော့၏။ ပထမပိုင်း၌ ရုတ်ခြည်းပေါ်လာပြီး ရုတ်ခြည်းပင် ပျောက်ကွယ် လန့်နိုး လာလေ့ ရှိ၏။ အကျွမ်းတဝင် ရှိလာချိန်၌ အိပ်မက်တွင်း အဖြစ်အပျက် တို့သည် အချိန်ကြာမြင့်၍ အပြန်အလှန် ပြောဆိုဆက်ဆံမှုများအထိ ရှိခဲ့တော့၏။

စိုင်းစိုင်းကို စောင့်မျှော်နေခဲ့သည်မှာ ကြာမြင့်လှပြီဖြစ်ကြောင်း၊ ပျောက် သောသူကို လိုက်လံရှာဖွေနေခဲ့ရသည်မှာလည်း ပင်ပန်းလှပြီဖြစ်ကြောင်း၊ နန်းနန်းထံ အမြန်ပြန်လာစေချင်ကြောင်းတို့သာ အပ်ကြောင်းထပ်နေ ပါတော့၏။

"စိုင်းစိုင်း ... စိမ်းကားရက်စက်လွန်းလှတယ်ကွယ်"

"ကိုယ့်ကို ပြောတာလား။ ကိုယ်က စိုင်းဝဏ္ဏမျိုးပါကွာ၊ လူမှားနေပြီ"

"မမှားပါဘူး စိုင်းရယ်။ စိုင်းစိုင်းမှ စိုင်းစိုင်းပါပဲ။ နှစ်တွေက ကြာညောင်း၊ ဘဝတွေက အဆင့်ဆင့် ပြောင်းခဲ့တာ နည်းရှာသလား။ စိုင်းကိုယ်တိုင် မမှတ်မိလို့ပါ။ စိုင်းစိုင်းဘဝကနေ ပြောင်းခဲ့တာ သုံးဘဝ ရှိခဲ့ပြီလေ။ အခု စိုင်းဝဏ္ဏမျိုးပါလို့ ပြောနေတဲ့ လက်ရှိဘဝဟာ တတိယ မြောက် ပြောင်းခဲ့တဲ့ ဘဝပေါ့ကွယ်"



"ကိုယ် ဘာမှ မမှတ်မိတော့ဘူး။ ဘာကိုမှလည်း မစွဲလမ်းခဲ့ဘူးလေ"

"ဟုတ်မှာပါ။ စိမ်းကားသူကြီးက မေ့ပျောက်ထားလိုက်နိုင်ပေမယ့် နန်းမှာတော့ လွမ်းတသသပါ။ မယုံရင် ဟောဒီမှာကြည့်၊ စိုင်းစိုင်း ပေးခဲ့တဲ့ ချစ်သက်လက်ဆောင် အသည်းနှစ်ထပ်ပုံ ရွှေလက်စွပ်လေးရယ်ပါ"

"ကိုယ် မြင်ဖူးသလိုလိုတော့ အရှိသား။ ပုံတူတွေလည်း ရှိမှာပါ။ မြင်ခဲ့ဖူးတာ ဖြစ်နိုင်မယ်။ ကိုယ်ပေးခဲ့ပါတယ် ဆိုတာကိုတော့ လုံးဝ မမှတ်မိတော့ဘူး၊ ဝမ်းနည်းပါတယ်ဗျာ"

"ဩော် ... စိုင်းစိုင်း ... စိုင်းစိုင်း ... ။ ရက်စက်လိုက်တာနော်။ နန်းမှာသာ အချစ်တွေ ရင်မှာပိုက်ထွေးခဲ့၊ သံယောဇဉ်တွေ အမျှင်တန်းပြီး လွမ်းတမြည့်မြည့်နဲ့ စောင့်စားခဲ့ရတဲ့ နှစ်ကာလတွေဟာ ဆယ်ကျော်၊ ရာကျော်ခဲ့တယ်လေ"

"ငိုမနေပါနဲ့တော့ဗျာ။ သာသနာတော်ခေတ်ကြီး အတွင်းမှာ ကြုံကြိုက်နေရဆဲမို့ ကံကောင်းနေပါသေးတယ်။ အလွမ်းဇာတ်သိမ်း ချင်ရင် အလွယ်လေးရယ်။ နန်းရဲ့စိတ် ပြတ်သားဖို့ပဲ လိုပါတယ်။ စိုင်း တတ်နိုင်သမျှ ကူညီပို့မယ်။ လိုတဲ့အကူအညီ ပြောပါဗျာ။ တကယ်ပါ။ ယုံကြည်ပါဗျာ။ စေတနာ ဓမ္မတ္တာအရင်းခံ ဖြူဖြူစင်စင်နဲ့ပါ"

"သူကြင်မှ ကိုယ်ကြင်၊ ချင်းစိမ်းနဲ့ မိဿလင်တဲ့နော်။ သွား ... မုန်းတယ်။ တကယ်ပါပဲ မုန်းကို မုန်းတယ်"

ဤကား တတိယနောက်ဆုံးအကြိမ် အိပ်မက်ထဲ၌ သရဖီမင်းသမီး နှင့် တွေ့ကြုံပြောဆိုရပုံ ဖြစ်၏။ ပြောဆိုရသည်ဟု အများနားလည်အောင် ဖော်ပြရသော်လည်း အမှန်စင်စစ် အိပ်မက်အတွင်း၌ လူတွေလို အပြန် အလှန် နှုတ်ထွက်စကားနှင့် ဆက်ဆံရခြင်းမျိုး မဟုတ်သည်မှာ အံ့ဩစရာ အလွန်ကောင်းလှ၏။ အချင်းချင်း စိတ်ထဲကပဲ ပြောပြီး စိတ်တွင်းကပဲ သိရှိကြခြင်း ဖြစ်၏။ မနောပြော မနောသိဟု ဆိုရပါလိမ့်မည်။

စိုင်းဝဏ္ဏမျိုး၏ စေတနာစကားသည် သရဖီမင်းသမီးလေးအတွက် ဝေဒနာစကား ဖြစ်သွားဟန် ရှိ၏။ အတော်ကြီးလည်း ခံစားသွားရတန်

www.burmeseclassic.com

www.burmeseclassic.com



တူသည်။ အကြောင်းမှာ အိပ်မက်တွင်း၌ နာကြည်းလေဟန် မျက်စောင်းထိုး၍ ပြောခဲ့သောကြောင့်ပါ။ ပြီးတော့ ရက်သတ္တတစ်ပတ်တိတိ အဆက်အသွယ်မလုပ်၊ အိပ်မက်မပေးတော့ပါ။

သို့သော် စိတ်နာနာဖြင့် ထိုးလိုက်သော မျက်စောင်းလေးသည်ပင် ချစ်စနိုးလှပနေသည့် မြင်ကွင်းကို စိုင်းဝဏ္ဏမျိုး မျက်စိထဲက မထွက်တော့ပေ။ စိတ်ဓာတ် နိုင်မာသည့် ယောက်ျားကောင်းဖြစ်၍သာ ရူးမသွားခြင်း ဖြစ်မည်။ အခြားသူများ စိတ်ဖောက်ပြန်ကြသည်။ ကွယ်လွန်ကြသည်ဟူသည်ကား မှန်နိုင်ခြေရှိ၏။

နောက်ဆုံးတော့လည်း သူ့ဘဝကို သူစက်ဆုပ်လာ၍ ဖြစ်မည်။ နာကြည်းစိတ်သည် သံယောဇဉ်ကြိုးကို ဖြတ်တောက်စေတတ်သည်။ သရဖီမင်းသမီးလေးမှာ ကျွတ်လွတ်ချင်သည့် စိတ်ဘက်သို့ ယိမ်းယိုင်လာဟန် ရှိ၏။ အကြောင်းမှာကား သူ အမြတ်တနိုး သိမ်းထားသော ရွှေလက်စွပ်လေးကို စွန့်လွှတ်လိုက်၍ ဖြစ်ပါတော့သည်။ စွန့်လွှတ်သည်ဆိုရာ၌ ပရလောကသားပေမို့ စိုင်းဝဏ္ဏမျိုးကို ထင်ထင်ရှားရှားကြီး တိုက်ရိုက်ပေး၍ ရသည်တော့ မဟုတ်ပါ။

တစ်နေ့၌ စိုင်းဝဏ္ဏမျိုးသည် ဘုရားလှူရန် သရဖီပန်းများ ပွင့်လာချိန်မှာ တံချူတစ်လက်ဖြင့် ဖူးငုံအာလေးများကို ခွေချ ကောက်ယူစုဆောင်းနေ၏။ နေမမြင့်မီမှာ ပန်းချူရ၏။ မဟုတ်ပါက ပျားပိတုန်းတွေ ဝဲနေ၍ အန္တရာယ်များလှ၏။ ပျားတွေ တဝီဝီနေသော သရဖီပင်အိုအောက်မှာ ချစ်သူကို မျှော်လင့်ကြီးစွာ မျှော်လင့်စောင့်စားနေခဲ့ရှာသော သရဖီမင်းသမီးလေး၏ အဖြစ်သနစ်ကို ကိုယ်ချင်းစာ မှန်းဆကြည့်ရင်း သူ့အချစ်နှင့် သူ့သစ္စာကို လေးစားမိသလို၊ သနားလည်း များစွာ သနားနေမိသေး၏။

ပန်းကြွေတွေ ကောက်ယူနေစဉ် ဝင်းခနဲ လက်သွား၍ သစ်ရွက်တွေဖယ်လိုက်လျှင် ရွှေလက်စွပ်ကို တွေ့မြင်ရရှိလိုက်ပါသည်။ ထူးခြားသော ပုံဆန်းလေးမို့ ချက်ချင်း မှတ်မိလိုက်၏။ အိပ်မက်ထဲမှာ တစ်ခါ မြင်ဖူးလိုက်သည့် အသည်းနှစ်ထပ်ပုံ ရွှေလက်စွပ်လေးပါပေ။



ဪ ... သူ့အတွက် ရည်စူးအလှူကို ဆောင်ရွက်ပေးစေချင်လေရော့သလားပဲ။ ကျွတ်ကျွတ်လွတ်လွတ်ကြီး ငြိမ်းချမ်းလွတ်မြောက်နိုင်ပါစေ သရဖီမင်းသမီးလေးရေ ... ဟု စိုင်းဝဏ္ဏမျိုးသည် စေတနာအရင်းခံဖြင့် စိတ်အာရုံညွှတ်လိုက်မိပါတော့သည်။

• • • • • • • • • • • • • •

**အခန်း ၅။**

စိုင်းဝဏ္ဏမျိုးသည် ဆရာသမားတစ်ဦးနှင့် ကံအားလျော်စွာ တွေ့ဆုံခွင့်ရလိုက်၏။ အာရုံယူကြည့်သောအခါ စိုင်းဝဏ္ဏမျိုးသည် လွန်ခဲ့သောနှစ်ဘဝက စိုင်းစိုင်း ဖြစ်ခဲ့ပါကြောင်း၊ သူ့အား သရဖီမင်းသမီးက အစောင့်စားကြီး စောင့်စားနေပါကြောင်း၊ ကုသိုလ်ကောင်းမှု ရည်စူးပြုလုပ်ပေးပြီး အမျှဝေလျှင်၊ သရဖီမင်းသမီးလေး ကျွတ်လွတ်နိုင်ပါကြောင်းတို့ကို သိရှိရ၏။ ပဋ္ဌာန်းဆက် ရှိနေသောကြောင့်ပါတဲ့။

စိုင်းဝဏ္ဏမျိုးက သိပ္ပံကျောင်းသား ခေတ်လူငယ်မို့ အယုံအကြည်နည်းပါး၏။ အစွဲအလမ်းလည်း မကြီး။ ယခင်ဟိုးဘဝကပင် သံယောဇဉ်ဖြတ်ခဲ့ပြီး မဟုတ်ပါလား။ သို့သော် မလွတ်မကျွတ်လေသူ သရဖီမင်းသမီးအား ကယ်ဆယ်လိုသော စိတ်စေတနာရင်းဖြင့် အဓိဋ္ဌာန်ဝင်၏။ ဥပုသ်ရက်ရှည်စောင့်ပြီး စိတ်ချင်း ဆက်သွယ်ကြည့်၏။ ရ၏။ တရားဟောပြောပေး၏။ အာရုံထဲ၌ သရဖီမင်းသမီးလေးအား ငို၍ချည်းနေသည်ကို တွေ့ရ၏။ စကားပြန်ပြောဖော် မရပါ။

အဓိဋ္ဌာန် ၂၇-ရက် ပြည့်သောနေ့၌ အိပ်မက်ပေး၏။ သူကျွတ်လွတ်ချင်ပြီ၊ အလှူပြု၍ အမျှအတန်းဝေပေးရန် အရေးဆိုလာတော့သည်။ စိုင်းဝဏ္ဏမျိုးလည်း ကြိုးစားသမျှ အရာထင်ထင်ရှိပြီဟု ဝမ်းမြောက် ဝမ်းသာဖြစ်ရ၏။ စွမ်းဆောင်နိုင်ခဲ့သော ကိစ္စ ပြုလုပ်ပေးခွင့် ရပြီမို့ပါ။

ဆရာတော်ကြီးကို လျှောက်ထား၏။ ကၽွယ်ယ ဦးဘိုးကွန်းနှင့် ဒေါ်ပယ်
သုံးဦးသား စုပေါင်းအလှူကြီး ပြုလုပ်ကာ ရည်စူးအမျှဝေကြ

www.burmeseclassic.com

www.burmeseclassic.com



တိုက်တိုက်ဆိုင်ဆိုင် တပေါင်းလကွယ်နေ့မှာ ဖြစ်ပြီး သရဖီပန်းတွေ ဝေနေမြိုင်နေအောင် ပွင့်ချိန်လည်း ဖြစ်နေ၏။

ထိုညမှာ သရဖီ မင်းသမီးလေးက စိုင်းဝဏ္ဏမျိုးကို ထင်ထင်ရှားရှား အိပ်မက်ပေး၏။

နန်းဝတ်နန်းစား အဝါရောင်ဝတ်စုံကို ဝတ်ဆင်ထား၏။ ရွှေဝါရောင် ပဝါကို ခြုံလျက်၊ ဆံထုံးမှာ သရဖီပန်းကုံးတွေ ဝေနေအောင် ပန်ဆင်ထား၏။ ပြုံးပြုံးလေး လက်ငှေ့ယမ်းပြ၏။ လိပ်ပြာတစ်ကောင်နှယ် ကောင်းကင် ထက်သို့ လွင့်ကာ လွင့်ကာ ပျံတက်သွားပြီးနောက် သေးငယ်ပျောက်ကွယ် သွားလေတော့သတည်း။

ဒေါက်တာလှမ်းဆေ(တောင်ကြီး)

❀❀❀❀❀

အမှာလိုချင်တာ

▲ တမွေတော်တော်များများတို့မှာ ခြောက်လှန့်ခြင်း မဟုတ်မှုဘဲ၊ ကုသိုလ် တောင်းခံဖို့ အရိပ်အယောင် ပြခြင်း ဖြစ်သည်။ သူတို့ရုပ်ရည်များက ကြမ်းတမ်းဆိုးဝါး မဖွယ်မရာ မြင်ကွင်းများကြောင့်၊ သူတို့၏ ဆက်သွယ်ခြင်းကို ခံရသော လူများ ထိတ်လန့်ကြောက်ရွံ့ကြခြင်း ဖြစ်၏။ ဖြစ်သင့်သည်မှာ ဆက်သွယ်လာကြောင်း သိရှိသည်နှင့် အမျှ အတန်း ချက်ချင်း ပေးဝေရမည်။ ပြီးမှ ရည်စူးအလှူကို သီးခြား ထပ်မံ ဆောင်ရွက်ပေးနိုင်ပါက ပိုကောင်း၏။

ဒေါက်တာအောင်ကျော် (သွား/ဆရာဝန်)၏
မြန်နန်းဟေမဝန်တခလွန်ဖြစ်ရပ်ဆန်းမှ။

# အိပ်မက်ထဲမှာ နှုတ်ဆက်သွားသူ

ဒေါက်တာလှမ်းဆေ(တောင်ကြီး)

အခန်း ၁။

မိုင်ဒီးယား အစိုင်း ...

အစိုင်းအကြောင်းလေးကို မှတ်တမ်းတင် ဝတ္ထုတိုတစ်ပုဒ်လောက်တော့ ရေးသားချင်စိတ် ကိုယ့်မှာ ရှိနေခဲ့တယ်။ ဒါပေမယ့် ကလောင်ရှာန် ဝင်စား တုန်းလေးမှာ ချက်ချင်းကြီး ချမရေးဖြစ်ခဲ့ပါဘူး အစိုင်းရယ်။ ဘာကြောင့်လဲ ဆိုတော့ကာ ရေးသင့် မရေးသင့် ချင့်ချိန်နေရလို့ပါပဲ။ တကယ်လို့ အစိုင်း ဟာ သူငယ်ချင်းတွေထဲက သာမန်သူငယ်ချင်းတစ်ဦးပဲ ဖြစ်ခဲ့ရင်တော့ နှစ်ခါပြန် စဉ်းစားနေဖို့ မလိုအပ်လှပါဘူးပေါ့။ စိတ်ပါလာရင် ဘယ်သူ့မှ မတားနဲ့ ကလောင်ဝင့်ဖို့ အသင့်မို့ ဘယ်တော့မှ ဝန်မလေးတတ်တဲ့ ကိုယ့် အဖြစ်ကို အစိုင်းလည်း အသိသားပဲလေ။

ကျောင်းသွားဖော် ငယ်ပေါင်းသူငယ်ချင်းတွေထဲမှာ အစိုင်းဟာ ထူးထူး ချွန်ချွန် ထိပ်ဆုံးတစ်နေရာကို ရောက်ခဲ့တဲ့သူ ဟုတ်လား။ ရှမ်းပြည်နယ် အရှေ့ပိုင်းမှာဆို အစိုင်းကို မသိသူ မရှိသလောက်အောင် ထင်ပေါ်ခဲ့သူ တစ်ယောက်ပေမို့ ကိုယ့်ကလောင်ဇက်ကို သတ်ထားလိုက်ရတော့တာပေါ့။

ဒါပေမယ့် ... အစိုင်းရယ်လေ။ ကိုယ့်ကို အိပ်မက်ထဲမှာ လာပြီး “ရေးပါတော့လား ...”ရယ်လို့ တိုက်တွန်းသွားသလိုပါပဲ။ ခုတော့ကာ ကိုယ်လည်း မနေသာတော့ပဲ ကလောင်ကို တိုင်မိ ရေးခြစ်မိလိုက်ပါပြီ။ အစိုင်း နှစ်သက်ရင် အိပ်မက်ထပ်ပေးပါဦးလို့ ... နော်။ ကြည်နူးအိပ်စက်နိုး

www.burmeseclassic.com

www.burmeseclassic.com



ပေါ့ကွာ။ မနှစ်သက်ရင်တော့လည်း အိပ်မက်ထဲမှာ လာခဲပေတော့ပေါ့နော်။ ကိုယ်တို့ သူငယ်ချင်းနှစ်ယောက်အဖြစ်က အိပ်မက်ကမ္ဘာလေးထဲမှာပဲ တွေ့နိုင်တော့တာကိုး ...။ ဘဝချင်း ခြားသွားခဲ့ပြီလေ။

အစိုင်းကို နှစ်ပေါင်းနှစ်ဆယ်လောက် အဆက်အသွယ် ဖြတ်ထားသလို ဖြစ်သွားရတာမှာ ကိုယ် တကယ်ပဲ စိတ်မကောင်းပါဘူး။ အစိုင်းကြိုက်တတ်တဲ့ တို့ဟူးယမ်း၊ ပဲပုပ်ကြော်၊ ပဲပုပ်မြေပဲဆီပြန်ချက် စတဲ့ဟင်းများ အိမ်မှာ ချက်စားတဲ့အခါတိုင်း "အစိုင်း ကြိုက်တတ်လှချည့်" ရယ်လို့ အမြဲ သတိရပါတယ်။ ယုံပါကွာ။

မော်တော်ကား စီးပြီး၊ တောင်အောက် ဆင်းဖြစ်တဲ့ ခရီးတိုင်းမှာလည်း ဟို ... အဝေးမှာ မှုန်ပျပျနဲ့ မြင်တွေ့နိုင်တဲ့ ကျိုးဖြူကန်ကို တွေ့မြင်မိတိုင်း ကင်းထောက် လုလင်အဖွဲ့ဝင် ငယ်ဘဝကို ပြန်သတိရမိပါပဲ။ မိုက်မိုက်မဲမဲနဲ့ ကျိုးဖြူကန် တစ်ပတ် ပတ်မယ်လို့ ခေါင်းမာမာ ထွက်ခွါသွားတဲ့ အစိုင်းနဲ့ သူငယ်ချင်း တစ်စုတို့ကို ရင်လေးစွာ စောင့်စားရင်း၊ အချိန်တွေ လင့်ကုန်တော့၊ အပြေးအလွှား နောက်က လိုက်သွားပြီး ရှာခဲ့ရတဲ့ ကိုယ့်အဖြစ်ဆိုးက တစ်သက် ဘယ်မေ့နိုင်ပါ့မလဲလေ။

အဖွဲ့အစည်းအသင်းအပင်းနဲ့ တောစခန်းထောက် ခရီးလေး သွားကြရာမှာ၊ အားလပ်နားချိန် တစ်နာရီ ရတယ်။ ကိုယ်ပိုင်လေ့လာချိန်လေးကို ကန်တစ်ပတ် ပတ်မယ်တဲ့လေ။ "**အပင်ကြီးသော်လည်း အသီးသေးသည့် ညောင်၊ အမြင့်နီးသော်လည်း ခရီးဝေးသည့်တောင်**"စကားပုံ အရှိသားနဲ့။ ဒီဘက် ကန်စောင်းကမ်းစပ်ကနေ ဟိုဘက်ကန်စောင်း ကမ်းစပ်ကို လှမ်းမျှော်ကြည့်လိုက်တော့ အနီးကလေး ထင်ရတာကိုး။

ကျိုးဖြူကန် ဆိုတာကလည်း တောင်တွေ ပတ်လည် ဝန်းရံနေတဲ့ ကန်ကျယ်ကြီး ဖြစ်တယ်ရယ်လို့ ကလေးဘဝမှာ ဘယ်သိပါ့မလဲ၊ ခရီးအဝေးအနီးကိုလည်း အကဲမဖြတ်တတ်တာ ပါသလို၊ ကုန်ဆုံးသွားနိုင်တဲ့ အချိန်ကာလတစ်ခုကိုလည်း မခန့်မှန်း မသိရှိကြလေတော့ အမိုက်အမဲလေးတွေ ဖြစ်ကုန်ကြတော့တာပေါ့။ ကန်ကို ပတ်သင့်တယ် မပတ်သင့် ဘူး အုပ်စုနှစ်စု



ကွဲသွားတာမှာ၊ အစိုင်းက ကန်ပတ်မယ့်အုပ်စု၊ ကိုယ်က ကန်မပတ်မယ့်အုပ်စု။ စူးစမ်းလေ့လာချိန်စေ့လို့ ဝိစိမှတ်ချိန်မှာ အစိုင်းတို့ကို အရိပ်အယောင်တောင် မမြင်ကြရသေးဘူး။

ဒါနဲ့ အဖွဲ့ခေါင်းဆောင်ကို သတင်းပို့ရတော့တယ်။ စိတ်ဆိုးသလား မပြောနဲ့၊ မျက်နှာကို ညိုမည်းနေတော့တာပေါ့။ အစီအစဉ်အတိုင်း ဝိုင်းဖွဲ့ပြီး အပြန်အလှန် ဆွေးနွေးတာတွေ၊ အမေးအဖြေပြုလုပ်တာတွေ၊ သင်ခန်းစာ ပို့ချတာတွေ၊ ဆုံးမသြဝါဒပေးတာတွေ ဆက်လက်ပြုလုပ်ကြတယ်၊ ကိုယ့်မှာ အာရုံကို မနည်းကြီး စုစည်းယူနေရတယ်။ ကန်ပတ်တဲ့ အဖွဲ့တွေ ပြန်မရောက်လာလို့ စိတ်တထင့်ထင့်နဲ့ပေါ့ကွာ။ တောလမ်းကလေးကိုလည်း တမျှော်မျှော်နဲ့ မကြာခဏ ကြည့်ကြည့်နေမိတယ်။

ညနေ ၃–နာရီ ထိုးတော့၊ တောင်ပေါ် ပြန်တက်ကြရတော့မယ်။ ညနေ ၅–နာရီဆို အိပ်ပြန်ရောက်သင့်ပြီ၊ ပွင့်လင်းရာသီ ဆောင်းတွင်းကြီးမို့ ၅–နာရီခွဲဆိုရင်ပဲ မှောင်ရိပ်ပျိုးပြီလေ။ ခေါင်းဆောင်ဆရာလည်း ကိုယ်တို့ကို ချန်ထားရစ်တော့တယ်။ ကန်ပတ်တဲ့သူတွေကို စောင့်ခေါ်ပြီး တောင်ပေါ် လိုက်တက်ခဲ့ဖို့ မှာတယ်။ စောင့်စားရသူတွေအဖို့ အချိန်ဟာ တုန်ခဲလွန်းလှတယ်ဆိုတာ သိပ်မှန်တာပဲ၊ တစ်မိနစ်ကို တစ်ကမ္ဘာ ထင်ရပါတော့တယ်။ မျှော်ရတာလည်း လည်ပင်းညောင်ရေအိုး ဖြစ်ပေါ့။

၄–နာရီခွဲ ကျော်တော့ အဖွဲ့သား ၂–ယောက် ပေါ်လာတယ်။ ခရီးတစ်ဝက် မရှိခင် နောက်ကြောင်း ပြန်လှည့်လာတာပါတဲ့၊ အစိုင်းကတော့ ရှေ့ဆက်ရိုတက်တဲ့ အဖွဲ့သားတွေနဲ့ ပါသွားလေရဲ့တဲ့၊ ဟူး ...။ စိတ်မောလိုက်ရတာကွာ၊ ဆက်စောင့်ရုံ ရှိတာမို့ စိတ်မရှည်ချင်တော့ဘူး။

ဟော ... ညနေ ၅–နာရီကို တော်တော်ကြီး ရွှန်းသွားတော့မှ အစိုင်းတို့ ပေါ်လာကြတယ်။ ရည်မှန်းထားတဲ့ ခရီးကတော့ ပေါက်ရောက် အောင်မြင်ပါရဲ့။ လူတော့်က စုတ်ပြတ်သတ်နေပြီ။ ရွှံ့တွေ အလူးလူး၊ ရေငတ် ရှုံ့ချုံ့ အားရာပရပျစ်၊ မျက်နှာညှိုးငယ်ငယ်တွေနဲ့ပေါ့။ အပြစ်မဆိုရက်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်မစားဘဲ ချန်ထားတဲ့ ဘီစကစ်မုန့်တွေ၊ ချိချဉ်တွေ၊ လိမ္မော်သီးတွေကို မျှဝေကျွေးမွေးရတော့တယ်။ အားလုံး ဗိုက် တင်းတင်း ပြည့်နေကြပြီလေ။ ကောက်ညှင်းကျည်တောက် (ခဲတံချောင်း) မုန့်ကျည်တောက်လေးတွေလည်း ကျန်နေသေးလို့ တော်သေးတာပေါ့။

အာဟာရ ဖြည့်ပြီးတာနဲ့ ကားလမ်းပေါ်ရောက်အောင်၊ အပြေးအလွှား သွားကြရတယ်။ အရေးထဲ အရာပေါ်၊ လမ်းမှားပြီး ဇော်ရခါးရွာလေးဆီ ရောက်သွားတာကိုလည်း အစိုင်း မှတ်မိဦးမှာပေါ့။ ခွေးတွေ တစီစီ ဝိုင်းဆွဲ ဝိုင်းဟောင်လို့ ရွာလူကြီးကြောင့် သက်သာခွင့် ရကြတာပါ။ သူစိမ်းတွေမို့ ရွာခွေးတွေ အန့်ကြို့ရတာယ်ထင်ပါ့။ အကျိုးအကြောင်း သိတာနဲ့ ရွာလူကြီး လည်း ဖြတ်လမ်းကနေ ကားလမ်းပေါ်အရောက် ပို့ပေးရှာပါတယ်။ ကျေးဇူး တင်လိုက်ရတာ။ မမေ့နိုင်စရာပါ။

အတော်ကြီးမှောင်နေပြီမို့ လမ်းခတ်မီးတိုင်တွေတောင် လင်းကုန် ပြီ။ ကားလမ်းမပေါ် ရောက်ခဲ့ပြီဆိုပေမယ့်လည်း ရင်မအေးနိုင်သေးပါဘူး။ ကားကြုံရဖို့ လိုအပ်တယ်။ အလာတုန်းကလို ခြေကျင် ဘယ်ပြန်တက်နိုင် တော့မှာလဲ။ လူတွေက ခြေကုန်လက်ပန်း ဖြစ်နေကြပြီ။ ရေလည်းငတ်၊ ဝမ်းလည်းဟာနဲ့။ ကားကလည်း ပြတ်လိုက်တာ။ လာပြန်တော့လည်း ပါစင်ကျယ် လူအပြည့်နဲ့ချည်းပဲ။

ကံအားလျော်စွာ ရပ်စောက်ဘက်က လာတဲ့ ထင်းကားကြီးတစ်စီး အိပ့်အိပ့်ကို တားပြီး စီးကြရတယ်။ သယ်ခေါ်ခဲ့တာကိုပဲ ထိုင်ရှိခိုးမတတ် ကျေးဇူးအထပ်ထပ် တင်လို့ပေါ့။ ကရင်မရေထွက် အတက်ကွေ့နားမှာပဲ အိမ်က လိုက်လာကြတဲ့ ကားတွေနဲ့ ဆုံတယ်။ လူကြီးတွေက စိတ်ပူလို့ ရဲဌာနမှာ လူပျောက်တိုင်ချက်ဖွင့်ပြီး လိုက်ဆင်းလာကြတာတဲ့။ ကဲ ... ကောင်းရော။ ဘာပဲဖြစ်ဖြစ် သင်ခန်းစာကောင်းကောင်းကြီး ရလိုက်ကြ တာပေါ့။ မဟုတ်ဖူးလား အစိုင်း...။

• • • • • • • • • • • • • •



**အခန်း ၂။**

**ဝမ်းနည်းကြေကွဲခြင်း**

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါက်တာစိုင်း...သည် ၁၇/၆/၂၀၀၉ - ရက် တွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့် ထပ်တူကြေကွဲ ဝမ်းနည်း ရပါကြောင်း။

"ဘုရား ... ဘုရား ... အစိုင်း သွားနှင့်ပြီတဲ့လား။ တကယ်ပဲလား။ ငါ မျက်စိမှားတာလား" စသည်ဖြင့်၊ လားပေါင်းများစွာ မိမိကိုယ်ကို မိမိ ပြန်မေးမိရင်း အလွန်အလွန် အံ့သြထိတ်လန့်ကာ စိတ်လည်း အကြီးအကျယ် ချောက်ချောက်ချားချားကြီး ဖြစ်သွားခဲ့ပါသည်။ "၁၇-ရက်နေ့ ကတည်း ကတဲ့လား။ ဒီနေ့ပဲ ၂၂-ရက် ရှိသွားပြီ။ ဆုံးတာ ၅-ရက် ကျော်လွန် ခဲ့ပြီးပြီကော။ အသိ နောက်ကျရလေခြင်း။

ဖြစ်မှဖြစ်ရလေ အစိုင်းရယ် ...။ မှားနာနေတယ်လည်း မကြားမိပါဘူး။ ပြီးခဲ့တဲ့ တစ်နှစ်ခွဲလောက်ကပဲ၊ အစိုင်းနဲ့ ဖုန်းအဆက်အသွယ် ရခဲ့တုန်းက ရွှင်လန်းတက်ကြွနေတဲ့ အသံစာစာကို ပြန်ကြားယောင်မိပါရဲ့။ သေရမယ့် အရွယ် မဟုတ်သေးပါဘူးကွာ။ နောက်ထပ် နှစ်ပေါင်း ၂၀-ကျော်ကျော် ကျန်းကျန်းမာမာ နေနိုင်ဦးမယ့် သူငယ်ချင်းပါ။ ဆရာဝန်တစ်ယောက်အနေနဲ့ အသေစောလွန်းလှတယ်ကွာ" ဟူ၍ ယူကျုံးမရ တသသ ဖြစ်ရပါ တော့သည်။ တကယ်မဟုတ်စေချင်သည်မှာ အမှန်ပါ။

"ဟဲလို ... အစိုင်းလား"

"အေးကွာ ... အယ်ကျော်လား။ နေကောင်းတယ် မဟုတ်လား"

"ဖုန်းဆက်ဖော်ရတာ ဝမ်းသာတယ် အစိုင်းရေ့။ ကိုယ်ရော ... ကိုယ့်မိသားစုရော နေကောင်းတယ်။ ဒါနဲ့ အစိုင်း ပင်စင်သွားပြီလား"

"ငါ နားပြီလေကွာ။ ဇူလိုင်လကတည်းကပဲ"

"အေး ... ဟုတ်သားပဲ။ အစိုင်းမွေးနေ့က ဇူလိုင်လဆန်းပိုင်းမှာ။ ၉- ရက် ဇူလိုင်နော်။ အစိုင်းက ကိုယ့်ထက် တစ်နှစ်နဲ့နှစ်လလောက် ငယ်တာ။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က အခု အသက် ၆၂–နှစ်ထဲ ဝင်လာပြီ။ မငယ်တော့ဘူး။ သေဘက် ပိုနီးလာပြီကွ''

''အယ်ကျော်ကလည်း လုပ်ရော့မယ်။ ကျန်းမာရေးဂရုစိုက်တဲ့သူပဲ၊ အသက်ပိုရှည်တတ်ပါတယ်ကွ။ ဘာလဲ၊ အလုပ်နားပြီဆိုတော့ စိတ်ဓာတ်ကျချင်နေပြီလား၊ စာတွေ ဆက်ရေးပါဦး''

''စာကတော့ အမြဲရေးနေပါတယ်။ လူဆိုတာ သေမျိုးမို့ တရားနဲ့ ပြင်ဆင်ထားရမယ်လေကွာ''

''အယ်ကျော်ရဲ့စာအုပ်တွေ လူကြိုက်များတယ်။ သေခြင်းတရားတွဲ တွေ ပိုကောင်းတယ်တဲ့။ ဝမ်းသာတယ်ကွာ။ မြေးတွေ ရနေပြီလား''

''ရနေပြီပေါ့ကွ။ အဘိုးဖြစ်နေပြီလေ၊ မြေးမလေးကွ''

''ငါလည်း အဘိုးဖြစ်နေပါပြီ၊ မြေးမလေးပဲ''

ဤသို့ နှစ်တွေ အကြာကြီး အဆက်ပြတ်သွားခဲ့ပြီးမှ ဖုန်းအဆက် အသွယ်ရကာ စကားစမြည် ပြောခဲ့ရသည်ကို ပြန်လည်အောက်မေ့ ကြားယောင်နေမိပါသည်။ ဖုန်းပြောခဲ့ရသည်မှာ တစ်နှစ်ခွဲခန့် ရှိခဲ့ပြီ ဆိုပေမယ့် မနေ့တစ်နေ့ကလိုလို ပူပူနွေးနွေးကြီး စိတ်ထဲ ရှိနေဆဲပါ။ နောက်ထပ်လည်း အချင်းချင်း ဖုန်းမဆက်သွယ်မိခဲ့ကြပေ။

အိမ်မှာ ကြေးမုံသတင်းစာလည်း ယူပါလျက်ကယ်နှင့် မိမိ နေ့စဉ် မှန်မှန် သတင်းစာ မလှန်မိခဲ့ခြင်းကို အပြစ်ဆိုစရာ ဖြစ်နေခဲ့ပါပြီ။ ဒုတိယ မြေးယောကျ်ားလေးကို မေလကုန်ရက်မှာ ဝမ်းမြောက်စွာ ကြိုဆိုလိုက်နိုင် ပါသည်။ ဇွန်လထဲမှာ အလုပ်တွေ ရှုပ်ပြီး သတင်းစာမှန်မှန် မလှန်ဖတ်မိ ခဲ့ပါ။ သားကိုဦးကလည်း သူ့အလုပ်ကတစ်ဖက်နှင့် သူ့ဒုတိယ သား ရတနာအတွက်ရော မီးနေသည့် ဇနီးအတွက်ပါ အလုပ်တွေ ရှုပ်နေချိန်မို့ သတင်းစာ မဖတ်အားခဲ့ပေ။

သားကိုဦး သတင်းစာ လှန်ဖြစ်၍ နာရေးကြော်ငြာတွေ့လျှင် ''ဖေဖေ့ သူငယ်ချင်းတော့ သွားရှာပြီ''ဟု သတင်းပေးမှာ သေချာပါသည်။ သူ



အရှေ့ပိုင်းရှမ်းပြည်နယ်၊ ကျိုင်းတုံ တာချီလိတ်ဘက် အပျော်ခရီး ခြေဆန့် ထွက်လည်စဉ်တုန်းက အစိုင်းအိမ်ကို ရောက်ခဲ့သေး၏။ အစိုင်းက လူကြီးခရီးစဉ်နှင့်အတူ ပါသွား၍ အစိုင်းဇနီးချောက ထမင်း ဖိတ်ကျွေး သည်ဟု ပြောပြထားဖူးပါသည်။

ကျွန်တော် ဇွန်လ ၂၁–ရက် ည ၇–နာရီခွဲကျော်မှ အိမ်ပြန်ရောက် ပါသည်။ အင်းလေးခေါင်တိုက်ဘက်ဆီသို့ ခရီးစဉ်တစ်ခုနှင့် ပါသွား၍ ဖြစ်၏။ ကျွန်တော်တို့ ပင်စင်စား စေတနာအဖွဲ့၏ ကွင်းဆင်းလေ့လာရေးခရီးစဉ် ဖြစ်ပါသည်။ ပညာထူးချွန်ပြီး ကျောင်းဆက်တက်ရန် အခက်အခဲ ရှိသော ညောင်ရွှေမြို့နယ်အတွင်းရှိ နွမ်းပါးကျောင်းသူကျောင်းသားများအား ပညာသင်ထောက်ပံ့ငွေ လှူဒါန်းဖို့ ကိစ္စ ဖြစ်ပါသည်။ ပင်ပန်းလွန်း၍ ခြေလက်ဆေး ဘုရားရှိခိုးပြီး အိပ်လိုက်ပါသည်။ အသက်အရွယ် ရလာပြီ ဖြစ်၍ စိတ်သာရှိပြီး လူက ခံနိုင်ရည်အား ကျဆင်းလာပါသည်။

တစ်နှစ်ထက် တစ်နှစ် ပို၍ပို၍ နွမ်းနယ်လာတတ်သည်မှာ ဇရာ၏ သဘောလက္ခဏာ ဖြစ်ပါသည်။ မသေသေးမီ အများအကျိုးရှိရာ တစ်ခုခု တော့ဖြင့် ကြိုးစားဆောင်ရွက်သွားကြရပါမည်။ သို့မှလည်း လူ့ဘဝ အဓိပ္ပါယ် ရှိပြီး လူဖြစ်ကျိုး နပ်ပေလိမ့်မည်။ နိုင်ငံရေးမပါပါ။ နိုင်ငံ့အရေးကိုတော့ တတ်နိုင်သည့်ဘက်က ဖြည့်တင်းပေးရမည်မှာ နိုင်ငံသားတိုင်း၏ တာဝန် တစ်ရပ် ဖြစ်ပါသည်။ နိုင်ငံနှင့် ချီပြီး ပြောရသည်မှာ ကြီးကျယ်လွန်းရာ ကျသွားပြီလား။ ကိုယ့်ပတ်ဝန်းကျင်မှာ ကောင်းကျိုးဆောင်နေဖို့သာ အရေးကြီး၏။

ဇွန်လ ၂၂–ရက် နေ့လယ်ပိုင်းမှာ သတင်းစာပို့လုလင်နှင့် ကျွန်တော် တိုက်တိုက်ဆိုင်ဆိုင် တိုး၏။ လက်ထဲရောက်လာသော သတင်းစာ သည် ထူထဲနေရာ ဇွန်လ ၂၁–ရက်နှင့် ၂၂–ရက် စုပေါင်း ရောက်လာ ခြင်း ဖြစ်နေ၏။ စိတ်လိုစိတ်ရ ကျွန်တော် သတင်းစာ လှန်ကြည့်သော ၂၂–ရက် သတင်းစာတွင် အထက်ဖော်ပြပါ ဝမ်းနည်းကြေကွဲခြင်း အစိုင်း နာရေးကို ဖတ်မိလိုက်ခြင်းပါ။ ဇွန်လ ၁၇–ရက်နေ့တုန်းက ဆုံးသည်မို့

www.burmeseclassic.com

www.burmeseclassic.com



မိသားစု၏ နာရေးကြော်ငြာသည် ဖွန်လ ၁၈–ရက်မှာ ပါမည်မှုချဟု တွက်ချက်ပြီး သတင်းစာအဟောင်းများကို ပြန်စုစည်းကြည့်၏။

၁၈–ရက် သတင်းစာမှာ ပျောက်နေပါသည်။ "ရောက်ပဲ မရောက်တာလား" ဟု ရှေးဦးတွေးမိ၏။ သတင်းစာပို့လုလင်သည် မှန်ကန်သူမို့ မရောက်တော့ မဖြစ်နိုင်ပါ။ အိမ်က တစ်ဦးဦး တစ်ခုခုအတွက် သတင်းစာဟောင်းဆိုပြီး သုံးလိုက်လေသလား။ ထို့ကြောင့် "သျှားစာပေ"သို့ ညနေပိုင်း၌ သွားရောက်ကာ ၁၈–ရက် ကြေးမုံသတင်းစာကို ခဏတောင်းကြည့်ရ၏။ တွေ့ပါပြီ။ ၁၇/၆/၂၀၀၉ (ဗုဒ္ဓဟူး) နံနက် ၄း၄၅–နာရီမှာ ကွယ်လွန်သွားခဲ့ခြင်းပါတဲ့။

သြော်...သွားနှင့်တော့ပေါ့ သူငယ်ချင်း အစိုင်းရေ...။

• • • • • • • • • • • • • • •

**အခန်း ၃။**

**မင်္ဂလာဝါ ကျန်ရစ်သူ မှန်နှီးသီနှင့် မိသားစု ဝင်များ ...**

အစိုင်းအတွက် ကျန်ရစ်သူမိသားစုများနဲ့ ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါကြောင်း ရှေးဦးဖော်ပြပါရစေ။ ကျွန်တော် အလွန်နောက်ကျမှ သတင်းစာ ဖတ်မိပြီး သိရတာပါ။ ပထမအံ့ဩတယ်။ မယုံကြည်ချင်ဘူး။ နောက် ထိတ်လန့်တုန်လှုပ်မိတယ်၊ စိတ်ချောက်ချားရတယ်။ ပြီးတော့ အလွန်နှမြောမိရပါတယ်။ ဆရာဝန်တစ်ယောက်အနေနဲ့ ဒီလောက်စောစောကြီး လောကထဲက ထွက်ခွါမသွားသင့်သေးပါဘူး။

သူတစ်ပါးအသက်၊ ရောဂါဝေဒနာတွေကို ကုသကယ်တင်ပေးနေတဲ့ သမားတော်တစ်ဦးအနေနဲ့ လောကအကျိုးကို အများကြီးသယ်ပိုး ဆောင်ရွက်နိုင်သေးတဲ့ အရွယ်ကောင်းကြီးပါ။ တိုင်းပြည်နဲ့ လူမျိုးအဖို့ ဆုံးရှုံးမှုကြီးတစ်ရပ် ဖြစ်ပါတယ်။ မိသားစုအတွက်တော့ ပြောဖွယ်ရာ မရှိတော့ဘူးပေါ့။ ကျွန်တော့်အဖို့မှာ ညီငယ်အရင်းအချာတစ်ယောက် ဆုံးရှုံးရတဲ့အတိုင်း ခံစားရပါတယ်။ ညီအစ်ကိုလို ချစ်ခင်တွယ်တာခဲ့ရလို့ပါပဲ။



ဒီနှစ်ပိုင်းထဲမှာ အတန်းဖော်လေးဦးတို့ နှုတ်မဆက်ဘဲ သံသရာခရီးကို ရုတ်တရက် ထွက်ခွါသွားခဲ့ကြတယ်။ ဒေါက်တာမေရီဆိုရင် အသက် ၆၀–ပဲ ရှိသေးတာ။ မပင်စီနဲ့ ခင်ဝင်းချစ်တို့ကတော့ ရောဂါအခံ ရှိနှင့်ထားတာကြိုသိထားပြီးဖြစ်တော့ နှမြောပေမယ့် သိပ်မအံ့ဩမိတာ အမှန်အတိုင်းဝန်ခံရပါမယ်။ မေရီနဲ့ အစိုင်းကျတော့ ဆရာဝန်တွေ ဖြစ်ကြပါလျက်နဲ့ အသက်တိုရပ့ါမလား အားမလိုအားမရဖြစ်ပြီး အခေါ်စောတဲ့ သေမင်းကို အပြစ်ဖို့ချင်တာ လွန်ပါရောပဲ။

သူငယ်ချင်း သံယောဇဉ်ကြောင့် ကံတရားကို ဥပေက္ခာပြုမိသလို ဖြစ်သွားရတယ်။ "သင်္ခါရသဘောတရား ဆိုသည်မှာ အချိန်ကာလမရွေး နေရာဒေသမရွေး၊ မသိနိုင်သော သေခြင်းအကြောင်းတရားငါးပါး" ဆိုတာတွေ မေ့ပြီး "ဖြစ်မှ ဖြစ်ရပလေဟယ်"ရယ်လို့ ယူကျုံးမရ တဖွဖွ ဖြည်တမ်းမိတာ မရှက်နိုင်တော့ပါဘူး။

ဆရာဝန်တစ်ယောက်ဖြစ်လို့မို့ အစိုင်း ကျန်းကျန်းမာမာ နေသွားခဲ့ရမယ်ဆိုရင် အနည်းဆုံး နောက်ထပ် နှစ် ၂၀–မက နေနိုင်မယ်လို့ ယုံကြည်မိတယ်။ ဒီလောက် မြန်မြန်ကြီး ဖြစ်ပျက်သွားလိမ့်မယ် မထင်မှတ်ထားမိလို့ ပိုပြီး စိတ်ထိခိုက်နေမိတာ နေမှာပါ။ တစ်သက်လုံး လူနာအတွက်၊ မြို့နယ်အတွက်၊ တိုင်းပြည်အတွက် မမောနိုင်မပန်းနိုင် မနားတမ်းကို ဆောင်ရွက်ပေးခဲ့လို့ ဂုဏ်ယူစရာပါ။ အနားယူချိန်မှာ အားရပါးရ မနားလိုက်ရဘဲ အမောမပြေခင် တစ်ဘဝဖောက်သိမ်းသွား ရရှာတာကိုတော့ တကယ် စိတ်မကောင်းပါဘူး။ ဒါပေမယ့် ဒီခရီးဆိုတာ ကျွန်တော်တို့အားလုံးလည်း တစ်နေ့နေ့ တစ်ချိန်ချိန်မှာ အနေးနဲ့အမြန် သွားကြရမှာမို့ တရားနဲ့ပဲ ဖြေသိမ့်နိုင်ပါစေလို့ နှစ်သိမ့်လိုက်ရပါတယ်။

သူငယ်ချင်းတွေထဲမှာ အစိုင်းဟာ အအောင်မြင်ဆုံးပါ။ အမြင့်ဆုံးထိပ်ပိုင်းတစ်နေရာကို ရောက်နိုင်ခဲ့သူတစ်ဦး ဖြစ်တာရယ်၊ ဘဝမှတ်တိုင်တွေ အများကြီး စိုက်ထူသွားနိုင်ခဲ့တာတွေရယ်၊ စိတ်ကောင်းနှလုံးကောင်း သဘောကောင်းနဲ့ လူတိုင်းကို ကူညီဈေးသိပ်ခဲ့တာတွေရယ်၊ ဒါတွေကို

www.burmeseclassic.com

www.burmeseclassic.com



အောက်မေ့ဆင်ခြင်ပြီး ကျေနပ်ဖြေသိမ့်နိုင်စွမ်း ရှိနိုင်ပါစေလို့ မေတ္တာပို့သရပါတယ်။

ကျွန်တော့်အနေနဲ့ကတော့ သူဆုံးတဲ့မနက် အရုဏ်တက်လောက်မှာ အိပ်မက်ထဲ သူ ဝင်ရောက်လာခဲ့တယ်။ "အယ်ဟျော်ကွာ... နင် ကျိုးတုံကို တစ်ခါမှ လာလည်ဖော်မရဘူး"လို့ ပြောပြီးတာနဲ့ အိပ်ရာလန့်နိုးပါတယ်။ အစိုင်းတစ်ယောက်ဟာဖြင့် သံသရာတမလွန်ခရီး ထွက်ခွါမသွားမီ အိပ်မက်ထဲမှာ ကျွန်တော့်ကို လာနှုတ်ဆက်သွားသလိုပါပဲလားလို့ ကိုယ်လိုရာ ဆွဲတွေးပြီး ကျေနပ်နှစ်သိမ့်နိုင်လိုက်ပါတော့တယ်။

ကျန်ရစ်တဲ့ ကျွန်တော်တို့အဖို့ သူ့ကို ရည်စူးကုသိုလ်ပြုလို့ အမျှအတန်း ပေးဝေကြပါစို့နော်။ ရောက်ရာဘဝမှာ သူ ချမ်းသာပြည့်စုံမှာ သေချာပါတယ်။ အစိုင်းဟာ လူကောင်းတစ်ယောက် ဖြစ်လို့ပါပဲ။

တောင်ကြီးဘက် ရောက်ရင် အိမ်ကို ဝင်လည်ပါဦးနော်။ သား–ကိုဦးတို့ ကျိုင်းတုံရောက်စဉ်တုန်းက အိမ်မှာ ထမင်းဖိတ်ကျွေးတဲ့အတွက် ကျေးဇူးကမ္ဘာပါခင်ဗျား။ မိသားစု ကျန်းမာချမ်းသာ ဘေးဘယဝေးကွာ ချမ်းမြေ့ ရွှင်လန်းနိုင်ကြပါစေ။

မေတ္တာဖြင့် ...
ဒေါက်တာအောင်ကျော်

ကျွန်တော် ဖွန် ၂၂–ရက်နှင့် ၂၃–ရက် နှစ်ရက်လုံး စိတ်လေနေမိ၏။ စားစားသွားသွား အစိုင်းကိုသာလျှင် စိတ်စွဲနေမိသည်။ အစိုင်းသည် ၇–တန်းနှစ် (၁၉၆၂–ခုနှစ်ဝန်းကျင်) တစ်နှစ်လုံး ကျွန်တော့်အိမ်မှာ နေသွားခဲ့၏။ ကျွန်တော့်အဘွားမှာ မိုင်းသောက်သူ ဆိုသော်လည်း အင်းရှမ်းဟု ပြောရပါလိမ့်မည်။ ဘိုးဘေးဘီဘင်အဆက်ကို လိုက်ကြည့်သောအခါ မိုးနဲရှမ်းနွယ်များဖြစ်ကြောင်း သိရှိရ၏။ အင်းလေးအရှေ့ကမ်း မိုင်းသောက် (ရှမ်းအမည် တစ်တောင်ပြည်–မြေတစ်တောင်ရှိ နေရာ၌ မြို့ရွာတည်ခြင်းကြောင့် ရရှိသော မြို့အမည်)မှာ အခြေတည် နေထိုင်ခဲ့ကြပြီး၊ အင်းသားဝဲသော ရှမ်းစကားကို ပြော၏။



အစိုင်းက အရှေ့ပိုင်းရှမ်း (ဂုံရှမ်း) ဖြစ်၏။ အချင်းချင်း ရှမ်းစကားပြော၍တော့ အဓိပ္ပါယ်ပေါက်ကြ၏။ ထို ခုနှစ်တန်းနှစ်တွင် နှစ်ယောက်အိပ်ခုတင်ကြီးပေါ်မှာ အတူတူ အိပ်ကြရ၏။ ကျောင်းအတူတူသွား၊ ထမင်းအတူတူစား၊ စာအတူတူ ကျက်ကြ၏။ အမြဲတတွဲတွဲ၊ မခွဲခဲ့ကြသော ချစ်သူငယ်ချင်းနှစ်ဦးမှာ ညီအစ်ကိုကဲ့သို့ ဖြစ်ပါသည်။

အစိုင်းသည် မြန်မာစာ နည်းနည်းအားနည်း၏။ စာစီစာကုံးတွင် သူ့မှာ အခက်အခဲ ရှိတတ်၏။ ထို့ကြောင့် ကျွန်တော်က ခေါင်းစီးတစ်ခုတည်းအတွက် ပုံစံနှစ်မျိုး တစ်ပုဒ်စီ ရေး၍ သူ့အား လေ့လာစေ၏။ ပြီးတော့ သူ ကြိုက်ရာတစ်ပုဒ်ကို ပေးရွေးလိုက်၏။ ကျန်တစ်ပုဒ်ကိုသာ ကျွန်တော် ယူ၏။ ဤသို့အားဖြင့် မြန်မာစာ ဝါသနာထုံသော ကျွန်တော်သည် စာအရေးအသား လေ့ကျင့်ပြီးသား ဖြစ်သွားခဲ့ရ၏။

ကလောင်ကိုင်ကာ စာတွေ ပြုစုရေးသားနိုင်ခြင်းတွင်၊ မြန်မာစာပြဆရာ ဆရာမများ၏ ကျေးဇူးများအပြင် အစိုင်း၏ကျေးဇူးလည်း များစွာပါဝင်နေပါသည်။ အင်္ဂလိပ်စာ အဓိကထားသော မစ်ရှင်နရီ သာသနာပြုကျောင်း နေခဲ့ရသည့် ကျွန်တော့်အဖို့ ဤသို့သော အခြေခံအကြောင်းများကြောင့် မြန်မာစာကို ချောချောမွေ့မွေ့ ရေးသားနိုင်ခြင်း ဖြစ်ပါသည်။

ဖွန် ၂၄–ရက်နေ့သည် အစိုင်းရက်လည်နေ့ ဖြစ်ပါသည်။ ကျန်ရစ်သူ အစိုင်း၏ ချစ်ဇနီး မနန်းလီနှင့် မိသားစုထံသို့ ကျွန်တော် နှစ်သိမ့်စာ တစ်စောင် ထည့်လိုက်ပါသည်။ စာတိုက်သို့ သွားကာ မှတ်ပုံတင်ရှေ့ရှိ လုပ်ပြီး ပို့သဖြင့် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလိမ့်မည် မျှော်လင့်ရ၏။ ဝမ်းနည်းစကား နှစ်သိမ့်စကားများကို ဖုန်းဖြင့် မပြောချင်ပါ။ စိတ်မထိန်းနိုင် အသံမထိန်းနိုင်ပါက ကျန်ရှိမိသားစုအတွက် အပူ ပွါးများသွားနိုင်ပါ၏။ ကျွန်တော့်ကိုယ်ကျွန်တော် စိတ်ထိန်းနိုင်လိမ့်မည်ဟု အယုံအကြည် မရှိပါ။ ကျွန်တော် အလွန်ခံစားတတ်ပြီး အလွန်လည်း ဝမ်းနည်းကြေကွဲလွယ်သောကြောင့် ဖြစ်၏။ အထူးသဖြင့် အစိုင်းအတွက် ပို၍ပြီး နင့်နင့်သည်းသည်း ခံစားရသော ကျွန်တော့်မှာ မျက်ရည်ထိန်းနိုင်မည် မဟုတ်ပါချေ။

• • • • • • • • • • • • • •

www.burmeseclassic.com

www.burmeseclassic.com



**အခန်း ၄။**

အသက်အရွယ်အားဖြင့် ဆယ်ကျော်သက်အရွယ်၊ အထက်တန်းကျောင်းသားဘဝ ပုံစံမျိုး ဖြစ်ပါသည်။ ထူးထူးခြားခြားကြီးလည်း ဟုတ်မနေပါ။ တိုက်အိမ်အောက်ထပ် ဧည့်ခန်းထဲမှာလိုလို အစိုင်းကို တွေ့ရပါသည်။ မတ်တတ်ရပ်လျက် အနေအထားပဲ ဖြစ်၏။ မျက်နှာတော့ ရွှင်ရွှင်လန်းလန်း ရှိမနေပါ။ နည်းနည်းတော့ မျက်နှာညှိုးနေဟန် ပေါက်၏။ ကျွန်တော့်အား "အယ်ကျော်ကွာ ... နင် ကျိုင်းတုံကို တစ်ခါမှ လာလည်ဖော်မရဘူး"ဟု ပြောပြီးသည်နှင့် အစိုင်းလည်း ပျောက်ကွယ်၊ အိပ်ရာမှလည်း နိုးထလာပါသည်။

စိတ်ထဲမှာလည်း ထူးဆန်းမနေပါ။ မက်ရိုးမက်စဉ် သဘောမျိုး ရှိ၏။ အစိုင်းကို အိပ်မက် မမြင်မက်ခဲ့သည်မှာ ဆယ်စုနှစ်တစ်စုကျော် ကြာမြင့်ခဲ့ပါပြီ၊ အထက်တန်းကျောင်းသား ဘဝတုန်းကဆိုလျှင် ကျွန်တော့်မိဘများ တိုက်အိမ် မဆောက်ရသေးပါ။ ပျဉ်ထောင်တန်းလျား၌ ကျွန်တော်နှင့်အစိုင်း ဘွားအေကြီးနှင့်အတူတူ နေခဲ့ကြခြင်းပါ။ ယခုအိပ်မက်ထဲမှာတော့မှ အရွယ်ကား အထက်တန်းကျောင်းသားအရွယ်၊ နေရာကား တန်းလျားမှာ မဟုတ်ဘဲ ဆရာဝန်ဖြစ်ကာနီးမှ မိဘများ ဆောက်ပေးခဲ့သည့် တိုက်အိမ်အောက်ထပ်မှာ ဖြစ်နေသည်၊ ဤတစ်ချက်သာ ထူးခြားနေ၏။ အစိုင်း မကျန်းမာကြောင်း ဘာသတင်းမှ ရရှိမထား၍ အိပ်မက်ကိုလည်း မဥပဒ်နေမိပါ။

ထိုမနက် ကျွန်တော် ခရီးယာယီမထွက်မီ၊ မိသားစု လက်ဖက်ရည်သောက်ကြတော့ "ငါကွာ စိတ်လည်း မစွဲဘဲနဲ့၊ ငယ်မိတ်ဆွေ အစိုင်းတစ်ယောက်ကို အိပ်မက်ထဲ ထည့်မက်နေတယ်။ သူနဲ့ အဆက်ပြတ်တာလည်း ကြာလှပြီ"ဟူ၍ ရင်ဖွင့်စကား ပြောမိသေး၏။ ဇနီးဖြစ်သူက "ဖုန်းဆက်လိုက်ပါလား"ဟု စကားထောက်ခဲ့သေး၏။ အချိန်ကလည်း မရ ဖုန်းဆက်နေကျလည်း မဟုတ်၊ အရေးကိစ္စ ပေါ်နေလိမ့်မည်ဟုလည်း မထင်လိုက်မိ၍ ခပ်ပေါ့ပေါ့စိတ်ထားနှင့် ခရီးကို ဖြောင့်ဖြောင့်ကြီး ထွက်သွားမိခဲ့ပါသည်။



အစိုင်းသာ "ရောဂါသည်းနေသည်၊ နေရဖို့ အချိန် သိပ်မကျန်ရှိတော့ပါ"ဟု ကြိုတင်သိရှိခဲ့မည်ဆိုလျှင် ကျွန်တော် ကျိုင်းတုံသို့ အပြေးရောက်သွားပါဦးမည်၊ သေချာသည်။ ဤသို့သော အခြေအနေမျိုးမှာ အခြားကိစ္စတွေ ဘေးချိတ်၊ ချစ်သူငယ်ချင်း ခုတင်ဘေးအရောက်၊ အားပေးစကား တရားစကားပြောဖို့ ကျွန်တော် ဝန်မလေးတတ်ပါ။

၁၉၈၀-ပြည့်နှစ် စွန်းစွန်းကာလများ။ အစိုင်း တောင်ကြီး စည်းဝေးတက်ဖို့ ရောက်လျှင် အိမ်ကို ဝင်စမြဲပါ။ အိမ်မှာ အိပ်ဖြစ်လျှင်တော့ သူငယ်ချင်းနှစ်ယောက် ညဉ့်နက်သန်းခေါင်ထိ စကားလက်ဆုံ ပြောမကုန်တော့ပေ။ ဆေးပညာအကြောင်း၊ အလုပ်အကိုင်အကြောင်း၊ ငယ်ကျိုးငယ်နာအကြောင်း၊ တရားဓမ္မ လောကုတ္တရာကိစ္စအကြောင်း စသည်ဖြင့် အတော်စုံလင်နေတတ်ပါသည်။

ကျွန်တော် တဖွေအခြောက်ခံရသည့် အကြောင်းနှင့် ပတ်သက်၍ အစိုင်းအား အသေးစိတ် ပြောပြ၏။ ပြီးတော့ "အစိုင်းရယ် ...။ မင်းကိုယ့်ကို ရူး မရူး စစ်ဆေးကြည့်စမ်းပါကွာ"ဟု ပြောမိတော့ "ဟ... အယ်ကျော်ရ၊ အရူးက သူ့ကိုယ်သူ အရူးလို့ ဘယ်တော့မှ မထင်ဘူးကွ။ ရူးနေပြီလား တွေးတဲ့သူဟာ မရူးသေးဘူး သေချာတယ်" ဟူ၍ ပြန်ပြော၏။ တုတ်နိုင်ပါလိမ့်မည်၊ သူက စိတ်ရောဂါအထူးကုဆရာဝန်ကြီး မဟုတ်ပါလား။

ပြီးတော့ သေခြင်းတရားအကြောင်း၊ တမလွန်ဘဝများကိစ္စ သံသရာခရီးနှင့် သံသရာမှလွတ်မြောက်ရာနိဗ္ဗာန် အကြောင်းအရာများသို့လည်း ရောက်သွားတတ်ပါသည်။ တရားသဘောတို့မှာ သိမ်မွေ့လွန်းလှ၍ သူ့အားနားလည်အောင် အတော်ကြီး ကြိုးစား ရှင်းလင်းပြရ၏။

အိပ်မက်ကိစ္စကျတော့ ပိုပြီး မသေချာမရေရာပါ။ ကျယ်ပြန့်လွန်းသော အကြောင်းအရာဖြစ်သည့်ပြင် လက်ဆုပ်လက်ကိုင် ပြသ၍ မရသော ကိစ္စဖြစ်နေပြန်၏။ တစ္ဆေနှင့် အိပ်မက်တို့ဟူသည် သက်သေပြ၍ မရနိုင်သော အဖြစ်ချင်း၌ တူညီ၏။ ယုံချင်မှလည်း ယုံပါ။ မယုံကြည်လည်း ရသည်။ တစ္ဆေကို လူတိုင်း မတွေ့ကြုံဖူးကာမှ နေမည်။ အိပ်မက်ကိုတော့ လူတိုင်း မြင်မက်ဖူးသည်ပင်။

www.burmeseclassic.com



စိတ်ချင်းဆက်သွယ်မှုရှိသည့် ကိစ္စသည်လည်း အတော်ကြီး ထူးဆန်း၏။ လူချင်း ဝေးကွာနေမည်။ မိုင်အားဖြင့် ရာထောင်သောင်းသိန်း ကိန်းဂဏန်းရှိနိုင်၏။ သို့သော် စိတ်ချင်းဆက်သွယ်မှု ရှိသူတို့အဖို့တို့ကတော့ ခရီးမဝေး အနီးကလေးပါဟု ပြောကြပါလိမ့်မည်။ ကျွန်တော်နှင့် အစိုင်းသည်လည်း စိတ်ချင်းဆက်သွယ်မှုရှိကြ၏။ ကျောင်းသားဘဝကတည်းက ကျောင်းပိတ်တိုင်း သူ မိဘရပ်ဌာနီပြန်မြဲပါ။ ကျောင်းဖွင့်ကာနီး၍ သူ့အား အိပ်မက်မြင်မက်လျှင် (သို့မဟုတ်) စိတ်ထဲမှာ သိပ်ပြီး အာရုံထင်လွန်းနေလျှင် ထိုနေ့၌ပင် သူ တောင်ကြီး ပြန်ရောက်လာပြီ။

တိုက်ဆိုင်မှုဟု တချို့က ပြောကြပါလိမ့်မည်။ တစ်ခါ နှစ်ခါဆိုလျှင် တိုက်ဆိုင်မှုဟု လက်ခံနိုင်သေး၏။ အစဉ်အမြဲလိုလို ဖြစ်လာသောအခါ ရိုးရိုးသားသား တိုက်ဆိုင်မှု မဟုတ်တော့ပြီ။ ထိုစဉ်တုန်းက ရှမ်းပြည်နယ် အရှေ့ပိုင်းမှ လေယာဉ်ကို အားကိုးပြီး စောင့်စီးကြရ၏။ ဖုန်းဆက်သွယ်ရေးကလည်း ယခုလို မလွယ်ကူလွန်းသေးပါ။ တစ်ဦးက စိတ်ညွှတ်သည်နှင့် ဟိုတစ်ဦးထံမှာ သွားပြီး ထူးခြားသိစိတ် အိပ်မက်ဖြစ်ပေါ်စေခြင်းသည် စိတ်ချင်းဆက်သွယ်နိုင်မှု မဟုတ်ပါလား။

တစ်ကြိမ်တွင် အိပ်မက်ထဲ၌ မောင်းချအားလက်ကိုင်ရိုးနီနီလေး ကျွန်တော့်အတွက် လက်ဆောင်ပါလာသည်ဟု မနက်စောစော အိပ်မက်မြင်မက်၏။ နေ့ခင်းလေယာဉ်ဖြင့် အစိုင်း ပါလာကာ၊ ညနေပိုင်းတွင် တကယ်ပဲ ကျွန်တော့်အတွက် မောင်းချအားတစ်ချောင်း (ယိုးဒယားခေါ် ထိုင်းနိုင်ငံဖြစ်)ကို လက်ဆောင်လာပေး၏။ ကျွန်တော့်သဘာဝက ခြေလက်နက် ကြောက်တတ်၏။ သို့သော် သူ့လက်ဆောင်လေးမှာ နှစ်လိုဖွယ် ဖြစ်နေရကား ကျွန်တော် မြတ်နိုးစွာ ကျေးဇူးတင်စွာ လက်ခံ သိမ်းဆည်းထားခဲ့၏။ လက်ကိုင်မှာ အနီရဲတွင် ကျွဲရိုင်းနှင့် လူ နပန်းသတ်နေဟန် ရွှေရောင်အဆင်းအရုပ်များ ပါဝင်သည်။

သူငယ်ချင်းမိတ်ဆွေ ချစ်လျှင် ဓားလက်ဆောင် မပေးကောင်းဟူသော အယူကိုလည်း ကျွန်တော်တို့ မသိထားခဲ့ကြပါ။ ယင်းအယူအဆသည်



မှန်ကန်တတ်ကြောင်း ကျွန်တော်တို့ လက်တွေ့ ကြုံရပါတော့သည်။ ဘာကိစ္စအတွက်မှန်း မသိဘဲနှင့် အစိုင်းသည် ကျွန်တော့်ကို စိတ်ခုတော့၏။ ကျွန်တော် ပေးထားသော လက်ဆောင်တွေအားလုံး သူက ပြန်ပေး၏။ ချပ်စက္ကူဖာနှင့် တစ်ဖာအပြည့်တွင် ကျွန်တော့်ပေးစာတွေလည်း အထပ်လိုက်ကြီး ပါဝင်နေ၏။ ကျွန်တော့်ကို ပေးထားသော သူ၏လက်ဆောင်နှင့် စာများကိုလည်း ပြန်တောင်း၏။

မရင့်ကျက်သေးမီ ကျောင်းသားဘဝတုန်းက စိတ်ဆိုးမှုမျိုးကို ယခုလို တတိယအရွယ် သုသာန်ကို တစ်နေ့ မျက်စောင်း သုံးကြိမ်ထိုးချိန်၌ ပြန်တွေးမိသောအခါ ရယ်ချင်စိတ် ပေါက်မိပါ၏။ ကလေးအရွယ်သည် စိတ်နုကိုယ်နုနှင့် ကလေးစိတ်သာ ရှိခဲ့ကြသည်ကိုး။ ကျွန်တော်သည် အစိုင်းထက် အသက် တစ်နှစ်နှင့်နှစ်လ ကြီးသော်လည်း ကံတရားက နေပါဦးဆို၍ အသက်ဆက်ရှင်နေခွင့် ရှိသေး၏။ မှလကနှင့် နှိုင်းစာသော်၊ တစ်နေ့ထက်တစ်နေ့ သေဘက် ပို၍ပို၍ နီးလာနေပါပြီ။ ကြိုတင်မသိနိုင်၍သာ ပျော်ပါးစားသောက်နေနိုင်ခြင်း ဖြစ်မည်။ ကြိုများသိနိုင်မည်ဆိုပါလျှင် ...။

• • • • • • • • • • • • • •

အခန်း ၅။

အဘိညာဉ်ရ မဂ်ဆိုက်ဖိုလ်ပေါက် ရဟန္တာအရှင်သူမြတ်တို့မှလွဲ၍ ပုထုဇဉ်လူသားများအဖို့ သေမည့်ရက်ကို မည်သူမျှ ကြိုတင် မသိနိုင်ပေ။ ယင်းသို့ အာယုစန်းပြတ်မည့် နေ့ရက်ချိန်ခါကို ကြိုတင်မသိနိုင်ခြင်းကြောင့်လည်း ကျွန်တော်အပါအဝင် ပုထုဇဉ်အတော်များများတို့မှာ မော်ကြွားပျော်ပါး စားသောက်ရယ်မောနေနိုင်ကြပေသည်။ ဗိုဇိနိုခြွေမည့် ရောဂါကြီး ဝေဒနာဆိုးတို့ကို ခံစားနေရပြီဖြစ်သော အချို့လူနာများတို့ကမူ ကြာရှည်မနေရတော့ပြီဟု မှန်းဆသိရှိနိုင်ကြပါသည်။ လူနည်းစုမှုသာ ဖြစ်သော ထိုလူနည်းစုတွင် အစိုင်းတစ်ယောက် ပါရှိနေခဲ့သည်ဟု နောင်သော အခါကျမှ ကျွန်တော် သိရှိလိုက်ရ၍ အလွန်မတန်ကြီး စိတ်မကောင်း ဖြစ်မိရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



သေရမည့်အချိန်ကို စောင့်စားနေရသူ အဖြစ်မှာ၊ တရားလက်ကိုင်မရှိလျှင် မည်မျှခက်ခဲပင်ပန်းမည်နည်း။ တကယ်တမ်း တော့တော့ဆိုင်ဆိုင် သေမင်းနှင့် ယဉ်ပြိုင်အနိုင်ကျဲနိုင်ဖို့ သတ္တိဗျတ္တိတော့ အပြည့်ရှိနေရန် များစွာလိုအပ်ပါလိမ့်မည်။ အစိုင်းတစ်ယောက်ကော သတ္တိဗျတ္တိရှိရှိ အနိုင်ယူသွားနိုင်ပါရဲ့လား မသိပါ။

ဇွန် ၂၄–ရက်နေ့ စာတိုက်ကအပြန်၊ အစိုင်းနှမ ဒေါက်တာနန်းခမ်းဆေးခန်းဖွင့်သည့်လမ်းကို ရွေးချယ်လျှောက်လှမ်းခဲ့ပါ၏။ ဆေးခန်းကပိတ်ထားဆဲပါ။ ''ရက်လည်ဆွမ်းသွတ်ရက်ဆိုတော့ ဘယ်ပြန်လာနိုင်ဦးမှာလဲ''ဟူ၍ တွေးလိုက်မိ၏။

အဝေးရောက် အတန်းဖော်တစ်ယောက် တောင်ကြီးခေတ္တပြန်လာခိုက် ဆရာမကြီးဒေါ်မြဝင်းကို သွားကန်တော့ချင်သည်ဆို၍ လျှပ်တစ်ပြက်ကောက်စိစဉ်လိုက်ရာ၊ အထက်တန်းကျောင်းသားဘဝ သူငယ်ချင်း ၁၁–ဦး စုစည်းမိကြသည်။ ''စိုင်းဆေး စက်ဘုမှ ရောက်သွားသေးတယ်။ ရောဂါကျွမ်းနေပြီတဲ့။ အသည်းကင်ဆာက အတော်ကြီး ပွါးနေပြီ၊ ပြန်လာပြီးနှစ်လလောက်ပဲ နေရတယ်။ ဆေးလည်းမကု၊ လူတွေ့လည်း မခံတော့ဘူးတဲ့''ဟူသော သတင်းစကားကို ကြားသိရ၏။ ဟုတ်မဟုတ်တော့ သေချာမသိပါ။

''အချိန်နည်းနေပြီမို့ အခန်းအောင်းပြီး တရားစာအုပ်ဖတ်၊ တရားနာ၊ တရားအားထုတ်တာပဲ ဖြစ်မှာပါ။ ဆရာဝန်သမားတော် တစ်ဦးပေမဲ့ ရှေ့ရေးအစီအစဉ်တွေ ကြိုဆွဲပုံစံချခဲ့လို့ ဘဝမှာ အောင်မြင်ခဲ့တာပဲ။ ဂျိုးမြကန်တစ်ပတ် ဖွဲ့ရှိရှိနဲ့ ပတ်ခဲ့တဲ့သူပဲ၊ အမဲပစ်သူတွေတောင် တစ်နေ့နဲ့တစ်ညအချိန်ယူ ပတ်ခဲ့ရတဲ့ ကန်ပတ်ခရီးကြမ်းကြီးကို အစိုင်း အောင်မြင်ခဲ့သေးတာသံသရာခရီးအတွက်လည်း သူ ဖွဲ့နဲ့ပဲနဲ့ အောင်မြင် နိုင်မှာပါ။ သေမင်းကိုသူ အနိုင်နဲ့ ပိုင်းသွားနိုင်မှာပါ။ အစိုင်းရဲ့ တူတစ်ဦးဟာ အရှင်ဂုတ္တိလတဲ့။ ဖားအောက်တောရမှာ သီတင်းသုံးတော်မူတာပဲဟာ။ အစိုင်းလည်း ဘယ်ခေပ့ါမလဲလေ''ဟူ၍ ကျွန်တော် အတွေးနယ်ချဲ့နေမိပါသည်။



သတင်းစာဟောင်းတွေ ပြန်စုစည်းရင်း၊ ဟိုလှန်သည်လှန်ဖြင့် ဇွန် ၂၃–ရက် ဝမ်းနည်းကြေကွဲကြောင်း တစ်ကွက်မှာ၊ မန္တလေးရောက် ရန်ကုန်ဆေးတက္ကသိုလ် ၁၊ ၁၉၆၅–၁၉၇၂ ခုနှစ် အတန်းဖော်ဆရာဝန်တစ်စု၊ ခွန်စိုးမိုး, ခင်မောင်လွင်, ခင်မောင်ဝေ, ခင်အုန်းဟန်, ဖမ်ကိုညံ့, ဉာဏ်ထွန်း, ထွန်းရွှေ, မြတ်ထွန်း, မျိုးညွန့်, ရဲမင်း, လှိုင်မိုး, သန်းဆွေ, သန်းမြင့်တို့၏ မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရကြောင်းကို ဖတ်ရရာ အစိုင်းမှာ လူချစ်လူခင်ပေါသော ဖော်ပြချက် ဖြစ်နေတော့သည်။

ရက်ဆက်နီးပါး ဝမ်းနည်းကြေကွဲခြင်းကြော်ငြာတွေ များများစားစားကြီးပါလာသည်ကိုက သူ့ဘဝမှာ အမြင့်ဆုံးတစ်နေရာကို ရောက်ရှိ အောင်မြင်ခဲ့သလို၊ ဘဝမှတ်တိုင်တွေကိုလည်း အများကြီး စိုက်ထူနိုင်ခဲ့သူ ဖြစ်ကြောင်းထင်ရှားနေပါပြီ။ တက္ကသိုလ်ဝင်တန်းမှာ အစိုင်း လူရည်ချွန် ဖြစ်ခဲ့ဖူး၏။ ထိုအရှိန်အဟုန်ဖြင့်ပင် တစ်ဆင့်ပြီးတစ်ဆင့် မြင့်လို့မြင့်လို့သာ အစိုင်းတက်လှမ်းသွားနိုင်ခဲ့တော့၏။ ကျပိုင်းဟူ၍ လုံးဝ မရှိစခဲ့ဖူးပါပေ။

ဇူလိုင်လဆန်းတစ်ရက် ညနေပိုင်းမှာ ဖြစ်၏။ ဒေါက်တာနန်းခမ်းဆေးခန်းသို့ နာရေးသတင်းမေးရန် ရောက်ရှိသွားခဲ့၏။ အားကိုးရသော အစ်ကိုကြီး အရိပ်ကွယ်၍ ဝမ်းနည်းပူဆွေးမှု အကင်းမသေနိုင်သေးပါ။ မျက်နှာညှိုးနွမ်း၊ လူလည်း မလန်း၊ စိတ်လည်း မရွှင်ပျလေသူ နန်းခမ်းနှင့် အခန့်သင့် တွေ့ဆုံရပါသည်။ သူ့ကျန်းမာရေးအတွက် စိတ်ပူမိပါ၏။ ခရီးပန်းတာလည်း ပါမည်။ စိတ်သောက ဖြစ်ပွါးနေလျှင် အိပ်ပျက် စားပျက်တတ်စမြဲပါ။ စိတ်ထောင်းကိုယ်ကြေ၏။

''နန်းခမ်းရယ်။ တကယ်ကို စိတ်မကောင်း ဖြစ်ရပါတယ်။ အစိုင်းဘယ်လို ဖြစ်သွားရတာလဲ''

''စက်ဘုမှာ ပီဆေးသမီး ရှိတယ်။ မင်္ဂလာဆောင်သွားရင်း ဆေးစစ်လိုက်တာမှာ ရောဂါပေါ်လာတယ်။ လည်ပင်းကို ပြန့်နေပြီတဲ့။ သိသားပေါပါဘူး။ အသည်းလို့ ကြိုမသိနိုင်ခဲ့တာပါ။ သေခါနီးမှ ဝါရောင်သမ်းတယ်ဆိုရုံ သမ်းတာလေးပါ''

www.burmeseclassic.com

www.burmeseclassic.com



"တရားနဲ့ ဖြေပါ နန်းခမ်းရယ်။ လူတိုင်း သေမျိုးပဲ။ နေးတာနဲ့ မြန်တာပဲ ကွာတာပါနော်"

"နားရမယ့်အချိန်ကျမှ အေးအေးဆေးဆေး မနားနိုင် မနေရတော့တာကို ယူကျုံးမရ ဖြစ်နေတာပါ"

"ကံအကြောင်းတရားပေါ့လေ။ သူ နေရဖို့ ဒီလောက်ပဲ ပါတယ်ပေါ့။ ဒါပေမယ့် သူ တစ်အား အောင်မြင်ခဲ့တာပါ"

"ပီနန်းလီကတောင် ပြောနေသေးတယ်။ နာရေးသတင်းကို အယ်ကျော် မသိသေးဘူး ထင်တယ်တဲ့"

"သူကော နေကောင်းရဲ့လား။ နန်းခမ်းလည်း ကျန်းမာရေး ဂရုစိုက်ဦး။ ဝင်အောင်စား ပျော်အောင်အိပ် အနားယူပါ"

သည်လိုနှင့် အစိုင်းအကြောင်း စာတစ်ပုဒ် မှတ်တမ်းတင်ဦးမည်ဟု စာရေးစားပွဲထိုင်မိတိုင်း မရေးဖြစ်ခဲ့ပါ။ ရက်တွေသာ ကြာလာ၏။ သူ့အကြောင်းကို အမြဲတွေးနေ ဆွေးနေမိ၏။

သူက စိတ်အထူးကု သမားတော်ကြီးမို့ လူ့စိတ်အကြောင်းကို ပိုနားလည်ကျွမ်းကျင်၏။ စိတ်ဆိုတာကလည်း အလွန်သိမ်မွေ့နူးညံ့ ကျယ်ပြန့်လွန်းလှ၏။ အိပ်မက်ကိစ္စနှင့် သူ့ကို ဆွေးနွေးခဲ့ဖူးပါသည်။ သိပ္ပံပညာအရ အစွဲအလမ်းဟု ကောက်ချက်ချ၏။ ရာနိုင်နှုန်းများများတော့ မှန်ကန်နိုင်မည်။

အချို့သော ကိစ္စများတွင် စွဲလမ်း၍လည်း မဟုတ်၊ ကြုံဖူး သိဖူး ဖတ်ဖူး ရောက်ဖူး၍လည်း မဟုတ်ဘဲနှင့် ထူးခြားစွာ မြင်မက်တတ်သည်ကို မည်သို့ နားလည်ရမည်နည်း။ "မသိစိတ်က သိနှင့်နေတာ ဖြစ်မှာပါကွာ" တဲ့၊ သူ့အဖြေက ဟုတ်တုတ်တုတ် ရှိသော်လည်းပဲ စိတ်သဘာဝ ဆန်းကြယ်ပုံကို ကျွန်တော်တို့ လိုက်မမှီနိုင်မည် မထင်ပါ။

"အေးကွာ ... ငါ ကိစ္စထူး ရှိရင် နင့်ကို အကြောင်းလာပြမယ်။ အနည်းဆုံး အိပ်မက်ထဲမှာ ဖြစ်နေလေမလား အယ်ကျော်ရေ့"



"အစိုင်းတော့ လုပ်ရော့မယ်။ မဦးမချွတ်ကွာ"

တစ်မနက် အရုဏ်တက်ချိန်လောက်မှာ အစိုင်းကို အိပ်မက်ထဲ မြင်မက်၏။ ကိုယ်ထည်က လေးငါးနှစ်သားအရွယ် ဖြစ်သော်လည်း မျက်နှာမှာ အသက် ၃၅-နှစ်အရွယ်၊ ရွှင်လန်းပြုံးရယ်နေ၏။ စင်မြင့်အထက် တစ်နေရာတွင် ရှိနေခဲ့ရာ၊ ကျွန်တော်က လက်နှစ်ဖက် ဆန့်တန်းပြီး သူ့ချိုင်းအောက်မှ ပင့်ကာ ယူချလိုက်၏။ ပြီးတော့ ကျွန်တော့်ပေါင်ပေါ် တင်၍ ထိုင်စေလိုက်ပါသည်။ ကျွန်တော့်ရင်ဘတ်ကို သူကျောပြုထား၍ လိမ့်မကျသွားစေရန် ကျွန်တော့်ညာလက်ဖြင့် သူ့ဝမ်းဗိုက်ကို သိုင်းဖက်လိုက်၏။

သူ့ဗိုက်ပူပူလေးကို သိုင်းဖက်မိ၍ "အစိုင်းလည်း ကိုယ့်လိုပဲ ဗိုက်လေး ပူနေပြီကိုး"ဟု ကျွန်တော် ပြောဆိုမိ၏။

အစိုင်းကတော့ ဘာမှ ပြန်မပြောပါ။

နိုးလာသောအခါ ချက်ချင်း ကုသိုလ်အမျှ ပေးဝေလိုက်၏။ ရက်တွေလည်း မေ့တေ့တေ့ ဖြစ်နေပြီမို့ ပြက္ခဒိန် လှန်ကြည့်လိုက်ရာ ဖုလိုင် ၁၈-ရက်တဲ့။

သြော် အစိုင်း တစ်လပြည့်ခဲ့ပြီကိုး။ သူ့ကတိအတိုင်း အိပ်မက်ပေးတာလေလား။

စာရေးဖို့ တွန်းအားပေး တာလား အစိုင်းရယ်။

ဒေါက်တာလွှမ်းဆေ(တောင်ကြီး)

❀ ❀ ❀ ❀ ❀

__ဗျည်းအကျိုး__

▲ ပါရမီမြောက်၊ ဂုဏ်ရည်တောက်၍၊ ဂုဏ်မြောက်ပုဂ္ဂိုလ်၊ ငုံ့သည်ရည်ကို လျှင်၊ ပြောဆိုသသူ၊ ကိုယ်မှာမူလည်း၊ သင်းကြူရနံ့ ထုံထုံပျံ့၏

www.burmeseclassic.com

www.burmeseclassic.com

# ကောင်းမွန်စွာသင်ကြားခြင်း

ဒေါ်မူမူ (ကျောင်းအုပ်ကြီး)
တောင်ကြီးပညာရေးကောလိပ်

**သင်ခန်းစာကျွမ်းကျင်မှုနှင့် သင်ယူမှုကျွမ်းကျင်ခြင်း**

သင်တန်းသား/သူများသည် ဤသင်ခန်းစာ ပြီးဆုံးသွားပါက အောက်ပါတို့ကို ရရှိသွားပါမည်။

၁။ သင်ကြားနည်းများ၏ အားနည်းချက်/အားသာချက်များကို ခွဲခြမ်းစိတ်ဖြာတတ်လာမည်။

၂။ သင်ကြား/သင်ယူမှုလုပ်ငန်းစဉ်များတွင် သက်ရောက်မှု မည်မျှ ရှိသည်ကို ခွဲခြားတတ်လာမည်။

၃။ သင်ယူဟန် ကျွမ်းကျင်မှု အသစ်များ မတွေ့ရပါ။

**နိဒါန်းပျိုးခြင်း**

ဤသင်ခန်းစာ သင်ကြားခြင်းသည် အခြား ဖော်ပြပြီး ဖြစ်သော သင်ခန်းစာများမှ သင်ယူခြင်းဆိုင်ရာ အယူအဆများ၊ ကလေးများ ဖွံ့ဖြိုးတိုးတက်မှုများကို ကျောင်းတွင်းသင်ကြားရေးတွင် အထောက်အကူ ပြုပုံကို တင်ပြခြင်း ဖြစ်ပါသည်။ ယခုဆက်လက်ပြီး "ပြုလုပ်၊ ပြောကြား မှတ်တမ်းထား" (DO, TALK, RECORD) ပုံစံဖြင့် သင်ယူခြင်း ပုံစံတစ်ခုကို တင်ပြပါမည်။



▲ **အောက်ပါစာပိုဒ်ကို ဖတ်ရှုလေ့လာပါ။**

ကောင်းမွန်သော သင်ခန်းစာတစ်ခုဖြစ်ရန် ဆရာက မည်သို့ ပြင်ဆင် မည်နည်း ?

သင်သည် "ပြုလုပ် ပြောကြား မှတ်တမ်းထား" သင်ကြားမှုပုံစံကို မှတ်သားဖူးသူ ဖြစ်ရပါမည်။ ယခု သင်ခန်းစာပြင်ဆင်မှုအပိုင်းကို စတင် သင်ယူကြပါစို့။

အာဖရိကန်နိုင်ငံတစ်နိုင်ငံ... အာဖဂန်နစ္စတန်ရှိ ဆရာအများစုသည် သင်ခန်းစာအစီအစဉ် ရေးဆွဲခြင်း မပြုလုပ်ကြပါ။ ဆရာများသည် ပြဋ္ဌာန်းစာအုပ်နှင့် ဆရာကိုင် များကိုသာ လိုက်နာဆောင်ရွက်ပါသည်။ ကျောင်းသားများအား တစ်နေ့တာ အတွက် ဘာသာရပ်တစ်ခုကို စာအုပ်ဖွင့်ဖတ်၊ ပြီးနောက် သင်ခန်းစာတစ်ခု ဤနည်းအတိုင်းသာ သွားပါသည်။ ဆရာက သင်ကြားမည့် အကြောင်း အရာကို ပြောပြပြီး တပည့်များက လိုက်မှတ်ပါသည်။ ဤကဏ္ဍတွင် တပည့်များသည် အလွတ်မှတ်သားခြင်းအဆင့်သာ ရှိပါသည်။ သင်ပုန်းမှ လိုက်ကူးခြင်း၊ ပြဋ္ဌာန်းစာအုပ်ပါ လေ့ကျင့်ခန်းများ ပြုလုပ်ခြင်းမျှသာ ဆောင်ရွက်ပါသည်။

▲ **သင့်မှတ်စုစာအုပ်တွင် အောက်ပါတို့ကို ဖြေပါ။**

(က) ဖော်ပြပါ သင်နည်းမှ ကျောင်းသားများ မည်သည့်အကျိုးဆက်များ ရရှိပြီး၊ သင်ယူမှုတွင် မည်သည့်ပြဿနာများ တွေ့နိုင်ပါသနည်း? အနည်းဆုံး ၃-ခုမျှ ဖော်ပြပါ။

(ခ) ဖော်ပြပါသင်နည်း၏ အကျိုးကျေးဇူး အနည်းဆုံး ၃-ခုကို ဖော်ပြပါ။

**အောက်ပါစာပိုဒ်ကို ဆက်လက်ဖတ်ရှုပါ။**

အခြားဆရာများသည် တပည့်များ၏ လိုအင်များ၊ ဒေသတွင်း လူနေမှု အစည်းလုပ်ငန်းများ စိတ်ဝင်စားမှုများကို အလေးထားပြီး သင်ခန်းစာ ပြင်ဆင်သည်။ ဤသို့ ဆောင်ရွက်ခြင်းသည် အတန်းတွင်း၌ ကျောင်းသား များ သင်ယူမှုကို ကောင်းမွန်စေသည်ဟု ယုံကြည်သည်။ ဆရာက

www.burmeseclassic.com

www.burmeseclassic.com



သင်ခန်းစာအစီအစဉ်ကို သေချာစွာ ရေးဆွဲသည်။ သင်ခန်းစာပါ အကြောင်းအရာနှင့် ဆရာကိုင်စာအုပ်များ သုံးပြီး၊ ကလေးများလိုအင်နှင့် ဆက်စပ်အောင် ပြင်ဆင်ခြင်းဖြင့် ပိုမိုလွယ်ကူ ချောမွေ့သော ဆရာ့လုပ်ငန်း ဖြစ်မြောက်စေပါသည်။ အချို့ဆရာများက သင်ရိုးညွှန်းတမ်းပါ သင်ယူမှု ဦးတည်ချက်များနှင့် တပည့်များ၏ လိုအင်စိတ်ဝင်စားမှုတို့ကို ဆက်စပ်ပေးရင်းဖြင့် သင်ရိုးညွှန်းတမ်းအကြောင်း ကောင်းစွာ သဘောပေါက်လာရပါသည်။ ထို့ကြောင့် သင်ယူမှုလုပ်ငန်းများ ပေးရန် အကြံကောင်းများလည်း ပိုမိုရရှိလာစေပါသည်။ ဆရာသည် ဤသို့သော လုပ်ငန်းကို ခက်ခက်ခဲခဲ ပြုလုပ်ရပါသည်။ သို့သော် သူ့အလုပ်မှာ ပိုပျော်ပြီး တပည့်များလည်း သင်ယူမှု ကောင်းမွန်စွာ ဖြစ်ပေါ်စေပါသည်။

**▲ သင့်မှတ်စုစာအုပ်၌ အောက်ပါတို့ကို ဖြေပါ။**

(က) ဖော်ပြပါသင်နည်းမှ ရရှိသွားသော အကျိုးကျေးဇူးများကို အနည်းဆုံး ၃-ခုမျှ ဖော်ပြပါ။

(ခ) ကျောင်းစာသင်ခန်းတွင်း၌ ဤသို့ လုပ်ဆောင်ခြင်းဖြင့် ဆရာများ အခက်အခဲ တွေ့နိုင်ပါသလား? အနည်းဆုံး ၃-ခုကို ဖော်ပြပါ။

**အောက်ပါစာပိုဒ်ကို ဖတ်ပါ။**

တပည့်များ ကောင်းစွာ သင်ယူနိုင်ရန် ဆရာ၏ ကောင်းစွာ သင်ကြားခြင်း အစီအစဉ်အကြောင်း။

ဆရာများ မိမိသင်မည့် သင်ခန်းစာကို မည်သို့ စီစဉ်ပါမည်နည်း?

**သင်ခန်းစာ မသင်ကြားမီ (BEFORE THE LESSON)**

၁။ သင်မည့် အကြောင်းအရာကို သေချာစွာ စဉ်းစားဆုံးဖြတ်ပြီးမှ ကျောင်းသားများ သင်ကြားရပါမည်။ (သင်ခန်းစာဦးတည်ချက်များ)

၂။ ကျောင်းသားများ ကောင်းစွာသင်ယူနိုင်ရန် သင်ခန်းစာကို မည်သို့ သင်မည်ကို စီစဉ်ထားရပါမည်။ ဆရာက မည်သို့ လုပ်ဆောင်မည်။



တပည့် မည်သို့ လုပ်ဆောင်မည်။ ဆရာက ကျောင်းသားကို မည်သည်ကို ပြောမည်။ အတန်းကို မည်သို့ စုစည်းမည်။ မည်သည့် သင်ထောက်ကူ သုံးမည်။

၃။ သင်ခန်းစာအတွက် လိုအပ်သော သင်ထောက်ကူများကို ဆရာက ပြင်ဆင်ထားရပါမည်။

**အစီအစဉ် (THE PLAN)**

၁။ ပထမဆုံး သင်ခန်းစာ နိဒါန်းပျိုးခြင်း၊ ကျောင်းသားများအား သင်ခန်းစာအသစ်နှင့် မိတ်ဆက်ပေးပါမည်။ ဤသင်ခန်းစာကို ထိရောက်စွာ သင်ပြနိုင်ရန် ဆရာက စီစဉ်ထားရပါမည်။ သင်ထောက်ကူများ လိုအပ်သလို သုံးခြင်းဖြင့် သင်ခန်းစာသစ်ကို ပိုမို ရှင်းလင်း သဘောပေါက်လာပါမည်။

၂။ သင်ခန်းစာ အလယ်ပိုင်းတွင် သင်ကြား/သင်ယူမှု လုပ်ငန်းများ ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ ကျောင်းသားများ ကောင်းစွာ/ထိရောက်စွာ သင်ယူနိုင်ရန် လုပ်ငန်းများပေးရန်နှင့် လက်တွေ့ လုပ်ဆောင်နိုင်ရန် စုစည်းဆောင်ရွက်ပေးရပါမည်။ ဤအပိုင်းတွင် ကျောင်းသားများ လုပ်ငန်းလုပ်ဆောင်ရင်း စကားပြောခြင်း၊ မှတ်တမ်းထားခြင်းများ ပြုလုပ်ကြပါမည်။ သူတို့လုပ်ငန်းများ လုပ်ရင်းဖြင့် လိုအပ်သော သင်ထောက်ကူများ အသုံးပြုရန် လိုအပ်ပါသည်။ ဤသို့ ပြုလုပ်ခြင်းသည် ၎င်းတို့၏ သင်ယူမှုလုပ်ငန်းကို အထောက်အပံ့ ဖြစ်စေပါသည်။

သင်ခန်းစာ၏ ဤအပိုင်းတွင် သင်ခန်းစာသင်ယူခြင်းအတွက် အကောင်းဆုံးနှင့် တိုးတက်မှု ရနိုင်ဆုံးဖြစ်အောင် ဆရာက စီစဉ်ထားရပါမည်။

၃။ နောက်ဆုံးပိုင်းတွင် သင်ခန်းစာနိဂုံးပိုင်း ဖြစ်ပါသည်။ လုပ်ငန်းများ လုပ်ဆောင်ရင်းဖြင့် ရရှိလာသော အတွေ့အကြုံများ တစ်ဦးနှင့်တစ်ဦး ဖလှယ်နိုင်ရန် ဆရာက စုစည်းဆောင်ရွက်ပေးရပါမည်။ သင်ယူမှု လုပ်ငန်းများမှ အကျိုးဆက်များ၊ အသုံးဝင်မှုများကို စဉ်းစားတတ်သော

www.burmeseclassic.com

www.burmeseclassic.com



ရပါမည်။ ကျောင်းသားများက သင်ယူမှုလုပ်ငန်းစဉ်မှ ရရှိသော မှတ်တမ်းတင်ထားချက်များကို ပြန်လည်တင်ပြခြင်း၊ အခန်းတွင်း၌ ခင်းကျင်းပြသခြင်းများ ပြုလုပ်ထားရပါမည်။ သင်ယူမှုလုပ်ငန်းအဆုံးတွင် ဆရာက စစ်ဆေးအကဲဖြတ်ခြင်း ပြုလုပ်ရန် စီစဉ်ထားရပါမည်။ သင်ခန်းစာစီစဉ်မှု ကောင်းပါက သင်ခန်းစာသည် ထိရောက်မှုရှိသော သင်ခန်းစာကောင်းတစ်ခုအဖြစ် နိဂုံးချုပ်နိုင်ပါသည်။

**ကြိုတင်ပြင်ဆင်ခြင်း (THE PREPARATION)**

သင်ခန်းစာသင်ကြားခြင်း မစမီ၊ လိုအပ်သမျှကို ဆရာက ကြိုတင်ပြင်ဆင်ထားရပါသည်။

**သင်ကြားချိန်အတွင်း (DURING THE LESSON)**

ဆရာက သင်ခန်းစာအစီအစဉ်အတိုင်း ဆောင်ရွက်ရန်သာ ဖြစ်ပါသည်။ သင်ခန်းစာ သင်ကြားနေစဉ်အတွင်း ကျောင်းသားများ သင်ယူမှုလုပ်ငန်းစဉ်အတွင်း မည်သို့ ပါဝင်ဆောင်ရွက်နေသည်ကို ကြည့်ရှုလေ့လာခြင်း၊ လိုအပ်သောနေရာတွင် အထောက်အပံ့ပေးခြင်း၊ စစ်ဆေးမည့် ဦးတည်ချက်အတိုင်း လေ့လာအကဲဖြတ်ပေးရပါမည်။

ကျောင်းသားများ သင်ယူနေစဉ် လိုအပ်ချက်အရ ဆရာက ၎င်း၏ အစီအစဉ်ကို တစ်ခါတစ်ရံ ပြုပြင်ပေးရပါသည်။ သင်ယူမှုလုပ်ငန်းအတွင်း ကျောင်းသားများ တိုးတက်မှုရရှိစေရန် ဆရာက စစ်ဆေး အကဲဖြတ်ပေးရန် လိုအပ်ပါသည်။

**သင်ကြားမှု ပြီးဆုံးပြီးနောက် (AFTER THE LESSON)**

ဆရာသည် မိမိသင်ခန်းစာကို အကဲဖြတ်ရပါမည်။ သင်ယူမှု ဦးတည်ချက်အတိုင်း မည်မျှတိုးတက်ပါသနည်း? မည်မျှ ထိရောက်မှု ရှိပါသနည်း? သင်ခန်းစာအစီအစဉ်၊ သင်ကြားမှုတို့တွင် ထိရောက်မှု မည်မျှရှိပါသနည်း? နောင်သင်ခန်းစာအတွက် တိုးတက်မှု ရှိစေရန် မည်သည်တို့ကို ပြုပြင်ရပါမည်နည်း။



ဤဘာသာရပ်အတွက် နောက်သင်ခန်းစာကို ပြင်ဆင်ပုံကို စဉ်းစားရမည် ဖြစ်ပါသည်။ ဤသို့ ပြင်ဆင်ခြင်းဖြင့် ဆရာသည် သင်ကြားမှုဖြစ်စဉ်တစ်ခု ဤနည်းအတိုင်း စီစဉ်ပြီး ဖြစ်သွားပါသည်။

**စီစဉ်ခြင်း→သင်ကြားခြင်း→အကဲဖြတ်ခြင်း→စီစဉ်ခြင်း→သင်ကြားခြင်း→အကဲဖြတ်ခြင်း**

**Plan → Teach → Evaluate → Plan → Teach → Evaluate**

ဤသို့ ဆောင်ရွက်ခြင်းဖြင့် ဆရာ၏ ဘာသာရပ်အပေါ် ကျွမ်းကျင်မှုနှင့် ကိုယ်တိုင်သင်ကြားမှုစွမ်းရည်များလည်း တိုးတက်လာစေမည် ဖြစ်ပါသည်။

**▲ သင့်မှတ်စုစာအုပ်တွင် အောက်ပါမေးခွန်းများကို ဖြေပါ။**

(က) ဖော်ပြခဲ့သောသင်နည်းကို အသုံးပြုခြင်းအားဖြင့် ဆရာ၏ ဘာသာရပ်အပေါ် ပိုမိုနားလည်သဘောပေါက်မှု၊ သင်ကြားမှုစွမ်းရည်မြင့်မားခြင်းကို မည်သို့ အထောက်အကူ ပြုပါသနည်း? ထင်မြင်ချက်များ ပေးပါ။

(ခ) ဖော်ပြပါသင်နည်းသည် ကျောင်းသားများ သင်ယူကောင်းစွာ ဖြစ်ထွန်းရေးအတွက် မည်သို့ အထောက်အပံ့များ ပေးပါသနည်း? ကိုယ်ပိုင် ထင်မြင်ချက်များ ဖော်ပြပါ။

(ဂ) ဆရာသည် ဤနည်းကို သုံးခြင်းဖြင့် ၎င်း၏ သင်ကြားမှု ထိရောက်မှုရှိခြင်း၊ တပည့်များ ကောင်းစွာသင်ယူနိုင်ခြင်း၊ မိမိလုပ်ငန်း၌လည်း ပျော်ရွှင်ခြင်း၊ ကိုယ်ပိုင်အရည်အသွေးများလည်း တိုးတက်ခြင်းများ ရှိပါသည်။ သို့သော်လည်း မည်သည့်အတွက်ကြောင့် ဤသို့သော နည်းလမ်းကို မသုံးကြပါသနည်း? သင့်ကိုယ်ပိုင်ထင်မြင်ချက်များ ဖော်ပြပါ။

**နိဂုံး**

အထက်ပါ သင်ခန်းစာသင်ကြားပုံ နည်းလမ်းမှာ [illegible] ဆရာအတတ်သင်ပညာရေးအတွက် ရေးသားထားကြသော သင်တန်းဆရာ/ သင်တန်းသားများအတွက် နမူနာသင်ခန်းစာတစ်ခု ဖြစ်ပါသည်။ [illegible]

www.burmeseclassic.com

www.burmeseclassic.com



စွာ သင်ကြားခြင်း (Teaching Well)ကို ပညာရေးကောလိပ်များတွင် လက်တွေ့အသုံးချနိုင်ရေးအတွက် ရည်ရွယ်တင်ပြခြင်း ဖြစ်ပါသည်။ သင်ခန်းစာစီစဉ်ခြင်း (Lesson Plan)၏ သဘောသဘာဝကို နားလည်ပြီး မည်သည့်အတွက်ကြောင့် အရေးကြီးကြောင်း ဆရာ/ဆရာမလောင်းများ (Student Teachers) ကိုယ်တိုင်လက်ခံစေရန်လည်း ရည်ရွယ်ပါသည်။

ဒေါ်မူမူ (ကျောင်းအုပ်ကြီး)
တောင်ကြီးပညာရေးကောလိပ်။

❀ ❀ ❀ ❀ ❀

**ဆရာကောင်းဟူသည်**

▲ ရှိသေချစ်ထိုက်၊ ချီးမွမ်းထိုက်နှင့်၊ လွဲမိုက်ဆုံးမ၊ မေးသမျှခံ၊ ဝမ်မွန်နက်နဲ၊ ဟောနိုင်မြဲ၍၊ ကျိုးနဲမတွန်း၊ ခုနစ်ခန်းနှင့်၊ ပြည့်လျှမ်းညီညာ၊ ဤဆရာ၊ ရှာဖွေတပည့်ခံ။

မာနိလည်ဆရာတော်

၁။ ချစ်ခင်မြတ်နိုး၊ အားကိုးယုံကြည်ထိုက်သူ
၂။ ချီးမွမ်းထောမနာထိုက်သူ
၃။ အလွဲလိုက်စား မိုက်မှားနေသည်ကို ဆုံးမပဲ့ပြင် သွန်သင်တတ်သူ
၄။ လောကီ လောကုတ္တရာ ထွေရာလေးပါး မေးသမျှ ပုစ္ဆာကို ဖြေကြားနိုင်သူ
၅။ တရားဓမ္မ နက်နက်နဲနဲ စိတ်စွဲသွားအောင် ဟောကြားပြသနိုင်သူ
၆။ စိတ်နှလုံး တည်တံ့နိုင်မာသူ
၇။ အကျိုးတရား ဆုတ်ယုတ်နည်းပါးမှု အလုပ်များကို အားမပေး မတိုက်တွန်းသူ

ဤမှ ခုနစ်ရပ်နှင့် ပြည့်ဝစုံလင် ဆရာသခင်သည် ဆရာမြတ် ဆရာကောင်းဟူ၏၊ အာစရိယမည်တွင် ဦးထိပ်တင်လော့။

# ချစ်သမီးဆရာမလေးထံသို့ ပေးစာ

ဒေါ်နန်းမြစိန် (မြို့နယ်ပညာရေးမှူး)
တောင်ကြီးမြို့နယ်။

သမီးကြီးဟာ ပညာရေးဝန်ထမ်း (အလယ်တန်းပြဆရာမ)အဖြစ် တာဝန်ထမ်းဆောင်ခဲ့တာ၊ အခုဆိုရင် ၁၀–နှစ်ကာလ ရှိခဲ့ပြီနော်၊ ရခဲလှစွာသော ဆရာမဘဝ ရရှိထားတဲ့ သမီးဆရာမလေးဟာ ဆရာ့သိက္ခာကို ထိန်းသိမ်းလျက် ပစ္စုပ္ပန်သံသရာနှစ်ဖြာမှာ ကောင်းကျိုးတရားများ ဆောင်ကြဉ်းနိုင်ပါစေလို့ ဦးစွာဆန္ဒပြု ဆုတောင်းပေးလိုက်ပါတယ်။

အတွေ့အကြုံ ၁၀–နှစ်သက်တမ်းဟာ မသေးတော့ပေမယ့် ဆရာအလုပ်ကို ဂုဏ်ယူကျေနပ်တတ်အောင်၊ သမီးသိပြီးတာတွေ၊ မသိသေးတာတွေတို့ကို မေမေက ထပ်ပြီး မှာချင်သေးတယ်။ ဆရာဆိုတာ အမည်ပညတ်အားဖြင့် နှိုင်းဆချင့်ချိန် ဆုံးဖြတ်တတ်တဲ့ပုဂ္ဂိုလ် ပညာရှိ ဖြစ်တယ်။ မြန်မာအဘိဓာန်မှာ "ဆရာဟူသည် သင်ကြားပို့ချပေးသူ၊ သွန်သင်ဆုံးမ နည်းလမ်းပြသူ၊ အတတ်လုပ်ငန်းအရပ်ရပ် ကျွမ်းကျင်သူ" လို့ အဓိပ္ပါယ် ဖွင့်ဆိုထားတယ် သမီး။

မြန်မာ့လူ့အဖွဲ့အစည်းမှာ "သင်ကြားပို့ချပေးတဲ့ ဂုဏ်နဲ့ ပြည့်စုံသူတို့ အာစရိယဆရာ၊ တပည့်များ လိမ္မာရေးခြားရှိအောင် ပဲ့ပြင်ဆုံးမပေးတဲ့ ဂုဏ်နဲ့ ပြည့်စုံသူကို ဥပဇ္ဈာယ်ဆရာ"ရယ်လို့ သတ်မှတ်ခေါ်ဆိုလေ့ ရှိတယ်။ ဒါကြောင့် ကျောင်းဆရာများကတော့ နှစ်မျိုးလုံးနဲ့ အကျုံးဝင်တာပေါ့ သမီးနော်။

www.burmeseclassic.com

www.burmeseclassic.com



**"ဆရာဟူသည်၊ တူညီနှိုင်းဆို၊ မြင့်မိုရ်တောင်ဦး၊ မကကျူးသည်၊ ကျေးဇူးတရား၊ ဘုရားနှင့်နှိုင်း၊ တစ်ဂိုဏ်းတည်းပြု၊ အနန္တဂိုဏ်းဝင်၊ ကျေးဇူးရှင်"**ဆိုပြီး ဘုရားနှင့် တစ်ဂိုဏ်းတည်းထားပြီး ရိုသေအပ်သူလို့ မြန်မာလူမျိုးအသိုက်အဝန်းက မြတ်နိုးတန်ဖိုးထားကြတယ် မဟုတ်လား။ မွန်မြတ်တဲ့ အသက်မွေးဝမ်းကျောင်းမှု သုံးခု ရှိကြောင်း၊ မေမေ မှတ်သားဖူးတယ်။ အဲဒါတွေကတော့ ...

၁။ ရှေ့နေ ရှေ့ရပ် ဥပဒေပညာရှင်အဖြစ် အသက်မွေးဝမ်းကျောင်းပြုသူ။

၂။ ဆေးဆရာ၊ ဆရာဝန်၊ ဆေးအတတ်ပညာရှင်အဖြစ် အသက်မွေး ဝမ်းကျောင်းပြုသူ။

၃။ ကျောင်းဆရာ၊ သင်တန်းဆရာ၊ တက္ကသိုလ်ဆရာ၊ သင်ကြားမှု အတတ်ပညာရှင်အဖြစ် အသက်မွေးဝမ်းကျောင်းပြုသူတို့ပဲ ဖြစ်တယ်။

မေမေ့သမီးဟာ မွန်မြတ်လှသော ဆရာအတတ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုသူအဖြစ် ပေါ်လွင်တာမို့ သမီးအတွက် မေမေ ပီတိဖြာနေ၊ ပီတိဖြစ်နေရပါတယ်။

**"အမှုအခင်းကို ရှေ့နေအား ပုံအပ်ရာ၏၊ ရောဂါဝေဒနာကို သမားတော် အား ပုံအပ်ရာ၏၊ ပညာရှာမှီးသူအတွက် ဘဝကို ဆရာထံ ယုံကြည်မှုဖြင့် အပ်နှံရာ၏"**ဆိုတဲ့ ဆိုရိုးစကားတစ်ရပ် ရှိဘယ်လေ။ အဲဒီလို ပညာလိုလား ရှာမှီးဆည်းပူးသူက သူ့ဘဝကို မိမိထံ ပုံအပ်ထားတာနဲ့အညီ ဆရာကလည်း တပည့်ကို မေတ္တာ စေတနာ ကရုဏာ အကြင်နာ ဝါသနာတို့ဖြင့် သင်ပြဆုံးမခြင်းဖြင့် ဘက်စုံဖွံ့ဖြိုးအောင် ပြုစုပျိုးထောင်ပေးရတယ်။

ကျောင်းဆရာဆိုတာ မသိသေးသူ၊ သင်ယူသူတို့အတွက် သိရှိလာအောင်၊ အသိတရားရအောင် ပေးဆပ်ရသူလို့ အစဉ်နှလုံးသွင်းပြီး စာပေသင်ကြားပေးရုံသက်သက်သာမက၊ ဘဝတိုးတက်ရေးအတွက်ပါ လမ်းပြနိုင်ရမယ်။ ဒါ့အပြင် ကျောင်းသားလူငယ်များကို မိဘတို့ထက် သာလွန်ပြီး ဘဝအောင်ပွဲရှိရာကို ခေါ်ဆောင်သွားနိုင်တဲ့ စွမ်းအားရှင်



လို့လည်း အသိအမှတ်ပြု ခံရသူ ဖြစ်တယ်။ ဒီအချက်တွေကြောင့် ဆရာဆိုသူကသာ လူတော်လူကောင်း လူရည်ချွန် လူရည်မွန်များ မွေးထုတ်ပေးနိုင်သူဖြစ်ပြီး နိုင်ငံသာယာဝပြောစေတာမို့ **"ဆရာကောင်းတပည့်၊ ပန်းကောင်းပန်"**ဆိုတဲ့ မြန်မာ့ဆိုရိုးစကား ရှိလာခဲ့တာပေါ့ သမီးရယ်။

မေမေ့သမီးကိုလည်း စာသင်ပေးရုံသက်သက် အမည်ခံဆရာမ မဖြစ်စေဘဲ၊ တပည့်တွေရဲ့ အနာဂတ်ဘဝ လုပရေးအတွက် မီးမောင်းထိုး လမ်းညွှန်ပေးနိုင်သူ၊ တင်းပြည့်ကျပ်ပြည့် ဆရာစစ်စစ်အဖြစ် ရပ်တည် နေစေချင်ပါတယ်။ စာသင်ကြားပေးရုံနဲ့ တာဝန်ကျေပြီလို့ မယူဆဘဲ၊ စာသင်ကျောင်းဆိုတာ စာသင်ဖို့သာမက လူကိုပါ ပြုပြင်တဲ့ ဌာနအဖြစ် ခံယူတာတဖို့ လိုတယ်။ **"နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း၊ ဝမ်းတွင်းမသို၊ ဟုတ်တိုင်းဆို၍၊ ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ၊ ဆရာဟူလော့"**ဆိုတဲ့ အတိုင်း၊ ဆရာပီသတဲ့ ဆရာတစ်ဦးအဖြစ် ရပ်တည်နိုင်ပါစေ။

တပည့်များက ကျောင်းဆရာဆိုတာ၊ မိဘရင်းရဲ့ ရင်ခွင်ထက် အင်မတန် ပိုကျယ်ပြန့်ပြီး၊ နားခိုစရာလို့ မှတ်ယူလက်ခံထားကြတာမို့၊ ဆရာတပည့်ဆက်ဆံရေးလည်း အလွန်အရေးကြီးတယ်။ တပည့်များ အတွက် လေးစားကြည်ညိုထိုက်တဲ့ စံပြပုဂ္ဂိုလ်အဖြစ် ဝတ်စားဆင်ယင် နေထိုင် ပြောဆို ပြုမူ သွားလာရပါမယ်။ ချိုသာယဉ်ကျေးတဲ့ ဆက်ဆံရေးပဲ ဖြစ်သင့်ပါတယ်။ ကိုယ်ကျင့်တရားမှာလည်း မှည့်တစ်ပေါက် အစွန်းအထင်းမရှိ စံပြဖြစ်အောင် ကြိုးစားရပါဦးမယ်၊ ဒါတွေကို ဘာကြောင့် ပြောရသလဲဆိုရင် အနာဂတ်ရင်သွေးငယ်များနဲ့ လက်ပွန်းတတီး ဆက်ဆံ သွန်သင်ရာမှာ သမီးတို့ ကျောင်းဆရာမတွေဟာ အခြေခံဖြစ်ပြီး အဓိက လည်း ကျနေလို့ပါပဲ။ တပည့် ယမင်းရုပ်လေးတွေ ဖြစ်လာအောင် ဆရာတွေက ထုဆစ်ကြရတာယ် မဟုတ်လား။

တပည့်ကျောက်ရိုင်းလေးတွေကို အဖိုးတန်ကျောက်မျက်တစ်ပွင့် ဖြစ်အောင် ဆရာတွေက သွေးပေးကြရတာပါ။ ကိုယ့်လူမျိုး ကိုယ့်ယဉ်ကျေးမှုနဲ့ ကိုယ့်တိုင်းပြည်ကို ချစ်မြတ်နိုးတတ်အောင် သွန်သင်ပြုပြင်

www.burmeseclassic.com

www.burmeseclassic.com



ပုံသွင်းရတဲ့ သမီးတို့ကျောင်းဆရာမရဲ့ တာဝန်များကို စာစီဖွဲ့လို့ မကုန်နိုင်ပါဘူး။ "**သုဘာသိတာစ ယဝါစာ**"တဲ့။ "**ချိုသာသောစကား ရွှင်ပြုံးသော မျက်နှာထားဖြင့် ပြောဆိုခြင်းသည် မင်္ဂလာတစ်ပါး**" ဖြစ်လို့မို့ "**မြတ်သောနှလုံးသားပိုင်ရှင်**"ဖြစ်ဖို့ ဒါတွေလည်း ပါဝင်နေပါသေးတယ်။ ဒါအပြင် အခြေခံအုတ်မြစ်ဖြစ်တဲ့ "**စိတ်ဓာတ်၊ စည်းကမ်း၊ စာရိတ္တ သုံးဌာန ကောင်းမွန်ပြည့်စုံခြင်း**"ဆိုတာကိုလည်း မေ့ထားလို့ မရပြန်ဘူး။

"**မိဘများက သင့်အား အသက်ကို ပေးသည်၊ ဆရာများက သင့်အား အနာဂတ်ကို ပေးသည်**"ဆိုသလို ယနေ့ လူငယ်ကျောင်းသားများ၏ အနာဂတ်ကို အကောင်းဆုံးဖြစ်အောင် ဖန်တီးပေးတဲ့ စွမ်းအားရှင်ဟာ သမီးတို့ ကျောင်းဆရာတွေအပြင် ဘယ်သူရှိနိုင်ဦးမှာလဲ။ သက်ရှိကုန်ကြမ်း လူသားလူငယ်များကို အချောထည်ဖြစ်အောင် ပြုပြင် ပြောင်းလဲပေးနေတဲ့ ပီတိစားပုဂ္ဂိုလ်အဖြစ် မေမေ့သမီး ကျောင်းဆရာမဘဝကို မေမေ ဂုဏ်ယူပျော်ပါပြီ သမီး။

သမီးကိုယ်တိုင်လည်း ဆရာ့ကျင့်ဝတ်သိက္ခာကို ခါးဝတ်ပုဆိုးလို မြဲမြဲအောင်ဝတ်ပြီး လက်ရှိရယူပိုင်ဆိုင်ထားတဲ့ ဆရာဘဝကို မြတ်နိုးတန်ဖိုးထားတတ်ဖို့၊ ကျေနပ်ပီတိဖြစ်ဖို့ လိုအပ်တယ်နော်။ အချိန်ကျလို့ ကျောင်းသွားရပေမယ့် ရွှင်လန်းတက်ကြွမှုမရှိ၊ စာမဖတ် မလေ့လာ၊ ခေတ်ပြောင်းလဲမှု မသိ၊ ကြိုးစားမှု မရှိရင်တော့ အသက်မဲ့လို ဖြစ်မှာ မေမေ စိုးရိမ်ပါတယ်။

"**ကျားသေရင် ကျားသားရေ ကျန်ခဲ့တယ်။ လူသေရင် နာမည် ကျန်ခဲ့ရမယ်**"ဆိုတဲ့ ဆိုရိုးစကား ရှိတယ်ကွယ့်။ ပြီးတော့၊ ကျောင်းဆရာဆိုတာ ထာဝရ ကျောင်းသားကြီး ဖြစ်တယ်။ စာများများ ဖတ်ရမယ်။ စာဖတ်ဝါသနာ မပါဘဲ ကျောင်းဆရာကောင်း မဖြစ်နိုင်ဘူး။ "**ရေနဲ့ ကြာ တွဲလျက် တင့်တယ်**"သလို ဆရာနဲ့ စာတွဲလျက်မှ တင့်တယ်တော့ မှာပေါ့။ ဂျူးလူမျိုးရဲ့ စကားပုံတစ်ခုမှာ "**စာအုပ်နဲ့ ရွှေ လွတ်ကျသွားရင် စာအုပ်ကို အရင်ကောက်ပါ။ ပြီးမှ ရွှေကို ကောက်ပါ**"တဲ့၊ သမီး ကိုယ်တိုင် သတ္တိရှိလို့ ကျောင်းဆရာမ ဖြစ်ခဲ့ပြီပဲ၊ စာဖတ်ဖို့ အလှည့်ကျတော့ မနွဲ့စတမ်းပေါ့နော်။



နောက်တစ်ချက်ကတော့ မိမိကိုယ်တိုင် ဆရာအဖြစ် ခံယူထားပေမယ့် မိမိအသိသည် အတတ်ပညာကို သင်ကြားပေးလာရင် တပည့်အဖြစ် တစ်လှည့်ပြန်ခံယူနိုင်ဖို့လည်း အရေးကြီးသေးတယ်။ တပည့်ကောင်း၊ တပည့်တော်တွေကို မွေးထုတ်ပေးနိုင်ဖို့ မိမိကိုယ်တိုင် တပည့်ကောင်း ဖြစ်နေဖို့ လိုအပ်တယ် သမီးရယ်၊ မေမေ့မှာတမ်းရှည်ကတော့ ဆုံးခန်းတိုင်နိုင်လိမ့်မယ် မထင်ဘူး။ သမီး ငြီးငွေ့နေပြီလား။

သမီးမှာ ဆရာအတတ်သင် အောင်လက်မှတ် ရှိပြီးသူပါ။ ဆရာအတတ်သင်တန်းမှာ ဆရာ/ဆရာမများက ပညာရေးပိုင်းဆိုင်ရာ သာကေတွေအပြင်၊ ဘဝမှာ တွေ့ကြုံရမယ့် လောကဓံ ရိုက်ခတ်မှုအပေါ် ရင်ဆိုင်ဖြေရှင်းနိုင်မယ့် နည်းလမ်းကောင်းများတွေကိုလည်း သင်ကြားပို့ချပေးခဲ့ကြပြီးပါပြီ။ ပညာရေးဌာနမှာ လုပ်သက် ၁၀–စုနှစ်တစ်စု ရှိလာပြီဖြစ်တဲ့ သမီးအဖို့ ဝန်ထမ်းကာလ မနည်းတော့ပြီမို့ အတွေ့အကြုံမျိုးစုံ ရင့်သန်နေလောက်ပါပြီလေ။ ဒါပေမယ့် "**ပညာရှိ သတိဖြစ်ခဲ**"ဆိုသလို အမှားမရှိအောင် မေမေက စေတနာမေတ္တာနဲ့ မှာနေရခြင်းရယ်ပါ။

အရေးအကြီးဆုံးအချက်ကတော့ မျက်မှောက်ကာလမှာ ပညာရေးဖြင့် ခေတ်မီတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်နေချိန် ဖြစ်တယ်။ အရှိန်အဟုန်နဲ့ လျင်မြန်လွန်းစွာ ပြောင်းလဲဖြစ်ပေါ်လာနေတဲ့ ကမ္ဘာကြီးရဲ့ စိန်ခေါ်မှုတွေအမျိုးမျိုးကို ရင်ဆိုင်ကျော်လွှားဖို့ ပညာကသာ အောင်အောင်မြင်မြင် ဖြေရှင်းပေးနိုင်မယ်။ ပညာခေတ်ရဲ့ စိန်ခေါ်မှုကို ရင်ဆိုင်အနိုင်ယူဖို့ဆိုတာမှာ ပညာဗဟုသုတများအပြင်၊ ခေတ်နဲ့အညီ တွေးခေါ်မြော်မြင်ဆင်ခြင်တုံတရား ရှိနေဖို့ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်မယ့် ပညာရှင်များ လေ့လာဆည်းပူးဖို့တို့လည်း အထူးလိုသေးကြောင်း မီးမောင်းထိုးပြလိုပါတယ် သမီး။

www.burmeseclassic.com

www.burmeseclassic.com



ကဲ ... ဆရာ့တာဝန်ဟာ ဘယ်လောက်ကြီးပြီး ဘယ်လောက် အရေးပါကြောင်းတို့ကို သမီး သိနေလောက်ပြီဖြစ်လို့ နိဂုံးချုပ်အနေနဲ့ ဆရာ လယ်တွင်းသားစောချစ်ရဲ့ မှတ်သားစရာ စာတစ်ပိုဒ် လက်ဆောင် ပါးရင်း မေမေ့စာကို အဆုံးသတ်ရပါတယ်။

"အကြွင်းသူသည် အမြင့်မြတ်ဆုံး ဥယျာဉ်မှူး ဖြစ်၏။
အကြီးကျယ် ဆုံး ဗိသုကာ ဖြစ်၏။
အနစ်နာအခံနိုင်ဆုံး လုပ်သားလည်း ဖြစ်၏။
စေတနာအကောင်းဆုံး အလှူရှင်လည်း ဖြစ်၏။
သို့သော် ပစ္စည်းဉစ္စာ မချမ်းသာ။
ထိုသူကား ဆရာပင်တည်း။
ပန်းမြိုင်လယ်မှ ဥယျာဉ်မှူး များပင်တည်း။"

ဒေါ်နန်းမြစိန် (မြို့နယ်ပညာရေးမှူး)
တောင်ကြီးမြို့နယ်။

❀ ❀ ❀ ❀ ❀

▲ <u>အာစရိယတွင် ရှိရမည့် "စ"ငါးလုံး။</u>

၁။ စိတ်ဓာတ်ကောင်း ရှိရမည်။
၂။ စေတနာကောင်း ရှိရမည်။
၃။ စာရိတ္တကောင်းပြီး စည်းကမ်းရှိရမည်။
၄။ စာပတ်ဝါသနာ ရှိရမည်။
၅။ စိစစ်ဝေဖန်ရေး ရှိရမည်။

▲ <u>အာစရိယ ရှောင်ရမည့် "အ"ငါးလုံး။</u>

၁။ အဂတိတရား လေးပါးကို ရှောင်ရမည်။
၂။ အရှက်တရား မရှိသည့် အလဇ္ဇီဖြစ်ခြင်းမှ ရှောင်ရမည်။
၃။ အချောင်နိုမှုကို ရှောင်ရမည်။
၄။ အစွန်းရောက်မှုကို ရှောင်ရမည်။
၅။ အသပြာလောဘ လွှမ်းမိုးမှုကို ရှောင်ရမည်။

## မွေခံထိုက်ပါစေ

အောင်ညိုလုံး (ချောက်ကြား)

တာဝန်ရှိသူများ၊ လုပ်ငန်းတစ်ရပ် လွှဲပြောင်းပေးချိန်၌ လူ, ပစ္စည်း, ငွေကြေးနှင့် စာရင်းဇယား မှတ်တမ်းတွေကို လွှဲပေးခြင်း၊ လက်ခံခြင်း ပြုရပါသည်။ ထိုတွင် လက်ခံရယူသူအတွက် ကျေနပ်နှစ်သက်စရာ အကောင်းတွေနှင့်အတူ၊ မကျေနပ် မနှစ်သက်စရာ အဆိုးတွေလည်း ပါဝင်တတ်ပါသည်။ မိမိစိတ်ဆန္ဒအရ အကောင်းကိုသာ ရွေးလက်ခံပါမည်။ အဆိုးကိုတော့ လက်မခံလိုပါဟု ငြင်းပယ်၍ မဖြစ်နိုင်ပါ။ အလုပ်သဘောအရ အကောင်းရော အဆိုးပါ ရောပြွမ်းလက်ခံလိုက်ကြရပါ၏။ ဤသည်ကိုပင် ကောင်းမွေဆိုးမွေ ဆက်ခံကြရခြင်းဟု ပြောဆိုတတ်ကြပါသည်။

သို့သော် မိဘတို့က သားသမီးများကို အဆိုးမပါဘဲ အကောင်းချည်းကိုသာ လွှဲပြောင်းခွဲဝေပေးလေ့ ရှိကြ၏။ မကောင်းရှိခဲ့လျှင်သော်မှ သားသမီးတို့ကို မပေးလိုတတ်ကြပါ။ မိမိတို့အတွက် ဖယ်ထားတတ်ကြသည်။ အမှုအစပ် မစားနိုင်သည့် သားသမီးများအတွက် ဟင်းဖတ်မှာ ငရုတ်သီးဖတ် ကပ်နေသည်ကိုပင် ပါးစပ်ဖြင့် ဖယ်ရှားပြီးမှ ခွံ့ကျွေးပေးကြပါသည်။ ဤသည်ပင် မိဘက သားသမီးအပေါ် ထားရှိသော အနန္တမေတ္တာ၏ ပြယုဂ်တစ်ခု ဖြစ်၏။

မိမိတို့ ခွဲဝေပေးသော ငွေကြေး, ဉစ္စာပစ္စည်းတစ်ခုခုဖြင့်၊ သားသမီးများ အဆင်ပြေပါစေ၊ လောက်လောက်ငငရှိပါစေ၊ တစ်ထောင့်တစ်ကွေးမှ အထောက်အကူပြုပါစေ ... ဆိုသော စေတနာစိတ်ဓာတလည်း

www.burmeseclassic.com

www.burmeseclassic.com



ရှည်လျားလွန်းလှပါသည်။ သားသမီးတွေ အလုပ်အကိုင်နှင့် ဟန်ကျပန်ကျ နေထိုင်စားသောက်နိုင်ကြလျှင် ပီတိတွေ ဝေဖြာနေကြ ပါသည်။

"တို့တော့ ... သူတို့အတွက် ဘဝင်အေးပြီဟ။ အခုမှပဲ အသက်ရှူ ချောင်တော့တယ်။ သေမယ်ဆိုရင်လဲ သေပျော်ပါပြီ"... ဟူ၍ ပြောဆို တတ်ကြသလို၊ သားသမီးတွေ အဆင်မပြေ အလုပ်မဖြစ်ကြဘူးဆိုလျှင် "ငါဖြင့် ... အကြီးကောင်အတွက် စိတ်ပူလှတယ်။ အငယ်ကောင်အတွက် စိတ်မချလို့ တစ်ရေးမှ အိပ်မပျော်ဘူး။ ခုနေများ သေသွားရင် သေလမ်း ဖြောင့်မှာ မဟုတ်ဘူး" ... စသည်ဖြင့် ညည်းတွားလေ့ ရှိတာဝကြပါသည်။

လူသည် သေမျိုးဖြစ်၍ သားသမီးအပေါ် သံယောဇဉ်ကြီးမားလှကာ စိတ်မချနိုင်သည့် မိဘများသည်လည်း အချိန်တန်လျှင် ပိုင်ဆိုင်မှုတွေ အားလုံးကို စွန့်ခဲ့ရပြီး၊ သေမင်းခေါ်ရာသို့ လိုက်ပါသွားကြရမြဲဖြစ်၏။ ဘာပစ္စည်းမှ မယူဆောင်သွားနိုင်ကြဘဲ၊ ခြေလက်ဗလာဖြင့် ဤ လူ့လောက ကြီးမှ ထွက်ခွာသွားကြရစမြဲပါ။

အချို့မိဘများမှာ ပင်ပန်းဆင်းရဲစွာ အသက်မွေးဝမ်းကျောင်းပြု နေရာက၊ ရုတ်တရက် ဆုံးပါးသွားကြရ၏။ သားသမီးအတွက် မည်သည့် အမွေကိုမျှ ချန်မထားနိုင်ခဲ့။ မည်သည့်ဆုံးမစကားကိုမျှလည်း မမှာကြား နိုင်ခဲ့ကြပါ။ သို့သော် ကျန်ရစ်သူ သားသမီးများအနေဖြင့် မိဘအမွေ မကျန်ရှိချင် နေပါစေ၊ မိဘဟူသော အရိပ်ကြီး ပြိုလဲဆုံးရှုံးမှုကြောင့် ရင်နှင့်အမျှ ခံစားဆွေးမြည့်ကြရပါသည်။ အစားထိုးမရနိုင်တော့ပြီလေ။

ရွှေငွေမလို မိဘအသက်ပြန်ရှင်လာခြင်းကိုသာ လိုလားကြသည်။ မိဘ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊ မိဘအရိပ် ခိုလှုံနေရလျှင်ပင် ကျေနပ်နိုင်သူတို့ ဖြစ်ပါ၏။ မရှိအေးအေး ရှိအေးအေး၊ ဆင်းရဲ ချမ်းသာ ပမာမထား မိဘကို စိုးစဉ်းမျှ မငြိုငြင်ဘဲ၊ စေတနာမပျက် သဒ္ဓါမကွက် ကိုယ့်လက်ကိုယ်ခြေတို့ဖြင့် ရှန်းကန်ရှာဖွေရသမျှအထဲက စားဦးစားဖျား ကို ချွေးစိုလက်ဖြင့် ရိုသေစွာ ပေးဆက်ကျွေးမွေး စောင့်ရှောက်နေသူ တွေလည်း ရှိကြပါသည်။



အချို့ကား ထိုသို့မဟုတ်၊ မိဘအမွေများစွာ ချန်ထားခဲ့ရာ၌ "တိုက်ကိုရမှ၊ ခြံကိုရမှ၊ ကားကိုရမှ၊ အတွင်းပစ္စည်းကို ဘယ်လိုခွဲမှ" စသည်ဖြင့် မိဘအလောင်း မြေမချမီမှာပင် ညှိနှိုင်းမရ၊ ခွဲဝေမှု မမျှတ ကြ၍ တုတ်တစ်ပြက် ဓားတစ်ပြက်နှင့် အရှက်ကွဲခဲ့ကြရသော ဆွေမျိုး မောင်နှမတွေလည်း ရှိကြ၏။ ညှိနှိုင်းစေ့စပ်ပေးမှုကြောင့် ယာယီ အဆင် ပြေသော်လည်း ခွဲဝေရယူပြီးကြသည့်နောက်တွင်၊ တစ်ဦးနှင့်တစ်ဦး မေးထူး ခေါ်ပြောပင် မရှိကြတော့ဘဲ၊ တစ်ဦးမျက်နှာ တစ်ဦး မကြည့်ချင်၊ ဆွေစဉ် မျိုးဆက် ပြတ်သွားကြသူတွေ၊ အမွေ၏ မွေနောက်မှု ခံသွားကြရသူတွေ များလှ၏။ ကျေးဇူးရှင်မိဘနှစ်ပါးအတွက် ကောင်းမှု အမျှအတန်းပေးဝေဖို့ ဆိုသည်ကို လုံးဝသတိမရကြတော့ဘဲ၊ ကိုယ့်အမွေထုပ်နှင့် ကိုယ့်ဘဝ ကိုယ့် ဖာတ်ထုပ်ကို အပိုင်ကမည်ဟု သူ့ထက်ငါ အပြိုင်ကြိုးပါးသွားကြသော်လည်း လမ်းခုလတ်မှာပင် ဖာတ်ခေါင်းကွဲ သွားကြရပါသည်။

အချို့သော မောင်နှမ မိသားစုများကျတော့ သိမ်မွေ့ညင်သာကြသည်။ ဥစ္စာပစ္စည်းရလိုမှုကို ရေ့တန်းမတင်၊ အတုံ့အတင် ကျေးဇူးတရားကို အလေးထားကြသည်။ "ကျိုး ဘုတ်ရှိသေ၊ ဘုတ် ကျိုးရှိသေ" ထုံးကို နှလုံးမူကြ၏။ အကြီးလုပ်သူကလည်း အကြီးဟူသော ဂုဏ်ကို မထိခိုက် အောင် ထိန်း၏။ အငယ်တွေကလည်း အကြီးအပေါ် မကျော်မလွှား အပြုန်အလှန် ရှိသေလေးစား လိုက်နာ လက်သင့်ခံကြသည်။ အမွေထက် ဆွေမျိုးဂုဏ် မပျက်စေရန် အလေးထားကြ၏။ အမွေခွဲပြီးသည်ကိုပင် လူမသိလိုက်ကြရဘဲ၊ မည်သည့်အသံမျှမထွက်၊ စိတ်ချမ်းသာဖို့ ကောင်းလှ ပါသည်။

"အစ်ကိုကြီးကပဲ ကျွန်တော်တို့ အငယ်တွေအပေါ် အနစ်နာခံခဲ့တာ။ အစ်ကိုကြီး ကောင်းသလိုသာ စီမံပါ"

"အဖေတို့ အမေတို့ မရှိကတည်းက အစ်မကြီးကပဲ စောင့်ရှောက် လာခဲ့တာဆိုတော့၊ အခုကိစ္စမှာလဲ အစ်မကြီးကပဲ ဦးဆောင်စီစဉ်ပေးပါ။ အားလုံး လက်ခံကျေနပ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ အမြင်လည်းလှ၊ နားဝမှာလည်း ချို၊ အပိုစကား အငြင်းပွါးမှုတွေ မရှိကြသော မောင်နှမများလည်း ရှိတော့ ရှိကြ၏။ ရှားလှပါသည်။ ထိုမောင်နှမတို့၏ အဖေအမေများကို ကျွန်တော့်စိတ်ကူးထဲမှာ အတွေးပုံဖော်ကြည့်ခဲ့ဖူးပါ၏။ ကြာတော့လည်း ကြာခဲ့ပါပြီ။

အချို့ကျတော့လည်း ပုံစံတစ်မျိုးပါ။ "ကိုယ်နဲ့ထိုက်လို့ ကိုယ်ရတာ။ အပိုတွေ ဘာမှ မပြောနဲ့။ သူတို့ဟာသူတို့ မသေခင်တုန်းက လှူဒါန်းနိုင်ရဲ့သားနဲ့ မလှူဒါန်းခဲ့တာ၊ ခုမှ ကျုပ်တို့က ဘာလှူပေးစရာလိုလဲ။ ဘာမှ လှူမနေနဲ့၊ ကျုပ်တို့ ရသင့်တာ အကုန်ပေး။ ကျန်တာတော့ ခင်များတို့ကြိုက်သလို လုပ်ကြ။ ကျုပ်တို့ သိလဲ မသိချင်ဘူး။ ပါလဲ မပါချင်ဘူး"

"မဟုတ်သေးပါဘူးကွာ။ ဒီအမွေဆိုတာ အဖေအမေတို့က တို့မောင်နှမတွေအားလုံးအတွက် ချန်ထားခဲ့တာပါ။ ဒီလို ချန်ထားခဲ့နိုင်အောင် သူတို့ထင်တိုင်း မသုံးမဖြုန်းခဲ့ကြလို့ပေါ့။ အမွေ မခွဲဝေခင်၊ တချို့ကိုဖယ်၊ သူတို့ တည်ခဲ့တဲ့ ရွာတောင်ဘက်က ဘုရားကို ရွှေသင်္ကန်းကပ် ရောင်တော်ဖွင့်ပြီး၊ ကုသိုလ်အမျှ ဝေပေးကြရင်၊ တို့ ကျန်ရစ်တဲ့ သားသမီးဝတ္တရားကျေတာပေါ့။ လှူမှုဝေရှုလို့ ဆိုတယ် မဟုတ်လား"

"ဘယ်လောက်ကုန်ကုန် မကုန်ကုန်၊ လှူချင်ရင် ခင်များတို့ ဝေပုံကျထဲကပဲ လှူကြ။ ကြိုက်သလောက်လှူ။ ကျုပ်တို့ ဘာမှ မပြောဘူး။ အေး– ကျုပ်တို့ထဲကတော့ မထိနဲ့။ မြန်မြန်ခွဲပေး"

အစုန်အဆန်သဘောကို မှတစွာ နားမလည်သူများ၊ နားလည်ပါလျက်အဆန်မတက်ချင်သူများသည် တစ်ဖက်သတ် ခြေစုံကန် ငြင်းခုံတတ်ကြ၏။ "မိဘသေ အမွေရ" ဆိုစကားကို အသေမှတ်ကာ၊ ကိုယ့်ရပိုင်ခွင့်အမွေဖြင့် လူနေလှလှ ဘဝသစ်ကို စချင်တတ်ကြ၏။ ထိုထိုသားဆိုးသမီးမိုက်တို့၏ လက်ထဲ၌ မိဘအမွေသည် ကြာရှည်မနေ၊ ရင်းနှီးမတည်၍လည်းအညွန့်မထွက် အခက်မဝေ၊ လှုပ်လေမြုပ်လေ ဖြစ်ကာ ဘဝတစ်လျှောက်လုံးအဆင်မပြေ၊ လုံးပါး,ပါးသွားခဲ့ကြသူတွေလည်း ဒုနှင့်ဒေး ရှိကြသည်။



မိဘများအနေနှင့်မူ ငွေအသုံးလို၍ ဥစ္စာပစ္စည်း ထုခွဲရောင်းချရတော့မည်ဆိုလျှင် "သားကြီးအတွက် ဘာလိုသေးတယ်။ သမီးကြီးမှာတော့ ဘာမရှိသေးဘူး။ သားငယ်က ပညာသင်နေတုန်း။ ဒီအတိုင်း ရောင်းချသုံးပစ်လိုက်လို့ မဖြစ်သေးပါဘူး" စသည်ဖြင့် ချင့်ချိန်တိုင်းဆကာ လက်နှေးတွန့်ဆုတ်တတ်ကြ၏။ တတ်နိုင်လျှင် အထုပ်အထည်ကို မဖြည်ချင်ကြပါ။ ကလေးတွေအတွက် အရင်းအနှီးလေး ဖြစ်ပါစေတော့၊ သူတို့ အသက်ရှုချောင်ကြပါစေတော့ဟူသော စေတနာရှေ့သွားပြီး စိတ်အထိန်းအကွပ်ကြောင့် ဗုန်းပေါလအောမသုံး၊ စိစစ်သုံးစွဲလေ့ ရှိကြ၏။ ကျန်ရှိသမျှကိုကျစ်ကျစ်ပါအောင် ထုပ်ကာ သိမ်းထားတတ်ကြပါသည်။ ကွယ်လွန်သော်အမွေထုပ် ကျန်ရစ်တော့သည်။

ထိုအမွေပေါ် သားသမီးအားလုံးက အမြင် မတူညီကြပါ။ သဘောထားလည်း ထပ်တူကျခဲလှ၏။ အမွေနှင့် ပတ်သက်ပြီး အသံ ကျယ်လောင်စွာထွက်လာတတ်သည်သာမက၊ ရင့်သီးမှုများ ရောစွက်လာတတ်၏။ အမွေကြောင့် ဆွေမျိုးမောင်နှမဟူသော ဝါးအစည်းလည်း ပြေလျော့သွားခဲ့ရ၏။ သူ့ဘက်ကိုယ့်ဘက် ပါလာကြသော သူစိမ်းမိန်းမ ယောက်ျားတွေကလည်း မြှောက်ထိုးပင့်ကော် လုပ်တတ်ကြသေး၏။ သို့ကြောင့် သူထက်ငါဦးအောင်ခိုးကြဝှက်ကြ၊ ကဲ့ယူလိမ်ညာကြ၊ အနိုင်ကျင့်ကြဖြင့် အမွေလုပွဲကြီး ဖြစ်ပွါးကြရသည်။ ထွက်ပေါ်လာသော စကားများကလည်း ကိုယ့်စရိုက်နှင့်အလိုက် အဓိပ္ပါယ်ဖွင့်ဆိုကြသည်မို့ နားဝင်မချိုလှပါ။

"ကိုယ့်ကုသိုလ်နှင့် ကိုယ် ဖြစ်လာတာ"

"ကိုယ်နဲ့ထိုက်လို့ ကိုယ်ရတာ"

"စားရက်ကြဲလို့ မှတ်ဆိတ် ပျားလာစွဲတာ"

ရင့်သီးရိုင်းပျလွန်းသော ထိုစကားမျိုးတို့ကို နားနှင့်ဆတ်ဆတ် ကြားခဲ့ရဖူးပါသည်။ အမွေနှင့် ပတ်သက်၍ ရုပ်ဆိုးအကျည်းတန် မြင်ကွင်းမျိုးကို မတွေ့မြင်ချင်ပါ။ သို့သော် ထိုမြင်ကွင်းမျိုးတွေသာ များသည်ထက်များပြားတိုးပွါးလာနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မိဘဂုဏ်ကို ခြုံကာပြီး မိရိုးဖလာ ခိုလှုံလျက် လူဖြစ်လာကြသူများအနေဖြင့်၊ မိဘဂုဏ်ကျေးဇူးကို ကျယ်ကျယ်ပြန့်ပြန့် နက်ရှိုင်းစွာ သိနားလည်ကြသူတွေ၊ ပေးဆပ်နိုင်ကြသူတွေ ဖြစ်စေချင်လှန်းလှ၏။ ထိုသို့သော အမွေလုပ္ပံကြီးမျိုးတွင် ကျွန်တော်တို့ သားသမီးတွေ ပါဝင်နေမည်ဆိုပါက၊ နောင်တမလွန်ဘဝမှာ ကျွန်တော်တို့ သာဓုသုံးကြိမ် ခေါ်နိုင်ဖို့မှာ မသေချာလှပါ။ ကျွန်တော်တို့ တစ်ခုခုကိုတော့ လုပ်ဆောင်ပေးကြရပါတော့မည်။

ပစ္စည်းအမွေထက် အသိအလိမ္မာအမွေကို ဆက်ခံထိုက်အောင် လေ့ကျင့်ပေးသင့်သည်ဟု ယူဆမိပါသည်။

သို့ဆိုလျှင် ကျွန်တော်တို့ သားသမီးအပါအဝင်၊ သူတို့နှင့် အရွယ်တူ လူငယ်တွေအားလုံးကို ကျွန်တော်တို့ငယ်ငယ်ကလို၊ ဘုန်းကြီးကျောင်း ပို့ပြီး ဘာသာယဉ်ကျေးမှုများ အစပြုလို့ ပြန်သင်ခိုင်းရမည်လား။ မဖြစ်နိုင်။ ဘယ်သူမှ ဘုန်းကြီးကျောင်းသို့ မသွားချင်ကြ။

ညအိပ်ရာမဝင်မီ ကျွန်တော်တို့ လက်မောင်းပေါ် ခေါင်းတင် မှေးခိုင်းပြီး ဗုဒ္ဓဝင် မဟာဝင် ဇာတ်နိပါတ်တော်တွေကို စီကာပတ်ကုံး ပြောပြပေးရင်ကော။ ဒါလည်း မဖြစ်နိုင်။ သူတို့ နားမထောင်ချင်ကြတာထက်၊ ကျွန်တော်တို့ ကိုယ်တိုင်က ပုံပြောချိန် မရကြ။ သူတို့ အိပ်ရာဝင်ချိန်ရောက်မှ ကျွန်တော်တို့ အိမ်ပြန်ရောက်ကြသည်က များနေချေသည်။

သို့တည်းမဟုတ်၊ ကျောင်းတွေမှာ သင်ပေးနေသည့် စာရိတ္တအချိန်တွေကို ပိုတိုးခိုင်းပြီး၊ ဆရာ ဆရာမတွေကိုပဲ အားကိုးပြု သင်ခိုင်းရင်ကော ...။ ဒါတော့ ဖြစ်နိုင်သလိုလိုပါပဲ။

ဒါပေမယ့် ဆရာ ဆရာမတွေကိုယ်တိုင် အပတ်စဉ်စစ်ဆေးမှု၊ လစဉ်စစ်ဆေးမှု၊ ကြိုတင်စစ်ဆေးမှုတွေအတွက်၊ မေးခွန်းထုတ်ရ၊ အဖြေလွှာစစ်ရ၊ အမှတ်သွင်း၊ အဆင့်တွေရှာရနှင့် တစ်ဖက်ကလည်း သတ်မှတ်ချိန်တွင်း သင်ရိုးကုန်ဖို့ကိုတောင်၊ စာရိတ္တအချိန်ထဲက ဖဲ့ယူပြီး သူ့ဘာသာ ကိုယ့်ဘာသာ လုသင်နေကြရတော့၊ လွယ်တော့ သိပ်မလွယ်ကူလှပါ။



ပြီးတော့ ဇာတကတွေ၊ နိပါတ်တော်တွေ၊ ပုံပြင်တွေ ရောထွေးကုန်မှာကိုလည်း စိုးရိမ်ပြန်သေးသည်။ အခြားနည်းလမ်းတစ်ခုခုတော့ဖြင့် ရှိနေနိုင်မည်ကို မျှော်လင့်မိ၊ တွေးမိ၊ စီစဉ်နိုင်မည့် ဉာဏ်ကြီးရှင် စေတနာရှင် မေတ္တာရှင်တို့ကို တောင့်တနေမိသည်ကတော့ အမှန်ပင် ဖြစ်၏။

ကျွန်တော်သည် အငြိမ်းစား အ.ထ.က ကျောင်းအုပ်ဆရာကြီး တစ်ဦးသာလျှင် ဖြစ်၍၊ တွေးတောမိသမျှ စေတနာအရင်းခံဖြင့် တင်ပြလိုက်ရခြင်းပါ။ ကျွန်တော်လည်း ဆက်လက် စဉ်းစားကြည့်လိုက်ပါဦးမည်။ အတွေးကောင်း ပေါ်လာလျှင်တော့ ...။

အောင်ညိုလုံး (ချောက်ကြား)

❀ ❀ ❀ ❀ ❀

**စိတ်ထားတတ်ပါ။**

▲ မိဘ သက်ရှိထင်ရှားရှိစဉ်၊ မှုတာစွာ ခွဲဝေပေးသော အမွေကို ကြည်ဖြူလေးမြတ်စွာ ခံယူပါ။ ရသမျှသည် နိုင်မြဲပါစေ၊ တိုးပွါးပါစေ၊ တန်ကြေးတက်ပါစေဟုသာ ဆုတောင်းပါလေ။ မိဘနှစ်ပါး စိတ်ညှိုးနွမ်းကိုယ်ပင်ပန်းအောင် မပြုလေနှင့်။ စိမ်ရေသင့်တတ်သည်။

▲ "ကျေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လှူမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ" ဆိုသည့်အတိုင်း၊ မိဘများ လွန်ခဲ့သော်၊ အမွေဆက်ခံရုံမျှသာ မဟုတ်၊ ရည်စူးကုသိုလ် ဒါနပြုလျက်၊ အမျှအတန်း ပေးဝေရန်လည်း တာဝန်ရှိသည် မှတ်ပါလေ။

ဒေါက်တာအောင်ကျော် (သွား/ဆရာဝန်)

www.burmeseclassic.com

www.burmeseclassic.com

# ကိုယ်တွေ့ ကိုယ့်အတွေး ကိုယ့်အမြင်

ဦးရွှေမန်း (လ/ထမြို့နယ်ပညာရေးမှူး)
တောင်ကြီးမြို့နယ်။

ကိုယ်တွေ့၊ ကိုယ့်အတွေး၊ ကိုယ့်အမြင် ကျွန်တော် ပြောချင်ပါတယ်။ ကျွန်တော်ဟာ ပညာရေးဝန်ထမ်းတစ်ဦး ဖြစ်ပါတယ်။ ပညာရေးဝန်ထမ်း ဆိုတော့ လူသားတွေကို ပြုစုပျိုးထောင်ပေးသူ ဖြစ်တယ်။

လွန်ခဲ့တဲ့ ၃၇-နှစ်ကျော်ကာလလို့ ဒီနေ့အထိ ကိုယ်တွေ့ပေါ် အခြေခံပြီး ပြောမှာ ဖြစ်ပါတယ်။ အဲဒီအချိန်တုန်းက အသုံးလုံးလျှပ်ရှားမှု ကျယ်ကျယ် ပြန့်ပြန့် ထိထိရောက်ရောက် တိုင်းပြည်နဲ့အဝှမ်း လုပ်ဆောင်နေကြတဲ့ အချိန် ဖြစ်တယ်။ အခြေခံပညာကျောင်းသား ကျောင်းသူများ၊ တက္ကသိုလ် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ တက်တက်ကြွကြွ လုပ်ဆောင်ကြတယ်။ ကျွန်တော်က မကွေးကောလိပ်မှာ တက်ရောက် ပညာသင်ကြားနေချိန် ဖြစ်ပြီး၊ ကျိုက်လတ်မြို့နယ် အသုံးလုံး လုပ်အားပေး သွားဖို့ စာရင်းပေးလိုက်တယ်။ လုပ်အားပေး မသွားခင် တစ်ရက်မှာ၊ တက္ကသိုလ်ပါမောက္ခများက ဆုံးမစကား ပြောပါတယ်။

"ခုခါ လကမ္ဘာပေါ်ကို အပိုလို ၁၁-ဆင်းတဲ့ အချိန် ဖြစ်တယ်။ ကျေးရွာ အသုံးလုံး သွားသင်တဲ့အခါ၊ ရွာလူကြီးများက တက္ကသိုလ် ကျောင်းသားများကို မေးကြပါလိမ့်မယ်။ လကမ္ဘာပေါ် လူသား ဆင်းတယ်ဆိုတာ ဟုတ်ပါသလားဆိုတဲ့ မေးခွန်းမျိုးပေါ့။ ကဲ – ဒီအမေးရဲ့



အဖြေဟာ မေးတဲ့သူရဲ့ အခြေအနေ၊ သူ့အနေအထားကို ကြည့်ပြီး ဖြေဖို့ လိုလိမ့်မယ်။ အမှန်သိလိုတဲ့ အနေအထားမျိုး ဖြစ်ခဲ့ရင် ရောက်တယ်လို့ ဖြေရပါမယ်။ မေးတဲ့သူက မဖြစ်နိုင်တဲ့ အတွေးအသိ အနေအထားမျိုး ဖြစ်နေရင်တော့၊ မရောက်ဘူး မဟုတ်ဘူးလို့ ဖြေရပါမယ်"တဲ့။ ဆရာကြီးက ကျောင်းသားများကို ပတ်ဝန်းကျင်နဲ့ အဆင်ပြေပြေ နေထိုင်တတ်အောင် သင်ပေးလိုက်တာ ဖြစ်တယ်။ ကျောင်းသားဘဝတုန်းက ဒီလိုမမြင်ခဲ့၊ မတွေးခဲ့ပါ။

ကျွန်တော်တို့ ကျောင်းသားများဟာ ကျိုက်လတ်မြို့ကို ညဉ့်နက် သန်းခေါင်ကျော် မနက် ၂-နာရီလောက် ရောက်သွားကြတယ်။ မနက် လင်းတာနဲ့ ကျေးရွာအသီးသီးက လှေများနဲ့ လာကြိုကြတယ်၊ ကျွန်တော်တို့ အဖွဲ့ လက်ပံပင်ရွာကို နေ့လယ် ၂-နာရီလောက်မှာ ရောက်ကြတယ်။ ရွာသားများ စောင့်ကြိုနေကြတယ်။ သူတို့က မေးကြတယ်။ "ဆရာတို့ ဘာလာလုပ်ကြတာလဲ"တဲ့။ "ကျွန်တော်တို့ စာလာသင်ပေးကြတာပါ"လို့ တုံ့ပြန်ဖြေကြားရပါတယ်။ တက္ကသိုလ်ကျောင်းသားများ စာသင်ပေး ကြတဲ့အပြင်၊ စာကြည့်ခန်း ပြင်ဆင် ထူထောင်ပေးတာ၊ ကျောင်းဆောင်တွေ ပြုပြင်ပေးတာတွေကိုလည်း လုပ်ဆောင်ပေးကြတယ်။ တစ်လကြာတဲ့အခါ ရင်းနှီးသွားကြတယ်။ အချိန်တန်တော့လည်း အိမ်ပြန်ကြရပါတော့မယ်။ တက္ကသိုလ် ပြန်တက်ကြရတော့မယ်၊ "ဘာကြောင့် လမ်းပန်းဆက်သွယ်ရေး ကောင်းပြီး၊ ဖွံ့ဖြိုးမှုနောက်ကျနေရတာလဲ"လို့ အတွေးဝင်ခဲ့မိဖူးပါတယ်။

လူတိုင်းမှာ ကိုယ်တွေ့ ကိုယ့်အတွေး ကိုယ့်အမြင် ကိုယ်စီ ရှိကြပါတယ်။ တူတာလည်း ရှိမယ်။ မတူတာလည်း ရှိမယ်။ ကွဲပြားခြားနားနိုင်ပါတယ်။ ဒါလည်း သဘာဝကျတယ်လို့ ပြောရမှာပါ။ ဆရာနဲ့တပည့်၊ မိဘနဲ့သားသမီး အမြင်မတူညီတတ်ကြပါ။ အမြင်ချင်း အတွေးချင်း ကွဲပြားတတ်ကြတယ်လို့ ပြောနိုင်ပါတယ်။

ကိုယ်တွေ့ ကိုယ့်အတွေး ကိုယ်အမြင်နဲ့ ပတ်သက်ပြီး အဖြစ်အပျက် ကလေးတွေကို ပြောပြချင်ပါတယ်။ ကျွန်တော် ကျောင်းဆရာ စတင်

www.burmeseclassic.com

www.burmeseclassic.com



တာဝန် ထမ်းဆောင်ချိန်အခါက ဖြစ်တယ်။ တက္ကသိုလ်က ဘွဲ့ရပြီးနောက် ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်မြို့နယ်မှာ တာဝန်ကျပါတယ်။ ကျွန်တော်က မူလတန်းပြဆရာအဖြစ်နဲ့ပါ။ မြို့နယ်ပညာရေးမှူးက ဆရာကြီး ဦးရွှေဖြိုး ဖြစ်ပါတယ်။ အထက်တန်းကျောင်းအုပ်တာဝန်ကိုပါ ပူးတွဲ ထမ်းဆောင်နေရပါတယ်။ ဆရာကြီးက ကျွန်တော့်ကို မေးတယ်။ "ဆရာ...၁၀–တန်း သင်္ချာပြမယ့် အထက်တန်းပြ မရှိလို့ ဆရာ့ကို ၁၀–တန်း သင်္ချာပြပေးဖို့ တာဝန်ပေးရင် ဖြစ်နိုင်မလား" တဲ့။ ဒါနဲ့ ကျွန်တော် ၈–တန်း၊ ၉–တန်း၊ ၁၀–တန်း သင်္ချာဘာသာရပ်ကို လွိုင်လင် အ.ထ.က(၁)ကျောင်းမှာ သင်ပြခဲ့ရပါတယ်။ ကျွန်တော် ဒီလို တာဝန်ယူထမ်းဆောင်ရတာကို ဝမ်းသာပါတယ်။ ဒါပေမယ့် ဘာကြောင့် ဒီလိုမျိုး ဖြစ်ရသလဲလို့ စဉ်းစား နေမိခဲ့ဖူးပါတယ်။

အသက်ကြီးလာတဲ့အတိုင်း တာဝန်လည်း ကြီးကြီးလာပါတယ်။ ကိုယ်တွေ့ ကိုယ့်အတွေး ကိုယ့်အမြင်များလည်း တိုးတက်ပြောင်းလဲလာတယ်။ လွိုင်လင်မြို့ကနေ ရာထူးတိုးပြီး မိုင်းပျဉ်းမြို့ကို ပြောင်းရွှေ့ခဲ့ရတယ်။ မိုင်းပျဉ်းမြို့ ရောက်တဲ့အခါ၊ အထက်တန်းပြရာထူး ဖြစ်ပေမယ့် အထက်တန်းကျောင်း မဟုတ်ဘဲ၊ အလယ်တန်းကျောင်းအဆင့် ဖြစ်နေတယ်။ တွဲဘက်အ.ထ.က ဖြစ်နေလို့ ၉–တန်း၊ ၁၀–တန်း တသင်ရတယ်။ ရှမ်းတိုင်းရင်းသားများ ဖြစ်ကြတော့၊ ဗမာစကားကို ကောင်းကောင်း မပြောတတ်ကြပါ။ မဖွံ့ဖြိုးသေးတဲ့ မြို့နယ် ဖြစ်တယ်။ ဝန်ထမ်းများဟာ ပြည်သူတို့ရဲ့ တာဝန်ကိုလည်း ယူရပါတယ်။ အလယ်တန်းကျောင်း တစ်ကျောင်း၊ မူလတန်းကျောင်း ရှစ်ကျောင်းသာ ရှိတယ်။ ၁၄–နှစ်တိုင်တိုင် တာဝန်ထမ်းဆောင်ခဲ့တယ်။ လက်ထောက်မြို့နယ်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးတာဝန်များကိုလည်း ထမ်းဆောင်ခဲ့တယ်။ အထက်တန်းကျောင်း တစ်ကျောင်း၊ အလယ်တန်းကျောင်း တစ်ကျောင်းနဲ့ မူလတန်းကျောင်း ၃၈–ကျောင်း တိုးတက်လာတယ်။ မဖွံ့ဖြိုးသေးတဲ့ ဒေသကို ဖွံ့ဖြိုးအောင် လုပ်ဆောင် ပေးခဲ့ရလို့ စိတ်ချမ်းသာရတယ်။ အလွန်လည်းပဲ ဝမ်းမြောက်ပီတိဖြာရတယ်။ ဘာကြောင့် ဒီလိုဖြစ်သလဲ။



တစ်ချိန်က ကိုယ်တွေ့တစ်ခုကိုလည်း ပြောပြလိုပါတယ်။ အကြောင်းက ချောင်းရေထဲ ကလေးတစ်ယောက် ရေမျောပါသွားတယ်။ အဲဒီအဖြစ်ကို လူတွေ မြင်ကြပြီး အော်ကြပါတယ်၊ လူတွေက အော်သာအော်နေကြတယ်။ ဘာမှ မလုပ်ကြပါဘူး။ လူတစ်ယောက် ရောက်လာပြီး ချောင်းရေထဲ မျောပါနေတဲ့ ကလေးကို မြင်တော့၊ ချောင်းရေထဲ ဆင်းကူးပြီး ကလေးကို ဆယ်ဖို့ ကြိုးစားတယ်။ ကလေးနဲ့အတူ ချောင်းကမ်းပါးပေါ် ရောက်လာတယ်။ ကလေးအသက်ကို ကယ်တင်ခဲ့ပါတယ်။ အဲဒီလူကို မေးကြည့်တော့ သူဟာ ကျောင်းဆရာ ဖြစ်တယ်တဲ့၊ သာမည ကျောင်းဆရာတစ်ဦးရဲ့ "နှလုံးလှပြီး အသုံးလည်းကျ"တဲ့ အဖြစ်အပျက်လေးတစ်ခု ဖြစ်ပါတယ်။

ကျန်းမာရေးဌာနနဲ့ ပညာရေးဌာန ပူးပေါင်းပြီး ကျောင်းကျန်းမာရေး လုပ်ငန်း အတွေ့အကြုံ ပြောလိုပါသေးတယ်။ ကျန်းမာရေးဌာနနဲ့ ပညာရေးဌာနတို့ ပူးပေါင်းပြီး လုပ်ဆောင်တာ အလွန်နည်းတယ်လို့ ဒေါက်တာဒေါ်နန်းခမ်းအောင်က ပြောဖူးပါတယ်။ ကျွန်တော် ပူးပေါင်း ဆောင်ရွက်တာ ၁၀–နှစ် ရှိပြီ။ ကျောင်းများမှာ ထမင်းဘူးယူနည်းနဲ့ အာဟာရဖွံ့ဖြိုးရေး လုပ်ငန်းကို အကောင်အထည် ဖော်နေတယ်။ ကျောင်းသားများကနေ တစ်ဆင့် မိဘများကို အာဟာရအုပ်စုသုံးမျိုး မျှမျှတတ ပါဝင်ချက်ပြုတ်တတ်အောင် ပညာပေးတယ်။ အာဟာရမပြည့်တဲ့ ကျောင်းသားများကို ဆရာမများကတစ်ဆင့်၊ ဘူးထည့်လာတဲ့ ကျောင်းသားများထံက မျှတပြီး ကျွေးမွေးရတဲ့ စနစ်ဖြစ်တယ်။ ကျောင်းဆရာဟာ ကျောင်းဆရာသာ ဖြစ်တယ်၊ အာဟာရချို့တဲ့သူ မြို့ကြီးမှာ ဘာကြောင့် ရှိနေသလဲလို့ စဉ်းစားမိတယ်။

ကိုယ်တွေ့ ကိုယ့်အတွေး ကိုယ့်အမြင်တို့နဲ့ အများအကျိုးကိုပါ ပူးတွဲ တာဝန်ထမ်းဆောင်နိုင်ကြပါစေလို့ ဆုတောင်းပေးလိုက်ပါတယ် ဆရာတို့ရေ ...။

ဦးရွှေမန်း (လ/ထမြို့နယ်ပညာရေးမှူး)
တောင်ကြီးမြို့နယ်။

www.burmeseclassic.com

www.burmeseclassic.com

# အကြွင်းမဲ့ ဖွင့်ပြီးသည့်ကြာသည့် ဆရာ

ဦးစန်းဝေ
(ကျောင်းအုပ်ဆရာကြီး–ငြိမ်း)

**▲ အတွေးသည်ရှေ့၊ အရေးသည်နောက်။**
**အတွေးသည် တစ်ကမ္ဘာ၊ အရေးသည် ရွာသာသာ။**
**အထာမကျွံလည်း၊ မသိ၊ ပမာထက ကွာချင်တိုင်း ကွာနေ၏။**
**အတွေးထင်ထင် ဉာဏ်အမြင်အတိုင်း၊ တမထင်နဲ့သည် အမှန်ပါ**
**ကာလအားဖြင့် နှစ် ၄၀–တိုင်ခဲ့ပါပြီ။**

တက္ကသိုလ်ကျောင်းသားဘဝက ဆောင်းပါးရေးခဲ့ဖူးသည်။ ပြိုင်ပွဲဝင်ခဲ့ဖူးသည်။ ဆုလည်း ရခဲ့ဖူးပါသည်။ ဝါသနာပီဖဟူသည် ဖျောက်၍မရပါ။ ဝါသနာဟူသည် စိတ်ပါဝင်စားမှု၊ စိတ်ဝင်စားရာ လုပ်ဆောင်တတ်မှုဟု ဆိုနိုင်ပါသည်။ ဝါသနာမျိုးစေ့ကြောင့်လား မျိုးရိုးဗီဇကြောင့်လား မသိ၊ စာရေးချင်ပါသည်။ မရေးဖြစ်ခဲ့ပါ။

အဘိုးသည် ဇာတ်သဘင်လောကမှ စာပြောဆရာ၊ သီချင်းရေး ဆရာ၊ ဇာတ်ထုပ်ရေးဆရာတစ်ဦးပါ။ "ရှင်သီဝလိ"သီချင်း၊ "ဝိမာလ" ဇာတ်ထုပ်တို့သည် အဘိုး၏ ရင်တွင်းဖြစ်ရတနာ လက်ရာမွန်များ ဖြစ်ပါသည်။ အခိုပိုင် အတွေးပိုင် အရေးနိုင်ခဲ့သည့် ခေတ်ဟောင်းပညာရှင်ပါ။ "ရုပ်သေး ဆရာကြည်"၏မြေး ကျွန်တော်နှင့် တခြားစီ တခြားစီပါ။ သို့သော် ဤစာစုများကို ရေးဖွဲ့မိပါသည်။



၂၀၀၉–ခုနှစ် နိုဝင်ဘာလ ၃–ရက် အင်္ဂါနေ့က ဆရာဒေါက်တာအောင်ကျော်နှင့် တွေ့ဖြစ်ခဲ့ပါသည်။ မတွေ့ဖြစ်သည်မှာ အတော်ကြာပါပြီ။ သုံးနှစ်နီးပါး ကြာခဲ့ပါသည်။

ကျွန်တော်သည် အလယ်တန်းကျောင်းအုပ်ရာထူးနှင့် အသက် ၆၀–ပြည့် ပင်စင်ကို ၂၀၀၇–ခုနှစ် မေလကုန်တွင် ယူခဲ့ပါသည်။ မပြီးပြတ်သေးသော တာဝန်များ ဆောင်ရွက်ရင်း ၂၀၀၉–ခုနှစ်၊ ဇူလိုင်လ ၁–ရက် ကျမှ တိတိကျကျ နားခဲ့ရပါသည်။ တောင်ကြီးမြို့ အ.လ.က(၄)တွင် အလယ်တန်းကျောင်းအုပ်တာဝန် ၁၆–နှစ်တိတိ ထမ်းဆောင်ခဲ့ပါသည်။ ပင်စင်ယူသည့်နေ့မှ ဆရာနှင့် တွေ့ဖြစ်သည့် နိုဝင်ဘာလ ၃–ရက်နေ့အထိ ထုံးဖိုးကိုက်မျိုးရေးသုတေသနခြံတွင် သားဖြစ်သူ လက်ထောက် သုတေသနမှူးကို အကြောင်းပြု၍ နေခဲ့ပါသည်။ ဆရာမကြီး ဒေါ်ခင်မျိုးချစ်၊ ဒေါက်တာမင်းတင်မွန်၊ ဆရာကြီးဦးရွှေအောင်၊ ဒေါက်တာအောင်ကျော်နှင့် နိုင်ငံခြားသာသနာပြုဆရာတော်ကြီးများ၏ စာများကို ဖတ်၍ လေ့လာ၍ အချိန်ကုန်ခဲ့ပါသည်။

ဆရာနှင့် အမှတ်မထင် တွေ့သည့်အခါ အားပါးတရ စကားလက်ဆုံကျခဲ့ပါသည်။ ဆရာ၏သမီး မစံပယ်နှင်းကြူကိုလည်း ပြန်လည် တွေ့ရပါသည်။ သို့ဖြင့် ဤစာများကို ရေးဖွဲ့မိပါတော့သည်။

မစံပယ်နှင်းကြူသည် ယခု တွေ့ရှိသည့် အချိန်တွင် တောင်ကြီးမြို့ အ.မ.က(၄)မူလွန်ကျောင်းတွင် ပညာရေးကောလိပ်သင်တန်းသူတစ်ဦးအဖြစ် တန်းပြ ဆင်းခဲ့သည်။ တန်းပြကာလ ပြီးဆုံးခဲ့သော်လည်း လုပ်အားဆက်၍ပေးနေသည့် ဆရာမတစ်ဦး၊ တိတိပပဆိုရလျှင် ဆရာမလောင်းလျာတစ်ဦး ဖြစ်နေချေပြီကော။

ဆရာဟူသည် တပည့်နှစ်မျိုးကို တပည့်ပေါင်းများစွာမှ ထုတ်နုတ်သတိရတတ်ပါသည်။ တပည့်များ၏ ပြန်လည်ဆုံတွေ့လျှင် ပိုးတိုးပါးတားဖြစ်တတ်ပါသည်။ ပြောခဲ့သည့်အတိုင်း တပည့်ဆိုးကို နေရာသကဲ့သို့ တပည့်ကောင်း တပည့်လိမ္မာတို့ကို အမှတ်တရ ရှိတတ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မစံပယ်နှင်းကြူသည် အ.လ.က(၄) ခြံပေါက်ဟု ဆိုရပါမည်။ တောင်ကြီးတွင် ထ(၄)၊ လ(၄)၊ မ(၄)ဟု ဆိုလျှင် အမည်ရပြီး ဖြစ်ပါသည်။ စည်းကမ်းကောင်းသည်။ ပညာကောင်းသည်။ ဘူမိနက်သန် နေရာမှန်များဟု ဆိုချိမ့်ကောင်း၏။ အလက(၄)ကျောင်းသူဘဝတွင် သူ့အစ်ကို စက်ရုံထွက် "ဆိုလာသောက်ရေသန့်"အလှူရှင်၊ ဖခင်၏ လက်ရာ စာအုပ်များကို ကိုယ်တိုင်ကိုယ်ကျ သယ်ဆောင်ဂါရဝပြုသူအဖြစ် မှတ်မှတ်ရရ ရှိနေပါသည်။

ယခုမှ ဆရာမတစ်ဦး၏ သွင်ပြင်ကို မျက်ဝါးထင်ထင် မြင်ရပါ၏။ ကျက်သရေရှိပါဘိ။ ဝမ်းသာအားရ ဖြစ်မိသည်။

ကျွန်တော်နှင့် ကွဲကွာသည့် ကာလအတွင်း မစံပယ်နှင်းကြူသည် သီလရှင် ဝတ်ခဲ့ပါသည်။ "သီလဝတီ ပျော်စံမီ" ခဲ့သည့် ကာလမှာ ၂-နှစ်တာ၊ ဘွဲ့အမည်မှာ "မဉာဏသီဂီ"။ ရွှေဉာဏ်မြင့်၍ ကျက်သရေဆင့်မည့် သဘောဆောင်ပါသည်။

ကြော် ... ရေမြင့်၍ ကြာတင့်တော့မည့် သူကလေးပါတကား။

မစံပယ်နှင်းကြူ အပါအဝင် ဆရာ ဆရာမလောင်းများ၊ ပညာရေးနယ်ပယ်တွင် ကျင်လည်နေဆဲ ပညာရေးရောင်းရင်းများ၏ ဘဝကား ဂုဏ်ယူစရာပါ။

ဓမ္မစကြာတရားတော်မှ "စက္ခုံဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ ပညာဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊ အလောကောဥဒပါဒိ" စသည့် စာသားများကို မြင်မိ၊ အသံများ ကြားယောင်မိပါသည်။ ပညာအလင်း လောကအမှောင် ခွင်းသူများအဖြစ် ဂုဏ်ယူမိခြင်းပါ။ လောကကို အလှဆင်၊ လောကအကျိုး သယ်ပိုးကြ၍ ဖြစ်ပါသည်။

အန္တိုင်းမဲ့ကျေးဇူးရှင် ဗုဒ္ဓဘုရားရှင်၏ အဆုံးအမ နာယူကျင့်သုံးကြသည့် ဗုဒ္ဓဘာသာဝင်များ၊ ဗုဒ္ဓ၏ မေတ္တာတော်ကို ခံယူကြသည့် လူသားအားလုံး၊ ဘာသာမတူ လူမျိုးခြားသော်လည်း လောကအကျိုး သယ်ပိုးကြသူများအားလုံးကို လေးစားမိပါသည်။



လောဘ, ဒေါသ, မောဟဘုံသားများ ဖြစ်၍ အတ္တအကျိုး ပရအကျိုး အချိုးမကျသည် ရှိပါမည်။ ထို့ကြောင့် ကုသိုလ် အကုသိုလ် ရနေခြင်းမှာ မတူညီကြပါ။ ကာယကံ, ဝစီကံ, မနောကံနှင့် ယှဉ်သော အလုပ်ကြောင့် ကောင်းကျိုးဆိုးကျိုးများ ဖြစ်ကြရပါသည်။ လောဘ ဒေါသ မောဟ ကင်းသည်တော့ မဟုတ်။ အခြားကမ္ဘာနှင့် ယှဉ်လျှင် ပါးပါးလေးတော့ ရှိနေပါမည်။ ထိုကမ္ဘာလေးပါ။

**▲ အကြွင်ကမ္ဘာ၊ ထိုနေရာ၌၊ အကြွင်လူသား၊ သူလှစ်ရှား၏၊ အများအကျိုး၊ သူသယ်ပိုး၏။**

အကြွင်ကမ္ဘာသို့ ဝါသနာအရင်းခံ စေတနာမှန်နှင့်၊ အကြွင်နာ ကရုဏာအပြည့်နှင့်၊ အနစ်နာခံလိုစိတ် ရင်မှာအပြည့်နှင့် ချင်းနင်း ဝင်ရောက်လာသူများ "ဝင်လာမစဲ တသဲသဲ"ပါ။ လက်ပြန္တုတ်ဆက်ခွဲခွါထွက်သူများလည်း တစ်ပုံတစ်ပင်ပါ။ ပီတိစား အားရှိသည် မှန်သော်လည်း၊ တကယ့်အရှိတရား သတိထားမိသည်ကတော့၊ အားမရှိ ခါးချိုသူကလည်း တစ်လှေကြီးပါ။

**ပဒီသံ ပါကံ ဇနေတိ။**

အသိခံ စာဟန်နှင့် ရေးကြည့်တော့၊ ကံနှင့်တူသော အကျိုးပေးသည် ရှိ၏။ ဝေဒနာချန်ထား စေတနာအမှန် ကံတရား ခံစားမည့် သူများမှာ ပညာရေးလုပ်သားများ ဖြစ်ပါသည်။ တို့များအလှ တို့ဘဝကို ဂုဏ်ယူကြစမ်းပါ။

"လူသားအကျိုး နိုင်ငံအကျိုးကို မှန်ကန်သော အကြောင်းခံတရားနှင့် ဘဝကိုစတေး အသက်ပေးစွန့်စားသူများကို အာဇာနည်"ဟု ဆိုကြပါသည်။ အသက်မပေးသော်လည်း ဘဝစတေး အနစ်နာခံသူများကို ရှာပြပါဆိုလျှင် ဆရာများကို မျက်ဝါးထင်ထင် မြင်ကြရပါမည်။

www.burmeseclassic.com

www.burmeseclassic.com



**အရည်အချင်းဆိုတာ**

▲ အသုံးကျတာတွေ ရှိမှ အသုံးကျတဲ့သူ ဖြစ်မယ်။

▲ အသုံးကျတာတွေကို အသုံးချတတ်မှ အသုံးကျတဲ့သူ ဖြစ်တယ်။

ဓမ္မရှုတ အရှင်ဆောက်နှ

▲ အကြင်ကမ္ဘာ
ထိုကမ္ဘာသည်
မေတ္တာရနံ့ ထုံသင်းပျံ့၏။

▲ မိဘလေးစား
သနားတပည့်
အားထည့်၍ စာကိုသင်ခဲ့။

▲ ခေတ်ကိုမပြင်
စိတ်ကိုပြင်လှ
အာဂလူသား
ဓနည်ဖွားသို့
တို့များဘဝ ဂုဏ်ယူပါ။

မေတ္တာဖြင့် လုံကြပါစေ။

နွေးထွေးမှုများစွာဖြင့်
ဦးစန်းဝေ
(ကျောင်းအုပ်ဆရာကြီး-ငြိမ်း)

❀❀❀❀❀

## နှာစေးနှာပြည့်ဝ အာစရိယ

မစံပယ်နှင်းကြူ (ပညာရေးကောလိပ်)

ကျွန်မ၏ နာမည်မှာ မစံပယ်နှင်းကြူ ဖြစ်ပါသည်။ မိသားစု ရှစ်ဦး ရှိပါသည်။ မိဘများမှာ ဒေါက်တာအောင်ကျော်နှင့် ဒေါ်နှင်းကြူ။ အစ်ကိုမှာ ကိုထင်အောင်ကျော်ဦး၊ ယောက်မမှာ မအေးအေးငြိမ်းတို့ ဖြစ်ကြ၏။ တူမလေးကို မစုနှင်းအေး၊ တူလေးကို မောင်အောင်အောင်မိုးမိုးဟု အမည်ပေးထားပါသည်။ ဒေါ်လေးဒေါ်ခင်စောအေးလည်း ကျွန်မတို့နှင့် အတူတူ နေထိုင်လျက် ရှိပါသည်။

တက္ကသိုလ်ဝင်တန်းစာမေးပွဲကို၊ အောင်ပန်းမြို့ ကမ္ဘောဇရိပ်သာမှ ၂၀၀၈-ခုနှစ်တွင် ကျွန်မ အောင်မြင်ခဲ့ပါသည်။ အမှတ်စာရင်း ရရှိသောအခါ ဘောဂဗေဒဘာသာရပ်တွင် ၇၃-မှတ် ရရှိသဖြင့် စီးပွားရေး တက္ကသိုလ်သို့ တက်ရောက်ချင်ခဲ့ပါ၏။ မိတ္ထီလာမြို့တွင် ယောက်မ၏ မိဘအိမ် ရှိသော်လည်း၊ ကျောင်းသည် အလွန်ဝေးလှသည်ဟု သိရ၏။ သပြေဝဘက်သို့ ၄၅-မိနစ်ကျော် ကားစီးသွားမှ ရောက်သော ခရီးမို့ မိဘများက မပို့ချင်ကြပါ။ အမှတ်အများဆုံး ဒုတိယလိုက်သော မြန်မာစာကို ဦးစားပေးမေဂျာအဖြစ် လျှောက်ထားခဲ့ပါသည်။

တောင်ကြီးမြို့တွင် ရှိသော ပညာရေးကောလိပ်သို့လည်း ဝင်ရောက်ခွင့် လျှောက်လွှာကို တင်ထားခဲ့သေး၏။ ယင်းကောလိပ်မှ ကျွန်မကို ယာယီ ရွေးချယ်ထားကြောင်းနှင့် လူတွေ့စစ်ဆေးစာမေးပွဲ လာပြဖြေဆိုရန်

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကြားစာ ဦးစွာ ရောက်ရှိလာခဲ့၏။ သွားရောက် ဖြေဆိုခဲ့ရာ၌ ကိုယ်လက်အင်္ဂါ ချွတ်ယွင်းချက်ရှိ မရှိ၊ ကျန်းမာရေး ကောင်းမကောင်းတို့ကို အဓိကထားပြီး စစ်ဆေးကြောင်း သိရှိရပါ၏။ စိတ်ဓာတ်ရေးရာနှင့် ဗဟုသုတစမ်းချိန် ပြည့်မီ မမီကိုမူ နှုတ်မေးခွန်းများ ဖြေဆိုရာမှာ အမှတ်ပေးကြောင်း သတိထားမိပါသည်။

လူတွေ့စစ်ဆေးစာမေးပွဲ ဖြေဆိုမှုကို ကံအားလျော်စွာပင် ကျွန်မ အောင်မြင်ခဲ့ပါ၏။ ကျောင်းကပေးလိုက်သော စာရင်းအရ လိုအပ်ရာရာ ပစ္စည်းများကို ပြည့်စုံအောင် ဝယ်ခြမ်းထားပြီးပါပြီ၊ အိပ်ရာလိပ်ကိုလည်း ထုပ်ပိုးထားပြီးပါပြီ။ ရက်ကြာကြာ အထားခံမည့် ဟင်းဘူးများကိုလည်း အဆင်သင့် ပြင်ဆင်ထားပြီးပါပြီ။ ပညာရေးကောလိပ်သို့ ဝင်ရောက်ရန် နှစ်ရက်သာ ကျန်တော့၏။ တနင်္ဂနွေနေ့၊ ညနေပိုင်းတွင် အဆောင်သို့ နောက်ဆုံးထား ဝင်ရပါမည်။ သောကြာနေ့ နေ့ခင်းပိုင်းအထိ တက္ကသိုလ်ဝင်ခွင့် အကြောင်းကြားစာကား ရောက်မလာသေးပါ။ လျှောက်လွှာ မပြည့်စုံ၍ အပယ်ခံစာရင်း ဝင်သွားပြီလားဟု တွေးတောပူပန်နေမိပါသည်။ တက္ကသိုလ်မြေ နင်းရဖို့ ကံမပါဘူးလား သိချင်နေသည်။

ရောက်မည့်ရောက်တော့ ည ၇–နာရီ ထိုးလုတော့မည်။ စာပို့လုလင်မှာ ဖခင်နှင့် ရင်းနှီးခင်မင်နေ၍ မိုးချုပ်သော်လည်း စေတနာထား လာပို့ပေးခြင်းပါ။ မိသားစုဝင်များ ခေါင်းချင်းဆိုင် တိုင်ပင်ကြရတော့၏။ အားလုံးပြင်ဆင်ထားပြီးပြီ။ အသင့်ဖြစ်နေပြီမို့ ပညာရေးကောလိပ်သို့ ဦးစားပေး တက်ရောက်ရပေတော့မည်။ ငွေမသွင်းထားလျှင် နောင် ဘယ်တော့မှ တက်ခွင့်မရှိတော့ဆို၍ တောင်ကြီးတက္ကသိုလ်မှာ ငွေသွင်းပြီး၊ ခုံနံပါတ်ထွက်တော့မှ ကျောင်းတက် ခေတ္တရပ်နားခွင့်ကို ပြန်လျှောက်ရမည်။ တစ်ချိန်တည်းမှာ နှစ်နေရာ ကျောင်းတက်ကာ စာမေးပွဲဖြေဆိုခွင့် မရှိကြောင်း၊ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်၌ စည်းကမ်းချက် ပါရှိသောကြောင့် ဖြစ်ပါသည်။

တောင်ကြီးပညာရေးကောလိပ်သို့ ကျွန်မ တက်ရောက်ခွင့် ရရှိသည်ကို ဝမ်းသာဝမ်းနည်း ဖြစ်နေမိ၏။ ကျွန်မသူငယ်ချင်းများ တောင်ကြီး



တက္ကသိုလ်၌ သက်ဆိုင်ရာ မေဂျာအသီးသီး ယူခွင့်ရကာ တက်ရောက်နေကြမည် ဖြစ်၏။ မှန်ကန်သော သစ္စာစကားကို ဆိုရပါလျှင် ကျွန်မ စိတ်ထဲ၌ ပညာရေးကောလိပ်သို့ မတက်ချင်နေပါ။ စာသင်ခန်းတွင်းသို့ ဝင်ရောက် စာသင်ပြရမည်ကို စိုးရွံ့နေသလိုလို ဖြစ်နေသောကြောင့်ပါ။ ကျွန်မ သူငယ်ချင်းများနှင့်အတူတူ လူငယ်တို့ဘာဝ ပျော်ပျော်ရွှင်ရွှင် တောင်ကြီး တက္ကသိုလ်မှာသာ တက်ရောက်ပညာသင်ယူချင်နေမိပါသည်။

၂၀၀၈–ခုနှစ်၊ ဒီဇင်ဘာလ ၁၅–ရက်၊ တနင်္လာနေ့တွင် တက္ကသိုလ်များ ကောလိပ်များ တစ်ပြိုင်နက်တည်း စတင် ဖွင့်လှစ်ပါသည်။ ဒီဇင်ဘာလ ၁၄–ရက်၊ တနင်္ဂနွေနေ့ ညနေပိုင်းမှာပင် အဆောင်သို့ ဝင်ရောက်ရ၏။ တောင်ကြီးပညာရေးကောလိပ် တည်ရှိသော နေရာမှာ၊ တောင်ကြီးမြို့အဝင် စစ်စခွန်းဆေးရုံကြီးအနီးတွင် ဖြစ်၏။ ကျောင်းဝင်းအဝင် ဂိတ်တံခါးကြီး၏ လက်ဝဲဘက်တွင်၊ ကြွေပြားကပ် မြေစိုက်အင်္ဂတေ ဆိုင်းဘုတ်ကြီးမှာ ခံ့ညားထည်ဝါလှ၏။ ဖြူဆွတ်ဆွတ်အောက်ခံပေါ်ရှိ ပိုင်းစက်စက်စာလုံး အစိမ်းရင့်တို့မှာ ထင်းခနဲ ပေါ်လွင်ထင်ရှားနေပါ၏။ “တောင်ကြီးပညာရေးကောလိပ်”။ ကျွန်မ ၂–နှစ်တာ တက်ရောက်ရမည့် ကျောင်းတော်မဟာပေတည်း။

ဂိတ်ဝတည့်တည့် ကားလမ်းမကြီး ဖြူးနေ၏။ ပင်မအဆောက်အဦသို့ ဦးတည်နေပါ၏။ လက်ယာဘက်သို့ ခပ်ဝိုက်ဝိုက် လမ်းကွေ့ထိပ်တွင် လမ်းညွှန်စာတန်း ဆိုင်းဘုတ်လေးတွေ အစီအရီ စိုက်ထူချိတ်ဆွဲထား၏။ ခရမ်းရောင်လွင်လွင် စက္ကူပန်းရုံကြီးအရိပ်အောက်ရှိ ယင်းဆိုင်းဘုတ်လေးများက ကျွန်မကို ဆီးကြိုနေသလို ခံစားရပြီး စိတ်နွေးထွေးသွားရပါသည်။ စိမ်းဖန့်နုရုံး တစ်ထပ်တိုက်လေးကို လွန်သည်နှင့် သံဆူးကြိုးဝင်းခတ်ထားသော သီတာဆောင်ကို တွေ့ရပါပြီ။ ပြီးတော့ ပတ္တမြားဆောင် ဆိုပါလား။

စိမ်းစိုအုံ့မှိုင်းနေသော စိန်ပန်းနီ၊ စိန်ပန်းပြာ၊ ငုရွှေဝါ၊ ငုဖော်ချယ်ရီ မိုးမခပင်ကြီးများနှင့်အတူ အခြားသစ်ပင်ကြီးငယ်များဖြင့် အေးချမ်းဆိတ်ငြိမ်လှ၏။ ပန်းရောင်စုံ ဖူးပွင့်နေသဖြင့် သာယာလှပနေ၏။ မျက်စိအစုံ

www.burmeseclassic.com

www.burmeseclassic.com



တို့ကို ညှိယှဉ်ဖမ်းစားနိုင်စွမ်းရှိသော မြင်ကွင်းအလှကြောင့် ကျွန်မစိတ်မှာ ကြည်လင်လန်းဆန်းသွားပါသည်။

ထို့ပြင် ကျောင်းဝင်းအတွင်း အိပ်ဆောင်များနှင့် မနီးမဝေးတွင် လူများ အမြဲစုဝေးနေတတ်သော အများသုံးတယ်လီဖုန်းဆိုင်လေးလည်း ချယ်ရီပင်အိုကြီးအောက်မှာ ချစ်စဖွယ်လေး ဖြစ်ပါသည်။ ဟိုဘက်မှာတော့ ဈေးဆိုင်တဲတန်းလျားလေး ရှိနေ၏။ သန့်ရှင်းလတ်ဆတ်၍ စားချင်ဖွယ်ရာ အသုပ်စုံ၊ မာလာဟင်း၊ ကြာဆံကြော်၊ ခေါက်ဆွဲကြော်၊ ရှမ်းခေါက်ဆွဲ၊ ညှပ်ခေါက်ဆွဲ စသည်ဖြင့် ရောင်းချသော ဆိုင်လေးများ ဖြစ်ကြောင်း နောင်သောအခါ သိရှိရ၏။

ကျွန်မအတွက် တွေ့သမျှ မြင်သမျှ အရာအားလုံးတို့သည် သစ်ဆန်းနေခဲ့၏။ ဟိုသည် ကြည့်ရှု မှတ်သားရင်း စိမ်းနေသော နယ်မြေကို ရင်းနှီးတွယ်တာသလို ဖြစ်လာ၏။ ထမင်းချက်ရုံ၊ ထမင်းစားဆောင်တို့ကို လွန်လာသည်နှင့် ကျွန်မ နေရမည့် ''မြသီရိအိပ်ဆောင်'' ရှေ့သို့ ရောက်လာပါသည်။

အဆောင်ရှေ့ ကွင်းကျယ်ကြီးသည် ဘောလုံးကွင်းကြီး ဖြစ်၏။ ကွင်း၏ အနောက်အရပ်၌ နှစ်ထပ်စာသင်ဆောင်ကြီးများ ရှိ၏။ မြောက်ဘက်အစပ်၌ ဝန်ထမ်းအိမ်ရာ တစ်ထပ်တိုက်တန်းလျားလေးဖြင့် အနားသတ်နေ၏။ အရှေ့ဘက်အရပ်တွင်ကား နီလာဆောင်နှင့် သီတာဆောင်တို့ ရှိကြ၏။

အိပ်ဆောင်ငါးဆောင် ရှိသည့်အနက်၊ ကျွန်မ-အဆောင်မှာ အလယ်တွင် တည်ရှိနေသော်လည်း၊ နောက်ဆုံးမှ တည်ဆောက်သော အဆောင်ဖြစ်၍ ပိုမိုသစ်လွင်၏။ ရေမီးပြည့်စုံသော နှစ်ထပ်ဆောင်ဖြစ်လျက်၊ သံဆူးကြိုးဖြင့် ဝင်းမြင့်မြင့် ခတ်ထား၏။ တစ်ခန်းလျှင် နှစ်ယောက်ကျစီ နေရ၏။ အပေါ်ထပ်တွင် ပထမနှစ် ကျောင်းသူများ ထား၏။ ဒုတိယနှစ် ကျောင်းသူများကမူ အောက်ထပ်၌ နေကြရ၏။ အဆောင်ရှေ့မျက်နှာစာတွင် နှယ်သာကီပန်းရုံကြီးတွေ ရှိ၏။ အဖြူရောင်နှင့် ပန်းရောင်တို့ကို ခြယ်စိုက်ထားသည်။ ဖွန်ပန်းရုံနှင့် အခြား ပန်းပင်များလည်း ရှိပါသည်။



ကျွန်မ နေရမည့် အခန်းနံပါတ် ၂၇-ဟု သိရတော့ ဝမ်းသာသွား၏။ ကျွန်မမွေးရက်မှာ မတ်လ ၂၇-ရက် ဖြစ်သောကြောင့်ပါ။ အပေါ်ထပ် တက်သော လှေကားထိပ်အရှေ့ ထောင့်ခန်း ဖြစ်၍ အတက်အဆင်း လွယ်ကူ၏။ အခန်းတွင် ပစ္စည်းများ နေရာတကျ ထားပြီးချိန်အထိ၊ အခန်းဖော် ရောက်မလာသေးပါ။ အတူနေရမည့်သူကို ကျွန်မ သိချင်နေမိ၏။ -

ဆုနှင်းစန္ဒာ ဆိုသော ကျောင်းသူတစ်ဦး၊ သူ့မိခင်နှင့် အတူ အခန်းထဲသို့ ရောက်လာပါ၏။ အဆောင်မှူး ဆရာမဒေါ်ရင်နု ကိုယ်တိုင် လိုက်ပို့ကာ မိတ်ဆက်ပေးပါ၏။ မိုင်းသောက်ဇာတိ တစ်ရပ်တည်းသူများ ဖြစ်ကြကြောင်း သိရ၏။ ကျွန်မဖခင်ဘက်က အဘွားမှာလည်း မိုင်းသောက်သူ ဖြစ်၏။ ညောင်ရွှေမြို့ အရှေ့တောင်ယွန်းယွန်း ၇-မိုင်ခန့်ကွာအရပ်တွင် မိုင်းသောက်ရွာ တည်ရှိပါသည်။ ရပ်ဆွေရပ်မျိုး ဆိုနိုင်ပါ၏။

အခန်းဖော် ဆုနှင်းစန္ဒာသည် အသားဖြူ၍၊ ကျွန်မထက် အရပ်အမောင်း ပိုမြင့်၊ ပိုဖွံ့၏။ ပြုံးရယ်လိုက်လျှင် ချစ်စဖွယ်အသွင်ကို ဆောင်၏။ နာမည်နှင့်အလိုက် အေးဆေးပုံ ပေါ်ပါသည်။ သို့သော်လည်း သွက်လက်ထက်မြက်မှုတော့ ရှိပါသည်။ စာကြည့် စာဖတ် စာကျက် တွက်ချက်ပြီးလျှင် ကျွန်မသည် အဆောင်ရှိ အခြားသူငယ်ချင်းများ အခန်းသို့ သွားလည်တတ်၏။ သူကလည်း ရုပ်မြင်သံကြားစက် ထားရှိရာ အပန်းဖြေအခန်းသို့ သွားနေတတ်၍ သိပ်မတွဲဖြစ်ကြပါ။ တွဲဖြစ်သည်က ရွှေညောင်မှ ပို့ပို့ထွန်း ဖြစ်ပါသည်။

ရောက်ရောက်ချင်း ဆောက်နှင့်တွင်းဟု ပြောရမလို ဖြစ်နေပါ၏။ ကျောင်းရောက်၍ ခြောက်ရက်သာ ရသေး၏။ ဒီဇင်ဘာလသည် အားကစားလ ဖြစ်သည့်အတိုင်း၊ စနေနေ့ နံနက်စောစော၊ ၅-နာရီ အိပ်ရာထ၊ အားကစားဝတ်စုံ ဝတ်ပြီး လမ်းလျှောက်ပွဲ ဆင်နွှဲကြရပါသည်။ မြို့တောင်ဘက် အစွန်အဖျားရှိ စူဠာမုနိဘုရားကုန်းတော်အထိ သွက်သွက်လျှောက်တစ်နည်း၊ အပြေးကလေးတစ်ပုံတို့ဖြင့် တစ်လှည့်စီ နားစတမ်း ချီတက်ကြရ၏။

www.burmeseclassic.com

www.burmeseclassic.com



ပညာရေးကောလိပ်မှ အဖျင်းဆုံး သုံးမိုင်ခွဲကျော် ရှိပါလိမ့်မည်။ ဓာတ်ကြောင်း မသိသေးတော့၊ နားချိန်မှာ မုန့်ဝယ်စားဖို့ တစ်ကျပ်တစ်ပြားမှ ပါမသွားခဲ့ပါ။ ဘုရားဖူးပြီး အပြန်ခရီးမှာလည်း ခြေကျင်တစ်မျိုး၊ ကုန်းကြောင်းတစ်သွယ်ဖြင့် မနားစတမ်း လျှောက်ပြန်လာကြရရာ၊ အိပ်ဆောင်သို့ ၇–နာရီခွဲကျော်မှ ပြန်လည်ရောက်ရှိ၏။ လူလည်းပန်း စိတ်လည်း နွမ်းနေခဲ့ပါပြီ။ ဖခင်က တစ်ပတ်စာ စားသောက်ဖွယ်ရာ ရိက္ခာများနှင့် စောင့်ကြိုနေ၍ ဝမ်းသာအမောပြေရပါသည်။ ချက်ပြုတ် ကျွေးလော့ ပေးလိုက်ကြသော မိခင် ဒေါ်နှင်းကြူနှင့် ဒေါ်လေး ဒေါ်ခင်စောအေး တို့ကိုလည်း ကျေးဇူးတင်မိပါ၏။

ကျွန်မတို့ ကျောင်းဖွင့်စမှာ၊ ကျောင်းအုပ်ဆရာမကြီး ခွင့်သွားနေကြောင်း သိရပါ၏။ ဒုတိယကျောင်းအုပ်ဖြစ်သော ဒေါ်ခင်လှိုင်မြင့်က ယာယီကျောင်းအုပ်ကြီးအဖြစ် တာဝန်ယူနေရပါသည်။ ဆရာမကြီး မျက်နှာ ပေါ်မှာ အပြုံးပန်းတွေ အမြဲဝေနေလျက် ရှိ၏။ ကျောင်းသူများအပေါ်၌လည်း အလွန်ဖော်ရွေစွာ ဆက်ဆံတတ်မြဲ ဖြစ်၏။ တစ်ပတ်ကို တစ်ခါနှစ်ခါ လောက်တော့ ဟင်းကောင်း ကျွေးတတ်ပါသည်။ ဟင်းကောင်းဆိုသည်မှာ ကြက်ဥပြုတ်တစ်ခြမ်း၊ ငါးခြောက်နှစ်တုံး သုံးတုံး၊ ငါးဟင်း၊ ကြက်သားဟင်း တို့ ဖြစ်တတ်၏။ သို့သော် သိပ်မကြာလိုက်ပါ။ ရာထူးတိုးမြှင့် ပြောင်းရွှေ့ အမိန့်ကြောင့် မုံရွာမြို့သို့ ထွက်ခွါသွားရပါတော့သည်။

နောက်ထပ် ကျောင်းအုပ်အသစ် ရောက်ရှိလာပြီဖြစ်ကြောင်းကို သူငယ်ချင်းများထံမှတစ်ဆင့် ကြားသိရ၏။ နာမည်မှာ ဒေါ်မူမူ ဖြစ်ပြီး ပြည်ပညာရေးကောလိပ်မှ ရာထူးတိုးမြှင့် ပြောင်းရွှေ့လာခြင်းပါ။ ကျောင်းအုပ်ဆရာမကြီးသည် အလွန်တည်ကြည်ပါသည်။ အပြုံးအရယ် နည်းလှ၏။ စည်းကမ်းအလွန်ကြီး၏။ ကျွန်မတို့ကို သမီးရင်းကဲ့သို့ ပူပင်ကြောင့်ကြလွန်းစွာ အုပ်ချုပ် စောင့်ရှောက်ရှာသဖြင့်၊ သူ့မှာ ပြင်ပစာဖတ်ချိန် တောင် မရှိလောက်အောင် တာဝန်ကျေပွန်လွန်းသူ ဖြစ်ပါသည်။

ကုန်ဈေးနှုန်းတွေကလည်း အလွန်ခုန်တက်နေ၍ ဟင်းရွက်သီးစုံနှင့် ပဲဟင်းတို့ကိုသာ ခပ်များများ ကျွေးနိုင်တော့၏။ ထမင်းစားစရိတ်ကို



တစ်လခြောက်ထောင်၊ တစ်ရက် ကျပ်နှစ်ရာဖြင့် မနက်နှင့် ညနေ နှစ်နပ် ကျွေးမွေးရရာ၊ စေ့ငှဝလင်အောင် စီစဉ်ရသည်မှာ အလွန်ပင် ခက်ခဲပါ လိမ့်မည်။ အဆောင်ကြေးမှာ တစ်လ ကျပ်တစ်ရာနှစ်ဆယ်သာ ဖြစ်ပါ၍ တစ်ရက်ကို လေးကျပ်နှုန်းမျှသာ ကျပါ၏။ ရှားပါးသော ခေတ်ကြီးထဲ၌ အလွန်ချိုသာသော နှုန်းထားများ ဖြစ်ပါသည်။

ကျွန်မတို့မှာ သင်တန်းသူ ဆရာမလောင်းများ ဖြစ်ကြ၍ ဘာသာစုံ သင်ယူရပါ၏။ ဘာသာရပ်ပေါင်း ၁၇–ဘာသာကို လေ့လာဆည်းပူးကြ ရကြောင်း ပြောပြရလျှင် အံ့သြကြမည် ထင်ပါသည်။ ၁၀–တန်းဟု အလွယ်ခေါ်နေကြသော တက္ကသိုလ်ဝင်တန်းတုန်းက ကျွန်မသည် ဝိဇ္ဇာ သိပ္ပံတွဲကို ယူခဲ့သူ ဖြစ်သဖြင့် ဓာတုဗေဒနှင့် ရူပဗေဒအတွဲကို ယူရပါ၏။ တောင်ကြီးမြို့ပေါ်၌ မိဘအိမ်ရှိသော ကျောင်းသူများပါ အဆောင်တွင် လာရောက်နေထိုင်ရခြင်းမှာ မနက်စောစောတွင် ကာယလေ့ကျင့်ခန်းများကို ပြုလုပ်ရသောကြောင့် ဖြစ်ပါသည်။

ပညာရေးကောလိပ်၏ "ကလောင် ... ကလောင် ..."ဟူသော နှိုးစက်ခေါင်းလောင်းသံကြောင့်၊ ကျွန်မတို့သည် နံနက် ၅–နာရီတွင် အိပ်ရာထကြရပါသည်။ မျက်နှာသစ်၊ ကိုယ်လက်သုတ်သင်၊ ကာယ ဝတ်စုံ လဲလှယ်ရန် နာရီဝက်ခန့် အချိန်ရ၏။ ၆–နာရီထိုးဖို့ ၁၅–မိနစ်အလို (၅း၄၅– နာရီ ခြောက်နာရီမတ်တင်း)၌ ကာယကွင်းသို့ အရောက် သွားကြရပါသည်။ ကာယနည်းပြဆရာမမှာ အရပ်မြင့်မြင့် ထောင်ထောင်မောင်းမောင်း အသံ သြဇာကောင်းကောင်းနှင့် ဒေါ်ချယ်ရီကြည် ဖြစ်၏။ ဆရာမသည် အပင်ပန်း လည်း ခံနိုင်၏၊ မျက်စိလည်း အတော်လျင်၏။ ကျွန်မတို့ မညီမညာ တလွဲလုပ်မိလျှင် ချက်ချင်း အော်ပါတော့သည်။

ကာယလေ့ကျင့်ခန်းများ ပြုလုပ်ပြီးသည်နှင့် ၇–နာရီမှ ၈–နာရီအထိ ဖွံ့ဖြိုးရေးဘာသာရပ်များကို သင်ယူကြရပါသေးသည်။ ပြီးလျှင် ၈–နာရီခွဲ၌ ထမင်းစားဆောင်တွင် နံနက်စာ ထမင်းစားကြရ၏။ ကျောင်းဝတ်စုံဖြင့် ၉–နာရီမထိုးမီ ကျောင်းစုဝေးပွဲသို့ ရောက်အောင် သွားရ၏။ ကျောင်းစုဝေးပွဲ

www.burmeseclassic.com

www.burmeseclassic.com



၌ ဆရာ ဆရာမများ၏ အလှည့်ကျ ဩဝါဒစကားများကို နာခံမှတ်သားရပါသည်။ ကျွန်မတို့ကို ဆုံးမသွန်သင်ရာလည်းရောက်၊ ဆရာမဘဝသို့ ရောက်သောအခါ တပည့်များကို ဆုံးမတတ် ဩဝါဒပေးတတ်အောင် အတွေ့အကြုံများ ရရှိမှတ်သားစေရာလည်း ရောက်သဖြင့် အလွန်ကောင်းသော အစီအစဉ်တစ်ရပ် ဖြစ်ပါသည်ဟု ကျွန်မ ခံယူနားလည် မိပါသည်။

ပထမဆုံးအတန်း သင်ချိန်၌ သင်္ချာဘာသာကို ကျွန်မတို့ စတင်သင်ကြားရ၏။ ဆရာမ ဒေါ်ဝင်းစန္ဒာတင့်ရှိန်၏ အချိန် ဖြစ်ပါသည်။ ဆရာမသည် အလွန်ချောမောလှပ၏။ လိုက်ဖက်ညီအောင် ဝတ်စားတတ်၏။ ရိုးရိုးလေးနှင့် အလွန်လှသော ဆရာမအား ကျွန်မ ငေးကြည့်ကာ အံ့ဩချီးကျူးနေမိပါသည်။ ဆရာမ စာသင်ရာ၌ ဖတ်စာအုပ်တွင်းရှိ သင်ခန်းစာကိုသာမက ပတ်ဝန်းကျင်နှင့်လည်း ဆက်စပ်သင်ပေးတတ်၏။ ဗဟုသုတလည်း ကြွယ်ဝသလို၊ အပြောအဟော အသင်အပြလည်း အလွန်ကောင်းလှ၏။ ဆရာမ စာသင်ရာတွင် အလွန်စိတ်ဝင်စားဖွယ် ကောင်းသောကြောင့် ကျွန်မမှာ အားကျကာ အတုယူချင်နေမိ၏။ သည်လို သင်ပြတတ်လျှင် ကောင်းမည်ဟု တောင့်တမိပါသည်။

နေ့လယ် ၁၂–နာရီခွဲတွင် ထမင်းစားလွှတ်ပါသည်။ ၁–နာရီတွင် ကျောင်းပြန်တက်သောကြောင့် အချိန်ကို လုရပါ၏။ မုန့်စားဆင်းချိန်ဟု ပြောက ပိုမှန်ပါလိမ့်မည်။ အဆောင်မှ ထမင်းမကျွေးသောကြောင့်၊ ကျောင်းမုန့်ဆိုင် စားသောက်ဆိုင်များတွင်သာ အလုအယက် တိုးဝှေ့ဝယ်စားကြရ၏။ ကျွန်မလည်း နေ့လယ်စာ ငတ်မည်စိုး၍ အများနည်းတူ ကိုယ်စားလိုရာရာကို တိုးဝှေ့ဝယ်စားရတော့၏။ ဈေးအနည်းဆုံး တစ်ပွဲ နှစ်ရာကျပ်ဆိုသည်မှာ ဘယ်အူကြား ကပ်သွားသည် မသိပါ။ သုံးရာကျပ်ဖိုးမှ ဝရုံမျှ ရှိ၏။

မနက်စာ ညနေစာ အဆောင်ဟင်းကို မစားနိုင်၍ ဖြည့်စွက်ဟင်းရံ ဝယ်စားရပြန်၏။ ငန်ပြာရည်ချက်၊ သရက်ချဉ်သုပ်၊ မျှစ်ချဉ်ပေါင်ကြော် တို့ကတော့ ကျပ်တစ်ရာဖိုး ဝယ်လို့ ရနိုင်၏။ အစိမ်းကြော်၊ ကြက်ဥကြော်၊ ကြက်သားဟင်း ဆိုသည်များကို အနားမသီနိုင်ပေ။ အဆောင်ထမင်း



ကုန်သွား၍ ထမင်းပါ ဝယ်စားရလျှင် တစ်ထုပ် နှစ်ရာ သုံးရာကျပ် ဖြစ်၏။ မိဘများ ခွင့်ပြုထားသော တစ်နေ့ အသုံးစားရိတ် ငါးရာကျပ်ကို အတော်ကြီး ခြစ်ခြုတ်ခြိုးခြံ သုံးစွဲရပါသည်။

နှစ်စဦး တစ်လမပြည့်မချင်း အိမ်ပြန်ခွင့် မရှိပါ။ နောက်ပိုင်းတွင်ကား အပတ်စဉ်နီးပါး နေ့ချင်းပြန် အခွင့်အရေးပေး၏။ တစ်လလျှင် တစ်ကြိမ်မျှတော့ ညအိပ်ခွင့် ရတတ်၏။ စစ်ဆေးရေး သန့်ရှင်းရေးများ ရှိပြီဆိုလျှင် နွေးထွေးသည့် အိမ်အရိပ်ကို မမြင်ရတော့ပါ။ အိမ်ပြန်ခွင့် ပိတ်လိုက်သောကြောင့် ဖြစ်၏။ တစ်ပတ်လျှင် တစ်ခါတော့ ပေါက်ပြားနှင့် နှစ်ပါးသွားကို ပုံမှန်ကနေရတတ်၏။ ကျောင်းဝင်းကြီးကလည်း ကျယ်ဝန်းလွန်းလှပါ၏။ စားမရ အသုံးမကျသည့် မြက်ပင်ပေါင်းပင်တို့ကလည်း သန်စွမ်းလှသည် မဟုတ်ပါလား။

ညအိပ်ခွင့် ရသည်များအနက် ဝါဆိုလပြည့်နေ့သည် တနင်္လာနေ့ ရုံးပိတ်ရက်နှင့် တိုက်ဆိုင်နေ၏။ သုံးရက် ဆက်ပိတ်သဖြင့် နှစ်ညအိပ်ခွင့် ရခဲ့ရာ၊ ရပ်ဝေးမှ ကျောင်းသူများ အိမ်ပြန် ပိုအဆင်ပြေသလို၊ ကျွန်မလည်း အလွန်ဝမ်းသာ ပျော်ရွှင်ခဲ့ရပါသည်။

ဤသို့နှင့် အချိန်တွေ တရွေ့ရွေ့ ကုန်ဆုံးလာလိုက်သည်မှာ၊ မကြာမီ စာမေးပွဲ ဖြေဆိုရန် အချိန်ဇယား လာကပ်ထားပြီ ဖြစ်သည်။ အောင်မှတ် ပြည့်မီစေရန် ကျွန်မမှာ စာကို အထူးကြိုးစားကျက်မှတ်နေရ၏။ အစမ်း စာမေးပွဲ၌ ဖွံ့ဖြိုးရေးဘာသာ မဖြေရပါ။ သို့သော်၊ ဘာသာကြီးများနှင့်ပင် မည်သည့်စာအုပ်မှစ၍ ကျက်မှတ်ရမည်ကို မသိနိုင်လောက်အောင် များပြားလှပါသည်။ စာမေးပွဲပြီးသွားလျှင်တော့ နားဦးမည်ဟု စဉ်းစားထားမိပါ၏။ သို့သော် စိတ်ကူးနှင့်လက်တွေ့ တစ်ထပ်တည်း မကျပါ။ စာမေးပွဲမဖြေခင် ကပင် ကြိုပြောထားသော လုပ်အားပေးလုပ်ငန်းများကို လုပ်ကိုင်ကြ ရပါဦးမည် ဖြစ်ပါသည်။

ပထမနှစ်ဝက် ကုန်ဆုံးသွားပါပြီ။ စာမေးပွဲပြီး၍ အိမ်ပြန်နားခွင့် ၁၀–ရက် ရရှိခဲ့၏။ သကြံန်ရက်အတွင်းမှာတော့ စတိတ်ရှိုးကြည့်ရင်း ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



ဝါသနာပါသော ဂီတသံစဉ်တွေကို နားထောင်နေလိုက်ပါသည်။ ယခု ခေတ်ပေါ်သံစဉ်ဖြစ်သော ဟစ်ဟော့၊ ရော့(ခ်)များကို နားထောင်ရင်း ကျွန်မတို့၏ ပညာရေးကောလိပ်မှ ဝါးပတ္တလားသံကြီး ကြားယောင်လာမိ၏။ ဆရာဦးကိုကြီး ဝါးပတ္တလားသင်ချိန်၌ ကျွန်မသည် အချောင်ခိုနေတတ်ခဲ့၏။ ဆရာ သီဆိုသော ခေတ်ဟောင်းသီချင်းနှင့် ပတ္တလားသံမှာ သာယာနာပျော်ဖွယ် ဖြစ်ပါသော်လည်း ကျွန်မနားထဲသို့ ချောမွေ့စွာ မစီးဆင်းနေပါ။ ကျွန်မ ကြိုက်သော သံစဉ်များကို နားထောင်ရလျှင် ကြည်နူးပျော်ရွှင်နေမိသည်ကို ဝန်ခံပါသည်။

အချိန်တွေ ကုန်လွယ်လွန်းပုံများ။ ကျောင်းပိတ်ရက် ၁၀–ရက်သည် ချက်တစ်ဖြုတ် ခဏတာလေးပဲဟု ထင်မှတ်ရပါသည်။ ဒုတိယနှစ်ဝက်တက်ရန် ကျောင်းဖွင့်ချိန်သို့ ရောက်လာပြန်ပါသည်။ ဘာရယ်ကြောင့်မှန်း မသိပါ။ ပညာရေးကောလိပ်ဝင်းအတွင်းသို့ ဝင်ရောက်ချိန်၌ ကျွန်မ၏ ခြေထောက်များသည် ခဲတုံးကြီးတွေ ဆွဲထားသလို လေးလံနေခဲ့၏။ သို့ပါသော်လည်း တာဝန်တစ်ရပ်ကို ဆုံးခန်းတိုင်အောင် ဆောင်ရွက်ရပါဦးမည်။ စာတွေကို ဆက်လက် လေ့လာသင်ကြားရပါဦးမည်။ လေးလံဖင့်နွဲ့သော ခြေလှမ်းများဖြင့် စာသင်ခန်းများဆီသို့ လျှောက်လှမ်းကာ သင်ခန်းစာများကို ရေးမှတ်သင်ကြားကြရပါသည်။ ကျောင်းဆင်းချိန် ရောက်တော့ ဆရာမတစ်ဦးက အခမ်းအနားရှိသည်ဟု ပြောကြားလာပါသည်။

စာသင်ချိန် ရပ်နားထားရမည်မို့ ကျွန်မသည် အလွန်အမင်း ပျော်ရွှင်သွားမိ၏။ ဆရာတော် အရှင်ဆေကိန္ဒ၏ တရားဟောပွဲ ဖြစ်ပါသည်။ ပညာရေးကောလိပ်၊ သူနာပြုသင်တန်းကျောင်းနှင့် နည်းပညာကောလိပ်တို့မှ ကျောင်းသူ ကျောင်းသားများတို့သည်၊ တောင်ကြီးမြို့ မြို့တော်ခန်းမသို့ ချီတက်စုဝေးကာ တရားနာယူကြရ၏။ ခန်းမဆောင်အဝင်၌ မဲလက်မှတ်များ ကမ်းပေးကြ၏။ မယူမနေရဟု ဆိုကြသောကြောင့် ကျွန်မလည်း တစ်စောင် ယူလိုက်ပါသည်။ တရားဓမ္မကို လာရောက်နာယူကြသည့် လူငယ်တွေအတွက် ဂုဏ်ပြုလက်ဆောင် မဲဖောက်ပေးခြင်းဟု သိရပါ၏။



ကျွန်မဘဝ၌ အမြဲတမ်းလိုလိုပင် ကံမကောင်းတတ်ခဲ့ပါ။ ထို့ကြောင့် ဤမဲလက်မှတ်ကိုလည်း ပေါက်လိမ့်မည်ဟု မထင်ထားပါ။

သို့သော် ကံတရားက မျက်စိလည်သွားသည့်အလား ထင်မှတ်ရပါတော့၏။ အကြောင်းမှာကား ပေါက်လိမ့်မည်ဟု မထင်ထားခဲ့သော မဲလက်မှတ်မှ ဆိုင်ကယ်ဦးထုပ်တစ်လုံး မဲပေါက်ပါသည်။ ကျွန်မ သူငယ်ချင်းတစ်ဦးက “နင် သိပ်ကံကောင်းတာပဲ”ဟု ဝမ်းသာစကား ချီးကျူးစကား ပြောကြားခဲ့လေသည်။ ကျွန်မ မဲပေါက်လာသော ထိုဆိုင်ကယ်ဦးထုပ်ကို ကိုင်ရင်း၊ ကျွန်မအတွေးထဲ၌ သူများ မသိကြသော အတိတ်ဖြစ်ရပ် အကြောင်းအရာများကို စဉ်းစားနေမိတော့၏။

ကျွန်မသည် သီလရှင်ဘဝဖြင့်၊ ကလောမြို့ မဟာစည်ရိပ်သာ၌ နှစ်ဝါ သီတင်းသုံးခဲ့ရဖူး၏။ ဘွားဆရာကြီး ဒေါ်သုမနစာရီ၏ ကျေးဇူးကြောင့်၊ သာသနာတော်အရိပ်မှာ အေးငြိမ်းချမ်းသာစွာ နေခဲ့ရ၏။ သီတင်းသုံးဖော် အဘွားရော၏ စောင့်ရှောက်ပြုစုမှုကြောင့် အားလုံး အဆင်ပြေခဲ့၏။ ကျန်းမာရေးလည်း ပိုကောင်းလာခဲ့ပါသည်။ လူမှာလည်း ပိုမိုရင့်ကျက်လာသည်မှာ သေချာလှပါသည်။ ကျွန်မ ကံကောင်းသည်မှာ အမှန်ပင် ဖြစ်၏။

အချိန်တန်တော့ စာမေးပွဲကြီး ထပ်ရောက်လာပြန်ပါသည်။ ယခင်ကတည်းက စာတွေကို ကျက်မှတ်လာခဲ့သော်ငြားလည်း၊ ယခုစာမေးပွဲကြီး ဖြေဆိုရမည်ကို ကြောက်ရွံ့နေမိ၏။ စာကျက်မှတ်ရမည်ကိုလည်း အလွန် ငြီးငွေ့နေမိ၏။ ပျင်းရိခြင်းနှင့် ငြီးငွေ့ခြင်းမှာ မတူပါ။ ပျင်းရိခြင်းမှာ ဘာမှမလုပ်ချင်သော အခြေအနေဖြစ်လျက်၊ ငြီးငွေ့ခြင်းမှာ စိတ်မပါဘဲနှင့် လုပ်ရမည်ကို ဝန်လေးနေခြင်း ဖြစ်သည်ဟု ကျွန်မ ယူဆမိပါသည်။

သို့သော်လည်း မအောင်မည်ကို စိုး၍ စာကို ဖိကျက်မှတ်ရ၏။ ကျွန်မသည် ဘာသာကို နောက်ဆက်တွဲစာမေးပွဲ ဆပ်ပလီ ပြန်ဖြေခွင့်ရှိသော်လည်း မှန်ရာကို ပြောရပါလျှင် ကျွန်မ စာမေးပွဲ မကျချင်ပါ။ ထပ်ပြန်မကျက်ချင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဆပ်ပလိ ပြန်မဖြေချင်ပါ။ ထို့ကြောင့် စိတ်မပါသည့်ကြားက စာကို ကြိုးစားကျက်မှတ်ရတော့၏။

ကျွန်မ ၁၀–တန်း စာမေးပွဲကြီး ဖြေစဉ်တုန်းက အကြောင်းကို ပြန်တွေးတောနေမိ၏။ ကျွန်မဆရာက မကြောက်ရွံ့ဖို့နှင့် ဘုရား တရား သံဃာ ရတနာတော်မြတ်သုံးပါး ဂုဏ်ကျေးဇူးတို့ကို မမေ့ဖို့ အားပေးခဲ့ဖူးပါ၏။ စာမေးပွဲအောင် ဂါထာလေးကိုတောင် ရေးပေးခဲ့ပါသေးသည်။ ဆရာပေးသော စာမေးပွဲအောင် ဂါထာစာရွက်လေးကို ကိုင်ရင်း ကျွန်မ စိတ်ထဲမှာ ရယ်ချင်နေမိပါ၏။

တကယ်ဆိုလျှင် ယင်းစာမေးပွဲအောင် ဂါထာလေးကို ကျွန်မ ငယ်စဉ်ကတည်းက အလွတ်ရပြီးသား ဖြစ်၏။ သီလရှင်လူထွက်မို့ ဘုရားစာတွေ ဂါထာတွေ အတော်များများ အာဂုံရပြီးသား ဖြစ်ပါသည်။ မယုံကြည်၍ မဟုတ်သော်လည်း အကြောင်းမသိသူ ထိုဆရာက စာမေးပွဲအောင် ဂါထာကို ပေးလာသောအခါ ကျွန်မ ပြုံးမိပါ၏။ ဆရာ့စေတနာကိုတော့ လေးစားပါသည်။

စာမေးပွဲကြီး ဖြေဆိုကြရမည့် ရက်ဖြစ်ပါ၏။ စာမေးပွဲအခန်းတွင်းသို့ ဝင်ရန် အချက်ပေးခေါင်းလောင်း တီးပါပြီ။ ရှေးဖြစ်ဟောင်း အတွေးလက်စကို ဖြတ်၍ စိတ်ကို ဒုံးဒုံးချကာ စာမေးပွဲအခန်းတွင်းသို့ ဝင်ရောက်လိုက်၏။ မေးခွန်းစာရွက် စဝေချိန်တွင် ကျွန်မပါးစပ်များက ဂါထာတော်များကို စတင်ရွတ်ဆိုနေပါပြီ၊ ၁၀–တန်းစာမေးပွဲ ဖြေစဉ်တုန်းက မရွတ်ဆိုခဲ့ရသော ထိုထိုဂါထာတွေ ယခုစာမေးပွဲကြီးမှာ ထည့်ရွတ်ဆိုနေရသည်။ စာမေးပွဲ နောက်ဆုံးရက်သို့ ရောက်ရှိခဲ့ပါပြီ။ အားလုံး ချောမောကျေနပ်စွာ ဖြေဆိုနိုင်ခဲ့၍ မုချအောင်မြင်ပါလိမ့်မည်။

မကြာခင်မှာ တန်းပြဆင်းကြရမည့် အကြောင်းကို သူငယ်ချင်းများ ဖြစ်ကြသော မုံရွာဘက်မှ မေဇော်ထွေး၊ မယဉ်ယဉ်သန့်တို့နှင့် ပြောဆိုနေမိကြ၏။ သူတို့က သူတို့ရပ်ရွာသို့ လိုက်လည်ရန် အတင်းခေါ်နေ၏။ ဖခင်က လွှတ်မည် မထင်ပါ။ တန်းပြဝင်ရမည်ကို နည်းနည်းတော့ စိုးရွံ့နေမိသည်မှာ အမှန်ပါ။



ကျွန်မငယ်စဉ်က ဆရာမတစ်ဦး ညည်းညူ ပြောဆိုခဲ့ဖူးသည့် စကားကို အမှတ်သွားရမိလိုက်၏။ သမီးတို့ ကြီးလာရင် တခြား ကြိုက်တာလုပ်၊ ဆရာမတော့ မလုပ်ကြနဲ့တဲ့။ ဆရာမ ပြောစဉ်တုန်းက သေချာနားမလည်ခဲ့ပါ။ လူကြီးတွေက "ဣန္ဒြေရတဲ့ ကျောင်းဆရာမအလုပ်ဆိုတာ ကုသိုလ်လည်းရ ဝမ်းလည်းဝ"ဟု ချီးမွမ်း ဂုဏ်ယူခဲ့ကြပါလျက်၊ ထိုသို့ ဆန့်ကျင်သော စကားမျိုးကို ဆရာမက ဘာကြောင့်ပြောပါလိမ့်။ ကျွန်မတို့က ထိန်းရခက်အောင် အဆိုးလွန်သွား၍များလား၊ စာသင်ရသည့် အလုပ်ကပဲ ပင်ပန်းလွန်း၍များလား။ ကျွန်မ အမျိုးမျိုး တွေးမိခဲ့ဖူးပါသည်။

ယခုလို ဆရာမလောင်း ဖြစ်လာချိန်မှာတော့၊ ထိုဆရာမ၏ စကားအဓိပ္ပါယ်ကို နားလည်သယောင် ရှိလာပါပြီ၊ ရက်များမကြာမီ ကျွန်မ တန်းပြဆင်းရတော့မည်ဖြစ်၍ သင်ကြားပြသရမည့် သင်ခန်းစာတို့ကို ကြိုတင်လေ့လာ ပြင်ဆင်နေရပါပြီ။ ကလေးများကို တစ်ခါမျှ စာမသင်ဖူးသေးပါ။ သီလရှင်ဆရာလေးဘဝနှင့် အခြားသီလရှင်ငယ်လေးများကိုတော့ စာသင်ပြပေးခဲ့ဖူးပါသည်။ ထိုသို့ အတွေ့အကြုံ အနည်းငယ် ရှိခဲ့ဖူး၍ ကျွန်မ စိတ်ထဲ၌ အထူး တုန်လှုပ်မနေပါ။

ကျွန်မသည် ဆရာမအလုပ်ကို ဝါသနာမပါခဲ့ဟု ထင်ထား၏။ ကိုယ်တတ်သိနားလည်သလို တပည့်များကို တတ်နားလည်အောင် သင်ပေးခြင်း၌မူ စိတ်ပျော်ရွှင် ကြည်နူးမိပါ၏။ ကံတရားက သတ်မှတ်ပေးလိုက်၍ ဆရာမဖြစ်ခွင့် ရလိုက်ပါပြီ။ အများအကျိုး တိုင်းပြည်အကျိုး ဆောင်ရွက်ခြင်းလည်းဟုတ်၊ ပညာကုသိုလ်ပြုခြင်း ပညာပါရမီ ဖြည့်ပေးခြင်းလည်းဟုတ်သော ဆရာမအလုပ်ကိုတော့ နှစ်ခြိုက်မိပြီမို့ ကျေနပ်ဝမ်းသာရပါ၏။

ငယ်စဉ်တုန်းက နေ့ကလေးထိန်းကျောင်း ဖွင့်ချင်သည်ဟု ပြောဖူးသည်ကို ထောက်၍ ပညာရေးကောလိပ်သို့ တက်ရောက်ဖြစ်အောင် အကြံပြု စီစဉ်ဆောင်ရွက်ပေးကြသည့် မိသားစုဝင်များကိုလည်း ကျေးဇူးတင်မိပါ၏။ အထူးသဖြင့်၊ ကျောင်းပိတ်ရက်တိုင်း အကြိုအပို့ တာဝန်ယူလျက် ဖြည့်စွက်စားနပ်ရိက္ခာ မှန်မှန်ပို့ပေးသော ဖခင်အား ပို၍ ကျေးဇူးတင်ရပါကြောင်း ဖော်ပြလိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်ရှိနေသေးသော ဒုတိယနှစ်သင်တန်းကို ဆက်လက်၍ ထူးချွန်အောင် ကြိုးစားပါမည်။ တပည့်များအား ပညာဒါ ပြုနိုင်ပါသော၊ အများအကျိုးကို ကူညီသယ်ပိုးနိုင်ပါသော၊ ကျွန်မကို ချစ်သောသူများအားလုံး ကူညီထောက်ပံ့ပေးနိုင်ပါသော ဆရာမကောင်းတစ်ဦး ဖြစ်လာစေရန် ကြိုးစားသွားပါမည်။

ဝိသနာ၊ စေတနာ၊ အနစ်နာနှင့် ကရုဏာ ဟူသော နာလေးနာပြည့်ဝ အာစရိယများ ဖြစ်ခဲ့ကြသည့် ကျွန်မ ဆရာ ဆရာမများအားလုံး၏ ကျေးဇူးကို ဆရာမဘဝဖြင့် ပြန်လည်ပေးဆပ် ကျေးဇူးတုံ့ပြန်ပါမည်။

ထိုမျှမက ကင်ဆာရောဂါဆိုးဖြင့် ကွယ်လွန်ပြီးသူ အနန္တောအနန္တ ဂုဏ်ဝင် အနန္တကျေးဇူးရှင်၊ ကျွန်မကို ချစ်ကြသော ဆရာမ ဒေါ်ခင်မမနှင့် ဒေါ်နှင်းကြည်တို့ကို အမြဲအောက်မေ့လျက် ရှိနေပါမည်။

သူတို့က ကျွန်မအား ဘာသာရေး၌ သက်ဝင်ယုံကြည်သူ ဖြစ်အောင် ဆုံးမခဲ့သည့်အတိုင်း တပည့်များအားလည်း ကျွန်မ သွန်သင် ညွှန်ပြပါမည်။

အများအကျိုးဆောင် တာဝန်ကျေပွန်သည့် အနာဂတ် ဆရာမကောင်း တစ်ဦးအဖြစ် ရပ်တည်သွားနိုင်ရန် ကြိုးစားပါမည်ဟူ၍ အလေးအနက် သန္နိဋ္ဌာန်ချထားပြီး ဖြစ်ပါသတည်း။

▲ တောင်ကြီးပညာရေးကောလိပ် ကျောင်းအုပ်ကြီးနှင့်တကွ ဆရာ ဆရာမများအားလုံးတို့အား ဤဆောင်းပါးဖြင့် ရိုသေစွာ ကန်တော့ပါသည်။

မစံပယ်နှင်းကြူ (ပညာရေးကောလိပ်)
၂၃/၈/၀၉

# တန်းပြဆင်း အတွေ့အကြုံများ

မစံပယ်နှင်းကြူ (ပညာရေးကောလိပ်)

ကျွန်မသည် တောင်ကြီးမြို့ ပညာရေးကောလိပ်တွင် ပထမ တစ်နှစ်တာကို တက်ရောက်ခဲ့ပါသည်။ ၁၈/၈/၀၉–နေ့တွင် စာမေးပွဲကြီး ပြီး၍ ယင်းညနေပိုင်းမှာပင် အိမ်ပြန်ခွင့် ရခဲ့ပါ၏။ ကျောင်းပိတ်ရက်များ၌ ပျော်ရွှင်လွတ်လပ်စွာ နေချင်လှပါ၏။ သို့သော် တန်းပြဆင်းခြင်းဟူသော လက်တွေ့စာသင်ပြခြင်း အတွေ့အကြုံကို မလွှဲမသွေ ယူရပါဦးမည်။ ကျွန်မသည် ကျောင်းပိတ်ရက်ကို ငါးရက်ခန့်သာ နားနေခွင့် ရရှိလိုက်၏။ နားရက်များ၌ အိမ်မှာ ပျော်ရွှင်နေခဲ့သော်လည်း၊ အချိန်သည် မထင်မှတ်လောက်အောင်ပင် အကုန်မြန်လွန်းလှ၏။ "ချိန်ခါရှိခိုက် လုံ့လစိုက်၊ လသာတုန်း ဗိုင်းငင်" စသော ရှေးလူကြီးများ ထားရစ်ခဲ့သည့် စကားပုံ ဆိုရိုးများသည် အချိန်၏ တန်ဖိုးကို ပြဆိုနေခြင်း မဟုတ်ပါလား။

ကျောင်းပိတ်နားရက်လေးအတွင်း၌ ကျွန်မသည် တန်းပြလက်တွေ့ ဆင်းရမည့် နေ့များကို ရေတွက်နေမိ၏။ မည်သည့်ကျောင်း၌ သင်ကြားပေးရမည်ကိုလည်း ရင်ခုန်စွာ သိချင်စိတ် များနေမိပါသည်။ သို့သော် ဘယ်ကျောင်းသို့ သွားရောက်၍ တန်းပြဆင်း ပညာသင်ကြားပေးရသည် ဖြစ်စေ၊ အကောင်းဆုံးဖြစ်အောင် ကြိုးစားဆောင်ရွက်ပေးမည်သာ ဖြစ်၏။ ကျွန်မ တတ်မြောက်ထားသော ဘာသာရပ်များနှင့်အတူ၊ တပည့်ကလေး များအား လိမ္မာယဉ်ကျေးစေရန်ကိုပါ ပူးတွဲသင်ကြားပေးမည်ဟု ဆုံးဖြတ် ထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မငယ်စဉ်က နေခဲ့ဖူးသည့် ကျောင်းဖြစ်သော၊ တောင်ကြီး မြို့မဈေး အနီး၊ နာရီစင်ကြီး အနောက်တည့်တည့်ရှိ အ.လ.က(၄)၌ တန်းပြဆင်းရန် လျှောက်ထားခဲ့ပါသည်။ ငယ်ဘဝ မိမိနေခဲ့ဖူးသော ကျောင်းကို သံယောဇဉ် တွယ်မိ၏။ ယင်းကျောင်းရှိ ကလေးများအား ပညာသင်ကြားပေးချင်စိတ်လည်း ရှိ၏။ သို့သော် "ဖြစ်ချင်တာလည်း မဖြစ်ရပါ၊ မဖြစ်ချင်တာလည်း ဖြစ်ရပါ။ အဲဒါ ... အဲဒါ ... ဘဝသံသရာ" ဆိုသော သီချင်းကဲ့သို့ပင်၊ အ.လ.က(၄)ကျောင်း၌ စာသင်ကြားပေးခွင့် မရရှိခဲ့ပါ။ တောင်းဆုမပြည့်ဝ ဟု ဆိုရပါမည်။

တောင်ကြီးပညာရေးကောလိပ်၌ ပထမနှစ် ပြီးစီးခဲ့ကြသော ကျွန်မတို့ သင်တန်းသူအားလုံးတို့ကို မူလတန်းကျောင်းများ၌သာ တာဝန်ချထားမည့် အစီအစဉ်တစ်ရပ်၊ ချမှတ်ထားပြီးဖြစ်ကြောင်း၊ တောင်ကြီးမြို့နယ် ပညာရေးမှူးရုံးက တာဝန်ရှိသူများ ရှင်းလင်းပြောပြကြ၏။ ကျွန်မ တန်းပြ ဆင်းခွင့်ရသည့် ကျောင်းမှာ၊ အ.မ.က(၄)မူလွန်ကျောင်း ဖြစ်ပါသည်။ မှန်ရာကို ဝန်ခံရလျှင်၊ ထိုကျောင်း ရခါစ၌ ကျွန်မ စိတ်ဆင်းရဲသွားသည်။ မပျော်ပါ။ စိတ်လေးလံနေမိခဲ့ပါသည်။

ကျွန်မသည် လမ်းလျှောက်ပျင်းသူ ဖြစ်၏။ ယင်းကျောင်းနှင့် အိမ်မှာ အလှမ်းဝေးလှ၏။ ခရီးမိုင်ဝက်ခန့် အနည်းဆုံးရှိလိမ့်မည်။ လမ်းလျှောက် ပျင်းသူပီပီ၊ ထိုကျောင်းသို့ ကျွန်မသည် မသွားချင်နေခဲ့ပါ။ တန်းပြဆင်းနိုင် ကြောင်း ထောက်ခံစာကို ၂၁/၈/၀၉–ရက် သောကြာနေ့ မနက်ပိုင်းမှာ ယူပြီးသည်နှင့်၊ ဆရာမကြီးအား အစီရင်ခံရန် ယင်းကျောင်းသို့ မြို့နယ် ပညာရေးမှူးရုံးမှ တစ်ဆက်တည်း သွားရောက်ခဲ့ပါသည်။

အ.မ.က(၄) မူလွန်ကျောင်းသည် အရှေ့မြို့ပတ်လမ်း (ယခင် ဇောတိက လမ်း) မြို့တွင်းခရီးသည်တင်လိုင်းကားများ ရပ်သောနေရာနှင့် နီးပါသည်။ ယင်းကို ကန်ထောင့်မှတ်တိုင်ဟု ခေါ်သည်။ ရှေးတုန်းက ညောင်ရွှေ ရေကန်ဟု ခေါ်တွင်လျက်၊ ယခုအခါ မြကန်သာ ဖြစ်နေသော ရေကန်၏ အင်္ဂါထောင့်၌ တည်ရှိပါသည်။ ကျောင်းဝင်းမှာ အတော်အတန်မျှသာ



ကျယ်ပါ၏။ ကျောင်းအုပ်ဆရာမကြီးမှာ ဒေါ်ပြုံးရီ ဖြစ်သည်။ ဆရာမ ကြီးက တနင်္လာနေ့ (၂၄/၈/၀၉)ကျမှ စသင်ပေးရန် ပြောပါသည်။

ဤသို့နှင့် တနင်္လာနေ့ ရောက်ရှိခဲ့ပြီ။ ကျွန်မသည် ယခင်က တပည့် ကလေးများကို စာမသင်ကြားပေးခဲ့ဖူးပါ။ ကျွန်မ သင်ကြားသည်ကို တပည့်များ နားမလည်မှာ စိုးရိမ်နေမိ၏။ ဆရာမကြီးက သူငယ်တန်းမှ စသင်ရန် စီစဉ်ပေးသည်။ ကျောင်း၌ ဆရာမအင်အား နည်းလှပါသည်။ စာသင်ခန်း ၁၈–ခန်းအထိ ရှိပြီး၊ ဆရာ ဆရာမ ဦးရေမှာလည်း ၁၈–ယောက်သာ ရှိ၍ ကွက်တိဖြစ်နေ၏။ ဆရာမများ နားချိန် မရှိရှာကြပါ။ တစ်ဦးဦး နာမကျန်းဖြစ်၍ (သို့မဟုတ်) ကိစ္စကြီးငယ်ရှိ၍ ခွင့်ယူလျှင် ဆရာမကြီးကိုယ်တိုင် အစားထိုး ဝင်သင်ပေးရကြောင်း သိရှိရပါသည်။ ဖြစ်နိုင်လျှင် ရက်ပို လုပ်အားပေးစေချင်ကြောင်း ဆရာမကြီးက ကျွန်မကို တောင်းဆိုပြောကြားပါသည်။

ပွဲဦးထွက်နေ့မှာ ကျွန်မသည် ဆရာမပုံစံနှင့် သူငယ်တန်းအခန်း B နှင့် C သို့ မနက်ပိုင်းတွင် အလှည့်ကျ ဝင်ရ၏။ ရင်ခုန်နေပုံမှာ ဆယ်တန်း အောင်စာရင်း ထွက်သည့် မနက်ပိုင်းတုန်းက အတိုင်းပင် ဖြစ်နေသည်။ ဣန္ဒြေမပျက်အောင် ကြိုးစားစိတ်ထိန်းပြီး စာစသင်ပေး၏။ အသံမတုန် အစီအစဉ် ကျနစွာ ချောချောမွေ့မွေ့ စာသင်နိုင်၍ အတန်းကို ထိန်းနိုင်ခဲ့၍ တော်ပါသေး၏။ သူငယ်တန်းအခန်း A သို့ကား နေ့ ၁၂–နာရီခွဲမှ ညနေ ၃–နာရီမတ်တင်း (၂း၄၅–နာရီ) အထိ ဝင်သင်ပေးရပါသည်။

အခန်းတိုင်း၌လိုလိုပင် ကျောင်းသူကျောင်းသားဦးရေ တော်တော် များပါသည်။ ကျောင်း၌ ကလေးများလွန်း၍ တန်းစီသည့်နေ့ကို တနင်္လာ၊ အင်္ဂါ၊ ကြာသပတေးနှင့် သောကြာဟူ၍ သတ်မှတ်ကာ အတန်းများကိုလည်း အလှည့်ကျ ခွဲခြားထား၏။ တနင်္လာနှင့် ကြာသပတေးနေ့များ၌ မူလတန်း ကလေးများ တန်းစီပါသည်။ အင်္ဂါနှင့် သောကြာနေ့များတွင်မူ အလယ်တန်း ကလေးများ တန်းစီကြရ၏။ မူလွန်ကျောင်းဖြစ်၍ ၇–တန်းအထိ ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ တန်းစီသည့် မနက်တိုင်း၌ ကျောင်းအုပ်ဆရာမကြီး ဒေါ်ပြုံးရီသည် ဩဝါဒစကား ပြောကြားပေးမြဲ ဖြစ်၏။ ဩဝါဒတိုင်းတွင်လည်း ကျောင်းမှန်မှန်တက်ရန်၊ စည်းကမ်းရှိရန်၊ တစ်ကိုယ်ရေ သန့်ရှင်းရန် စသည်တို့ကို အမြဲ ထည့်ပြောပါသည်။ ဩဝါဒစကား ပြီးဆုံးသည်နှင့် နိုင်ငံတော်အလံကို အလေးပြုရ၏။ နိုင်ငံတော်သီချင်းကိုလည်း ညီညာတက်ကြွစွာ ပြိုင်တူ သီဆိုရပါသည်။

ထို့နောက် အတန်းလိုက် ညီညာစွာ တန်းစီမပျက် မိမိအခန်းသို့ ပြန်လည်ထွက်ခွါရ၏။ အတန်းထဲ ရောက်တော့လည်း ဘုရားဝတ်ပြုကြရပါသေးသည်။ မြတ်စွာဘုရားရှင်အား ဆွမ်းတော်ကပ်ရာတွင် တပည့်ကလေးများက ဆွမ်းများ၊ သစ်သီးများ၊ မုန့်များတို့ကို လာရောက် လှူဒါန်းကြ၏။ တပည့်ကလေးများ ဝိုင်းအုံနေကြသဖြင့် တန်းစီပြီး လှူဒါန်းရပါသည်။ ပြီးတော့ ကိုယ်စောင့်နတ်ကို အစထားကာ ကျောင်းစောင့်နတ်နှင့် ဝေနေယျသတ္တဝါအနန္တတို့အား အမျှအတန်း ပေးဝေကြရပါသည်။ ပြီးလျှင် သာဓုသုံးကြိမ် ခေါ်ဆိုကြရပါသည်။

စာသင်ကြားရာတွင်လည်း သင်ခန်းစာပါ အကြောင်းအရာများအပြင် တပည့်များအား စဉ်းစားတွေးခေါ်တတ်စေရန်လည်းကောင်း၊ လူ့လောကကြီးထဲသို့ ဝင်ရောက်ရသည့်အခါတွင် ဘဝပြဿနာများကို လက်တွေ့ ဖြေရှင်းတတ်စေရန်လည်းကောင်း၊ စသည်များတို့ကိုပါ သင်ကြားပေးရ၏။ လူတော် ဖြစ်လာဖို့မှာ ကြိုးစားလျှင် ရနိုင်ပါသည်။ လူကောင်း ဖြစ်လာရန်မှာမူ စိတ်ဓာတ်ကောင်းမွန်ပြည့်ဝကြီးမြတ်ဖို့ များစွာလိုအပ်၏။ ထို့ကြောင့် ကျွန်မ၏ တပည့်များကို "လူကောင်း လူတော်"များ ဖြစ်လာစေရန် တတ်နိုင်သမျှ သွန်သင်ပေးခဲ့ပါသည်။

ကျောင်းရှိ ဆရာမများမှာ အလွန်ပင် သဘောကောင်းကြပါသည်။ ကျွန်မအား အစစအရာရာ အကူညီပေးကြ၏။ တပည့်ကလေးများအား မည်သို့မည်ပုံ သင်ကြားရမည်ကို လမ်းညွှန်ပေးကြ၏။ တပည့်များအား စာရေးခိုင်းထားပြီး၊ ကျွန်မ စာအုပ်စစ်ပေးနေသောအခါ၊ တပည့်အချို့တို့ထံမှ အလွန်ဆူညံသံများ ပေါ်ထွက်လာပါသည်။ မည်သို့မျှ ပြော၍



မရပါ။ ကျွန်မ အလွန်ငိုချင်နေမိသည်။ ကျွန်မသည် စိတ်ကိုတင်းပြီး အကြံထုတ်ရ၏။ စိလက်စစာအုပ်များကို ထားလိုက်ရ၏။ တပည့်အားလုံးတို့အား သင်ကြားထားပြီးသော သင်ခန်းစာကို ပတ်ဝန်းကျင်နှင့် ဆက်စပ်စဉ်းစားတတ်စေရန် မေးခွန်းများ တစ်ခုပြီးတစ်ခု မေးလိုက်၏။ ထိုအခါကျမှသာ ငြိမ်သွားတော့သည်။

သူငယ်တန်း **B** အခန်း ဝင်ရာ၌ ဆရာမအား အကြောင်းစုံ ပြောပြမိ၏။ ဆရာမက တပည့်များ၏ အသံထက် ကျယ်လောင်သော အသံဖြင့် အခန်းကို လွှမ်းမိုးသွားနိုင်အောင် အော်ပြောမှသာ အတန်းငြိမ်ကြောင်း ပြောပြ၏။ ထို့ပြင် တပည့်များအား ကိုယ်တိုင်ပါဝင်စေမှု များများ လုပ်ခိုင်းရန် အကြံပြု၏။

ကျွန်မသည် သူငယ်တန်းအခန်းများတွင် ရက်သတ္တနှစ်ပတ်ခန့် ပညာသင်ကြားပေးခဲ့သည်။ ထို့နောက် ပထမတန်းသို့ ပြောင်းရွှေ့သင်ကြားရ၏။ ပထမတန်း၌လည်း စာသင်ခန်းသုံးခန်း၊ ဆရာမသုံးယောက်သာ ရှိပါသည်။ တပည့် ကျောင်းသူကျောင်းသားဦးရေကမူ များပြားလှကြောင်း တွေ့ရ၏။ ပထမတန်းအခန်းများ၌လည်း စာမသင်မီ ဘုရားရှိခိုးခြင်း၊ တရားထိုင်ခြင်းများ ပြုလုပ်ကြရ၏။

ပထမတန်း **A** အခန်း ကိုင်ရသော အတန်းပိုင်ဆရာမမှာ အလွန်သဘောကောင်း၏။ တပည့်လေးများအား အမြဲလိုလိုပင် သားသား မီးမီးဟုခေါ်၏။ သားသား မီးမီးအသံများကို ဆရာမနှုတ်ဖျားမှ မချပါ။ မည်သည့်အခါမှ တပည့်ကို မရိုက်ပါ။ နားလည်အောင်သာ ပြောကြားပေး၏။ တစ်ခါတလေ ထမင်းစားချိန်၌ သွားရောက်အကဲခတ်လျှင်၊ တပည့်များအား အာဟာရသုံးအုပ်စု ပြည့်မပြည့် စစ်ဆေးခြင်း၊ ထမင်းမစားမီ လက်ဆေးခိုင်းခြင်းများ ပြုလုပ်ပေး၏။ ကြားအားလပ်ချိန်များ၌ ဆရာမသည် တရားမှတ်နေတတ်ပါသည်။

ပထမတန်း **A** အခန်း၌ ကျွန်မ စာသင်ကြားပေးခဲ့ရာ တချို့မှာ လက်ရေး မလှကြပါ။ တချို့ကား ဇေးနေတတ်ကြ၏။ ထိုတပည့်များအား

www.burmeseclassic.com



ရှေ့သို့ ခေါ်ယူ၍ ကျွန်မ၏ စားပွဲနားတွင် စာရေးစေခဲ့သည်။ လက်ရေးမလှသူများကိုလည်း ကိုယ်တိုင်ကိုင်တွယ်ကာ လက်ရေးလှပလာစေရန် ပြုပြင်ပေးခဲ့သည်။ နောက်ဆုံးအချိန်များတွင် တပည့်များအား အင်္ဂလိပ်သီချင်း သင်ကြားပေးရပါသည်။

တစ်နေ့ ကျွန်မ အင်္ဂလိပ်သီချင်း သင်ကြားပေးလိုက်၊ ကက်ဆက်ဖွင့်ပြီး နားထောင်ခိုင်းလိုက် ပြုလုပ်နေစဉ်၊ တပည့်ကလေးတစ်ယောက်သည် အပေါ့စွန့်ချင်၍ ခွင့်တောင်းပြီး အလျင်အမြန် ပြေးထွက်သွားခဲ့၏။ ကျွန်မလည်း အင်္ဂလိပ်သီချင်းကို ဆက်လက်သင်ပြနေခဲ့ပါသည်။ ထိုစဉ် "ဝုန်း" ဟူသော အသံကြီးကြောင့် ကျွန်မ အလွန်မတန် လန့်ဖျပ်သွားခဲ့မိ၏။ ယင်းသို့ အလျင်စလို ပြေးထွက်သွားသော ကျောင်းသားသည် အခန်းဝနားက မီးကြိုးကို မမြင်ဘဲ ဝင်တိုက်သွားမိ၍ ထွက်ပေါ်လာသော အသံကြီးဖြစ်နေသည်။

မီးကြိုးနှင့် ချိတ်ဆက်ထားသော ကက်ဆက်မှာ၊ တပည့်ကျောင်းသားလေး၏ ကိုယ်အလေးချိန်နှင့် ပြေးရှိန်တို့ကို မခံနိုင်ဘဲ၊ မီးကြိုးဆွဲပါသွားရာတွင် ကက်ဆက် ပြုတ်ကျသွားခဲ့ရခြင်း ဖြစ်နေ၏။ အခန်းပိုင်ဆရာမ ရောက်လာပြီး အကြောင်းစုံ သိသွားသောအခါ၊ ဆရာမက "သား–နောက်တစ်ခါဆို မပြေးနဲ့တော့၊ သားက ဂရုမစိုက်တော့ ကက်ဆက် ကျကွဲသွားပြီ" ဟူ၍သာ ပြောရှာပါသည်။ အခြားဆရာမဆိုလျှင် ဒဏ်ပေးမှာ သေချာပါ၏။ သို့သော် ယင်းပထမတန်း A အခန်းပိုင်ဆရာမသည် ဒဏ်လည်း မပေးပါ။ ဆူလည်းမဆူ၊ အပြစ်လည်း မပြောပါ။ ထိုဆရာမ၏ စိတ်ဓာတ်ကား ချီးကျူးဖွယ်သာမက အံ့ဩဖွယ်လည်း ကောင်းလှ၏။

ကျောင်း၌ သင်ကြားမှုအထောက်အကူပြုပစ္စည်းများ မြောက်မြားစွာ ပြုလုပ်ထားရှိပါသည်။ ဆရာမတို့က ကိုယ်တိုင်ပြုလုပ်၍ ဖြည့်စွက်ကြရ၏။ တပည့်ကလေးများက လှူချင်လျှင်လည်း ပြုလုပ်ပေးရ၏။ တစ်နေ့ ကျွန်မ၏ သင်ထောက်ကူများ ယူလာချိန်တွင်၊ တပည့်ကလေးများ စားပွဲအနီး၌ ဝိုင်းအုံနေကြပါ၏။ သူတို့ စိတ်ဝင်စားနေကြောင်း သိသာလှပါသည်၊ သူတို့



စိတ်ထဲတွင် ဘာတွေများလဲ မသိဘူးဟူ၍ သင်ထောက်ကူစက္ကူလိပ်ကြီးကို ဖွင့်ကြည့်နေကြ၏။ ကျွန်မကို "ဆရာမ ဘာလဲ" ဟူ၍ မေးကြပါသည်။ ကျွန်မက "သားတို့ သမီးတို့ အပြင်မှာ မြင်တွေ့ဖို့ ခက်တာတွေကို ကလေးတို့ နားလည်လွယ်ကူအောင်၊ မြင်တွေ့နိုင်အောင် လုပ်ထားတာပါ" ဟု ပြောပြ ရှင်းပြလိုက်ရပါသည်။

ကျောင်းအုပ်ဆရာမကြီး ခေါ်ပြုံးရီသည် ကျောင်းပတ်ဝန်းကျင် လုံခြုံမှု ရှိမရှိကို သိနိုင်ရန် တစ်နေ့သုံးကြိမ် ကိုယ်တိုင် စစ်ဆေး၏။ ဆရာမများ၏ သင်ကြားမှုများကို နားစွင့်လျက် သင်ထောက်ကူ အသုံးပြု မပြုကိုပါ အကဲခတ် ကြည့်ရှု လှည့်လာပါသည်။ ကျောင်းသို့ ကျောင်းကျန်းမာရေးအဖွဲ့လည်း တစ်နေ့မှာ ရောက်လာကြ၏။ ကလေးများအား ကျန်းမာရေး စစ်ဆေးပေး၏။ ခံတွင်းနှင့် သွားများကိုလည်း စစ်ဆေးပေး၏။ အသေးအဖွဲရောဂါများ တွေ့ရှိလျှင် ကုသပေးခြင်းများကိုလည်း ပြုလုပ်ပေးကြပါသည်။

၎င်းတို့အပြင် သင်ထောက်ကူ အသုံးပြုမပြု စစ်ဆေးခြင်း၊ သင်ထောက်ကူ အသုံးပြု၍ စာသင်ကြားမှုကို စစ်ဆေးခြင်း စသည်တို့ကို ပြုလုပ်မှတ်တမ်းတင်သွား၏။ ဆရာ ဆရာမများကိုလည်း အပတ်တိုင်း သင်ထောက်ကူ ပြုလုပ်သင်ကြားခြင်းသင်တန်း၊ မူကြိုသင်တန်း အစရှိသည့် သင်တန်းများသို့ စေလွှတ်ခဲ့သည်။ စာသင်ခန်းများ၊ သောက်ရေအိုးအိမ်သာ၊ အမှိုက်တောင်းနှင့် ကျောင်းဝင်းအတွင်း သန့်ရှင်းမှုရှိမရှိတို့ကိုလည်း စစ်ဆေးအမှတ်ပေးကြောင်း သိရှိရ၏။ မုန့်အရောင်းဆိုင်ကိုလည်း စစ်ဆေးပါသေးသည်။

ကျောင်းတွင်း၌ မုန့်ဆိုင်ငယ်လေးတစ်ဆိုင်သာ ရှိသည်။ ထိုမုန့်ဆိုင်ရှိ မုန့်များမှာ သန့်ရှင်းလတ်ဆတ်လှသည်။ အရောင်မဆိုးသော၊ သောက်ကောင်းသော မုန့်များကိုသာ ရောင်းချပေးလျက် ရှိသည်။ တနင်္လာနေ့၌ ကလေးများအားလုံး ထမင်းဘူး ယူလာစေ၍ ကျောင်း၌သာ နေ့လယ်စာ စားစေပါသည်။ ထမင်းကုန်မှသာလျှင် ကျောင်းဝင်းအတွင်း၌ ကစားခွင့်ပြု၏။ သီတင်းကျွတ်ပွဲတော်အတွက် ကျောင်းမပိတ်မီကာလ၌ ဆရာ

www.burmeseclassic.com



ကန်တော့ပွဲ (အာစရိယ ပူဇော်ပွဲ) ကျင်းပကြသည်။ တပည့်ကလေးများတို့လည်း မိမိတို့ စေတနာရှိသည့်အလျောက်၊ မိမိတို့ တတ်နိုင်သမျှလေးတို့ဖြင့် ကန်တော့ကြပါသည်။

ကျောင်းအုပ်ဆရာမကြီးကလည်း သီတင်းကျွတ်လက်ဆောင်အဖြစ် ဆရာမတိုင်းအား အင်းလေးကောက်သစ်ဆန်ထုပ်တစ်ထုပ်၊ အုန်းဆီတစ်ပုလင်း၊ ပြောင်းဖူးပေါက်ပေါက် ဖောက်စားဖို့ ပြောင်းဖူးစေ့ခြောက်တစ်ထုပ်၊ ရှမ်းပြည်နယ် အစားအစာတစ်မျိုးဖြစ်ပြီး ဆီပူပူလေးထဲ ပေါလောထည့်ကြော်လျှင် ပြန့်ကားပွတက်လာသည့် ဆန်လုံးစီချပ် အခြောက်တစ်ထုပ် စသည်ဖြင့် လက်ဆောင်ပေးပါသည်။ ကျောင်း၌ တပည့်ကလေးများ၏ မွေးနေ့များ ပြုလုပ်ပေးလေ့ ရှိပါသေး၏။ မွေးနေ့ရှင် တပည့်ကလေးတို့သည် ဆရာမများအား မုန့်ထုပ်များ၊ ပန်းကိတ်များဖြင့် ကန်တော့တတ်ကြပါသည်။ နာမည်ပြောင်း တပည့်တစ်ဦးက နာမည်သစ်ကို ခေါ်ပေးရန် မုန့်ကျွေးတောင်းပန်၏။

ကျွန်မသည် ပထမတန်း၌လည်း နှစ်ပတ် စာသင်ပေးခဲ့ပါသည်။ ထို့နောက်တွင် ဒုတိယတန်းသို့ တက်ရောက်ကာ ဆက်လက် စာသင်ပေးခဲ့ရပြန်၏။ ဒုတိယတန်းတွင် အခန်းနှစ်ခန်း ရှိ၍၊ ဆရာမနှစ်ယောက်သာရှိ၏။ အခန်းတစ်ခန်းစီတွင် တပည့် ၇၀–ကျော်စီ ရှိကြ၏။ အခန်းချင်းဆက်နေ၍ မနည်းကောင်း အသံညှစ်ထုတ်ပြီး ဟစ်အော် သင်ကြားပေးရသည်။ ရှေးဦးကြီး သင်ကြားပေးရသည်မှာ စပါးဖျက်ပိုးအကြောင်း သင်ခန်းစာ ဖြစ်နေ၏။ စပါးဖျက်ပိုး သင်ကြားရာတွင် စပါးပင်ကို ပြသပေးရန် လိုအပ်ပါသည်။

တောင်ကြီးမြို့ပေါ် ဖြစ်နေသဖြင့် စပါးပင် ပြသရန် ခက်ခဲလှ၏။ ''လိုလျှင်ကြံဆ နည်းလမ်းရ''ဆိုသည့်အတိုင်း စပါးပင်ပုံကို ပန်းချီဆွဲ၍လည်းကောင်း၊ ကြိုတင်၍ သဘာဝပစ္စည်းအစစ်အမှန် ရှာဖွေပြင်ဆင်၍လည်းကောင်း၊ အသီးသီး ပြသပေးနိုင်ခဲ့ပါသည်။ ကံကောင်းထောက်မ၍ စပါးပင်ကို ရှာဖွေရရှိခဲ့ပါ၏။ စပါးပင်နှင့်အတူ စပါးနှံ၊ စပါးလုံး



ဆန်စေ့များကိုပါ ပြသနိုင်ခဲ့၏။ ထို့ပြင် စပါးပင်အကြောင်း၊ စပါးစေ့အကြောင်းတို့နှင့် ဆက်စပ်ပြီး လက်တွေ့အသုံးပြုပုံ သဘောသဘာဝတို့ကိုပါ ပြောကြားပေးခဲ့သည်။ ညနေပိုင်းအချိန်၌ ပန်းချီသင်ခန်းစာ၊ ကာယလေ့ကျင့်ခန်း သင်ခန်းစာ စသည်တို့ကိုလည်း သင်ကြားပေးခဲ့ပါသည်။ တပည့်ကလေးများ ပျော်ရွှင်ကြပါသည်။

စာသင်အတွေ့အကြုံများအနက် ဒုတိယတန်း၌ စာသင်ပေးခြင်းသည် ကျွန်မအတွက် အခက်ခဲဆုံး ဖြစ်၏။ တပည့်ကလေးများ အလွန်များပြားလှ၍ မထိန်းနိုင်မှာကို သိပ်ကြောက်မိ၏။ မိမိတတ်သမျှတို့ကို အစွမ်းကုန် သင်ကြားပေးချင်၏။ ပညာကို မျှဝေပေးချင်၏။

သို့သော် မိမိ ပြောသမျှကို နားစိုက်ထောင်မှသာလျှင် နားလည်သဘောပေါက်နိုင်ပေလိမ့်မည်။ တပည့်ကလေးတို့ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ပူးပေါင်း လုပ်ကိုင်ဖို့လည်း လိုအပ်ပါသေးသည်။

ထို့ပြင်၊ အဓိကအချက်မှာ အတန်းငြိမ်နေစေဖို့ အရေးကြီး၏။ ကြောက်ရွံ့၍ ငြိမ်နေခြင်းမျိုးလည်း မဖြစ်သင့်ပေ။ ပညာလိုလား၍ အာရုံစိုက် ငြိမ်သက်ခြင်းမျိုးသာ ဖြစ်စေချင်၏။ ထိုသို့ဖြစ်ရန်မှာ တပည့်ကလေးများကိုယ်တိုင် ပါဝင်စဉ်းစားရသော မေးခွန်းမျိုးများကို မေးခြင်းမှ စတင်၍ သင်ကြားပေးမှု ပြုခဲ့ရပါသည်။

ကျွန်မ စာသင်ကြားနေစဉ်အတွင်း တပည့်ကလေးတစ်ယောက်မှာ နှာခေါင်းသွေးယိုကျလာပါ၏။ ကျွန်မသည် ချက်ချင်း တစ်သျှူးစက္ကူဖြင့် သုတ်ပေးခဲ့၏။ မည်သို့မည်ပုံ ဆက်လုပ်ပေးရမည်ကို မသိ၍ ကလေးဦးခေါင်းအား အပေါ်သို့ အနည်းငယ် မော့ထားစေခဲ့၏။ ထိုစဉ်မှာပင် သတင်းကြား၍ အတန်းပိုင်ဆရာမ ရောက်လာ၏။ မျက်စိနှစ်ဖက်ကြားက နှာထိပ်ဖျားလေးကို လက်ဖြင့် ငါးမိနစ်ခန့်ကြာအောင် ဖိထားပေးခဲ့၏။ နှာထိပ်ဖျားရှိ သွေးကြောလေးများကို ပိတ်ပေးသည်ဟုလည်း ပြောပြ၏။

ငါးမိနစ်လောက် ကြာသွားသောအခါ ထိုတပည့်လေး၏ နှာခေါင်းထဲမှ ယိုစီးကျနေသော သွေးများမှာ ရပ်တရက်ဆိုသလိုပင် တကယ်

www.burmeseclassic.com

www.burmeseclassic.com



တိတ်သွားခဲ့ပါပြီ၊ ထို့ကြောင့် ကျွန်မသည် ယင်းသို့ လျှပ်တစ်ပြက် ကုသနည်းလေးကို သဘောကျသွား၏။ ဆရာ ဆရာမများသာမက စာဖတ်သူ အများသူငါအပေါင်းတို့ သိရှိလိုက်နာဆောင်ရွက်ပေးနိုင်စေရန်၊ လက်တွေ့အသုံးချ အကျိုးများစေသော ရှောင်တခင်ကုထုံးလေးကို ဤမှတ်တမ်းလေး၌ ထည့်သွင်းဖော်ပြပေးလိုက်ရခြင်း ဖြစ်ပါသည်။

ကျွန်မသည် တန်းပြဆင်းရသည်ကို အလွန်ပင် ပျော်မွေ့ပါသည်။ ဝါသနာကြောင့် ဖြစ်ပါလိမ့်မည်။ တပည့်ကလေးတိုင်းကိုလည်း စိတ်ဝင်စားပါ၏။ ဆရာ ဆရာမအပေါင်းတို့ကိုလည်း လေ့လာခွင့် ရရှိသောကြောင့် အကျိုးများပါသည်။ ဆရာမများ၏ နွေးထွေးစွာ ကြိုဆိုခြင်း၊ ဖော်ရွေစွာ ဆက်ဆံခြင်း၊ စေတနာထား ညွှန်ကြားအကြံပြုခြင်းတို့ကို ကျွန်မ လက်ခံရရှိခြင်းကြောင့်လည်း ပိုပျော်မွေ့ခြင်း ဖြစ်ပါသည်။ ယခင် ကျွန်မ နားမလည် မသိရှိသေးသော အကြောင်းအရာ အတော်များများတို့ကိုလည်း သိခွင့် ရရှိခဲ့ပါ၏။

ဆရာမများ၏ စာသင်ကြားပေးပုံများ၊ တပည့်ကလေးများအား ဆိုဆုံးမသွန်သင်ပေးပုံများတို့ကိုလည်း လေ့လာခွင့် ရရှိခဲ့သည်။ သင်ထောက်ကူများ ပြုလုပ်ပုံတို့ကိုလည်း ကိုယ်တိုင်ကိုယ်ကျ လက်တွေ့ လုပ်ကိုင်သိရှိ အောင်မြင်အကျိုးများခဲ့၏။ ထို့ကြောင့် ကျွန်မသည် လက်တွေ့တန်းပြကာလတွင်း အတွေ့အကြုံတို့မှ ကောင်းတာတွေကို နည်းယူ၊ လိုအပ်ချက်တွေကို ဖြည့်စွက်၊ အားနည်းချက်တွေကို ပြုပြင်ယူကာ ဆရာမကောင်းတစ်ဦး ဖြစ်လာစေရန် ဆက်လက်ကြိုးစားသွားပါမည်။ မှားယွင်းခဲ့သော အချက်များကိုလည်း၊ နောင်တွင် ထပ်မံ မမှားဖြစ်အောင် အမြဲ သတိထားလျက် ပြုပြင်ဆောင်ရွက်သွားပါဦးမည်။

ထိုသို့ ဆရာ ဆရာမများ၏ သင်ကြားနည်းစနစ်များ၊ တပည့်ကလေးတို့အား ပြောဆိုသွန်သင်မှု ဆုံးမပဲ့ပြင်မှုများတို့ကို လေ့လာမှတ်သားရယူပြီးနောက်၊ နောင်မဝေးတော့သော တစ်ချိန်ဝယ်၊ ဆရာမ ဖြစ်လာသည့်အခါမှာ အနာဂတ်တိုင်းပြည်ခေါင်းဆောင်၊ ပန်းပင်ငယ်လေးများကို



စိုက်ပျိုးပေးမည်။ မြေတောင်မြှောက်ပေးမည်။ ပေါင်းသင် ရေလောင်းပေးမည်။ ပန်းကောင်းပန်းလှ၊ မွှေးမြသော ရောင်စုံပန်းခင်းကြီး ဖြစ်ပေါ်လာစေရန် ပြုစုပေးသွားပါမည်။

ဆရာကောင်းတစ်ဦး၌ ရှိသင့်ရှိထိုက်သော ၁။ ဝါသနာ ၂။ စေတနာ ၃။ အနစ်နာနှင့် ၄။ ကရုဏာ တည်းဟူသော နာလေးနာနှင့် ပြည့်ဝစုံလင်အောင်လည်း အထူးကြိုးစား ဖြည့်ဆည်းသွားပါမည်။ သိက္ခာရှိသော ဆရာမတစ်ယောက်၏ ဘဝကို မြတ်နိုးစွာ တည်ဆောက် ထိန်းသိမ်းသွားမည်ဟုလည်း လေးလေးနက်နက် သန္နိဋ္ဌာန်ချထားပြီးပါပြီ။ ဖြစ်ကြောင်းနှင့် ရိုးသားနိုးကြား၊ ကြိုးစားမှုတို့ အရင်းခံလျက် ဆရာထက် လက်ဝါးစောင်းထက်သော တပည့်များကို ထုတ်ဖော်ပေးသွားမည့် အကြောင်းကိုလည်း ဖော်ပြချင်ပါသေးသည်။

တန်းပြဆင်းရက် ရက်သတ္တခြောက်ပတ်တာ ကာလအတွင်း ကျွန်မမှာ များစွာ အကျိုးရှိခဲ့ပါ၏။ ပိုမိုရင့်ကျက်လာခဲ့ပါပြီ၊ ဆရာမတည်း ဟူသော ပညာရေးဝန်ထမ်း၊ ပညာသင်ကြားပေးရသော အသက်မွေးဝမ်းကျောင်းမှုသည် များစွာဂုဏ်ရှိ သိက္ခာရှိသည့်ပြင် ကုသိုလ်ကြီးကြီးရသော ပညာပါရမီဖြည့် လုပ်ငန်းတစ်ရပ်အဖြစ် မြင်တတ်ခံစားတတ် ခံယူတတ်လာခဲ့ပါပြီ။

ဆရာမကြီးထံ သတင်းပို့စဉ်တုန်းက ရက်ပိုမို၍ လုပ်အားပေးရန် မေတ္တာရပ်ခံသည်ကို အနည်းငယ် နားခါးခဲ့ပါသည်။ ယခုတော့ "**သမီး စာသင်ရတာ ပျော်သွားပြီဆိုရင် ဆရာမကြီးကို ကူလိုက်ပါကွယ်။ လုပ်အားပေးပါနော်။ အတွေ့အကြုံ ပိုရတာပေါ့။ အတွေ့အကြုံကို ငွေနဲ့ ဝယ်ယူလို့ မရဘူး သမီး**"ဟူသော ဖခင်၏ စကားကို နားထဲ ကြားယောင်နေပါသည်။

စာသင်ပြပေးရသည်ကို ပျော်မွေ့လာပြီမို့ တန်းပြဆင်းကာလ ကုန်ဆုံးပြီးချိန်မှာလည်း ဆက်လက်၍ တန်းပြဆင်းပေးလိုက်ပါဦးမည်ဟု ဆုံးဖြတ်ချက်ကို ပိုင်ပိုင်နိုင်နိုင် ချမှတ်လိုက်နိုင်ပါပြီ။ ၁၆/၁၀/၀၉-နေ့၌ တရားဝင် တန်းပြဆင်းကာလ ပြီးဆုံးပါလိမ့်မည်။ သို့သော် နိုဝင်ဘာလကုန်ရက်အထိ ဆက်လက်၍ လုပ်အားဒါန ပြုလိုက်ပါဦးမည်။ ၁၄/၁၂/၀၉-နေ့ကျမှ

www.burmeseclassic.com

www.burmeseclassic.com



ပညာရေးကောလိပ် ဒုတိယနှစ် တက်ရောက်ရန် ကျောင်း စတင်ဖွင့်လှစ်ပါလိမ့်မည်။ ဒီဇင်ဘာလအတွင်း၌ နှစ်ပတ်ခန့် အိမ်တွင် အနားယူရင်း၊ နောက်နှစ်သင်တန်းအတွက် အားသစ်လောင်း ပြင်ဆင်ချိန်မှာ လုံလောက်ရုံမက ပိုလျှံနေပါသေးသည်။

"လူ့ဘဝအတွေ့အကြုံ၊ တရားဓမ္မအတွေ့အကြုံနှင့် လောကဓံ အတွေ့အကြုံတို့မှာ သာလိုပင် ကြမ်းတမ်းခက်ထရော်နိုင်ပါသည်။ တန်းပြဆင်း အတွေ့အကြုံလေးမှ အခက်အခဲအချို့ဟာဖြင့် အသေးအမွှားလေးပါ။ သို့သော်လည်း လေးလေးစားစား ထားရပါလိမ့်မည်" ဟူ၍ ရှင်းပြသည့် ဖခင်စကားရပ်ကိုလည်း အမြဲသတိရနေပါ၏။

ကျွန်မသည် ...

- အသင်အပြကောင်းပြီး နာလေးနာနှင့် ပြည့်ဝသည့် ဆရာမတစ်ဦး ဖြစ်လာနိုင်မည်လား။
- ဘဝလောကဓံ ရေဆန်ခရီးကို ကျော်လွှန်အောင်မြင်နိုင်ပါမည်လား။
- သံသရာဝဋ်ဆင်းရဲမှကော လွတ်မြောက်၍ တရားထူးတရားမြတ်ကို မျက်မှောက်ပြုနိုင်ပါမည်လား ...

စသည်ဖြင့် လားပေါင်းများစွာတို့၏ အဖြေကို တွေးတောဆင်ခြင် အဖြေရှာဖွေနေမိပါသတည်း။

▲ ကျွန်မအား စောင့်ရှောက် သွန်သင် လမ်းညွှန်ပြုကြသည့် ကျောင်းအုပ်ဆရာမကြီးနှင့်တကွ ဆရာ ဆရာမအပေါင်းတို့ကို အထူးကျေးဇူးတင်ရှိလျက် အမြဲ အမှတ်တရ ရှိနေပါမည်။ ဤဆောင်းပါးဖြင့် ရှိသေစွာ ကန်တော့ပါသည်။

မစံပယ်နှင်းကြူ (ပညာရေးကောလိပ်)
၁၀/၁၀/၀၉

❀ ❀ ❀ ❀ ❀



## ဂုဏ်ပြုလွှာ

တောင်ကြီးမြို့ အမှတ်(၄)အခြေခံမူလတန်းလွန်ကျောင်းတွင်၊ တောင်ကြီးမြို့ ပညာရေးကောလိပ် အပတ်စဉ် ၁၃၊ ပထမနှစ် သင်တန်းသူ မစံပယ်နှင်းကြူ ရခ ၁၃–သည် ၂၄/၈/၀၉–နေ့မှ ၁၆/၁၀/၀၉–နေ့အထိ ရက်သတ္တပတ် ၇–ပတ်တိတိ (သီတင်းကျွတ်ကျောင်းပိတ်ရက်မပါ) ပျက်ရက်မရှိ လက်တွေ့တန်းပြဆင်း သင်ကြားပြသခဲ့သည့်အပြင်၊ ၁၉/၁၀/၀၉–နေ့မှ ၃၀/၁၁/၀၉–နေ့အထိ ရက်သတ္တပတ် ၆–ပတ်တိတိကိုလည်း၊ အပြည့်အဝ လုပ်အားပေးဆောင်ရွက်ခဲ့ပါသဖြင့်၊ များစွာ ကျေနပ်မှု ရရှိပါကြောင်းကို မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

ဒေါ်ပြုံးရီ
ကျောင်းအုပ်ကြီး
အမှတ်(၄)အခြေခံပညာမူလတန်းမှုလွန်ကျောင်း
တောင်ကြီးမြို့။
၂၀၀၉–ခုနှစ်၊ နိုဝင်ဘာလ(၃၀)ရက်။

▲ ဂုဏ်ပြုမှတ်တမ်း ချီးမြှင့်ပေးသည့် ဆရာမကြီးဒေါ်ပြုံးရီအား ကျေးဇူးအထူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။ သမီးလေး၏ စေတနာ လုပ်အားကောင်းမှုကို စာဖတ်သူတို့ ဝမ်းမြောက်နိုင်မော် သာဓုခေါ်ဆိုနိုင်ရန် ဖော်ပြပေးခွင့် ရရှိသည့်အတွက် ဖခင်တစ်ဦးအနေဖြင့် ပီတိဖြာဝေ ဝမ်းသာဂုဏ်ယူနေပါသည်။

သာဓု ... သာဓု ... သာဓု။

ဒေါက်တာအောင်ကျော် (သွား/ဆရာဝန်)

www.burmeseclassic.com

www.burmeseclassic.com

# ငွေဒီးဝနီးအာဝဇာ ......

ဈေးဦးမေ (တောင်ကြီး)

ကျွန်မ အထက်တန်းကျောင်းသူဘဝက စာရေးဆရာမ ဖြစ်လိုစိတ် ပေါ်ပေါက်ခဲ့ဖူးပါသည်။ ဘွဲ့ရ အလုပ်ဝင်၊ အိမ်ထောင်တာဝန်တွေနှင့် မအားမလပ်သဖြင့်၊ ငယ်ငယ်က စိတ်ကူးယဉ်အိပ်မက်များ တဖြည်းဖြည်း ပျောက်ကွယ်သွားခဲ့ပါသည်။

ယခုတော့ အငြိမ်းစားယူပြီးမှ ခင်ပွန်းဖြစ်သူက စာရေးရန် အားပေး တိုက်တွန်းလာပါသည်။ ရေးလိုစိတ် ရှိပေမယ့် စာပေနှင့် ကင်းကွာနေသည် မှာ ကြာပါပြီ၊ ဆောင်းဦးသန်းခေါင်ယံည အဖြစ်အပျက်တစ်ခု၏ ခံစားချက် ပေါ် မူတည်၍ စာရေးရန် လမ်းစရခဲ့ပါသည်။

ကျွန်မတို့ မိသားစုအကြောင်းဖြင့် အစပျိုး ရေးပြပါရစေ။ ကျွန်မ တို့မှာ သားသမီး ၃-ယောက် ရှိပါသည်။ အငြိမ်းစားဘဝမှာ ပုံနှိပ်လုပ်ငန်း ဖြင့် အသက်မွေးဝမ်းကျောင်းပြုပါသည်။ သားသမီးတို့ ၁၀-တန်း အောင်၍ တစ်ယောက်ပြီးတစ်ယောက် ဆေးတက္ကသိုလ်၌ ဆက်လက် ပညာသင်ကြား ရန် မန္တလေးမြို့သို့ ပို့ခဲ့ရပါသည်။ ဒီနှစ်တော့ အကြီးဆုံးသမီး အလုပ်ရပြီမို့ အနည်းငယ် အသက်ရှူချောင်ပြီ ထင်ခဲ့ပါသည်။ ကျန်သားနှစ်ယောက် အတွက် အတန်းကြီးလာသည်နှင့်အမျှ ပို့မြဲထက် ပိုမိုပေးပို့ရလေပြီ၊ စား စရိတ်၊ သွားစရိတ်၊ နေထိုင်စရိတ်များ တစ်နှစ်ထက် တစ်နှစ် တိုးပွါးလာပါ သည်၊ သားသမီးအတွက် ဆိုပြန်တော့လည်း မညည်းမညူ၊ သူတို့လေးတွေ



ပညာတတ်ဖို့ မိဘရဲ့တာဝန်ပဲ မဟုတ်ပါလား။ ကျွန်မတို့ မိဘတာဝန် ကျေပွန်ရပါမည်။

သားများ ဖုန်းဆက်တိုင်း အိမ်ကလူကြီးများ ကျန်းမာရဲ့လား? အဖေ အမေတို့ နေကောင်းကြရဲ့လား? လုပ်ငန်းအဆင်ပြေရဲ့လား? ကျန်းမာရေး ဂရုစိုက်ကြပါရန် စိုးရိမ်စိတ်ဖြင့် မေးမြန်းမြဲ၊ သတိပေးမြဲပါ။ ကျွန်မတို့ ကလည်း သားများ စာကြိုးစားကြရန်၊ လိမ္မာရေးခြားရှိကြရန်၊ မူးယစ်ဆေး ရှောင်ရှားရန် အထူးမှာကြားမြဲ၊ သတိပေးမြဲဖြစ်၏။

၃၀/၁၀/၂၀၀၅ ညဉ့်သန်းခေါင်ယံ၊ ဆောင်းဦးဝင်ပြီမို့လားမသိ၊ ရာသီ ဥတု ထူးထူးခြားခြား အေးနေသည်။ အိမ်ကဖုန်း ရုတ်တရက် အသံ မြည်လာ၍ ကျွန်မ ဆတ်ခနဲ ကောက်ကိုင်လိုက်ပါသည်။ ညအချိန်မတော် ဖုန်းလာလျှင် ခင်ပွန်းဖြစ်သူကို မကိုင်စေပါ။ သွေးတိုး၊ နှလုံးရောဂါရှင်မို့ ကျွန်မသာ နားထောင်မည်ဖြစ်ကြောင်းလည်း ပြောထားပါသည်။ “ဟဲလို” လို့ ထူးတော့၊ ဟိုဘက်က ယောက်ျားလေးသံက “ဟဲလို” …။ ကျွန်မ ကလည်း ယဉ်ယဉ်ကျေးကျေး “ဟုတ်ကဲ့ပြောပါ” လို့ ပြန်ပြောပါသည်။ စိတ်ထဲကလည်း “အင်း … ဖုန်းသရဲတော့ မဟုတ်ပါစေနဲ့” လို့ပေါ့။ ဟိုဘက်က အသံက “အန်တီ…အန်တီ့သား ကိုဝင်းမင်း အူအတက်ပေါက်လို့ ဆေးရုံတင်ထားရတယ်…ညဦးကပဲ…အဲဒါ အကြောင်းကြားပေးတာပါ” ဟု ပြောပါသည်။

ကျွန်မ တွေဝေ ထူပူသွားပါသည်။ တစ်ဆက်တည်းမှာပင် ထိုသူငယ် အား “ကျေးဇူးတင်တယ်နော်၊ အကြောင်းကြားပေးတာ ဘယ်သူပါလဲ” လို့ မေးလိုက်တော့ “သူ့အောက် တစ်တန်းကပါ။ ကိစ္စမရှိပါဘူးအန်တီ” လို့ ပြန်ပြောပြီး ဖုန်းချသွားပါသည်။ ဤသူငယ်လေးပင် သားကို ဆေးရုံ တင်ပေးခဲ့ခြင်း ဖြစ်မည်။ ညဉ့်သန်းခေါင် ငွေကြေး အကုန်အကျခံ ဖုန်းဆက် ရိုင်းပင်းကူညီသူ ထိုသူငယ်ကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင် နှိုမ်းမဆုံး ထောမနာပြုမိပါသည်။

ဖုန်းချပြီးသွားသည်နှင့် ကျွန်မမှာ ခြေမကိုင်မိလက်မကိုင်မိ ကြောင် တောင်တောင်ဖြစ်ပြီး ခေတ္တမျှ ငိုင်နေမိပါသည်။ သားငယ် နှစ်ဝက်

www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲပြီး၍ အိမ်သို့ ခေတ္တပြန်လာခိုက် ညာဘက်ဝမ်းဗိုက် အနည်းငယ်နာကာ နေမကောင်းဖြစ်လိုက်သေးသည်။ အူတက်နာ သေချာပြီပေါ့။ အိပ်မောကျနေသူ သားတို့အဖေကိုနှိုး အကြောင်းစုံ ပြောပြတော့၊ သားတို့အဖေက "ဟင်း ဒီလိုဆို မန္တလေး လိုက်သွားမှ ဖြစ်မှာပေါ့။ သားကြီးက စာမေးပွဲဖြေနေခိုက်မို့ သူ့ညီလေးကို ဂရုစိုက်နိုင်မှာ မဟုတ်ဘူး။ ဘယ်ဆေးရုံမှာ တင်ထားသတဲ့လဲ ? ဟု မေးလာတော့၏။

"မေးလိုက်ချိန်တောင် မရပါဘူး"လို့ပဲ ဖြေလိုက်ပါသည်။ "သားကြီးကလည်း သူ့ညီလေးအတွက် အလုပ်များနေလို့ သူငယ်ချင်းကပဲ ဆက်လိုက်တာ ဖြစ်မှာ"ဟု တွေးတောကြံဆရင်း ပစ္စည်းများ အဝတ်အစားများ လိုအပ်ရာရာတို့ကို ဦးနှောက်ရော လက်ပါ မနားတမ်း ပြင်ဆင်ထုပ်ပိုးကြရပါသည်။ "မနက် ၃–နာရီခွဲပြီ။ ကဲ ခဏအိပ်လိုက်ဦး။ မနက်မှ စောစောပြန်ထကြတာပေါ့" ဆိုသော်လည်း ချမ်းလို့သာ ငွမ်းပုံငွမ်းကပ်ထဲ ကွေးပါသည်။ အိပ်လို့ မပျော်နိုင်ပါ။

သားထွေးမျက်နှာ မြင်လိုက်၊ ခွဲစိတ်ခန်းကို မှန်းကြည့်လိုက်၊ ဗျာများနေမည့် သားကြီးပုံပန်းကို မှန်းဆလိုက်၊ သူကျက်ရမည့် စာအုပ်တွေကို မြင်လိုက်၊ ပြည်သူ့ဆေးရုံလား, ပုဂ္ဂလိကဆေးရုံလား တွေးတောလိုက်၊ ခွဲစိတ်ပေးကြမည့် ဆရာဝန် ဆရာမများကို မေတ္တာပို့လိုက်၊ သားထွေး ကျန်းမာချမ်းသာစေကြောင်း ဆုတောင်းလိုက်၊ ပရိတ်တရားတော်များ ရွတ်ဖတ်ရင်း သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များအား အမျှဝေပြီး စောင့်ရှောက်ပါရန် တိုင်တည်လိုက်နှင့် မိုးလင်းသွားခဲ့ပါပြီ။

အူတက်ဆိုတော့ ခွဲစိတ်ပြီး ၅–ရက် ၆–ရက်တော့ ဆေးရုံပေါ်မှာ နေရဦးမည်။ ငွေရှိတာနဲ့ကော လုံလောက်ပါ့မလား? ပြီးရင် အစာပျော့ပျော့ပဲ ကျွေးရမည်။ ထမင်းချိုင့်၊ ဓာတ်ဘူး၊ ပန်းကန်ခွက်ယောက်၊ ဇွန်းခက်ရင်း လိုလေသေးမရှိ ထည့်မှ။ ပြီးတော့ သားတို့အဖေအတွက် သွေးထိန်းညှိဆေး၊ နှလုံးဆေး၊ အစာအိမ်ဆေး။ ပြီးတော့ ကျွန်မအတွက် Neurobion နှင့် Calcivita ။ ဘယ်ဒူး မကောင်းသဖြင့် ရေရှည်သောက်ရန် သမားတော်က



ညွှန်ကြားထားသော ဆေးများပါ။ ဒါလည်း ကျန်ရစ်ခဲ့လို့ ဖြစ်။ အင်း ... ဒါဆိုရင် လုံလောက်ပါပြီ။

၁/၁၁/၀၅–မနက်မှာ အဘွားများကို မန္တလေးသို့ ခုမနက်ပင် သွားရမည်ဖြစ်ကြောင်း ရှင်းပြပြီး သားတို့အဖေက ကားဂိတ်ဆီ ထွက်သွား၏။ မန္တလေးသား သားငယ်၏ သူငယ်ချင်း မောင်ကိုကိုထံ "ဖေတို့ မေတို့ ခုမနက်ပင် မန္တလေးသို့ လာမည်ဖြစ်ကြောင်း၊ စိတ်မပူရန်နှင့် သားတို့ကို ပြောပေးပါရန်"ကိုလည်း မှာကြားပါသည်။ မောင်ကိုကိုကလည်း "မိုးချုပ်မှ ဖြစ်တဲ့ကိစ္စမို့ သူမသိသေးကြောင်း၊ ခုမနက် ကျောင်းအသွားတွင် သွားရောက်ရှာဖွေပြီး ပြောပေးမည်၊ စိတ်ချပါရန်" ပြောရှာပါသည်။ သားတို့အဖေလည်း ကား နာရီဝက်အတွင်း လာကြိုမည့်အကြောင်းကို ပြန်လာပြီး ပြောပါသည်။

ဘွားကြီး၊ ဘွားလေးများလည်း ထိတ်ထိတ်ပျာပျာ ဖြစ်ကုန်ကြ၏။ ဖောင်တော်ဦးဘုရားသက်နီး ဆောင်သွားရန် ပြောသူကပြော၊ မှတ်ပုံတင်ပါပြီလား သတိပေးသူကပေး၊ လမ်းမှာအေးမယ် အနွေးထည်ယူသွား မှာသူက မှာနှင့် ရှုပ်ယှက်ခတ်သွားပါသည်။ ကားက ၇–နာရီခွဲမှာ လာကြိုပြီ။ ဗင်ကားဆိုတော့ ကားခက အများကြီး ပိုသည်။ ရှာငံဘက် မောင်းမှာ ဆိုတော့ စောစောရောက်မည်။ ကုန်တာ အကြောင်းမဟုတ်ဘူးလို့ တွက်ဆလိုက်ပါသည်၊ အရေးကြီးနေပြီကော။

Owner Driver ကိုရွှေလိုင်းနှင့်က ခင်မင်ရင်းစွဲရှိသူမို့ တစ်လမ်းလုံး စကားတပြောပြောနှင့် ခရီးနှင်ခဲ့ပါသည်။ အောင်ပန်းစားသောက်ဆိုင်တွင် ခရီးတစ်ထောက်နားချိန် အိမ်သို့ ဖုန်း ၃–၄ ကြိမ်ခေါ်ပါသည်။ ဆက်သွယ်မရသဖြင့် လက်လျှော့ပြီး ခရီးဆက်ပြန်ပါသည်။ တောင်တက် တောင်ဆင်း အကွေ့အကောက်များစွာကို ဖြတ်ကျော်ရင်း လက်ဝဲ လက်ယာ စိမ်းနီပြာ ဝါ မှန်လာထုပ်၊ အာလူး၊ ဂျုံစိုက်ခင်းများကို ကြည့်ရင်း မောင်းချိန် ၃–နာရီလောက် အချိန်တွင် ရှာငံမြို့အလွန် မိသားစုထမင်းဆိုင်ကို ရောက်လာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သားအေနှင့် သည် ၃–နာရီကို ကြာလှချည့် ထင်မိပါ၏။ ကားဆရာ၏ စေတနာ၊ လမ်းကျွမ်းကျင်မှု၊ ကားဆက်ကောင်းမွန်မှုတို့ကြောင့်သာ ဤမျှ မြန်ဆန်စွာ ရောက်ခြင်းပါ။ ဆိုင်ထဲ ဝင်မိသည်နှင့် ဆိုင်ရှင်က ကျွန်မတို့ အမည်ကို မေးပါသည်။ ထူးဆန်းမနေဘူးလား။ ပြီးတော့ တောင်ကြီးက ရှောင်ဆက်သွယ်ရေးရုံးကို ဖုန်းဆက်ကြောင်း၊ သား ဆေးရုံတက်ရသည် ဆိုခြင်းမှာ မဟုတ်ကြောင်း ပြောပြပါသည်။ ဆက်သွယ်ရေးရုံးမှ တစ်ဆင့် တောင်ကြီးအိမ်သို့ ဖုန်းပြန်ခေါ် မေးကြည့်ရာ၊ သားငယ်ကိုယ်တိုင် ဆက် ကြောင်း အတည်ပြုချက် ရပါသည်။

ရှင်းဆိုင်မှာပင် ထမင်းစားရင်း လမ်းထက်ဝက်ရောက်နေပြီမို့ ဆက် သွားရကောင်းနိုး။ တောင်ကြီးပြန်ရကောင်းနိုး။ အပြန်ကော ကားရှိမလား။ ကိုရွှေလိုင်းက မန္တလေးသို့ ဆက်သွားရမှာ။ အပြန်ကားရဖို့ မသေချာ။ မရရင် ရှောင်မှာ အိပ်နေရမယ်လို့ ပြောပါသည်။ အချိန်တိုအတွင်း ဦးနှောက်က အပြေးအလွှား။

ကံအားလျော်စွာ ဆလွန်းကားလေးတစ်စီး ထမင်းဆိုင်ရှေ့ ရပ်ပြီး၊ သားအဖနှစ်ယောက် ထမင်းဝင်စားတာ တွေ့ရပါသည်။ ကြုံတောင့်ကြုံခဲ အခွင့်အရေးပါ။ တောင်ကြီးသို့ ပြန်လိုက်ရဖို့ကို အရဲစွန့် အကူအညီ တောင်းခံပါသည်၊ အခက်အခဲမရှိ လိုက်ပါခွင့် ရခဲ့ပါသည်။ ကိုရွှေလိုင်းလည်း ကျွန်မတို့အတွက် စိတ်ချရ၊ ကျွန်မတို့လည်း စိတ်အေး၊ အပြန်ခရီးလည်း နွေးနွေးထွေးထွေး၊ သို့ပေမယ့် ခေါင်းထဲမှာ အတွေးပေါင်းများစွာ …။

သားတို့မှာ မလိုသူ ရှိပြီလား။ ရန်သူရှိနေလား။ သားတို့က ဟော့ဟော့ ရမ်းရမ်းထဲက မဟုတ်သဖြင့် ဒါလည်း မဖြစ်နိုင်။ သက်သက် အနှောင့် အယှက် ပေးရအောင် ဘာအကျိုးရှိမလဲ။ နောက်စရာလည်း မဟုတ်။ သူများအကျိုးမဲ့တာကို ရယ်စရာလုပ်ချင်တာလား။ ဆေးကြောင်တာလား။ အရက်ကြောင်တာလား အတွေးပေါင်းများစွာ…။

နောက်တစ်ပတ်မှာ သမီးကြီး အလုပ်မှ ခွင့်ဖြင့် ပြန်လာသည်၊ သူတို့ အဆောင်နေစဉ် ကျောင်းသူတစ်ယောက်လည်း သည်အဖြစ်မျိုး ကြုံခဲ့ရ



ဖူးပါသတဲ့။ သူ့အမေထံ သမီးဖြစ်သူ ဆိုင်ကယ်တိုက်မှုဖြစ်၍ ဆေးရုံတင်ထားရပါတယ်လို့ လိမ်လည်ဖုန်းဆက်ပြီး နောက်ပြောင် ပြောပါသတဲ့။ ရောဂါအခံရှိပြီး စိတ်ပူလွန်းသူ စိတ်မထားတတ်သူကို ကျီစယ်မိပါက ဘယ်လို နောက်ဆက်တွဲမျိုး ထပ်ကြုံကြလေမလဲ … မတွေးဝံ့ …။

ရင်းနှီးသော မိတ်ဆွေတစ်ယောက်ကလည်း သူ့သားရဲ့ ဆိုင်ကယ် ခတ်ဆီအိုးထဲ မသမာသူတစ်ယောက်က ရေတွေ လောင်းထည့်ထားလို့ ငွေများစွာ ကုန်ကျခဲ့ရဖူးကြောင်း ပြောပြပါသည်။ မိမိလည်း အကျိုးမရှိ သူတစ်ပါးလည်း အကျိုးယုတ်၊ ငွေကုန် အချိန်ကုန် စိတ်ပူ လူပန်း ဗရမ်းဗတာဖြစ်သည်ကို မြင်ချင် အားရကျေနပ်ချင်သော လူစားများ ယခုအချိန်မှာ ရှိနေပါသလား။

လွန်ခဲ့သော နှစ် ၂၀– အိမ်တယ်လီဖုန်းများ တပ်ဆင်ပေးစဉ်အခါက ဖုန်းသရဲတစ်မျိုး ပေါ်ပေါက်ခဲ့ဖူးပါသည်။ ညအချိန်မတော် ဖုန်းဆက်မည်။ တစ်ဘက်မှ မိန်းကလေးသံ ကြားလျှင် "ချစ်သည် ကြိုက်သည်" ရီသွဲ့သွဲ့ ပြောမည်။ ဘာမှ ပြန်မပြောနိုင်ခင်မှာ ဖုန်းချသွားသည်။

ခု ဖုန်းသရဲက တစ်မျိုးပါလား။ သူတစ်ပါး စိတ်သောကရောက်လျှင် အလွန်ကျေနပ်၊ မိမိ အပျော်ရှာပြီး သူတစ်ပါးကို ဒုက္ခပေး၊ နောက်စရာ မဟုတ် ရှာကြံနောက်တတ်သူများ၊ ကိုယ်ချင်းစာစိတ် ခေါင်းပါးသူများ ဖြစ်နေ ရှိနေပြီ။ သည်အကြောင်းကို မသိဘဲ ရိုးလွန်း အလွန်းသော မိမိ အဖြစ်ကို တွေးမိ စဉ်းစားမိတိုင်း ရယ်ရမလို ငိုရမလို မိမိကိုယ်မိမိ အပြစ် တင်ပြီး မချင့်မရဲ ဖြစ်ရပါသည်။

အဝေးရောက်သားသမီးများအတွက် မိဘတိုင်း စိုးရိမ်တတ် ပူပန် တတ်ကြသည်မှာ ဓမ္မတာပါ။ အကျိုးမဲ့လုပ်ရပ်များကို မဖန်တီးကြဖို့ ခေတ်သစ်လမ်းသရဲ ဖုန်းသရဲများကို ရည်ညွှန်းရေးသားရပါသည်။ စိုးရိမ်ပူပန်တတ်လွန်းသော မိဘများကိုလည်း ကျွန်မကိုယ်တွေ့ဖြစ်ရပ် လေးဖြင့် အသိပေး သတိပေးရပါ၏။ အကြောင်းရင်း သေချာအောင်

www.burmeseclassic.com

www.burmeseclassic.com



စုံစမ်းပြီးမှ ဆက်လက်လုပ်ဆောင်သင့်ကြောင်းကိုလည်း စေတနာဖြင့် အကြံပြုအပ်ပါသည်။

ကျွန်မတို့ လူ့ဝန်းကျင်တွင် သားသမီးများ လိမ္မာရေးခြား ရှိစေဖို့၊ ကိုယ်ချင်းစာနာစိတ် ရှိစေဖို့၊ ကူညီရိုင်းပင်းစိတ် ရှိစေဖို့၊ အနှောင့်အယှက် ပေးပြီး ကျေနပ်မနေစေဖို့၊ သူတစ်ပါး ဒုက္ခရောက်သည်ကို အရသာ မခံယူတတ်စေဖို့၊ လူ့ရမ်းကား လူ့အမှိုက်သရိုက် မဖြစ်လာစေဖို့၊ ဆရာတော်ဘုရားကြီးများ ကျောင်းဆရာ ဆရာမများနှင့် မိဘများ သုံးပွင့်ဆိုင် ဝိုင်းဝန်းကာသာ တက်ညီလက်ညီ သွန်သင်ဆုံးမကြဖို့ လိုအပ်နေပြီဟု ကျွန်မ ထင်မြင် ယူဆမိပါကြောင်း စေတနာကောင်းဖြင့် ရေးသားတင်ပြအပ်ပါသည်။

နွေဦးမေ (တောင်ကြီး)
၁၁/၁၀/၀၉

❀ ❀ ❀ ❀ ❀

**<u>စိတ်ကောင်းရှိဖို့</u>**

▲ အပြစ်ကင်းကွာ၊ စိတ်ချမ်းသာ၊ မှတ်ပါ ကုသိုလ်သဘောတည်း။
စိတ်ရှင်းနေလျှင် ကုသိုလ်။ စိတ်ရှုပ်နေလျှင် အကုသိုလ်။
စိတ်ကြည်နေလျှင် ကုသိုလ်။ စိတ်နောက်နေလျှင် အကုသိုလ်။
စိတ်ဖြူနေလျှင် ကုသိုလ်။ စိတ်မည်းနေလျှင် အကုသိုလ်။

▲ ဒါကိုပဲ တွေး၊ ဒါကိုပဲ စဉ်းစား၊ ဒါနဲ့ပဲ ပျော်ရင် ဒါပဲ ဖြစ်မှာ။
ကောင်းတာကို တွေး၊ ကောင်းတာကို စဉ်းစား၊
ကောင်းတာနဲ့ပဲ ပျော်ရင်၊ ကောင်းတာပဲ ဖြစ်မှာ။
မကောင်းတာကို တွေး၊ မကောင်းတာကို စဉ်းစား၊
မကောင်းတာနဲ့ပဲ ပျော်ရင်၊ မကောင်းတာပဲ ဖြစ်မှာ။

# ကောင်းလိုက်တဲ့ စိတ်ကြည်နူးစရာ

ကမ္ဘာ့စေ့

7 Day News Journal မှာ ဒေါက်တာဒေါ်ခင်မြင့်၏ "ကောင်းလိုက်တာ စိတ်ပျက်စရာ" ဆောင်းပါးကို ဖတ်ရပြီး ဤဆောင်းပါးကို ရေးရန် စိတ်ကူးပေါ်လာပါသည်။ ယခုခေတ် မိန်းကလေးများ အချို့ ဝတ်စားဆင်ယင်ပုံကို စိတ်ပျက်ကြောင်း ဆောင်းပါးရှင်က ရေးထားပါသည်။ မြန်မာ့ယဉ်ကျေးမှုနှင့် ဆန့်ကျင်နေကြကြောင်း ဖြစ်ပါသည်။

မြန်မာ့ယဉ်ကျေးမှုသည် ဗုဒ္ဓသာသနာတော်၏ အဆုံးအမနှင့်အညီ ဟိရိဩတ္တပ္ပ အရှက်အကြောက်တရား ရှိရမည် ဖြစ်ပါသည်။ နိုင်ငံခြား ဝတ်စားဆင်ယင်မှုတွေကို အတုယူကြသဖြင့် မျက်စိရှက်စရာတွေ မြင်ရပါတော့သည်။ သို့ပါသော်လည်း ရှေးအစဉ်အလာမပျက် လုံလုံခြုံခြုံ ဝတ်စားဆင်ယင်သူများကိုလည်း မြင်ရ၍ ကြည်နူးရပါသည်။ စာရေးသူ၏ မြေးကလေးသုံးယောက်က အင်္ကျီလက်ရှည်နှင့် ထမီလေးတွေ ချပ်ချပ်ရပ်ရပ် ဝတ်ဆင်ကြတာကို "ဟွန်း ... ပုံတုံးလိုက်တာ"လို့ အပြောခံရပါသည်ဟုသတတ်။

မြန်မာပီပီ ဝတ်စားဆင်ယင်ပြီး အပြောအဆိုပါ ယဉ်ကျေးသော သူကလေးများ တွေ့ရလျှင် ပီတိဖြစ်ရပါသည်။ စာရေးသူ၏ အတွေ့ထဲမှာ ၄/၁/၀၉–ရက်နေ့၊ ဆရာတော်လေး ရဝေနွယ်၏ ဓမ္မရဝေဈေးချောင်းလွှတ် ပူဇော်ပွဲမှာ တွေ့ခဲ့ရသော ရွှေမန်းသူလေး မသီတာကို သတိရလာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝတ်စားထားပုံကလည်း ယဉ်ယဉ်ကျေးကျေး၊ ပြောဆိုဆက်ဆံပုံကလည်း ဂါရဝတရားအပြည့် ရှိရှိသေသေမို့ ချစ်ဖို့ ကောင်းပါသည်။ မန်းသူကလေးမို့ ဦးအံ့ကြီး သီဆိုခဲ့သော တေးကို တောင် ပြေးပြီး သတိရလိုက်ပါသည်။

မှတ်မိပါသေးရဲ့ ××××× အဲဒီတုန်းက သူ့အသွင် ×××××
အဝါရောင်ဖျော့ဖျော့ နန်းဆင်ချိတ်ကို သူမြန်းဆင် ×××××
မန်းဆန်ဆန်နဂိုယဉ် ××××× အလွန်အကျွံ မပြုပြင် ×××××

ရွှေမန်းသူ သမီးလေး မသီတာက အဖွားခြောက်ယောက်ကို အားကျ ကြည်ညို ဂုဏ်ယူကြောင်း၊ အဖွား၏ မှတ်စုစာအုပ်သေးသေးလေးမှာ ရေးပေးပါသည်။ "သမီးတို့မှာ ညီအစ်မငါးယောက် ရှိတာမို့ အဖွားတို့လို သက်ရှည်ကျန်းမာစွာနဲ့ တရားအားထုတ်ချင်ပါတယ်၊ အဖွားလည်း မေတ္တာ ပို့ပေးနေမယ်လို့ ယုံကြည်ပါတယ်" ... စသည်ဖြင့် ရေးပေးပါသည်။ သမီးတို့ကို အဖွား သတိရနေပါသည်။ မေတ္တာလည်း ပို့ပါသည်။

ခုတလော ဂျာနယ်တွေထဲမှာ မန္တလေးမြို့တည် နန်းတည်နှစ် တစ်ရာ ငါးဆယ်ပြည့် အထိမ်းအမှတ် ပွဲတော်ကြီး စည်ကားသိုက်မြိုက်စွာ ကျင်းပ ကြောင်း ဖတ်ရတော့ သမီးကိုလည်း ပိုပြီးသတိရ၊ စိတ်လည်း ကြည်နူးရ ပါသည်။ မန်းရာပြည့်ဆိုတာကို အဖွားတို့ခေါင်းထဲက မထွက်သေးခင်မှာ နှစ် ၅၀–တောင် ကျော်လာပါပကောလား။ ဒေါက်တာမင်းလွဲ့ရီ (စာပေ ဗိမာန်ဆု၅) ၏ ကဗျာကလေးကို အငှားထည့်ပေး လိုက်ပါဦးမည်။

ဩော် – မဆုတ်မနစ် မျှော်တွေးကာ မန်းဌာနရယ်လို့
"အုတ်ကျစ်ကျော်အေး"မှာ စခန်းတစ်ခါချတာမို့
လှမ်းလာကြပါလို့ အလျင်သတင်းပို့ခဲ့ရပေ့၊
ဘုရင်မင်းတို့ မင်္ဂလာကျုံးမြို့ရိုးတွေမှာလည်း
အသွင်ယွင်းမချို့ခင်မှာ ဘုန်းတန်ခိုးမညှိုးတဲ့ပြင်
ကုန်းမို့မို့ပုထိုးမြေ 'ရွှေမန်းတောင်တော်'၏
အသရေလွှမ်းတဲ့ အဆောင်ပေါ်က မှန်းကာကြည့်လျှင်ဖြင့်



ရှမ်းဖာတိ မောတို့ဌာနေအစုံနဲ့
လျှမ်းဖြာသည့် တောညို့ယာမြေရဂုံမှာနော်ကွယ်
ဩော် ... လွမ်းစရာအပြည့်ပြောလို့ အရာရာတွေမကုန်။

အဘွားတို့မှာ မန်းဌာနေ၏ အမှတ်ရစရာတွေ အများကြီး ရှိပါသည်။ မန်းတက္ကသိုလ်မှာလည်း ငါးနှစ်ကျော်ကျော် အမှုထမ်းရွက်ခဲ့တာမို့ ရွှေမန်းနဲ့ ပတ်သက်လို့ လွမ်းစရာတွေက အပုံပုံပေါ့။ မန်းသူတပည့်လေးတွေ ယဉ်ကျေး ကြပုံ၊ မြန်မာမိန်းကလေးပီပီ ဝတ်စားဆင်ယင်ပုံ၊ ဘာသာ၏ အဆုံးအမ ကြောင့် ဂါရဝတရားရှိကြပုံ၊ ကောင်းပေ့ဆိုသည့် အစားအသောက်တွေကို ကျွေးမွေးကန်တော့ကြပုံတွေကို ဘယ်မေ့နိုင်ပါမည်နည်း။

အထက်ဖော်ပြပါ ကဗျာထဲကကဲ့သို့ မန်းမြေကနေ မှန်းကာကြည့် လိုက်လျှင်၊ ရှမ်းဖာတိမောတို့ဌာနေမှာလည်း လွမ်းစရာတွေ အပြည့်နှင့်ပင် ဖြစ်ပါသည်။

အဘွားတို့ ညီအစ်မခြောက်ယောက်တို့သည် ဆောင်းရာသီတွင် မောတို့ မြေမှာ အေးလွန်းလို့ နွေးထွေးသော မြို့ရန်ကုန်ရွှေဂုံ၌ စုပြီး၊ လှည်းကူးမြို့ အင်းတိုင်ရွာက ဒီပင်္ကရာဘိညတရားရွာမှာ တရားအားထုတ်ကြပါသည်။ နွေဦးပေါက်ပြီဆိုလျှင် မြောက်လေရူး သရမ်းချိန်ဖြစ်ပြီ။ ထိုအခါ မောတို့ မြေက ဖာတိရပ်ရွာကို သွားကြပြန်ရော၊ များလိုက်သည့် တူတွေ သားတွေ မြေးတွေ မြစ်တွေ၊ ဘုတွေ စုတွေ ခရုတွေ၊ အဘိုးတစ်ယောက်နဲ့ အဘွား ခြောက်ယောက်တို့၏ မျိုးဆက်ကလေးတွေလေ။ စိုင်းစိုင်းတို့ နန်းနန်းတို့ ဟတ်ဟတ်တို့ တုံတုံတို့ ခစ်ခစ်တို့ ပြည့်ပြည့်တို့ ဂူးဂူးတို့ ခန့်ခန့်တို့တစ်တွေ ဆိုလိုက်ကြ ကလိုက်ကြတာလေ။ စိုင်းစိုင်းခမ်းလှိုင်နှင့် အဖွားညီအစ်မ တွေမို့လား မပြောရပေ။

ပြီးတော့ ရှေးအစဉ်အလာ မပျက်ရအောင် တစ်ယောက်မကျန် နှစ်ဦးကန်တော့စာ (အလှူပစ္စည်း) တွေနှင့် ကန်တော့လိုက်ကြ သည်မှာ အဘွားခြောက်ယောက်စလုံးကို ဖြစ်ပါသည်။ ဝတ်စားဆင်ယင်

www.burmeseclassic.com

www.burmeseclassic.com



ပုံကလေးတွေကလည်း လုံလုံခြုံခြုံ ရှေးမူမပျက်ယွင်းကြပါ။ ကန်တော့ကြပုံကလည်း နှစ်နှစ်သားလေး ဟတ်ဟတ်၊ သုံးနှစ်သားလေး တုံတုံတို့ကအစ "လက် ခြေ နဖူး တံတောင် ဒူး ငါးဦးမြေမှာတည်"ဆိုသည့်အတိုင်း ထိခြင်းငါးပါးနှင့် ကန်တော့ကြခြင်း ဖြစ်ပါသည်။

အဘွားခြောက်ယောက်ကို ကျွေးကြမွေးကြတာကလည်း အလှူ့ပယ်ဖြစ်၏။ ခြောက် ... လွမ်းလောက်ပါပေသည်။ သို့သော်လည်း အဘွားတွေကအသက်တွေ အလွန်ကြီးကုန်ကြပြီမို့ လွမ်းတေးတွေ ဆက်ဆိုပြီး လွမ်းစာတွေ ရွှေပေထက်မှာ တင်နေလို့ကတော့ မဖြစ်သေးပါ။ သံယောဇဉ်ကြိုးဆယ်မျိုးနိုင်နိုင်... ချုပ်ထားတုပ်ထား လှုပ်အားမနိုင်" ... ဆိုလျှင်ကားလည်ပေဦးတော့ ဘဝသံသရာ၊ ရှည်လျားထွေပြား၊ မနေမနားပေါ့။ ထို့ကြောင့် မန်းကိုရော ရှမ်းကိုပါ မတွယ်တာဘဲ ချစ်ခြင်းမုန်းခြင်းကင်းဝေးရာ အေးနိဗ္ဗာန်သို့ ရောက်ရာရောက်ကြောင်း ဝိပဿနာအလုပ်တရားကို နာနာအားထုတ်ရပါတော့မည်။

တရားအားထုတ်ခြင်း၏ အကျိုးကျေးဇူးတွေကို မန်းဌာနေကသားတို့သမီးတို့နှင့် ရှမ်းတို့၏ မောတို့မြေက စိုင်းစိုင်းတို့ နန်းနန်းတို့ အတွက်မှေလက်ဆောင် ရေးပေးလိုက်ပါသည်။

၁။ လောဘမီး ကင်းငြိမ်းခြင်း။

၂။ ဒေါသမီး ကင်းငြိမ်းခြင်း။

၃။ မောဟမီး ကင်းငြိမ်းခြင်း။

၄။ သောကမီးကို ငြိမ်းသတ်နိုင်ခြင်း။

၅။ ကိုယ်ဆင်းရဲမှုကို ပယ်ပျောက်စေခြင်း။

၆။ စိတ်ဆင်းရဲမှုကို ပယ်ပျောက်စေခြင်း။

၇။ အသိဉာဏ် တိုးပွါးစေခြင်း။

၈။ စိတ်ပျံ့လွင့်ခြင်းကို ဖယ်ရှားနိုင်ခြင်း။

၉။ ထောင်လွှားခြင်းကို ကင်းပျောက်စေခြင်း။

၁၀။ ယုံမှားခြင်းကို ပယ်ခြင်း။



၁၁။ စိတ်ထိုင်းမှိုင်းမှုကို ပယ်ခြင်း။

၁၂။ မကောင်းမှုကို ကြံစည် ပြော ပြုဖို့ ရှက်ခြင်း။

၁၃။ မကောင်းမှုကို ကြံစည် ပြော ပြုဖို့ ကြောက်လန့်ခြင်း။

၁၄။ အယူမှားကို ပယ်ဖျောက်ခြင်း။

၁၅။ အပြစ်များကို တားမြစ်ခြင်း။

၁၆။ ရောင့်ရဲခြင်းကို ဖြစ်စေခြင်း။

၁၇။ ကြောက်စိတ်ကို ပယ်ခြင်း။

၁၈။ ဦးဖျောက် ကြည်လင်ခြင်း။

၁၉။ တရားအားထုတ်သူသည် ကြည်ညိုဖွယ်ရာဖြစ်ခြင်း။

၂၀။ စိတ်စွဲလမ်းခြင်းကို ပျောက်စေခြင်း။

၂၁။ ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း။

မြေးမြစ်တွေ အားလုံးနှင့်တကွ စာဖတ်ရသူ စာဖတ်ပရိသတ်အပေါင်းတို့ ဗဟုသုတပြည့်ဝလျက် ဝိပဿနာအလုပ်တရား ကြိုးစားအားထုတ်သဖြင့် ဘဝမခြား တရားစစ် တရားမှန် တရားထူး မြင်တွေ့ကာငြိမ်းချမ်းနိုင်ပါစေသတည်း။

**အားလုံး ကျန်းမာချမ်းသာကြပါစေ။**

**မေတ္တာများစွာဖြင့်**

**(အဘွားခြောက်ယောက်ကိုယ်စား)**

**အဘွားလှ (ကမ္ဘောဇမဌ္ဌ)**

❀ ❀ ❀ ❀ ❀

<u>ဝါရမိ</u>

▲ ပါရမီဆိုတာ လေ့ကျင့်ခြင်း၊ စုဆောင်းခြင်း၊ ဖြည့်ဆည်းခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

# ဗေဒီဝေဝါဒီမွန်

ရင်ရင်မော် (အာမခံ)

ရှေးပဝေသဏီက လူအများသည် ရောင်းဝယ်ဖောက်ကားရာတွင် ငွေကြေး(အသပြာ) မပေါ်သေး၍ ကုန်ပစ္စည်းချင်း ဖလှယ်သည့်စနစ်ကို ကျင့်သုံးရပါသည်။

ယင်းသို့ ဖလှယ်ရာ၌ အခက်အခဲများ ရှိသောကြောင့် လွယ်ကူ အောင် ကြံဆရာမှ ငွေကြေး(အသပြာ)စနစ် ပေါ်ပေါက်လာတော့သည်။ (အသပြာ) ဖြင့် ရောင်းဝယ်ဖောက်ကားလာကြသည်။

သို့ကြောင့် ဘောဂဗေဒပညာရှင်များက (အသပြာ)ကို ကြားခံဟု ခေါ်ဝေါ်သုံးနှုန်းကြသည်။

လူတစ်ယောက်အတွက် မရှိမဖြစ်သော မိသားစုများ၊ ဆွေမျိုး မိတ်ဆွေများ၊ အိုးအိမ်ပစ္စည်းများ၊ ကျွန်ုပ်လယ်ယာများ စသည့် သက်ရှိ နှင့် သက်မဲ့များသည်၊ ထိုသူ မွေးဖွားချိန်ကစ၍ သေဆုံးချိန်အထိ ကြား ကာလတွင် အသုံးချရန် လိုအပ်သော ကြားခံများသာ ဖြစ်ပါသည်။ မိမိ ကိုယ်တိုင်ပင်လျှင် ကြားခံ ဖြစ်သည်။ မိမိ သေဆုံးသည့်အခါ မိမိ ရုပ်အလောင်းနှင့် ပိုင်ဆိုင်မှုဟူသမျှကို စွန့်ထားခဲ့ရမည်။

ကြားခံများသည်လည်း သင်္ခါရဓမ္မအတိုင်း ဖျသနတရား၊ လောကဓံ တရားများကြောင့် ပျက်စီးတတ်သော သဘောရှိသည်။ ပျက်စီးသောအခါ ကြားခံသာ ခံရမည်။



ကြားခံများကို မိမိမပိုင်သော ကြားခံမျှသာ ဖြစ်သည်ဟူသော အသိဉာဏ်ဖြင့် ယာယီ အသုံးပြုလျှင် ဘဝမှာ နေသာဖြေသာသည်၊ ဒေါသ သောက သက်သာသည်။

**ယောနိသော မနသိကာရ – အသင့်အတင့်မျှ နှလုံးသွင်းခြင်းသည်သာ ချမ်းသာအစစ်ကို ပေးစွမ်းနိုင်သည်။**

ထိုသို့မဟုတ်ဘဲ ငါ၊ ငါ့သား၊ ငါ့သမီး၊ ငါ့ပစ္စည်း၊ ငါ့လယ်၊ ငါ့ဟာ၊ ငါ့မြေတာဟု စွဲလမ်းလွန်း၊ တွယ်တာလွန်းလျှင် ဥပါဒါန်ကြီး ဖြစ်လာ တော့သည်။ ထိုမှ ''ဥပဒါနပစ္စယာ ဘဝေါ''သို့ ဆက်ကာ၊ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းကြီး ပတ်ပတ်လည်တော့သည်။

အကျိုးကား သံသရာဘေး၊ ဒုက္ခဘေး၊ ကိလေသာဘေး၊ ဝိနိပါတ ဘေးတည်းဟူသော ဘေးဆိုးကြီးလေးပါးနှင့် တွေ့ကြုံကာ ဘေးသင့်ကြ ရတော့သည်။

သို့သော် ပုထုဇဉ်တို့သည် ငါးမျှားချိတ်ကို မမြင်၊ ငါးစာသာ မြင်ကြသည်။ ကြားခံများကို အလွန်တွယ်တာသဖြင့် ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ခန္ဓာဟု နှလုံး သွင်းကာ ခန္ဓာအကြိုက်နှင့် တဏှာအကြိုက်ကို လိုက်နေကြသည်။

သို့ကြောင့် မြတ်ဗုဒ္ဓက ခန္ဓာဒါသ (ခန္ဓာကျေးကျွန်)၊ တဏှာဒါသ (တဏှာကျေးကျွန်)များဟု ဆိုမိန့်ခဲ့ပါသည်။

ခန္ဓာကျွန်ဖြစ်၍လည်း ခန္ဓာခိုင်းသမျှ မနေမနား လုပ်ပေးနေကြရသည်။ နံနက်အိပ်ရာထသည် ဆိုကတည်းက ခန္ဓာကို သန့်ရှင်းပေးရသည်။ အစာဟောင်း ထုတ်ရသည်။ အစာသစ် သွင်းရသည်။ ကံ စိတ် ဥတု အာဟာရ မျှတပါမှ သူကျေနပ်သည်။ သူ့အလိုမကျလျှင် ရောဂါမျိုးစုံဖြင့် နှိပ်စက်တတ်သေးသည်။

သူ့အလိုကျ ဖြည့်ဆည်းပေးရသည်မှာ ပင်ပန်းလှသော်လည်း ပင်ပန်းသည်ဟုမထင် ပျော်ရွှင်မိသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"အလို"ဆိုသည့် တဏှာကလည်း နိုင်းသလား မမေးနှင့်၊ တစ်ခုပြီး တစ်ခု လိုချင်နေသည်။ "အလို"ဆိုသည့်အတိုင်း အမြဲတမ်းလို၍ နေသည်။ အိုးပေါက်ထဲသို့ ရေထည့်ရသည့်အလား ဘယ်ခါမှ ပြည့်သည်မရှိ။

"တဏှာ (သို့မဟုတ်) ဘယ်လိုဖြည့်ဖြည့် မပြည့်အိုး"ဟု အနက် ဖွင့်ချင်မိသည်။

**"ဘုရားရဟန္တာ အရှင်မြတ်ကြီးများသည် အလိုပြည့်လိုသူများ မဟုတ်၊ 'အလို'ဟူသော လောဘ, တဏှာ အရှင်မြတ်တို့၏ အဇ္ဈတ္တမှာ လုံးဝ မရှိတော့ခြင်း၊ အလိုမရှိခြင်း၊ အလိုဟူသမျှ ချုပ်ငြိမ်းခြင်း"သာ ဖြစ်ပါသည်။ အလိုမရှိ၍ ဖြည့်စွက်ရသော ဒုက္ခမရှိ။**

"အလိုတစ်ခု ဒုက္ခတစ်ခု"နှုန်းနှင့် တွက်လျှင် အလိုများလေ ဒုက္ခ များလေ ဖြစ်ပါသည်။

အသိအလိမ္မာ ဉာဏ်ပညာရှိသူများ၊ အမြော်အမြင်ရှိသည့် လူလိမ္မာ များသည် အလိုနည်းအောင် "**သန္တုဋ္ဌိ ပရမံလာဘံ–ရောင့်ရဲခြင်းသည် ချမ်းသာ၏**" ဆိုသကဲ့သို့ ရောင့်ရဲခြင်းဖြင့် ထိန်းသည်။ သည်ရွေ့သည်မျှ ဟု "ဘောင်"ခတ်၍ ထိန်းသည်။

"ချင်"နောက် မလိုက်ဘဲ "သင့်"နောက် လိုက်သည်။

စားချင် သောက်ချင် လိုချင်မှုမျိုးစုံကို မဖြည့်စွမ်းဘဲ စားသင့် သောက်သင့် ဖြည့်စွမ်းသင့်သည်များကိုသာ ဖြည့်စွမ်းသည်။

ဥပမာ ထမင်းမစားဘဲ နေ၍ မဖြစ်၊ စားကြရသည်။ သို့သော်၊ ဒံပေါက်ထမင်းမှ စားချင်စိတ်၊ ဟိုတယ်သွားစားချင်သည့်စိတ်၊ ထိုထို တဏှာများကိုမူ အလိုမလိုက်ဘဲ၊ ရောင့်ရဲခြင်းဖြင့် ဖြတ်လမ်းမှ ချမ်းသာမှု ရှာကြသည်။

တဏှာ အဆာမကျယ်တော့ပါ။

**တဏှာအလိုကို မလိုက်ဘဲ "ချုံ့"၍ ဖြစ်သည်။ ရောင့်ရဲခြင်းဖြင့် "ထိန်း"၍ ဖြစ်သည်။**



ခန္ဓာအလိုကိုမူကား မလိုက်၍မရ၊ **ခန္ဓာရှိလျှင် ခံရမည်။ ခန္ဓာ** ရှိနေသမျှ ခန္ဓာကျွန်ဘဝက ရှောင်၍မရ၊ ခန္ဓာသည် သူ့အလိုကျ မဖြစ်လျှင် ရောဂါဝေဒနာမျိုးစုံဖြင့် နှိပ်စက်တတ်သည်၊ ဥပမာ ဆီးသွားချင်သည်ကို ချုပ်တီးထားကြည့်ပါ။ ရမလား။ မအိပ်မစားဘဲ ရက်အကန့်အသတ်မရှိ နေကြည့်ပါ။ ရမလား။

သို့ကြောင့် ပညာရှိသော လူလိမ္မာတို့သည် "အသက် ဉာဏ်စောင့်" ဟူသော စကားနှင့်အညီ ...

**တဏှာကို လျှော့၍ ခန္ဓာကို ချော့ပေါင်းကြရသည်။**

အစားအသောက်များကို အသန့်ရှင်းဆုံး ချက်ပြုတ်ကာ သုနှင့် သင့်သည်များကို ကျွေးမွေးပြုစုပါသော်လည်း၊ ခန္ဓာကမူ ဒွါရကိုးပေါက်မှ စက်ဆုပ်ရွံရှာဖွယ် ကျင်ကြီး ကျင်ငယ် တံတွေး ချွေး ချွဲ သလိပ် စသည့် အညစ်အကြေးများကိုသာ ပြန်ထုတ်ပေးသည်။

အယ်လီဇာဘက်ဘုရင်မကြီး ရုပ်ရှင်ရုံတစ်ရုံသို့ ကြွရောက်ကြည့်ရှုမည် ဆိုသောအခါ၊ ရုံပိုင်ရှင်က အိမ်သာခန်းကို မွှေးကြိုင်နေအောင် သန့်ရှင်း ထားပြီး ကော်ဇောနီ ခင်းပေးထားသည်ဟု ဆိုသည်။

အခန်းကို သန့်ရှင်းအောင် မွှေးကြိုင်အောင် လုပ်ပေးနိုင်သော်လည်း ဘုရင်မကြီး ခန္ဓာကိုယ်ထဲက ထွက်လာသည့် အစာဟောင်းများကို မွှေးကြိုင် သန့်ရှင်းအောင် လုပ်ပေးနိုင်ပါမည်လား။

ဤခန္ဓာသည် ဘယ်သူ့အလိုမှ မလိုက်၊ ဘယ်သူမှ အစိုးမရဟု ဗုဒ္ဓ ဟောကြားတော်မူပါခြင်း ဖြစ်ပါသည်။

မိမိက တယုတယ ပြုစုပျိုးထောင်ပေးခဲ့သော ခန္ဓာကိုယ်မှ ဒဏ္ဍာရီ ထဲက ဘဲငန်းကြီးကဲ့သို့ နေ့စဉ် ရွှေဥတစ်လုံး အုမပေးချင်နေပါ၊ သန့်ရှင်း သော အနံ့အငွေ့အဖြစ် ပြန်ထုတ်ပေးလျှင် မကောင်းပါလား။ ခုတော့...

ထိုမျှဆိုလျှင် တော်သေးသည်။ ထို့ထက်မက ပြုစုပျိုးထောင်ပေး နေသည့် ကြားက အို နာ သေ ကွဲ ဆင်းရဲတို့ဖြင့် ယပ်မံ နှိပ်စက်ပြန်

www.burmeseclassic.com

www.burmeseclassic.com



သေးသည်။ ရက်ရက်စက်စက် မညှာမတာ ဒုက္ခပေးသည်။ သို့ကြောင့် ဗုဒ္ဓက "ဒုက္ခသစ္စာ"ဟု ဟောကြားတော်မူခြင်းပါလားဟု သဘောပေါက်မိပါသည်။

ယင်းဒုက္ခတွေကို ဘယ်သူမှ လွန်ဆန်၍ မရပါ။ မိမိခန္ဓာကို ချစ်ခင်တွယ်တာလွန်းသဖြင့် ဒုက္ခဟု အမှန်မမြင်ဘဲ သုခဟု ထင်နေကြခြင်းသာ ဖြစ်ပါသည်။ အမြင် အရှိနှင့် အထင် အသိသည် ဆန့်ကျင်ဘက် ခြားနားနေသည်။

စာရေးသူသည် ငယ်စဉ်ကတည်းက မိဘကောင်း ဆရာကောင်းများနှင့် တွေ့ကြုံကာ ဘာသာရေးအဆုံးအမဖြင့် ကြီးပြင်းခဲ့ရသည်။ ကိုယ်တိုင်ကလည်း ထေရဝါဒဗုဒ္ဓအဆုံးအမများကို အလွန် ယုံကြည်မြတ်နိုးသည်။ သောကြီးလေးပါးကိုလည်း အလွန်ကြောက်သည်။ ရခဲသော လူ့ဘဝ ဆုံးရှုံးမှာလည်း ကြောက်သည်။

သို့ကြောင့် ငယ်စဉ်ကတည်းက တရားအလုပ်ကို တစ်နိုင်တစ်ပိုင် အားထုတ်ခဲ့ပါသည်။ အသက် လေးဆယ်ခန့် ရှိသောအခါ ...

တစ်ဘဝသာသနာကျွမ်းပြူဆရာတော် အရှင်ဦးယောသိတ (မကြာမီက ခန္ဓာဝန်ချသွားသူ)၏ ရိပ်သာတွင် တရားဝင်ခဲ့သည်။ ဆရာတော်ကလည်း ပညာ မေတ္တာ စေတနာနှင့် ခန္တီတရားများပါ ပံ့အောပေးခဲ့သဖြင့်၊ ဆရာတော့်အား သိက္ခာထပ်ရဟန်းပြုကာ သာသနာ့ဒါယိကာမ အဖြစ် ခံယူခဲ့ပါသည်။ ဆရာတော် နည်းပြသည့်အတိုင်းလည်း လိုက်နာကျင့်ဆောင်ခဲ့ပါသည်။ သို့သော် ...

ပါရမီကံ ရင့်သန်သူများကား တစ်ပုဒ်တစ်ဂါထာ ကြားနာရရုံမျှဖြင့် တရားထူးတရားမြတ် ရကြသည်။ ဂေါက်ရိုက်ကစားသူတို့၏ စကားနှင့် ပြောရလျှင် တစ်ချက်တည်း ကျင်းဝင်သည်။

စာရေးသူမှာကား ယနေ့ထိ အချက်ပေါင်း သိန်းသန်းကုဋေ မရေတွက်နိုင်အောင် ရိုက်နေရဆဲ ဖြစ်ပါသည်။



ဘာကြောင့်ပါနည်း။

စိတ်သည် နှစ်ခုပြိုင်၍ မဖြစ်ပါ။ စာရေးသည့် အလုပ်ကလည်း စိတ်အလုပ်ဖြစ်သည်။ ဖတ်ရ တွေးရ ဧးရ ရေးရသည့် တွေးတောကြံစည်ရသည့် ဝိတက်အလုပ် ဖြစ်သည်။ ဝိတက်သည် စာရေးရန် ကုန်ကြမ်းပစ္စည်းများကို ထုတ်ပေးသည်။

ဝိပဿနာအလုပ်ကမူ ဝိတက်များ ဝင်၍မရ၊ အနှောင့်အယှက် အတားအဆီးဖြစ်သည်။ သတိအလုပ်ဖြစ်၍ ဝိတက်နှင့် ဆန့်ကျင်ဘက် ဖြစ်သည်။

ဝိတက်နှင့် သတိ နှစ်ခုပြိုင် နေရာယူ၍ မဖြစ်။

သည်တော့ တစ်ခုကိုသာ နေရာပေးရတော့မည်။

ဝိပဿနာတရားကား ဘုရားပွင့်မှသာ ကြားနာရသည်။ သက္ကာယဒိဋ္ဌိ ပြုတ်လျှင် အပါယ်ဘေးမှ လွတ်မြောက်ပြီ။ ရှေ့မဆက်နိုင်ဦး ဘုံစဉ်စံ နိဗ္ဗာန်ဝင်ရမည်။ ဘဝအာမခံချက် ရှိပြီ။ ဘယ်အလုပ်မှ ဝိပဿနာအလုပ်လောက် အကျိုးမရှိ။

သို့ကြောင့် ဝိပဿနာအလုပ်ကိုသာ ရွေးချယ်ပြီး ငယ်ချစ်ကလောင်လေးနှင့် ကွာရှင်းပြတ်စဲလိုက်ပါသည်။ သို့သော် ကြာကြာ မခွဲနိုင်ဘဲ လွမ်းဆွတ်တမ်းတမိသဖြင့် ပြန်ပေါင်းပြန်သည်။ သည်လိုနှင့် "ကွာစိ" ဖြစ်နေသည်မှာ အခါခါ များလှပြီ။

ယခုတော့ ကာလစားကာ ရောထောင်းလာပြီ၊ မရဏာမောင်းသံလည်း ကြားရပြီဖြစ်၍ ငယ်ချစ်နှင့် ပြန်ပေါင်း၍ မဖြစ်တော့။ မိုးကုတ်ဆရာတော်ဘုရားကြီး မိန့်ကြားသလို ပြုံးသေသေဖို့ ကြိုးစားရတော့မည်။

စာရေးသူ မိမိကလောင်ကို မည်မျှချစ်သည်ကို ၁၉၆၂-ခုနှစ် ဒီဇင်ဘာလထုတ် "အာမခံစာစောင်"တွင် "သစ္စာ"ဖာတ်လမ်းဖြင့် ရေးပြထားပါသည်။ မိမိကိုယ်ကို ပန်းသည်မလေး "သစ္စာ"အဖြစ်၊ ငယ်ချစ်ကလောင်လေးကို စာဆိုတော်ကြီး "မောင်ရှုပ"အဖြစ် စိတ်ကူးယဉ်ကာ "သစ္စာ" က မောင်ရှုပကို အသက်စွန့်ပြီး ချစ်ပြထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤမျှ နှောင်ဖွဲ့ထားသည့် ကလောင်အိုလေးကို မငဲ့မညှာ စွန့်လွှတ်ပါတော့မည်။ သားနှင့် ခွဲရသော မိခင်ကဲ့သို့ တစ်နည်း မိခင်နှင့် ခွဲခွါရသော သားငယ်ကဲ့သို့ ခံစားရပါသည်။

လျှပ်စစ်ပစ္စည်းမျိုးစုံကို တီထွင်ပေးခဲ့သည့် သိပ္ပံပညာရှင် 'အက်ဒီဆင်' က 'သူသည် လျှပ်စစ်ပစ္စည်းအမျိုးပေါင်း တစ်ရာကျော်ကို တီထွင်ပေးခဲ့ပါသည်။ သို့သော် လူသတ်လက်နက် တစ်ခုမျှ မလုပ်ခဲ့သည်ကို ဂုဏ်ယူပါသည်'ဟု ပြောကြောင်း ဖတ်ရှုဖူးပါသည်။

အလွန် ကြည်ညိုလေးစားစရာ၊ ဂုဏ်ယူစရာ၊ ကျေးဇူးတင်စရာ ကောင်းလှပါ၏။

စာရေးသူသည်လည်း စာအနည်းငယ်မျှသာ ရေးသားခဲ့ပါသည်။ ရေးသမျှ စာများသည်၊ မြန်မာ့ယဉ်ကျေးမှုနှင့် မင်္ဂလာတရားများ၊ ဗုဒ္ဓဝါဒများ အခြေခံကာ ရေးခဲ့သည်သာ ဖြစ်ပါသည်။ သည့်အတွက် ကျေနပ်မိပါသည်။

ယခုလည်း ကျေးဇူးရှင် စာဖတ်သူများအား ကျေးဇူးဆပ်သည့် အနေဖြင့်၊ တန်ဖိုးမဖြတ်နိုင်သည့် ဗုဒ္ဓဩဝါဒကို လက်ဆောင်မွန် ပေးခဲ့ချင်ပါမည်။

"မနုဿတ္တဘာဝ ဒုလ္လဘာ၊ ရကျိုးနပ်အောင် ယူပါမှ"။

မျိုးဆက်သစ်လူငယ်တို့ သိကြတော့မည် မဟုတ်သည့် စာရေးသူ၏ ကလောင်ခွဲများ ဖြစ်သော ... "မျိုးမြင့်မော်၊ ဒေါင်းမကလေး၊ သီရိမော် (ယုဝတီကလောင်ရှင်)၊ ဂေါက်တေး(ယုဝတီကလောင်ရှင်)၊ 'ဗမာမ(အာမခံ)၊ မစပယ်(အာမခံ)၊ ခင်ရှုပ၊ မော်(ကြံခင်း)၊ ခင်မောင်ရင်၊ တပ်ထဲကမောင်" စသည့် ကလောင်ခွဲများကလည်း စာဖတ်သူအား လေးစားရှိဉ္စတ်ကာ နှုတ်ဆက်ပါသည်။ "မင်္ဂလာပါ"

၁၉၆၃–ခုနှစ်၊ ဩဂုတ်လက အစိုးရဌာနအသီးသီးမှ ထုတ်ဝေသည့် စာစောင်များအားလုံး ရပ်ဆိုင်းခဲ့ရပါသည်။ သည့်အထဲမှာ စာရေးသူ၏ သမီးကလေး "အာမခံစာစောင်"လေးလည်း ပါသွားသဖြင့်၊ စာဖတ်သူ



များအား "မလွှဲသာ ခွဲခွါကြပါဦးစို့" ဟူသော ဆောင်းပါးဖြင့် အလွမ်းသယ်ခဲ့ပါသည်။

ယခုလည်း ထိုကဲ့သို့ပင် ချစ်သော စာဖတ်သူများ၊ ချစ်သော စာရေးဆရာများ၊ ချစ်သော အာမခံကို ချစ်ခင်လေးစားစွာဖြင့် နှုတ်ဆက်ပါရစေ။

"မလွှဲသာ ခွဲခွါကြပါဦးစို့"

ရင်ရင်မော်(အာမခံ)
၁/၃/၀၉။

❁ ❁ ❁ ❁ ❁

**တူမောင် ဒေါက်တာအောင်ကျော်**

စာရေးထားတာ ကြာပြီ။ စာတိုက်နဲ့ သိပ်ဝေးပြီး သွားလာရေး လိုင်းကား မရှိ၍ စာပို့လုလင်လေးလာမှ ပေးရသဖြင့် စာထည့်သည့် ရက် အလွန်ကွာနေပါသည်။ ဤစာရေးရက်သည် ၂၀/၅/၀၉ ဖြစ်ပြီး ထည့်ဖြစ်မည့်ရက်မှာ ဖွန်လထဲ တစ်ရက်ရက်တော့ ဖြစ်ပါလိမ့်မည်။ ယခင်ပြန်ကြားစာမှာ၊ မေ့ကျန်ရစ်တာက လေးမော်၏ မေးခွန်းများကို တူမောင် ဖြေထားတာ သိပ်ကျေနပ်ပါသည်။ ဆရာတော်ဘုရားကိုယ်တိုင် ဖြေလျှင်လည်း ခုလိုပဲ ဖြေမှာပါဟု ထင်ပါသည်။ အဖြေရှင်းတော့ လေးမော် သံသယကင်းသွားပြီမို့ တူမောင်ကို ကျေးဇူးတင်စွာ ဖမ္တာပို့ပါသည်။

ဆောင်းပါးရေးရက်ကတော့ ၁/၃/၀၉–နေ့ ဖြစ်ပါသည်။ တူမောင် အတွက် အထူးလက်ဆောင်မွန်ကတော့ "သံကိုယ်ကြပ်အင်္ကျီ ဝတ်ထားသည့် စစ်သူကြီးအား 'ဓားနှင့်ထိုး ဓားကျိုးပါလို့ လှံပါခွေ'သည်။ လူ့ဘဝ အသက်ရှင်၊ အသက်ရှည်နေရခိုက် ကြားခံကို နှလုံးသွင်းနေပါက ခံသာ ပါသည်။ ထို့ထက် မင်္ဂလာ ဖိုလ်ရလျှင်မူကား စိတ်ချလက်ချ 'ပြုံးသေ' သေရမည် မုချဖြစ်ပါသည်။ သူတော်ကောင်းဖြစ်မှ လူ့ဘဝ ရကျိုးနပ်ပါသည်။"ဟူသော သတိပံ့စကားလေး ဖြစ်ပါသည်။ အရေးကြီးပါသည်။

www.burmeseclassic.com

တူမောင်တို့ မိသားစု အသက်ရှည်၊ အနာကင်း၊ ချမ်းသာခြင်းနှင့် ပြည့်စုံကာ သာသနာပြုနိုင်ပါစေ။ လောကီအောင်မြင်မှုနှင့် လောကုတ္တရာ ငြိမ်းချမ်းမှု နှစ်ခု ပြိုင်ရပါစေ။

**အပ္ပမာဒေန သမ္ပာဒေထ။**

လေးလေးမော်

၂၀/၅/၀၉။

⊛⊛⊛⊛⊛

**<u>မေ့ဝဒမှ မှတ်သားစရာ</u>**

▲ **အတိ ဒူရေပိ အာသန္နံ၊ ဒူရာ သန္တံ အမတနံ။**
**အတိ သန္နေပိ ဒူရော၀၊ မေတ္တာ စိတ္တေန ပဏာနံ။**

မေတ္တာခမ္မ၊ တူမျှညီလျှင်၊ ဝေးကွာခရီး၊ အနီးသာပင်။
မေတ္တာမဲ့ကျ၊ နီးကဝေးထင်၊ အရင်းစစ် အချစ်မေတ္တာပင်။

▲ **အဇ္ဇေဝ ကိစ္စ အာတပ္ပံ၊ ကောဇညာ မရဏံ သုဝေ။**
**နဟိနော သင်္ဂရန္တေန၊ မဟာသေနေန မစ္စုနာ။**

နက်ဖြန်မရွေ့၊ ယနေ့လျှင်စွာ၊ ကုသိုလ်မျိုးမြတ်၊ ပြုအပ်သည်သာ။
မရထမင်း၊ စာရင်းတွင်ပါ၊ ကေန္တိ၊ မသိနိုင်ပေရာ။
အိုဘေးနာဘေး၊ ရောဝေးစုံစွာ၊ လက်နက်အင်အား၊ များပြားသေနာ။
ရှင်သေမင်းနှင့်၊ စစ်ခင်းပြိုင်ကာ၊ လက်ဆောင်ဆက်၊ ချိန်းချက်မရရှာ။

▲ အိပ်မပျော်သူ ညတာရှည်၏။ ခရီးပန်းသူ တစ်ယူဇနာ ခရီးရှည်၏။ သူတော်ကောင်းတရား မသိသူ လူမိုက်အဖို့ သံသရာသည် အရှည်ဆုံး ဖြစ်၏။

# ခွဲစိတ်မြင်မှုဆရာ

ဒေါက်တာအောင်ကျော်(သွား/ဆရာဝန်)

**ပညာရေးဝန်ထမ်း**

လောကရှိ လူသားတိုင်းသည် သမ္မာရွာဝမ်းတစ်ထွာအတွက်၊ အသက်မွေးဝမ်းကျောင်းမှုတစ်ခုခုဖြင့် ရှာဖွေသိမ်းကြရပါသည်။ ကာယလုပ်သား၊ ဉာဏလုပ်သားဟူ၍ နှစ်မျိုးနှစ်စား ကွဲပြား၏။ အတတ်ပညာ အသိပညာတို့ကို အခြေပြုပြီး ဦးနှောက်ကို အသုံးပြုရသူတို့အား ဉာဏလုပ်သား ခေါ်ဆိုကြ၏။ ယင်းဉာဏလုပ်သားများအနက် ပညာရေးဝန်ထမ်းသည်လည်း ပါဝင်နေပါသည်။

ဉာဏ်ပညာအားကိုးမှုချည်းဖြင့် ဆရာကောင်းတစ်ဦး ဖြစ်မလာနိုင်ပါ။ ဝါသနာ၊ အနုစ်နာ၊ စေတနာနှင့် ကရုဏာတည်းဟူသော နာလေးနာနှင့် ပြည့်စုံနိုင်မှသာလျှင် တင်းပြည့် ကျပ်ပြည့် အာစရိယ မည်နိုင်ပါသည်။ ပညာပန်းပျိုးသောလက် ဖြစ်နိုင် ပါသည်။ တပည့်တို့၏ ချစ်ခင်မြတ်နိုးမှုကို ရနိုင်ပါလိမ့်မည်။ တပည့်တို့ ကြောက်ချစ်ရိုသေပါလိမ့်မည်။ တပည့်တို့၏ အပူဇော်ကို ခံယူရရှိနိုင်ပါလိမ့်မည်။

သိက္ခာဖြင့် ရင်းမှသာလျှင် ရရှိသော လူရိုသေ ရှင်ရိုသေ အသက်မွေးဝမ်းကျောင်းမှုနယ်ပယ်တွင်၊ ကျောင်းဆရာ ဆရာမများတို့ ထိပ်တန်းမှ ပါဝင်နေပါသည်။ ဒုတိယ တရားရေးဝန်ထမ်း၊ တတိယ ကျန်းမာရေးဝန်ထမ်းတို့ ဖြစ်ကြလိမ့်မည်ဟု ကျွန်တော် မှတ်ယူလက်ခံထားပါသည်။ လောကကြီးကို အလှဆင်သူများအနက် ပညာဖြင့် အလှဆင်ကြသော ဆရာ ဆရာမများတို့မှာ သိက္ခာအရှိဆုံး ဂုဏ်အကြီးမြင့်ဆုံး ဖြစ်ပါသည်။

www.burmeseclassic.com



ယင်းကျောင်းဆရာ ဆရာမများတို့သည်သာ အများအကျိုး ဆောင်ရွက်ကြသူများ ဖြစ်ကြ၏။

ဓားအလက်လက်တို့ ထက်မြက်စေရေးအတွက် ဓားသွေးကျောက်ပါးလျားပိုင်းကျိုးသွားခဲ့ရသကဲ့သို့လည်းကောင်း၊ အများ မွေးကြူလှပနိုင်ဖို့ အခရေတွင်၊ သနပ်ခါးတုံးကြီး ပါးလျားသေးငယ်သွားခဲ့ရသကဲ့သို့ လည်းကောင်း၊ အများအလင်းရောင် ရရှိပါမည့်အရေး တိုင်ဆုံး ပျောက်ကွယ်သွားရသည့် ဖယောင်းတိုင်ကဲ့သို့လည်းကောင်း၊ အများရနံ့ ကြိုင်လှိုင်ပါမည့်အရေး ပြာဘဝသို့ ချုပ်ငြိမ်းသွားရသည့် အမွှေးတိုင်ကဲ့သို့လည်းကောင်း၊ အာစရိယတို့သည် အလားတူညီကြပါသည်။

တပည့်ချွန် တပည့်ကောင်းတွေ ပေါ်ထွက်ခဲ့ကြရပါပြီ။ တပည့်တွေ ကောင်းစားနေသည်ကို ကြားသိမြင်တွေ့နေရသည့် ခဏ၌ ပီတိဖြာဝေနိုင်ပေပြီ။ တပည့်မရှား တစ်ပြားမရှိသော်လည်း ပီတိကိုစား အားရှိသွားကြကုန်၏။ ဤကား ဆရာအိုတို့၏ ဗိတာမင်သက်စောင့်ဆေး မည်၏။

အများတကာတို့၏ သောကကို ကရုဏာဖြင့် ဖြေဖျောက်နှစ်သိမ့်ပေးနိုင်သူမှာလည်း ဆရာ ဆရာမ အာစရိယများပင် ဖြစ်၏။ ဤကမ္ဘာမြေလောကကြီး အေးချမ်းသာယာလာအောင် အလင်းတံခါး ဖွင့်လှစ်ပေးနိုင်သူတို့မှာလည်း ဆရာ ဆရာမ အာစရိယများပင် ဖြစ်ကြပါသည်။

ထို့ကြောင့်လည်း ပညာဒါန ပေးဝေသူ၊ ပညာပါရမီ ဖြည့်ပေးနေသူ ဆရာ ဆရာမ အာစရိယများကို ဂုဏ်ပြုသောအားဖြင့်၊ ကမ္ဘာ့ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းတစ်ခုသည် အောက်တိုဘာလ ၅–ရက်နေ့ ကို ကမ္ဘာ့ဆရာများနေ့အဖြစ် သတ်မှတ်ခဲ့၏။ ၂၀၀၂–ခုနှစ်မှ စတင်၍ ကမ္ဘာတစ်ဝန်းတွင် ခြိမ့်ခြိမ့်သဲ ကျင်းပပူဇော်လာခဲ့ကြပါသည်။

**[illegible]ါခြင်း**

ကျွန်တော်သည် ၁၉၆၆–ခုနှစ်၌ တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့၏။ ပညာရေးတက္ကသိုလ်ကို ဒုတိယဦးစားပေး လျှောက်ထားခဲ့ဖူး၏။ ပထမဦးစားပေး သွားကောလိပ်သို့ ဝင်ရောက်ခွင့်ကို ရရှိလိုက်၍ ကံဆိုးစွာ



ပညာရေးဝန်ထမ်းတစ်ဦး မဖြစ်ခဲ့ရခြင်းပါ။ ဆယ်တန်းအောင်စာရင်း ထွက်ပြီးနောက်၊ တက္ကသိုလ်သို့ တက်ရောက်ရန် ၄–လကျော်ကျော် စောင့်ဆိုင်းနေရသည့် ကာလအတွင်း လုပ်အားပေးရန် စာသင်ကျောင်းကို ရွေးချယ်ခဲ့၏။ တောင်ကြီးမြို့ အလယ်တန်းကျောင်း အ.လ.က (၁)သို့ ခွဲတမ်းကျသွား၏။

ထိုကျောင်းတွင် လုပ်အားပေးဆရာအဖြစ် ပျော်ပျော်ကြီး စာသင်ခဲ့ ဖြစ်ခဲ့ပါတော့၏။ ကျောင်းအုပ်ဆရာကြီး ဦးညိုထွန်းနှင့် ခင်မင်သိကျွမ်းရသလို၊ လုပ်ဖော်ကိုင်ဖက်များ ဖြစ်ကြသော ဆရာ ဆရာမများတို့နှင့် အကျွမ်းတဝင် ခင်မင်ရင်းနှီးကြရပါသည်။ အစ်ကိုကြီး အစ်မကြီးသဖွယ် လည်းကောင်း၊ ဦးလေး ဒေါ်လေးသဖွယ်လည်းကောင်း၊ မိဘများသဖွယ် လည်းကောင်း ကျွန်တော့်ကို စောင့်ရှောက် ကူညီအားပေးခဲ့ကြ၊ ကျွေးမွေးခဲ့ကြပါသည်။

ယင်းတို့အနက် စာပေဝါသနာကြီးသူတို့နှင့် ပိုမိုခင်မင်ရင်းနှီး ကျွမ်းဝင်ရပါသည်။ ဆရာမဒေါ်တင်တွေးဆိုလျှင် စာ အလွန်အမင်း ဖတ်ပါသည်။ ကျွန်တော်ကလည်း စာကြမ်းပိုး၊ စာပိုးကထထဆိုတော့ စာအုပ်ချင်း လဲလှယ်ငှားရမ်း ဖတ်ရှုကြရသည်ကို မမေ့ပါ။ ဒေါ်တင်တွေးနှင့် နှယ်ပြီးသူ့အစ်မကြီး ဒေါ်တင်အေးနှင့်လည်း ကျွမ်းဝင်ရင်းနှီးရပြန်ပါသည်။

ဒေါ်တင်အေးသည် စိကုံးရေးသားမှု၌လည်း စွမ်းဆောင်နိုင်သူ ဖြစ်နေပြန်၏။ သူ့လက်က ဆောင်းပါးကောင်းများ ဖြစ်ပေါ်လာတတ်သလို၊ ကဗျာကောင်းများလည်း ပေါ်ထွက်လာတတ်၏။ ကဗျာတွင် ရတုသည် အစပ်ရခက်လှ၏။ စည်းကမ်းစနစ်လည်းကြီး များလည်းများသောကြောင့်ပါ။ သူသည် ပိုဒ်စုံရတုမျိုးကိုတောင် ပေမိဒေါက်မိ ရေးစပ်သီကုံးနိုင်သည်ကို ရှမ်းပြည်နယ် တောင်ကြီးသူတို့အနက် အာဂဆရာမပါပေတည်းဟု မှတ်ချက်ပြုရပါလိမ့်မည်။

နောင်သောအခါ ကျွန်တော် စာတွေရေး၊ စာအုပ်တွေ ထွက်ပေါ်လာတော့ ဆရာမဒေါ်တင်အေးကို မမေ့ပါ။ အမြဲ စာပေလက်ဆောင်

www.burmeseclassic.com



စာပေစမွဲဒါန ပေးမြဲပြုမြဲ ဖြစ်၏။ ဆရာမ၏ မှတ်ချက်တွေက အဖိုးတန်သောကြောင့် ဖြစ်ပါသည်။

အသက်တွေ တဖြည်းဖြည်း ရလာတော့ သူမှာ ဆီးချိုရောဂါ စွဲကပ်လာ၏။ တရားအားထုတ်မှု မပျက်သလိုပင် စာအဖတ်လည်း မပျက်ခဲ့ပါ။ ဆီးချိုတို့၏ သဘောသဘာဝကလည်း နှစ်ကြာလာလျှင် မျက်စိမှုန်မွဲလာတတ်၏။ ပြီးတော့ လုံးလုံး မျက်စိကွယ်သွားတတ်၏။ ဆရာမသည် မျက်စိကို ခွဲစိတ်ကုသလိုက်နိုင်၍ လုံးဝ ကွယ်သွားသည့် အဆင့်ကိုမူ မရောက်ခဲ့ပါ။ စာကို မျက်လုံးနှင့် ကပ်ပြီး ကြီးစားပမ်းစား ဖြည်းဖြည်း ဖတ်ရှုနိုင်ပါသေး၏။ မျက်မှန်ထူကြီးကို တပ်လျက် ကျွန်တော့် စာအုပ်ကို ကြိုးစားဖတ်ရှုအားပေးပါ၏။

ရန်ကုန် တိပိဋကဆရာတော့် ကိုယ်စား တည်ထားကိုးကွယ်ရန် ရုပ်တုတော်ကို ကျွန်တော် ပူဇော်ခွင့်ရ၍ ဇာတိအင်ကြင်းပင်ရွာသို့အသွား ရုပ်တုတော်တိုင် ရတုပိုဒ်စုံ စပ်ဖြစ်ခဲ့၏။ ဆရာမကို မျှဝေခံစားစေဖို့ သွားအပို့တွင် အတော်ကြီး နာမကျန်း အားနည်းနေပြီဖြစ်၍ ရတုပိုဒ်စုံ အကြောင်း မပြောပြဖြစ်တော့ပါ။ နောင်မကြာမီ ကွယ်လွန်ရာ၏။ နောင်တော် ဘုန်းကြီးကို ဦးစွာ ခွဲခွါခဲ့ရ၏။ နောက်တော့ စာပေမွေမိတ်ဆွေကြီးကို ခွဲခွါခဲ့ရပြန်ပါသည်။ သူ့သမီးထွေး ဆရာမ ဒေါ်ခင်ခင်ထွေး၏ ပေးစာကို ဆက်ဖတ်ကြည့်ပါဦး။

## ပေးစာတစ်စောင်

တောင်ကြီးမြို့။

၁၆/၅/၀၉

**ဆရာ ဒေါက်တာအောင်ကျော်သို့ ...**

ဆရာ ၁၃၇၁–ခုနှစ်၊ မြန်မာနှစ်ဆန်း ၁–ရက်နေ့၊ နှောင်းတန်ခူးလပြည့်ကျော် ၈–ရက်၊ သောကြာနေ့ (၁၇/၄/၀၉)မှာ မွေဒါနပြုလိုက်တဲ့ "နီမွာန်ဖောင်ကူးတို့ အင်ကြင်းပင်သို့" စာအုပ်ကို ရရချင်းမှာပဲ စတင်



ဖတ်ရှုလိုက်တာ၊ ကဆုန်လပြည့်ကျော် ၁–ရက် (၉/၅/၀၉) နံနက် ၁၀–နာရီခွဲလောက်မှာ ဖတ်လို့ ပြီးသွားပါတယ် ဆရာ။ တစ်နေ့ နည်းနည်းချင်း အေးအေးဆေးဆေး တွေးတွေးဆဆ အချိန်ယူ ဖတ်ခဲ့တာကြောင့် ၂၄–ရက်တောင်မှ ကြာမြင့်သွားခဲ့ရပါတယ်။ စာအုပ်က ဖတ်လို့ ကောင်းလိုက်တာ။ ဆုံးကို မဆုံးစေချင်တာပါ။

သွားလေသူ မေမေကို သိပ်ပြီး သတိရ လွမ်းဆွတ်မိရပါတယ်။ ဘာကြောင့်လဲဆိုတော့ မေမေ မျက်စိ ခွဲစိတ်ခံပြီးတဲ့နောက်မှာ စာသိပ်မဖတ်နိုင်တော့လို့၊ ကျွန်မ အားတဲ့အချိန်လေးတွေမှာ မေမေ့ကို အသံထွက် စာဖတ်ပြရတာကို။

ရှေးတုန်းက ဘုန်းကြီးကျောင်းဇရပ်မှာ ဥပုသ်စောင့်ကြတော့၊ ဇိနတ္ထ–ပကာသနီဗုဒ္ဓဝင်ကျမ်းကို အသံနေအသံထားနဲ့ တစ်ဦးဦးက အသံထွက်ဖတ်ပြ၊ ကျန်ဥပုသ်သည်တွေက "စာနာ"ကြတာကို သွားပြီး အမှတ်ရပါတယ်။ ဆရာ ငယ်ငယ်တုန်းကလည်း စာဖတ် အလွန်ကောင်းခဲ့ကြောင်း မေမေ ပြောပြလို့ မှတ်သားမိခဲ့ဖူးတယ်ဆရာ။

ဟိုး ... အရင်တုန်းကလေ ... ဆရာ ချစ်ကြည်ညိုလေးစားတဲ့ မွေးနေ့တူ တိပိဋကဓရ ရန်ကုန်ဆရာတော်တစ်ပါး ပျံလွန်သွားတယ်လို့ပဲ သာမန်အပေါ်ယံကြော ရှုပ်သိခဲ့ရရုံပါလို့ ကျွန်မ ရှေးဦး ဝန်ခံထားပါရစေ။ သည် "အင်ကြင်းပင်သို့"စာအုပ်ကို အသေးစိတ် အချိန်ယူ စေ့စေ့စပ်စပ် ဖတ်ပြီးသွားတော့မှပဲ၊ တိပိဋကဓရ ရန်ကုန်ဆရာတော်ကြီးရဲ့ ဩဝါဒတွေဟာ မှတ်သားလိုက်နာရမယ့် အကြောင်းအရာတွေချည်းပဲဆိုတာကို အများကြီး သိရှိနားလည် သဘောပေါက်သွားပါတော့တယ်။

စာမျက်နှာအလွတ် အပိုင်းအစတွေကို ကွက်လပ်မချန်ထားရစ်ဘဲ၊ အဖိုးတန် ဓမ္မဩဝါဒတွေကို ဖြည့်စွက်ဖော်ပြပေးတာဖြင့်ရင်၊ ကျွန်မတို့လို စာဖတ်ပရိသတ်ရိုးရိုးအတွက် အကျိုးများပြားလှလို့ ဆရာ့စေတနာကို လေးစားလို့ မဆုံးတော့ပါဘူး။

ဆရာရဲ့ သဒ္ဓါတရားခိုင်မတ်ပုံ၊ ကာလဒါနတွေ ပြုတင်ပုံ၊ ဆရာ့မှာ ရှိတဲ့ ငွေအင်အားလေးနဲ့ကိုပဲ ထိရောက်အကျိုးများအောင် ကြံဖန်ကြိုးစား

www.burmeseclassic.com

www.burmeseclassic.com



ဒါနပါရမီ ဖြည့်စွမ်းနိုင်ပုံ၊ စိတ်နှလုံးသွင်း မှန်ကန်တတ်ပုံ၊ ယောနိသော မနသိကာရ သင့်တင့်လျောက်ပတ်အောင် စိတ်ထားတတ်ပုံ စတဲ့ အချက်တွေကို သိရှိရပြီး အားကျမိစေ စံနမူနာယူတတ်စေပြန်ပါတယ်။ ဆရာတို့ ညီနောင်ရဲ့ ချစ်ကြည်ရင်းနှီး သည်းခံခွင့်လွှတ်တတ်ကြတာတွေကိုလည်း ထဲဝင်ပြင်ထွက် သိခဲ့ရလို့ ပီတိတွေဖြစ်ပြီး ကြည်နူးမိရပါတယ်။

ရန်ကုန်ဆရာတော်ရဲ့ ရိုးတွင်းခြင်ဆီမှာ ဖြစ်ရှာတဲ့ ရောဂါဆန်း သွေးကင်ဆာအကြောင်း ဖတ်ရတော့၊ အံ့သြရ၊ ထိတ်လန့်သံဝေဂဖြစ်ရ၊ သွေးအကြောင်း ရောဂါအကြောင်းတွေကို ပိုမိုပြည့်စုံအောင် ဖတ်ရ သိရလို့မို ဗဟုသုတများစွာ ရရှိလိုက်ပါတယ်။

ရောဂါကို ငုံ့ညှာပြီး အေးအေးလူလူ အနားမယူဘဲ၊ ရရှိနိုင်သမျှ အချိန်တွေကို စာဝါချ၊ ကျမ်းစာရေးသား ပြုစုခဲ့တာတွေကို ဖတ်ရပြန်တော့၊ သူတော်ကောင်းတို့ရဲ့ စိတ်ဓာတ်ဟာဖြင့် အများအကျိုးအတွက် သာသနာအကျိုးအတွက်ဆိုရင် ကိုယ်ကျိုးစွန့်ဝံ့တဲ့ အထိပါလား။ အေးငြိမ်းသက်သာ နေနိုင်ပေမယ့် မနေရှာဘဲ အကျိုးထင်ထင် ရှိလေအောင် လုပ်ဆောင်တော်မူကြပါလားလို့ အတွေးကို ပေါ်ပေါက်စေပြီး သာဓုအကြိမ်ကြိမ် ခေါ်ဆိုချီးကျူးမိတာ အမှန်ပါပဲဆရာ။

ရောဂါဝေဒနာ ပြင်းထန်နေတာကို တရားနဲ့ သည်းညည်းခံပြီး၊ စီစဉ်စရာ, မှာကြားစရာအားလုံးတို့ကို မလစ်ဟင်း မကျန်ရှိရလေအောင် လုပ်ဆောင်သွားတော်မူတာဟာဖြင့် တော်ရုံသတ္တိ တော်ရုံဗျတ္တိ မဟုတ်ပါကလားလို့လည်း မှတ်ချက်ချ အားကျမိခဲ့ရိုး အမှန်ပါလို့ ဝန်ခံရပါမယ်။ အသက်ကို နှုတ်ယူမယ့် ဝေဒနာဆိုးကြောင့် သေတွင်းဝနား ရောက်နေချိန် အထိ သည်းခံနိုင်တာ သူရဲကောင်းအာဇာနည်တို့၏ လက္ခဏာ တစ်ရပ်ပါ။ အလွန်ဖြစ်နိုင်ခဲတဲ့ ကိစ္စရပ်ပါ ဆရာ။

အရှင် သေမင်းနဲ့ သူနိုင်ကိုယ်နိုင် အပြိုင်စစ်ခင်းရင်း လက်မြှောက် အရှုံးပေးသွားတော်မူရတာကြောင့်၊ ရန်ကုန်ဆရာတော်ကြီးကို ကရုဏာ များစွာ သက်မိရပါတယ်။ စာမျက်နှာ ၈၆–မှာ ပါရှိတဲ့၊ မြန်မာပြည်ကို



ပြန်လည်ပင့်ဆောင်ခါနီး၊ ထိုင်းဆေးရုံကြီးပေါ်မှာပဲ ပျံလွန် ထင်ဘဝ ဇာတ်သိမ်း ချုပ်ငြိမ်းတော်မူတဲ့အပိုင်းကို ဖတ်ရှုရချိန်မှာ ဝမ်းနည်းကြေကွဲလွန်းလို့ ကျွန်မ မျက်ရည်အသွယ်သွယ် ကျမိပါတယ် ဆရာရယ်။

မြန်မာလို ကဆုန်လဆန်း ၁၀–ရက်ဟာ ဆရာတို့ ညီနောင်တော်တို့ရဲ့ မွေးနေ့ရက်မြတ် အမှတ်တရ ဖြစ်နေသလို၊ ကျွန်မရဲ့ကျေးဇူးရှင် မိခင်ကြီး ဆရာမဒေါ်တင်အေး ဆုံးပါးသွားခဲ့ရတဲ့ နေ့မို့လို့ တစ်သက် မေ့နိုင်မယ့်ရက် မဟုတ်ပါဘူး ဆရာ။ ခုဆိုရင် သည်ကဆုန်လဆန်း ၁၀–ရက် (၃/၅/၀၉)နေ့မှာ မိခင်ကြီး ကွယ်လွန် တစ်နှစ်ပြည့်ခဲ့ပါပြီ။

ကျွန်မရဲ့ အလွန်မတန် အားကိုးကြီး အရိပ်တကြည့်ကြည့် နေခဲ့ရတဲ့ ရွှေတောင်ကြီး ပြိုလဲကွယ်ပ ပျောက်ရှသွားခဲ့ရပါပြီဆရာ။ ကိုယ့်အင်အားလေးနဲ့ မိခင်ကြီးကို ရည်စူးကုသိုလ်ပြုပေးရင်း၊ ဝမ်းနည်းကြေကွဲ မျက်ရည်ကျရင်း၊ ဆို့နစ်တဲ့ အသံနဲ့ ကောင်းမှုကုသိုလ်အစုစုတို့ကို အမျှအတန်း ပေးဝေရရင်း၊ လွတ်တဲ့ သတိစိတ်ကို တရားဓမ္မနဲ့ ဖြေသိမ့်ရင်း၊ မိမိကိုယ် မိမိ ဆုံးမထိန်းချုပ်နေရပါတယ်။

ကုသိုလ်စိတ်များများ ဖြစ်ပေါ်စေမယ့် ဆရာ့စာအုပ်တွေ အပါအဝင် တရားဓမ္မစာအုပ်တွေကို ဖတ်ရင်း၊ တိုင်းပြည်တာဝန် လူမှုရေး ဝတ္တရားများနဲ့ အချိန်ကို အကျိုးရှိရှိ ကုန်လွန်စေခဲ့ပါတယ်။ ဆရာ သာဓု ခေါ်ပါနော်။ ဆရာလည်း သည်ထက်မက တိုး၍ ကျန်းမာချမ်းသာစွာနဲ့ သာသနာ ပြုနိုင်ပါစေ။

မေတ္တာဖြင့်
ဆရာမဒေါ်ခင်ခင်ထွေး
အ.လ.က(၅)တောင်ကြီးမြို့။

**ဒေါက်တာအောင်ကျော် (သွား/ဆရာဝန်)**

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏ နိဂုံးအမှာစာ

၁၃၇၁-ခုနှစ်၊ နတ်တော်လဆန်း၊ ၁-ရက်။

**လေးစားရပါသော စာဖတ်ပရိသတ်များခင်ဗျား ...**

"အရွက် လက်ဖက်၊ အသီး သရက်၊ အသား ဝက်" ဟု၍ အရသာအရှိဆုံး သုံးမျိုးကို စာချိုးထားကြ၏။ စာပေ၌လည်း မွေစာပေ၊ အကျိုးပြုစာပေနှင့် ရသစာပေတို့သည် အချိုမြိန်ဆုံး ဖြစ်ကြပါသည်။

မျက်မှောက်ခေတ် လူငယ်လူရွယ်လေးများတို့သည် စာဖတ်အား နည်းပါး လွန်းကြ၏။ အလိမ္မာ စာမှာရှိ၏။ စာပေ မလိုက်စားကြသောအခါ အနေအထိုင် အပြောအဆို စရိုက်ကြမ်းတမ်းလာကြ၏။ အတွေးအခေါ် တိမ်လာကြ၏။ မေတ္တာတရား ခေါင်းပါး၊ စေတနာတရား လျော့ပါး၊ သဒ္ဓါ တရား နည်းပါးလာကြ၏။ ဘဝရှေ့လျှောက်မှာ နလုံးလှ၍ အသုံးကျသူများ ဖြစ်လာဖို့ အတန်ငယ် ခဲယဉ်းသွားကြပါပြီ။

ရှေ့ဘဝ၊ နောက်ဘဝရှိသည်။ ငရဲရှိသည်၊ တိရစ္ဆာန်ရှိသည်။ ပြိတ္တာ ရှိသည်။ သေကြရဦးမည်။ သံသရာကျင်လည်ကြရပါဦးမည်။ လက်တွေ့ မမြင်နိုင်၊ မစမ်းသပ်နိုင်၍ မယုံကြည်ချင်ကြပါ။ သက်သေပြရန် ခက်သည့် အရာများအနက် ပရလောကသားများလည်း ပါရှိနေပြန်၏။ ပရဝဏ္ဏူ ခြောက်ပုဒ်ကို ဖတ်ရှုပြီးနောက်၊ ဆက်လက်လေ့လာရပါဦးမည် ဟူသော အတွေးတစ်မျှင် တန်းသွားခဲ့ပါလျှင် ကျွန်တော် ကြိုးစားရကျိုး နပ်ပါပြီဟု ခံယူဝမ်းမြောက်နေမည် ဖြစ်ပါကြောင်း ဖော်ပြပါရစေ။



ရှမ်းပြည်နယ်မလေ့၊ မွေးနေ့ သက်စေ့လှူသည်ဆိုသော်ငြားလည်း အလှူရှင်က တတ်အားသမျှ၊ သက်စေ့ထက် ပိုမို၍ တစ်ခု၊ သုံးခု၊ ငါးခု၊ ခုနစ်ခု စသည်အားဖြင့် တိုးလှူတတ်ကြစမြဲပါ။ ဆောင်းပါး ၄-ပုဒ်အစား ၅-ပုဒ်ဖြစ်စေ၊ ၇-ပုဒ်ဖြစ်စေ ပိုထည့်ပါမည်ဟု ရည်ရွယ်လျက် စာပေမိတ်ဆွေ များထံမှ စာမူများ တောင်းခံခဲ့ပါသည်။ မမျှော်လင့်ဘဲ စာမူတွေ ပိုမိုရရှိ သဖြင့် ကျွန်တော့်ဆောင်းပါးတိုတစ်ပုဒ် အပါအဝင် အပို ၇-ပုဒ် ဖြစ်သွားရာ ဆောင်းပါးအားလုံး ၁၁-ပုဒ်မို့ တဝကြီး ဖတ်ရှုနိုင်၍ ကျေနပ်ကြလိမ့်မည် ဟု မျှော်လင့်ပါသည်။

ဆောင်းပါးတိုင်းသည် တစ်မျိုးတစ်ဖုံစီ လှပကောင်းမွန်ကြ၏။ စေတနာ မေတ္တာအပြည့်အဝဖြင့် ရေးသားပေးကြ၍ ကောင်းမွန်ကြခြင်း ဖြစ်ကြောင်း သိသာထင်ရှားပါ၏။ ဆောင်းပါးရှင်အားလုံးတို့ကို ကျေးဇူး အထူးတင်ရှိ ရပါကြောင်း ဤနေရာမှ ဖော်ပြမှတ်တမ်းတင်အပ်ပါသည်။ အကြောင်း အရာကို လိုက်၍ ရှေ့နောက်စီစဉ်ရသည်ဖြစ်လို့မို့ ဆောင်းပါးရှင်များ နားလည်ခွင့်လွှတ်ကြဖို့ မေတ္တာရပ်ခံ တောင်းပန်သမှု ပြုရပါသည်။

သရက်ကင်းလေးသည် ငါးပိချက်နှင့် လိုက်ဖက်လွန်းလှ၏။ သရက်သီး စိမ်းလည်း ထောင်းစားလျှင် ခံတွင်းမြိန်လွန်းတတ်သည်။ သရက်ရွှမ်းပြင်း (မစိမ်းတစိမ်း၊ မဝင်းတဝင်း၊ မှည့်ရန် ရှေ့ဦးဟန်ပြင်နေသည့် အနေ အထား)လည်း သူ့အရသာနှင့် သူ ရှိပါ၏။ အုပ်မှည့်မှာလည်း အချိုဓာတ် လေး ဝင်နေပါပြီ။ ပင်မှည့်ကတော့ အကောင်းဆုံး အချိုဆုံး ဖြစ်၏။ ရွှက်ပုန်းသီးမှည့်လေးကလည်း မခေပါ။ ချိုမွှေးစမြဲ မို့ ရွှက်အုပ်အုပ်ကြားမှာ တမင်ကလာ ရှာဖွေဆွတ်ခူးကြရပါသည်။

ကျွန်တော့်သမီး မစံပယ်နှင်းကြူ၏ လက်ရာမှာ သီးကင်းဖြစ်လျက် လေးလေးမော် [ဆရာမကြီးဒေါ်ရင်ရင်မော်(အာမခံ)]နှင့် ဘွားလှ [ဆရာမကြီး ဒေါ်ခင်လှလှ (ကမ္ဘောဇမဥ္ဇူ)]တို့၏ လက်ရာများမှာ ပင်မှည့်သီးများ ဖြစ်ကြပါ၏။ သီးစိမ်းရင့်၊ ရွှမ်းပြင်းသီး၊ အုပ်မှည့်သီးနှင့် ရွှက်ပုန်းသီးမှည့် များလည်း ပါရှိနေရာ၊ သူ့အရသာနှင့်သူ၊ သူ့အလှကုဏ်နှင့် သူ ဆောင်နေ

www.burmeseclassic.com

www.burmeseclassic.com



ကြကြောင်း ကျွန်တော် မှတ်ချက်ပြုလျှင်၊ စာဖတ်ပြီးသူတို့ လက်ခံနိုင်ကြလိမ့်မည်ဟု၍ ကျွန်တော် ယုံကြည်နေမိပါသည်။

နောင်တော်ဘုန်းကြီး လွန်တော်မူ ၃-နှစ်ပြည့်တွင် **"နကွတ်သဘင်ကျင်း လွမ်းချင်းလင်္ကာ"**ကို စပ်ဖြစ်ပြီး ယခုစာအုပ်အဖွင့်၌ ဖော်ပြလိုက်နိုင်၍ ကျွန်တော် ဝမ်းမြောက်ကြည်နူးရပါကြောင်း ဖော်ပြလိုပါသေး၏။

ဤစာအုပ်ကို အုပ်ရေ ၄၀၀၀- ရိုက်နှိပ်ပါမည်။ အောက်ပါအတိုင်း

| | | | |
|---|---|---|---|
| ၁။ နောင်တော့် ကမ္ဘာ့အေးတိပိဋကမဟာဂန္ဓာရုံကျောင်း | အုပ် | ၁၀၀၀ | ကျော် |
| ၂။ တောင်ကြီးပညာရေးကောလိပ် | အုပ် | ၅၀၀ | ကျော် |
| ၃။ တောင်ကြီးမြို့နယ်ပညာရေးမှူးရုံး | အုပ် | ၃၀၀ | ခန့် |
| ၄။ ညောင်ရွှေမြို့နယ်ပညာရေးမှူးရုံး | အုပ် | ၃၀၀ | ခန့် |
| ၅။ ကလောမြို့နယ်ပညာရေးမှူးရုံး | အုပ် | ၃၀၀ | ခန့် |
| ၆။ ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်း (ပင်မ) | အုပ် | ၂၀၀ | ကျော် |

ခွဲတမ်းချ လှူဒါန်းသွားပါမည်။

ကျွန်တော် ပြုပြုခဲ့သမျှ ကောင်းမှုကုသိုလ်အစုစုတို့ကို စာဖတ်ပရိသတ်အပါအဝင်၊ ၃၁-ဘုံသား လူ နတ် ဗြဟ္မာ သတ္တဝါအားလုံး ထပ်တူထပ်မျှ ရကြပါစေ ပေးဝေငှသည် များတွေ သာဓုခေါ်စေသောဝ် ...။

တရားစစ် တရားထူး မြင်တွေ့ချမ်းမြေ့ကြပါစေ။

**ဒေါက်တာအောင်ကျော် (သွား/ဆရာဝန်)**

**သ.ခ. ၁၃၆၉။**

**၁၇/၁၁/၂၀၀၇။**

❀❀❀❀❀

## ဝေစာဝီးဝေမဏ္ဍစာ

▲လင်္ကာရတု၊ ဝတ္ထုဆောင်းပါး

စာပေများကို၊ ရေးသားပြုစု၊ လှူဒါန်းမှုကြောင့်၊ ခုမျက်မှောက်စ

ဘဝများစွာ၊ ဆက်တိုင်းမှာပင်၊ ပညာလည်းရှိ၊ သတိလည်းကောင်း

အကြောင်းလည်းလှ၊ ဟာလနှင့်လွဲ၊ ပေါင်းရဲဘဲလျှင်၊ အမြဲဆည်းကပ်

ဆရာမြတ်တို့၊ ထပ်ထပ်ခါခါ၊ ဆုံးမရာကို၊ နာခံလိုက်လျှယ်

ကောင်းကျိုးကြွယ်ကာ၊ သွယ်သွယ်စာဝ၊ ကလောင်မှုဖြင့်၊ ကျမ်းပြုမြိုင်မြိုင်

လှိုင်လှိုင်ဒါန၊ သီလကြိုင်ဟို၊ နိုင်ဖြိုးဝီပသီ၊ ကျင့်မြတ်သန်သန်

ပြည်နိဗ္ဗာန်သို့၊ လျင်မြန်ဆောစွာ ရောက်စေသောဝ် ။ ။

▲ပြုပြုသမျှ၊ ဓမ္မစာပေ

ထွေထွေဒါန၊ စာဂကောင်းမှု၊ အစုစုကို၊ ကုသိုလ်အမျှ

ပေးဝေငှသည်၊ ဖတ်ရကြားရ၊ ဝေနေယျတို့၊ ထပ်မျှထပ်တူ

ဝမ်းမြောက်မှု၍၊ ကြည်ဖြူသာဓု ခေါ်စေသောဝ် ။ ။

**မင်းသန့်ဦး(တောင်ကြီး)**

❀❀❀❀❀

www.burmeseclassic.com

www.burmeseclassic.com



## ပညာတန်ဖိုး

▲ တသင်းမှတ်ကြ၊ လူ့ထိုမှု့တို့၊ သိပ္ပကိုမူ၊ နည်းသည်ဟူ၍၊ မအောက်မေ့နှင့်၊ တွေ့ရာမှတ်သား၊ မိုးပေါက်များသော်၊ အင်းနားချောင်းကန်၊ ပြည့်သောဟန်တည်း။ မှတ်ရန်တစ်ခု၊ နှုတ်မှုလက်မှု၊ အတတ်စုကို၊ ငယ်ခုသောအား၊ မမေ့ပြားနှင့်၊ ရင်းဖျားကုန်စင်၊ တတ်မြော်မြင်က၊ တစ်ခုမှုလျက်၊ အသက်မွေးဝမ်းကြောင်း၊ ဖြစ်တုန်ရှောင်းဓါး၊ အပေါင်းမှတ်ရာ၊ တောင်တိုင်းမှာကား၊ ပတ္တမြားမရှိ၊ ကြီးဘိစွမ်းအင်၊ ဆင်ဟူသမျှ၊ မရမြဲတော၊ တောင်တိုင်းမှေ့လည်း၊ ညာမွှေစန္ဒကူး၊ မရှိဘူးတည်း။ ဝေးကြူးနှံ့စပ်၊ အရပ်တို့မှာ၊ ပညာရှိကား၊ အလွန်ရှားသည်၊ မှတ်သားသိဖွယ် အလင်းတည်း။ လောကနီတိမျို။

## အချက်ငါးအင် ပြည့်စုံလင်မှ

▲ သိပ္ပံပညာ တိုးတက်ထွန်းကားရင်၊ စက်မှုနည်းပညာတွေ တိုးတက်ထွန်းကားရင်၊ နိုင်ငံဟာ အလိုအလျောက် ကြီးပွါးလိမ့်မယ်၊ တိုးတက်လိမ့်မယ်လို့ မထင်ကြနဲ့။

▲ သိပ္ပံပညာဆိုတာ ရုပ်ပစ္စည်း၊ အသုံးကိရိယာသာ ဖြစ်တယ်။ ဒီပစ္စည်းကိရိယာကို သုံးတတ်မှသာ အကျိုးရှိတယ်။ မသုံးတတ်ရင် အကျိုးမရှိဘူး။

▲ သိပ္ပံပညာကို အကျိုးရှိအောင် အသုံးချဖို့ ဆိုတာကလည်း -
၁။ အသိအလိမ္မာ၊ ၂။ ဉာဏ်ပညာ၊ ၃။ မေတ္တာနဲ့ ၄။ ကရုဏာ ရှိတဲ့ လူတွေ ရှိမှသာ ဖြစ်နိုင်တယ်လို့ မှတ်ကြ။

အရှင်အာဒိစ္စရံသီ (စာရေးဆရာဆန်းလွင်) ၏
"ပဏ္ဍိတဗောဓိ" ဓမ္မရုပ်စုံ အမှတ် ၁၂-မှ။

## သည်းဖျားမှတ်စေချင်

▲ ထို့ကြောင့်သားထွေး၊ ငယ်ကျေးလေးကား လူရေးလူရာ၊ ရှိစိမ့်ငှာဟူ၊ ကျောင်းမှာမြဲနေ၊ တပေသင်သင်၊ သို့လျှင်သို့ပတ်၊ သို့မှတ်သို့ရေး၊ သို့မေးသို့ဖြေ၊ သို့နေသို့ထိုင်၊ သို့ကိုင်သို့ကြွ၊ သို့ကွသို့ကန်၊ သို့သုံးသို့စွဲ၊ သို့လဲသို့ထား၊ သို့စားသို့သောက်၊ သို့လျှောက်သို့ဆို၊ သို့လိုသို့ကျင့်၊ သို့နှင့်သို့လျှို၊ သို့ရှိခိုးဟု၊ မြတ်နိုးလှစွာ၊ ညီဆရာက၊ မိန့်သမျှကို၊ ညီလှမင်းရွှေ မမေ့စေနှင့်၊ စေ့ရေမွေးဘ၊ မှာသမျှကို၊ ညီလှရွှေနား၊ ချပ်ကာထား၍၊ သည်းဖျားမှတ်စေချင်၏တည်း။
ဝဏ္ဏောဝါဒ ဆုံးမစာ။

www.burmeseclassic.com